www.burmeseclassic.com





# Feeling 35

# ခံစားမှု၃၅

စိုးမြတ်သူဇာ

www.burmeseclassic.com

www.burmeseclassic.com



# Feeling 35

## ခံစားမှု ၃၅

## စိုးမြတ်သူဇာ

၁၉၇၁ခုနှစ် ဩဂုတ်လ ၃၁ရက်နေ့မှာ မွေးဖွားခဲ့တဲ့
စိုးမြတ်သူဇာက သူ့အသက် ၃၅နှစ်ပြည့်တဲ့
၂၀၀၆ခုနှစ် ဩဂုတ်လမှာ သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်တဲ့
**ခံစားမှု ၃၅** ဆိုတဲ့စာအုပ်ကို ထုတ်ချင်တယ်လို့ဆိုလာပါတယ်။
တိုင်ပင်ရှုံသာ တိုင်ပင်ပြီး ထုံးစံအတိုင်း သူလုပ်ချင်တာတွေကို
လုပ်လိုက်တဲ့အခါမှာ စာမျက်နှာ ၅၀၀ကျော်ရှိတဲ့
စာအုပ်ကြီးတစ်အုပ် ဖြစ်သွားပါတယ်။
စာမျက်နှာ ၅၀၀ကျော်ဆိုရင်
စာဖတ်သူအတွက် တန်ဖိုးအားဖြင့် ကြီးလေးလွန်းမှာဖြစ်တဲ့အပြင်
ကိုင်ရတွယ်ရမှာလည်း မလွယ်ကူတဲ့စာအုပ်ဖြစ်တာကြောင့်
စာမျက်နှာ ထက်ဝက်လောက် လျှော့ချလိုက်ပြီး
ကျွန်တော့်စိတ်တိုင်းကျ တည်းဖြတ်လိုက်ပါတယ်။

ဒီစာအုပ်မှာ စိုးမြတ်သူဇာက သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိဆိုတဲ့အတိုင်း
သူတစ်ယောက်တည်းအကြောင်းသာ မဟုတ်၊
သူနဲ့ဆက်နွယ်နေတဲ့ သူ့မိဘနှစ်ပါး၊ သူ့ညီမ၊ သူ့မောင်၊ သူ့ခင်ပွန်းမိသားစုတို့အပြင်
သူ့ကျင်လည်ရတဲ့ ရုပ်ရှင်လောကသားတွေရဲ့အကြောင်းကိုပါ
အလျဉ်းသင့်လျှင် သင့်သလို သူ တတ်ကျွမ်းတဲ့ အနုပညာနဲ့
ပုံဖော်ရေးသားသွားပါတယ်။
သူလုပ်ချင်တာကို ဖြစ်အောင် လုပ်ပေးခဲ့တာကြောင့်လည်း
ရှေ့က ရေးခဲ့တဲ့ဝတ္ထုတွေ ထွက်ခဲ့ပြီးဖြစ်တဲ့အပြင်
အောင်မြင်မှုလည်း ရခဲ့ပါတယ်။
ဒီစာအုပ်ကတော့ ဖတ်စရာထက်၊ ကြည့်စရာများမယ့် စာအုပ်ဖြစ်တာကြောင့်
စာထက် အရုပ်ကို ပိုကြည့်လိုတဲ့ ပရိသတ်များနဲ့
ပိုပြီး သဟဇာတဖြစ်လိမ့်မယ်ထင်ပါတယ်။
ရင်ထဲရှိသမျှကို ဖွင့်ချထားတဲ့ စိုးမြတ်သူဇာရဲ့
**ခံစားမှု ၃၅** ကို လေ့လာကြည့်ပါဦး. . . . ။

ဝင်းငြိမ်း
စီစဉ်တည်းဖြတ်သူ



www.burmeseclassic.com

www.burmeseclassic.com

# 35

## FEELING THIRTY FIVE

*by*
SOE MYAT THUZAR

# ခံစားမှု
# သုံးဆယ့်ငါး

စိုးမြတ်သူဇာ

"အာတုရ ကာယဿ မေသတော၊ စိတ္တံ အနာတုရံ ဘဝိဿတိ..."
ကိုယ်မှာပင် နာကျင်သော်လည်းပဲ၊ စိတ်မှာ မနာကျင်အောင်နေမယ်...

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပုံများသည်...ဘဝတစ်ခု၏ သက်သေများဟု... ယူဆ၍ ရနိုင်သည်ဆိုပါလျှင်...




www.burmeseclassic.com

www.burmeseclassic.com

## PART ONE

## 1969

ထိုသက်သေအများအပြားဖြင့် ခင်းကျင်းထားသော...
**Feeling Thirty Five** သည်
ကျွန်မနှင့် ချစ်သော ပရိသတ်များအကြား
နိုင်မြဲသော ရင်းနှီးမှု...တစ်ခု...ဖြစ်လာလိမ့်မည်ဟု
ကျွန်မ...မျှော်လင့်မိပါသည်။





www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



၁၉၆၉ ခုနှစ်မှာ
အသက် ၃၀ အရွယ်
စစ်ဗိုလ်ကလေး ဖေဖေနဲ့
အသက် ၁၇ နှစ်အရွယ်
၉ တန်းကျောင်းသူလေး
မေမေတို့
ဆုံစည်းမှုက
'စိုးမြတ်သူဇာ' ဆိုတဲ့
ဘဝတစ်ခု ဖြစ်တည်ဖို့အတွက်
နိဒါန်းတစ်ခုပဲ
ဖြစ်ပါတယ်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

၁၉၇၀ ခု နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ကျွန်မ အဖေနဲ့ အမေက နှစ်ဖက်သောမိဘတွေမျိုးများရဲ့ သဘောတူခွင့်ပြုချက်နဲ့ ဘဝခရီးတစ်ခုကို အတူတူလျှောက်လှမ်းဖို့အတွက် ခိုင်မာစွာ ဆုံးဖြတ်ကာ လက်ထပ်ခဲ့ကြပါတယ်။ ကျွန်မမိဘနှစ်ပါးရဲ့ အသက်အရွယ် ကွာခြားမှုက ၁၄ နှစ်နီးပါးရှိခဲ့ပါတယ်။ အဲလို အသက်အရွယ် ကွာခြားမှုတစ်ခုဟာ (တချို့သောသူများအတွက်) သူစိမ်းနှစ်ဦး စိတ်တူကိုယ်တူနှင့် တစ်သက်လုံး လက်တွဲရမယ့်ကိစ္စမှာ အဓိကပြဿနာဖြစ်လာနိုင်ပေမယ့် ကျွန်မမိဘတွေအတွက်ကတော့ ဒီအရွယ်ကွာခြားမှုကပဲ သာမန်မိသားစုတွေထက် ပြည့်စုံပြီး ပျော်ရွှင်စရာကောင်းတဲ့ "မိသားစု" တစ်ခုကို ဖန်တီးနိုင်အောင် အထောက်အကူပြုစေခဲ့ပါတယ်။

အဖေနှင့်အမေ၏
မင်္ဂလာဦးရက်များ





www.burmeseclassic.com

www.burmeseclassic.com




ကျွန်မ ဖေဖေက စစ်မှုထမ်းတစ်ယောက်ဖြစ်တာကြောင့်
နေရာ၊ ဒေသ မြောက်မြားစွာသို့ မကြာခဏ ပြောင်းရွှေ့ရပါတယ်။
အမေက အဖေနဲ့လက်ထပ်ပြီး ရက် သိပ်မကြာခင်မှာပဲ
အဘိုးအဘွားတို့ကို ခွဲခွာခဲ့ရပြီး အဖေ တာဝန်ကျရာမြို့သို့
သျှောင်နောက်ဆံထုံးပါခဲ့ရပြန်ပါတယ်။ အဲဒီအချိန်က
အမေရဲ့အဖေ၊ စစ်သားရင့်မကြီး ကျွန်မရဲ့အဘိုးက
အမေ့ကို အဖေ့နောက် ထည့်လိုက်ရခြင်းအတွက် ကွယ်ရာမှာ မျက်ရည်ကျခဲ့တယ်လို့
သိရပါတယ်။ အဒေါ်နှင့်ဦးလေးများက အဘိုးဟာ သားသမီးများထဲမှာ
အမေ့ကို အချစ်ဆုံးလို့ အမြဲပြောတတ်တာကိုလည်း
ကျွန်မအရွယ်ရောက်လာတဲ့အချိန်မှာ မကြာခဏ ကြားရတာ မှတ်မိနေဖြစ်ခဲ့ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အဖေက စစ်သားတွေထဲမှာမှ
အကြိမ် ၇၀ ကျော် လေထီးခုန်ခဲ့ဖူးတဲ့
လေထီးစစ်သားတစ်ယောက် ဖြစ်ခဲ့ပါတယ်






BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





တပ်မတော်နေ့တွင်
အဖေ့ကို အမေ ပန်းကုံးစွပ် ကြိုဆိုစဉ်




အမေကလည်း အဖေ့အနားမှာ
စစ်သားမယား ပီသစွာ
အဖေ ပြောင်းရွှေ့ရသော မြို့ရွာအနှံ့အပြားသို့
အေးအတူ ပူအမျှ မခွဲမခွာလိုက်ပါရင်း
အဖေ့ရဲ့ ပါရမီဖြည့်ဖက်အဖြစ်
ဇနီးကောင်းတစ်ယောက်အဖြစ်
မညည်းမညူ နေထိုင်ပေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အပြင် စစ်တပ်ထဲမှာ စစ်သားမိန်းမတစ်ယောက် လုပ်ဆောင်ရမယ့် တာဝန် ဝတ္တရားများကိုလည်း
တက်တက်ကြွကြွနဲ့ ပါဝင်လုပ်ကိုင်ပေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ညီအစ်ကိုမောင်နှမများထဲမှာ
ဖေဖေက အကြီးဆုံးဖြစ်သလို
မေမေ့မောင်နှမများထဲမှာလည်း
မေမေက အကြီးဆုံးဖြစ်တာကြောင့်
နှစ်ဖက်အသိုင်းအဝိုင်းအလယ်မှာ
ကျွန်မဟာ ပထမဆုံးမြေးဦးဖြစ်ကာ
အားလုံးရဲ့ချစ်ခြင်း အများစုကိုလည်း
ပထမဦးဆုံး ခံစားခွင့်ရခဲ့ပါတယ်။
ကျွန်မ ပုစိညှောက်ဘဝထဲကပင်
ညဥ့်နက်သန်းခေါင် ငိုယိုခြင်းမျိုး၊
ဂျီကျခြင်းမျိုးတို့ကို (နေမကောင်းဖြစ်ချိန်မှ

# PART TWO
## 1971

၁၉၇၁ ခု ဩဂုတ်လ ၃၁ ရက်
အင်္ဂါနေ့မနက်
မိုးများတစ်ဖွဲဖွဲ ကျသွန်းနေချိန်မှာ
(ဆန်းကြယ်သော…)
ဤလောကကြီးထဲသို့…
(အမေ၏အဖေ) 'အဘိုး'
ကိုယ်တိုင်ကိုယ်ကျ ပညတ်ပေးခဲ့သော
'စိုးမြတ်သူဇာ' ဆိုသော နာမည်ဖြင့်
မွေးဖွားကြီးပြင်းခဲ့ပါတယ်။



၅ လနှင့် ၈ရက် ကျွန်မ







www.burmeseclassic.com

www.burmeseclassic.com

လွဲ၍) ဘယ်တော့မှ မလုပ်ခဲ့တာကြောင့် ကျွန်မအတွက် ညဘက်တွေမှာ အိပ်ရေးမပျက်ခဲ့ရဘဲ ငယ်ငယ်ကတည်းက ကျွန်မဟာ အနေအေးခဲ့သူဖြစ်ကြောင်း ပြောပြခဲ့ပါတယ်။ မွေးပြီးတဲ့အချိန်မှာ ကျွန်မ အမေ့ကို ဒုက္ခမပေးခဲ့ပေမယ့် မမွေးခင်က အမေ ၅ ရက်လောက် ကျွန်မအတွက် ဗိုက်နာခဲ့ရတယ် ဆိုတဲ့အတွက် အမေ့ကို ဒုက္ခပေးခဲ့သလို ဖြစ်ခဲ့ခြင်းကိုတော့ ကျွန်မ စိတ်မကောင်း ဖြစ်မိပါတယ်။ ကျွန်မက သားဦးမို့



အမေ မွေးရခက်ခဲ့ကြောင်း အဘွားက ပြောပြခဲ့ပါတယ်။ အဲဒီအချိန်က ခွဲမွေးတာတွေကလည်း သိပ်ခေတ်မစားသေးချိန်မို့ အမေ့မှာ မမွေးမချင်း ဗိုက်နာတဲ့ ဝေဒနာကို ခံစားခဲ့ရပါတယ်။ မွေးတော့လည်း နာ့စ်တွေက တစ်ယောက်ခါးတစ်ယောက်ဖက်ကာ ညှပ်နှင့် ဆွဲပြီး မွေးပေးခဲ့ရပါတယ်။ ညှပ်ဆွဲတာ အခန့်မသင့်ခဲ့ရင် ကလေးအတွက် အန္တရာယ်များလွန်းလှတာမို့ အဘွားမှာ အဲဒီတုန်းက အတော်ကို စိတ်ပူခဲ့ရကြောင်း ကျွန်မကို ပြောပြခဲ့ပါတယ်။ ကြုံတုန်း ပြောပြရရင် လူရွှင်တော် ကိုဖိုးဖြူကို ပရိသတ်များ သိကြမှာပါ။ တစ်ခါ စကားစပ်မိလို့ ပြောရင်း သူ့တုန်းကလည်း ညှပ်ဆွဲပြီး မွေးခဲ့ရတာဖြစ်ကြောင်း ပြောပြခဲ့ဖူးပါတယ်။ ညှပ်ဆွဲမွေးကြတာချင်း အတူတူ ကျွန်မကတော့ ကံကောင်းတဲ့အတွက် ခန္ဓာကိုယ်မှာ ဘာတစ်ခုမှ မချို့ယွင်းခဲ့ဘဲ လှလှပပဖြစ်ကာ ရုပ်ရှင်မင်းသမီးတောင် ဖြစ်ခဲ့တယ်တဲ့။ သူ့မှာတော့ ကံမကောင်းတဲ့အတွက် ခန္ဓာကိုယ် တစ်ခြမ်း ပုံစံအနည်းငယ် ပြောင်းခဲ့ရပြီး လူရွှင်တော်ပဲဖြစ်ခွင့် ရခဲ့တယ်တဲ့။ (သူက လူရွှင်တော်ဆိုတော့ ဟာသလုပ်ပြီး ပြောပြခဲ့တာပါ။) ညှပ်ဆွဲမွေးတာ ဦးခေါင်းကနေ ညှပ်အကြီးကြီးနဲ့ ဆွဲထုတ်ရတာမို့ ကလေးသေးသေးလေးအတွက် အခန့်မသင့်ရင် အာရုံကြောတွေ၊ ဘာတွေ ထိခိုက်တတ်ပါတယ်။
ကျွန်မမှာတော့ ဘာချို့ယွင်းချက်မှမရှိခဲ့ဘဲ ကောင်းကောင်းမွန်မွန်လေး ရှိနေခဲ့တယ်ဆိုတော့ အတိတ်ကံကို အသာထားပြီး ကျွန်မကို မွေးဖွားပေးခဲ့တဲ့ ဆရာဝန်တွေ၊ နာ့စ်တွေ၊ ၅ ရက်လောက် ဒုက္ခခံရတဲ့အမေနဲ့ အနီးကပ်စောင့်ရှောက်ပေးခဲ့တဲ့ အဘွားတို့ကို လှိုက်လှိုက်လှဲလှဲ အထူးလေးစား ရှိသေစွာနဲ့ ကျေးဇူးတင်မိပြီး ဒီစာမျက်နှာပေါ်ကနေ လက်အုပ်ချီပြီး ကန်တော့လိုက်ပါတယ်။

*အန်တီမာ(စိုးပြည့်သဇင်၏အမေ)၊ ဦးနိုင်၊ မေမေ၊ (ကလေး=စိုးမြတ်သူဇာ)၊ အန်တီသီ (စန္ဒီမြင့်လွင်၏အမေ)၊ ဘိုးဘိုး၊ ဦးအောင်၊ ဘွားဘွား (မေမေ့၏ မောင်အငယ်ဆုံး ဦးအောင်နှင့် ကျွန်မသည် အသက် ၆ နှစ်ပဲ ကွာခြားကာ တူဝရီးနှင့်မတူဘဲ ဦးလေးသည် အစ်ကိုလို ဖြစ်နေခဲ့သည်။ ကျွန်မ ဦးလေးသည် ယနေ့ထိ လူပျိုကြီး ဘဝ ရှိသေးကာ တူမတွေနှင့် သူငယ်ချင်းပေါင်း ပေါင်းတုန်းဖြစ်သည်။)*





www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက်မှာတော့ ကျွန်မတစ်ယောက်တည်း အဖော်မမဲ့ရလေအောင် ၁၉၇၃ ခု နိုဝင်ဘာလ ၆ ရက်နေ့ (အင်္ဂါနေ့)တွင် ပေါင်မုန့်ကြီးနဲ့ တူတဲ့ ညီမလေးတစ်ယောက်ကို မွေးဖွားပေးခဲ့ပါတယ်။ အဲဒီအချိန်က စာရေးဆရာမကြီး ကလျာ(ဝိဇ္ဇာ-သိပ္ပံ) အလွန်နာမည်ကြီးတဲ့အချိန်ဖြစ်နေလို့ အဖေတို့ အမေတို့က 'စိုးမြတ်ကလျာ'လို့ နာမည်ပေးခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်မက ကလျာကို (ငယ်ငယ်)လို့ ခေါ်ခဲ့ပေမယ့် နောက်ထပ်မောင်တွေ ညီမတွေ ထပ်ရလာတဲ့အခါ အမေက ကျွန်မကို မကြီး၊ ကလျာကို မလေးလို့ အခေါ်အဝေါ်တွေ သတ်မှတ်ပေးခဲ့တာမို့ အခုအချိန်ထိ ကလျာကို မလေးလို့သာ ပြောင်းလဲပြီး ခေါ်ခဲ့ရပါတယ်။ မလေးကို ကိုယ်ဝန်မရှိခင် အမေက အိပ်မက်ထဲမှာ ကရင်မလေးတစ်ယောက် သင်တိုင်းနီနီလေးနှင့် သူ့ကို ပြေးဖက်ပြီး အမေနဲ့ အတူတူ နေမယ်နော်လို့ လာပြောခဲ့ပါတယ်တဲ့။ ဒါကြောင့် အမေက မလေးကို မွေးတော့ ကရင်မလေး ဝင်စားတာလို့ ပြောပါတယ်။ (သူကလည်း ကရင်အစားအစာတွေ ကြိုက်တယ်လေ)

မလေးရဲ့ Life ကို နောက်ပိုင်းမှာ ဓာတ်ပုံ တချို့တလေနှင့် ကျွန်မ ဖော်ပြထားပါတယ်။ ကျွန်မရဲ့ ညီမမှာ သူများ အားကျလောက်တဲ့ အခြေအနေမျိုးတွေ မပိုင်ဆိုင်ခဲ့ရသလို သူ့ဘဝ ခရီးလမ်းကြောင်း အချိုးအကွေ့၊ အတက် အဆင်းတွေက ကြိုတင်စဉ်းစား၊ ပြင်ဆင်ချိန် မရနိုင်လောက်အောင် မြန်ဆန်၊ ခက်ခဲတဲ့ အနေအထားမျိုးတွေနဲ့ ကြုံတွေ့ခဲ့ရတာပါ။ (ဒါကလည်း သူ့အတိတ်ကံကြောင့်ပါပဲ) ချိန်ခါမရွေး၊ စောင့်ရှောက်ကူညီပေးနိုင်တဲ့ ကျောထောက်နောက်ခံ မိသားစုသာမရှိခဲ့ရင် သူ့ဘဝဟာ ယခုအချိန်မှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေမှာပါ။ မလေးဟာ သနားစရာကောင်းတဲ့ မိန်းကလေး တစ်ယောက်ဖြစ်ခဲ့သလို သူမဟာ... ကျွန်မရဲ့ ဒုတိယညီမဆိုပေမယ့် ကျွန်မအတွက်တော့ ဒုတိယမြောက် သမီးတစ်ယောက်ဆိုရင်လည်း မှားမယ်မထင်ဘူး။


'ပေါင်မုန့်ကြီး' နှင့် တူသော ကလျာ


ကလျာကို ငယ်စဉ်က အိမ်နီးနားချင်း ကောင်လေးတစ်ဦး နှင့် အမှတ်တရ တွေ့ရစဉ်။ (ကလျာတို့က ဒီအရွယ်ကတည်းက ဓာတ်လမ်းလေးတွေ ရှိခဲ့တာ၊ ကျွန်တို့ မောင်နှမတွေများ ဒါမျိုးပုံတစ်ပုံမှ မရှိခဲ့ပေါင်...)



www.burmeseclassic.com

www.burmeseclassic.com



(အဖေ၏အမေ) အဘွား
ဒေါ်ကျင်လှိုင်နှင့်အတူတူ။



အဖေ့ရုံးတွင် ညီအစ်မ နှစ်ယောက် အမှတ်တရ။



အင်္ကျီဆင်တူနှင့် တို့ညီအစ်မ




လုံချည်တစ်ထည်တည်းကို ဖြတ်ချုပ်ထားတဲ့ ဆင်တူအင်္ကျီပါပဲ



www.burmeseclassic.com

www.burmeseclassic.com





ကလျာဟာ ငယ်ငယ်ကတည်းက ပေကပ်ကပ်၊ ဂျစ်ကန်ကန်နှင့် တော်တော့်ကို ခေါင်းမာတဲ့သူ ဖြစ်ပါတယ်။ (ကြီးလာတော့လည်း ပြန်မပြော၊ နားမထောင်သူဘွဲ့ကို ထပ်ပြီး ရရှိခဲ့ပြန်ပါတယ်။) ကလျာမှာရှိတဲ့ ကောင်းတဲ့အပြုအမူက လူတိုင်းအပေါ်မှာ (သူတတ်နိုင်သလောက်) စိတ်ပါလက်ပါ ကူညီပေးကမ်းချင်တဲ့ စိတ်အလွန်အကျွံရှိနေခဲ့တာ။ သည်းမခံနိုင်စရာ အားနည်းချက်တစ်ခုကတော့ လူတိုင်းကို လွယ်လွယ်ကူကူ ယုံကြည်တတ်ခြင်းဖြစ်ပါတယ်။
(အဲဒီအားနည်းချက်ကြောင်းပဲ သူ့အရွယ်ရောက်လာတဲ့အခါ ပြန်ပြင်လို့မရနိုင်တော့တဲ့ အမှားများကို ပိုင်ဆိုင်ခဲ့ရတယ်။)
နောက် ၃ နှစ်လောက်ကြာတဲ့အချိန်မှာတော့ အမေက ကျွန်မတို့ ညီအစ်မ နှစ်ယောက်အတွက် ချစ်စရာကောင်းသော ဖြူဖြူဖွေးဖွေး၊ မောင်လေးတစ်ယောက်ကို ထပ်ပြီး မွေးဖွားပေးခဲ့ပြန်ပါတယ်။ မောင်လေးကို ၁၉၇၆ ခု နိုဝင်ဘာလ ၆ ရက် (စနေနေ့)မှာ မွေးဖွားခဲ့ပြီး "စိုးသူရနိုင်" လို့ ဖေဖေက နာမည်ပေးခဲ့တယ်။ သားယောကျ်ားလေး လိုချင်နေတဲ့ ဖေဖေ့အတွက် မောင်ကလေးဟာ ဖေဖေ့အသည်းတုံး ဖြစ်ခဲ့ပါတယ်။


ကျွန်မတို့အားလုံးကတော့ သူ့ကို ချစ်စနိုးနဲ့ မောင်မောင်လို့ ခေါ်ခဲ့ပြီး အသားဖြူဖြူဖွေးဖွေးနဲ့ အင်မတန်ချစ်စရာ ကောင်းသော ကောင်လေးတစ်ယောက် ဖြစ်ပါတယ်။ ငယ်စဉ်က ဝဝကစ်ကစ်လေး ရှိခဲ့သော်လည်း ကြီးလာတော့ အတော့်ကို မျောက်ရှုံးအောင် ဆော့တာကြောင့် ပိန်သွားရှာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ဟာ
ငယ်ငယ်ကတည်းက
တူ၊ လွှ၊ လေးခွ၊
ဓားမြှောင်၊ သေနတ် အစရှိတဲ့
လူကို အန္တရာယ်ဖြစ်စေနိုင်မယ့်
အရာဝတ္ထုမှန်သမျှကို
အလွန်မက်မောတတ်သူ
ဖြစ်ပါတယ်။
သူ မက်မောတဲ့ပစ္စည်းကိုလည်း
လက်မှာ မလွှတ်တမ်း
တစ်ချိန်လုံး ကိုင်ထားတတ်ကာ
အိပ်ရာထဲထိ
ထည့်အိပ်တဲ့အကျင့်လည်း
ရှိပါတယ်။
မောင်မောင်မှာ စွဲလမ်းတတ်တဲ့စိတ်
ရှိတယ်ဆိုတာကို
ငယ်စဉ်ကတည်းက
သက်သေပြခဲ့တာပါ။
လူပုံက ပိန်ပိန်လှပ်လှပ် ဆိုပေမယ့်
အင်မတန်မှ လက်မြန်သူဖြစ်ကာ
ထစ်ခနဲဆို သူက ဦးအောင်
ဆော်ပစ်ခဲ့တာချည်းဖြစ်လို့
အဖေတို့ အမေတို့မှာ
အချင်းချင်း မိတ်မပျက်အောင်
တစ်ဖက်ကို
အမြဲတောင်းပန်ခဲ့ရပါတယ်။
သူနှင့် မလေးနဲ့က
ရုပ်ချင်း အတော့်ကို ဆင်ကြသူများ
ဖြစ်ကြတဲ့အပြင်
သူ့ထက် ၃ နှစ်ကြီးတဲ့အစ်မကို အမြဲတမ်း
မထိခလုတ်၊ ထိခလုတ်
ပြဿနာရှာတတ်ပါတယ်။
မကြိုက်မှန်းသိရင်
ပိုစတတ်ပါတယ်။ သူတစ်ခုခုကို
အာရုံစူးစိုက်နေပြီဆိုရင်
နှုတ်ခမ်းကို ထော်ထားတတ်ပြီး
ကျွန်မတို့ မောင်နှမတွေထဲမှာ
ဉာဏ်ရည်အမြင့်ဆုံးဖြစ်ကာ
အရွယ်ရောက်လာတဲ့အခါ
ဗဟုသုတရှာဖွေလိုက်စားတာကို
ဝါသနာပါသော
ကောင်လေး ဖြစ်လာပါတယ်။



မောင်မောင်
တစ်နှစ်
အရွယ်။




www.burmeseclassic.com

www.burmeseclassic.com






မောင်လေးတစ်ယောက်တည်း ဖြစ်တာကြောင့် ဖေဖေကော မေမေပါ မောင်မောင့်ကို တုန်နေအောင် ချစ်ကြပါတယ်။
မလေးနဲ့ မောင်မောင်က အသက် ၃ နှစ်တိတိ ကွာပြီး မွေးနေ့မှာလည်း တစ်ရက်တည်း ဖြစ်တာကြောင့် သူတို့နှစ်ယောက်အတွက် မွေးနေ့ပွဲကို အတူတူလုပ်ခွင့်ရကြပါတယ်။ ဒါပေမယ့်လည်း မလေးကတော့ မွေးနေ့ကို ဘယ်တော့မှ အတူလုပ်ဖို့ စိတ်ကူးမရှိသလို (ရှုပ်ကို ရှုပ်တယ်)လို့ အမြဲ ငြူစူတတ်ပါတယ်။ မောင်မောင်က အရမ်းကို အစအနောက်သန်ကာ သူ့ကို ငြူစူတဲ့ မလေး မကြိုက်တဲ့အရာမှန်သမျှကို လိုက်လံမှတ်သားပြီး သူ့အစ်မ မခံချင်အောင် အမြဲပေါက်ကရလုပ်လေ့ရှိတယ်။ (ဥပမာ- မလေးက သူ ထမင်းစားနေချိန်တွင် ချောင်းဆိုးတာမျိုး၊ နှာချေတာမျိုး လုပ်ရင် လုံးဝမကြိုက်တတ်ပါ။ ဒါကို သူက မလေး ထမင်းစားနေတာကို တွေ့တိုင်း အနားကို သွားပြီး တမင်တကာ နှာချေတာမျိုး၊ လုပ်ချောင်းကြီးဖြင့် ချောင်းဆိုးလိုက်တာမျိုးကို သူ့အစ်မ အဆဲအဆိုခံပြီး ကျီစားသန်တတ်တယ်။)



မောင်မောင့်အိုက်တင်များ

www.burmeseclassic.com

www.burmeseclassic.com


ဂေါက်သီး အကျော်အမော်


ကိုရင် နန္ဒိယ


ကျွန်မ
မောင်လေးက
အနေကုတ်ကုတ်နဲ့
ကြိုးစား
ဖြောင့်မတ်တဲ့
လူငယ်ဖြစ်လာခဲ့ကာ
သူ့
အားနည်းချက်
ကတော့
ဘယ်သူ့ကိုမဆို
လိုတာထက်ပိုပြီး
အားနာတတ်ခြင်း
ပါပဲ။
(အဲဒီလို
အားနာတတ်ခြင်း
ကြောင့်
မောင်မောင့်ဘဝမှာ
ကြီးစွာသော
စိတ်
အနှောင့်အယှက်
တစ်ခုကို
သူ့အသက်
၂၇ တွင်
ရင်ဆိုင်ခဲ့ရတယ်)


မောင်မောင်ငယ်စဉ်က
အဆိုတော် ဦးချစ်ကောင်းနှင့်
ထားဝယ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မညီမ 'ရုပ်ဆိုးလေး'

၁၉၇၉ ခု ဒီဇင်ဘာလ ၁၅ ရက် (စနေနေ့)မှာတော့ ကျွန်မ မေမေက ကျွန်မတို့ သုံးယောက်နှင့် ခြားနားတဲ့ ပုံသဏ္ဍာန်ရှိတဲ့ အရုပ်ဆိုးဆိုး၊ မည်းမည်းဝဝ ညီမထွေးလေး တစ်ယောက်ကို မွေးဖွားပေးခဲ့ ပြန်ပါတယ်။ စနေသမီး ဖြစ်တာကြောင့် ဖေနှင့်မေက စိုးမြတ်နန္ဒာလို့ နာမည်ပေးခဲ့ပြီး အားလုံးကတော့ ဒါဒါလို့ ခေါ်ကာ မောင်မောင်ကတော့ (မဒီ)လို့ ထူးထူးခြားခြား ခေါ်ပါတယ်။ တစ်ခါတရံ သူ့ညီမကို အမြင်ကတ်လျှင် ကျီးကန်းလေး မဲတူ ဆိုပြီးလည်း ခေါ်ပါတယ်။ ဒါဒါက ငယ်ငယ်ကတည်းက ရုပ်ကလေး ဆိုးရှာသော်လည်း အင်မတန်မှကို အိုက်တင်များကာ ကြီးလာရင် မင်းသမီးဖြစ်ဖို့အတွက် ငယ်ငယ်ကတည်းက ဗီဇပါလာခဲ့ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ သားသမီးနှင့်မခြား တူညီသော ကျွန်မရဲ့ တစ်ဦးတည်းသော
မောင်ငယ်နှင့် ညီမထွေး လေးတို့၏ပုံ ဖြစ်ပါတယ်။ ဒီပုံလေးကို ကြည့်မိတိုင်း ယနေ့ ခြားနားနေတဲ့
သူတို့ ပုံသဏ္ဍာန်လေးများကို ယှဉ်တွဲမြင်ယောင်ရင်း ရင်ထဲမှာ ဝမ်းနည်းသလို မျက်ရည်ဝဲမိရပါတယ်။
ခုချိန်မှာ သူတို့လေးတွေ အတောင်အလက်စုံလင်စွာနဲ့ ကျွန်မအနားမှာ ရှိမနေနိုင်ကြတာကိုလား၊
ဒါမှမဟုတ် ဒီလိုချစ်စရာကောင်းတဲ့ ရုပ်သွင်လေးတွေကို ပြန်လည်မရနိုင်တော့တာကြောင့်လား၊
ဘာရယ်မှန်း ကျွန်မ ရေရေရာရာ ခွဲခြမ်းနိုင်ခြင်းမရှိဘဲ ဝမ်းနည်းမိတာတော့ အမှန်ပင်။
သူတို့လေးတွေက ကျွန်မရဲ့ အရိပ်သဖွယ် ဘဝတစ်လျှောက်လုံး ကျွန်မ အနားမှာ တွယ်ငြိနိုင်စွမ်းရှိခဲ့ကြတယ်ဆိုတာ
ဒီအချိန်မှာ သူတို့ကို ကျွန်မ ပြောပြချင်ပါတယ်။
သူတို့အပေါ် ကျွန်မ ထားရှိတဲ့ မေတ္တာတရားဟာ 'ပေးဆပ်ခြင်း'တစ်ခုသက်သက်ပဲ ဆိုတာ နောက်ပိုင်းကဏ္ဍတွေမှာ
ပရိသတ်များကို ကျွန်မ ရင်ဖွင့်ထားပါတယ်။
ကဲ…ပြောလက်စ…ငယ်ဘဝလေးများအကြောင်းကို ရှေ့ဆက်လိုက်ရအောင်…





www.burmeseclassic.com

www.burmeseclassic.com

ဒါဒါနဲ့ ကျွန်မက အသက် ၈ နှစ်ကျော် ကွာခြားခဲ့သလို အကြီးဆုံးနဲ့အငယ်ဆုံး ဖြစ်ခဲ့တာကြောင့် သူ့ကို ကျွန်မက အများဆုံး ထိန်းခဲ့ရကာ သူ့ငယ်ဘဝလေးများကိုလည်း အတော်များများ မှတ်မိနေခဲ့ပါတယ်။ ဒါဒါက ငယ်စဉ်ကလေးအရွယ်ထဲက အလွန်တရာ ဂျီကျတတ်ခြင်း၊ ကျယ်ကျယ်လောင်လောင် အော်ဟစ်ငိုယိုခြင်း၊ ဖြောင်းဆန်အောင် ဆော့ခြင်းတို့ ဘာတစ်ခုမှ မရှိခဲ့ပါ။ ထားရင် ထားထားတဲ့နေရာမှာသာ နေပြီး ကစားစရာလေးတစ်ခုနဲ့ တိတ်တိတ်ဆိတ်ဆိတ် နေတတ်သူ ဖြစ်ပါတယ်။ အငယ်ဆုံးဖြစ်ပေမယ့် အစ်မတွေနှင့် အစ်ကိုအပေါ် ဗိုလ်ကျတဲ့စိတ်မျိုးလည်း မရှိခဲ့ပါ။ (ကျွန်မ ညီမမို့ ပြောခြင်းမဟုတ်ပါ) ဒါဒါက အင်မတန်စိတ်ရင်းကောင်းသူလေး ဖြစ်ပါတယ်။ မွေးကတည်းက မည်းမည်း၀၀ ရုပ်ဆိုးလေးမို့ မိတ်ဆွေများက အမေ့ကို ကလေးမှားလာတာလားလို့ ကျီစားကြတိုင်း မဟုတ်ပါဘူးလို့ ကျွန်မ အမြဲ၀င်ဖြေပေးခဲ့သည်။ (အဲဒီညီမငယ်လေးက အသက်ကြီးလာတဲ့အခါ အလွန်လှတဲ့ ကောင်မလေးဖြစ်လာခဲ့ပြီး ရုပ်ရှင်မင်းသမီးတောင် ဖြစ်ခဲ့တယ်) ကျွန်မဘဝမှာ ကျွန်မရဲ့ မောင်ညီမများဟာ နံပါတ်တစ် အရေးပါအရာရောက်သူများအဖြစ် အခွင့်အရေး ရရှိခဲ့သလို ကျွန်မအသက် ၁၈ နှစ်အရွယ် အနုပညာနယ်ပယ်ထဲကို အသက်မွေးဝမ်းကျောင်းတစ်ခုအနေဖြင့် စတင်ခြေချခဲ့တဲ့အချိန်မှာလည်း အင်အားကြီးသော 'ခွန်အား' တစ်ခု ဖြစ်စေခဲ့ပါတယ်။

ကျွန်မတို့ မောင်နှမများအားလုံး ဖေဖေ တာဝန်ကျတဲ့ ထားဝယ်မြို့မှာ အရွယ်ရောက်ခဲ့ကြပါတယ်။ ကျွန်မ၏ အထက်တန်းစာမေးပွဲကို ထားဝယ်မြို့ အထက (၁)မှ အောင်မြင်ခဲ့ပါတယ်။ ကျွန်မတို့ မောင်နှမများကို လူတိုင်းလိုလိုက မိဘများက အဲလောက် အရုပ်မမြင့်ဘဲ ကလေးတွေက ဘယ်လိုကြောင့် အရပ်တွေ မြင့်ကြသလဲလို့



ပန်းတစ်ပွင့်နှင့် ဒါဒါ၏ ငယ်အလှ

အမြဲမေးခွန်းလုပ်တတ်ကြပါတယ်။ အဖြေကတော့ ကျွန်မတို့ မောင်နှမတွေအားလုံး ရေအရမ်းကူးခဲ့တာကြောင့် ဖြစ်ပါတယ်။ ထားဝယ်မြို့က မောင်းမကန်ကမ်းခြေနဲ့ နီးနီးလေးမို့ ကျောင်းပိတ်ရက်တွေတိုင်း အမေက ကျွန်မတို့မောင်နှမတွေကို ကမ်းခြေကို ပို့ပေးခဲ့ပါတယ်။ မောင်နှမ လေးယောက်လုံးကလည်း ရေထဲ ချပေးလိုက်တာနဲ့ ဈူဋလိပ် ရေထဲလွှတ်လိုက်သလို ပြန်ကို တက်မလာတော့တဲ့အထိ ရေကြိုက်ကြတဲ့သူတွေပါ။ တစ်ကိုယ်လုံး အသားတွေ နေလောင်ကာ မည်းကျုတ်၊ ပြာနှမ်းလာပြီး ဗိုက်တွေလည်း မနေနိုင်အောင် ဆာလောင်လာတော့မှ ရေထဲကနေ ပြန်တက်လာတတ်ကြပါတယ်။ အဲလို ရေကူးခဲ့တဲ့နှစ်ကလည်း ၇ နှစ်လောက် ရှိခဲ့ကြတာဆိုတော့ လူပျိုအပျိုလေးတွေ ဖြစ်လာကြတဲ့အချိန်မှာ ကျွန်မနဲ့ မလေးရဲ့ အရပ်က ၅ ပေ ၆ လက်မစီ ရှိကြပြီး မောင်မောင်က ၅ ပေ ၁၁ လက်မလောက်ထိ မြင့်ခဲ့ကာ ဒါဒါကတော့ ၅ ပေ ၈ လက်မနဲ့ အစ်မနှစ်ယောက်ကို စံချိန်ချိုးသွားခဲ့ပါတယ်။ ကျွန်မတို့ မောင်နှမလေးယောက်က အရမ်းကို Close ဖြစ်ခဲ့ကြတာပါ။ ကျွန်မမောင်က မိန်းမ သုံးယောက်ထဲမှာ ယောကျာ်းလေး တစ်ယောက်တည်းဆိုပေမယ့် ကျွန်မတို့ သုံးယောက် လိုပြီဆိုတာနဲ့




www.burmeseclassic.com

www.burmeseclassic.com


'သရက်ချောင်းရတံခွန်'၌
မောင်မောင်နှင့် ဒါဒါ


'မောင်းမကန်'ကမ်းခြေ၌
ကျွန်မတို့ မောင်နှမ ၄ ယောက် အမှတ်တရ။
မောင်မောင်လက်ထဲမှာ လေးခွ ကိုင်ထားပါတယ်။

အနားကို ရောက်လာတော့တာပါ။ မောင်မောင်က အပြင်မှာ သူငယ်ချင်းများနဲ့ စုစုရုံးရုံး နေတတ်သလို အိမ်မှာလည်း လေးယောက်ထဲနဲ့ ပွဲစည်အောင် နေတတ်တဲ့သူပါ။ ထမင်းစားရင်တောင် သူတစ်ယောက်တည်း ဘယ်တော့မှ စားလေ့မရှိခဲ့ပါဘူး။ အနည်းဆုံး၊ တစ်ယောက်လောက် သူ့နားထိုင်ပြီး စကားပြောပေးရပါတယ်။ အဲဒါကို အများဆုံး မဲကျတဲ့သူကတော့ 'ဒါဒါ'ပါပဲ။ အစ်ကိုလုပ်သူ အိပ်အပြန် ထမင်းစား နောက်ကျတိုင်း ဒါဒါ့ခများ သူ့အစ်ကို ပေါက်ကရမေးတဲ့ မေးခွန်းတွေကို စိတ်ရှည်လက်ရှည် ဖြေပေးရင်း သူ ဆယ်တန်းအောင်တဲ့အထိ အချိန် အတော်ကြာကြာ အဖော်လုပ်ပေးခဲ့ပါတယ်။ ဒါဒါနဲ့ မောင်မောင်ဟာ ကျွန်မတို့ အကြီး နှစ်ယောက်ထက်တောင် ပိုပြီး တတွဲတွဲနေခဲ့ကြတာပါ။


ကလျာ၏
သနားစဖွယ်အပြုံး။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင့်အိုက်တင်

ကျွန်မတို့မောင်နှမထဲမှာ မောင်မောင်က မှတ်ဉာဏ်အကောင်းဆုံးနဲ့ အတွေးမြင့်မြင့်များကို တွေးတတ်ကာ လက်တွေ့လည်း လုပ်တတ်သူ ဖြစ်ပါတယ်။ မောင်မောင့်ဉာဏ်ရည်ကို အမီလိုက်နိုင်သောသူကတော့ ဒါဒါပါပဲ။ မလေးကတော့ နဂိုကတည်းက မလှုပ်တလှုပ်နှင့် ခပ်အေးအေးနေတတ်သူ ဖြစ်ပါတယ်။ ကျွန်မ မောင်ညီမများ၏ တွင်းပြင်စိတ်သဏ္ဍာန်များထဲတွင် အားရချင့်စရာ၊ အားမရချင်စရာ၊ လက်ခံချင်စရာ၊ လက်မခံချင်စရာများဖြင့် ရောယှက်ဒွန်တွဲနေကြပေမယ့် အသေအချာ ပြန်လည်စမ်းစစ်ကြည့်ရင် လေးယောက်ထဲမှာ စိတ်ပျက်စရာ အကောင်းဆုံးမှာ ကျွန်မပင် ဖြစ်နေခဲ့တာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်မရဲ့ အပြင်ပုံသဏ္ဍာန်တွင် သူတို့လေးတွေရဲ့ အပြင်ပုံအားလုံး ပါဝင်နေခဲ့ပြီး ကျွန်မရဲ့အားနည်းချက်ကလည်း သူတို့ သုံးယောက်ရဲ့ အားနည်းချက်များနဲ့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ အားနည်းချက်တစ်ခု ဖြစ်နေခဲ့ပါတယ်။ အဲဒီအတွက် ကျွန်မဘဝမှာ ခံစားခဲ့ရတဲ့ 'ခါးသီးမှု'များနှင့် ရယူခဲ့ရသော 'အမှားများ'ကို လွယ်လင့်တကူ ဖြေဖျောက်၊ ရှင်းပြခွင့်မရခဲ့သလို 'စိတ်ချမ်းမြေ့'မှုနဲ့ 'အမှန်တရားများ'ကိုလည်း အချိန်မီ လူသိရှင်ကြား ထုတ်ဖော်ပြခွင့် မရရှိခဲ့ပေ။ ဒါကြောင့် (တစ်ခါတရံ) ပတ်ဝန်းကျင်၊ အသိုင်းအဝိုင်းများ၏ အမြင်အာရုံထဲတွင် ကျွန်မကို ဗီလိန်လူဆိုးမကြီးအဖြစ် သတ်မှတ်စွပ်စွဲခြင်း ခံရပြန်ပါတယ်။ ကျွန်အတွက်ကတော့ မောင်၊ ညီမများနှင့်ပတ်သက်ပြီး ရရှိခဲ့တဲ့ သံသယနဲ့ အမုန်းမုန်သမျှကို ကျွန်မ မသေမချင်း ဒီဘဝကာလတာပတ်လုံး ကျေကျေနပ်နပ် ခံယူသွားမှာပါပဲ။ သူတို့သုံးယောက်ရဲ့ဘဝဟာ ကျွန်မရဲ့ အနာဂတ်တစ်ခုဆိုရင်လည်း မှားမယ် မထင်ပါ။



ကျွန်မနှင့် ကလျာ ငယ်စဉ်က

အထူးသဖြင့် ကလျာနှင့်ပတ်သက်တဲ့ အကြောင်းအရာကိစ္စ တော်တော်များများကို သူမအိမ်ထောင်မပြုမချင်း နားလည်ခွင့်လွှတ် ပေး၊ ဖြေရှင်းပေးဦးမှာ ဖြစ်ပါတယ်။ ကလျာဟာ လူတွေကို လွယ်လွယ်ကူကူ ယုံကြည်တတ်သောသူလို့ ကျွန်မရှေ့မှာ ပြောခဲ့တယ်မလား၊ နောက်ပိုင်းမှာလည်း ကလျာ့အကြောင်း စိတ်ဝင်စားစရာကောင်းတာတွေကို ပရိသတ်များ ဖတ်ရဦးမှာပါ။ ကျွန်မအတွက်ကတော့ ဒီညီမလတ်ကို ချစ်ခဲ့ရတာ။ ကရုဏာဒေါသတွေနဲ့ အခုချိန်ထိပါပဲ။ ကလျာအတွက် အားမရစရာအကြောင်းအချက်တွေက များလွန်းတာမို့။ သူကို ပြုပြင်ပေးဖို့အစား ကိုယ့်ကိုယ်ကိုယ်ပဲ ပြုပြင်ခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အနုပညာမျိုးရိုးမဟုတ်သော ကျွန်မတို့ ညီအစ်မတွေ အနုပညာအသိုင်းအဝိုင်းထဲ ရောက်ဖို့ အနုပညာမျိုးစေ့ကို အချေချပေးခဲ့ သူမှာ အမေပင် ဖြစ်သည်။ အမေသည် အနုပညာကို အလွန်ဝါသနာပါသူ ဖြစ်ကာ သူမသာ စောစောစီးစီး အိမ်ထောင်မကျခဲ့လျှင် ရုပ်ရှင်မင်းသမီးများ ဖြစ်နေမလား မပြောတတ်ပါ။ ကျွန်မတို့ ညီအစ်မတွေ မင်းသမီး ဖြစ်တော့ ဦးလေးတွေ၊ အဒေါ်တွေက အမေ လုပ်ချင်တာတွေ ကျွန်မတို့ကို လုပ်ခိုင်းနေတာလို့ ပြောကြပါသည်။ အမေသည် အသက် ၂၅ နှစ်အရွယ်တွင် ကျွန်မတို့ မောင်နှမ လေးယောက်ကို မွေးပြီးပြီဖြစ်သောကြောင့် ယခု ကျွန်မ အသက်အရွယ်တွင် သားသမီး လေးယောက်လုံးကို အမေ လက်လွှတ်နိုင်ပြီ ဖြစ်လေသည်။ ငယ်ငယ်ကတည်းက ကျောင်းကပွဲများတွင် မလွှတ်တမ်း ဝင်နွှဲခဲ့သော အမေသည် စစ်တပ်ထဲတွင် ပြုလုပ်သည့် စတေ့ချ်ရှိုးများတွင်လည်း ပါဝင်ဆင်နွှဲဖို့ လက်မနှေးခဲ့ပြန်ပါ။ ဆိုဖို့၊ ကဖို့၊ ဓာတ်ပုံ အရိုက်ခံဖို့ အမေဝါသနာပါခြင်းသည် လူကြောက်တတ်သော ကျွန်မတို့ ညီအစ်မများ အတွက် ရုပ်ရှင်မင်းသမီး ဖြစ်လာရန် အခြေခံတစ်ခုဖြစ်သလို တွန်းအားတစ်ခုဆိုရင်လည်း မမှားနိုင်ပါ။ ငယ်စဉ်က အမေ့ပုံရိပ်များကို ပရိသတ်များ လေ့လာကောက်ချက်ချနိုင်ရန် တချို့တဝက် ဖော်ပြပေးလိုက်ပါသည်။



ရုပ်ရှင်မင်းသမီး လျှောက်ဖို့များ အမေရည်ရွယ်၍ ရိုက်ကူးခဲ့လား မပြောတတ်ပါ။ (ကြည့်လို့တော့ ကောင်းပါတယ်။)
ဒီပုံကို ရိုက်တဲ့အချိန်က ကျွန်မနဲ့ ကလျာကို အမေမွေးပြီးပြီ ဖြစ်ပါတယ်။ အသက် ၂၂ နှစ် အရွယ် ပန်းပိတောက်နှင့် ယဉ်စစလှနေသောအမေ။






www.burmeseclassic.com

www.burmeseclassic.com












www.burmeseclassic.com

www.burmeseclassic.com










ကျွန်မအမေသည်
အလွန်မှ
အိုက်တင်များသော၊
ဓာတ်ပုံရိုက်တာကို
အလွန်ဝါသနာပါသော
အမျိုးသမီး
တစ်ယောက်
ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အမေဟာ ငယ်ငယ်ရွယ်ရွယ်မှာ အိမ်ထောင်ကျခဲ့ပြီး အဖေ့ရဲ့ လုံခြုံတဲ့ မေတ္တာရိပ်အောက်မှာ မပူအပင် မကြောင့်မကြနေခဲ့ရသလို သူ့ရဲ့ ကောင်းခဲ့တဲ့အတိတ်ကံကြောင့် ပွဲ့ပိုး၊ ကူညီသူတွေ ပေါများခဲ့တဲ့အတွက် ကြမ်းတမ်းတဲ့ လောကဓံတရားနဲ့လည်း ရင်မဆိုင်ခဲ့ရပါဘူး။ ကျွန်မဘဝဖြတ်သန်းမှုနဲ့ အမေ့ဘဝဖြတ်သန်းမှုတွေ မတူညီခဲ့တာမို့ ခုချိန်ထိ အမေဟာ ကျွန်မ မျက်လုံး ထဲမှာတော့ မရင့်ကျက်နိုင်သေးဘူးလို့ မြင်မိတယ်။ ကျွန်မ လျှောက်ခဲ့ရတဲ့လမ်းက အချိုးအကွေ့တွေ ပြည့်နှက်နေတဲ့လမ်းတစ်ခု ဖြစ်ခဲ့ပြီး အမေကတော့ ခရီးဆုံးကို လှမ်းမမြင်နိုင်ပေမယ့် တဖြောင့်ထဲ ဖောက်ထားတဲ့လမ်းတစ်ခုကို လျှောက်ခွင့် ရခဲ့တာလေ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ… ကိုယ့်အမေမို့ရယ် ပြောတာတော့ မဟုတ်ရပါဘူး။ အမေက တကယ့်ကို စိတ်ကောင်း၊ စေတနာကောင်းရှိတဲ့သူပါ။ ဘာကိုမှ ကြာရှည် ပူပန်၊ မလွမ်းဆွေး တတ်သလို၊ အမြဲပျော်ပျော်နေတတ်သူပါ။ (အဲဒါကြောင့်လည်း အဖေက အမေ့ကို အငယ်ဆုံးသမီးလို့ သတ်မှတ်ပေးထားပါတယ်) အမေ့မျက်နှာကြည့်လိုက်တိုင်း အမြဲပြုံးနေတတ်တာကို ရင်းနှီးသူ တော်တော်များများနဲ့ ရပ်ရှင် အသိုင်းအဝိုင်းတစ်ခုလုံး သိကြပါတယ်။ ကျွန်မကတော့ အမေ့အပြုံးကို မြင်တိုင်း အမေပြောနေကျ မှတ်သားလောက်တဲ့ စကားတစ်ခွန်းကို အမြဲပြန်သတိရပါတယ်။ ဘာတဲ့…ရယ်ရယ်မောမောနေတာဟာ မျက်နှာက အကြောတွေကို အလုပ်ပေးနေတာ၊ အကြောအချဉ်တွေ သန့်စွမ်းနေအောင် လေ့ကျင့်ခန်း လုပ်ပေးနေတာတဲ့။ ဒါကြောင့် သူ့မျက်နှာကိုကြည့် ဘာဆေးစွမ်းကောင်းမှ လိမ်းစရာမလိုအောင် နုပျိုလတ်ဆတ်နေတာ ဆိုပဲ။ ကျွန်မသာ အရယ်အပြုံး နည်းလှတာမို့ ဈေးကြီးတဲ့ဆေးတွေ ဘယ်လောက်ပဲလူးလူး ထူးမလာဘဲ တစ်နေ့တခြား အိုစာနေတာတဲ့။



အဖေနှင့်အမေ၏ ချစ်ချစ်ခင်ခင် ပျော်ရွှင်စရာ ပုံရိပ်များ



www.burmeseclassic.com

www.burmeseclassic.com





သားအမိယှဉ်ကြည့်ရင် သူကတောင် ကျွန်မထက် ပိုနုတယ်လို့ လူတွေက ပြောကြတယ်တဲ့။ (အဟင်း) အမေက ကျွန်မကို ထိထိမိမိ နှိပ်ကွပ်လိုက်တာလေ။ ကျွန်မကလည်း ဘာရမလဲ၊ အမေမို့လို့ ဒီတိုင်း ငြိမ်ခံမနေပါဘူး။ ချက်ချင်းကို ပြန်ပြောတာပဲ။ အမေ ပြောတဲ့လူတွေဆိုတာ အဖေ တစ်ယောက်တည်း ဖြစ်မှာပါလို့… လေ။ ဒီတော့မှပဲ အဘွားကြီးလည်း မျက်စောင်း တစ်ချက်ထိုးပြီး ကော့ကော့ ကော့ကော့နဲ့ ထွက်သွားတော့တယ်။ အမေဟာ ကျွန်မတို့ မောင်နှမ လေးယောက်နဲ့ သူငယ်ချင်းပေါင်း ပေါင်းပြီး နေခဲ့သူပါ။ အထူးသဖြင့် ကျွန်မတို့ ညီအစ်မ သုံးယောက်နဲ့ပေါ့လေ။ ကျွန်မတို့ ညီအစ်မတွေ စကား ခပ်တိုးတိုး ပြောပြီ ဆိုရင် အမေ့နားက အစွမ်းကုန် စွင့်ထားပြီးသား ဖြစ်သလို ရွေ့ခနဲ အနားကို ချက်ချင်း ရောက်လာတော့တာပါပဲ။ ဘယ်အကြောင်း အရာမဆို သူ အကုန်သိချင်သလို သူသိထားသမျှကိုလည်း တခြားမသိသေးတဲ့ သူတွေကို ဖြန့်ဝေချင်တဲ့စိတ်ကလေး ကလည်း ရှိတာမို့ သားသမီးတွေက အဘွားကြီးနော် (အတင်း)ဖြစ်မယ်။ မလိုအပ်ဘဲ စကားအများကြီး မပြောရဘူး ဆိုပြီး မနည်းကို နှိပ်ကွပ်ထားရပါတယ်။ (အမေ့မှာ သူတစ်ပါးကို နစ်နာစေလိုတဲ့ စိတ်မျိုးနဲ့ ပြောဆိုတတ်တာမျိုးတော့ မရှိရှာပါဘူး) ဒါပေမယ့်လည်း အမေ အဲလို နေရာတကာ ပါတတ်တာတွေကြောင့်လည်း ကျွန်မတို့တွေ ရုပ်ရှင်မင်းသမီးတွေ ဖြစ်ခဲ့ကြတာပါ။ အမေသိတဲ့ အနုပညာနဲ့ ပတ်သက်တဲ့ ဗဟုသုတ၊ အတွေ့အကြုံတွေ က ကျွန်မတို့ထက် အများကြီးသာတယ် လေ။ ကျွန်မအမေရဲ့ အားနည်းချက်ကတော့ လူကဲခတ်ညံ့ခြင်းပါပဲ။ ဒါကိုလည်း ကျွန်မ ပြောတိုင်း ဘယ်တော့မှ အမေက လက်မခံ ခဲ့ပါဘူး။ သူက လူတစ်ယောက်အကြောင်း ကို ကြည့်စရာတောင် မလိုဘူး။ အသံ နားထောင်တာနဲ့ ခန့်မှန်းလို့ရတယ်ဆိုပဲ။ အင်း…အမေက ဒါမျိုးစကားတွေကိုလည်း ပြောတတ်ပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com







တပ်တွင်း ဂေါက်သီးပြိုင်ပွဲတွေမှာလည်း အမေက နှစ်တိုင်းလိုလို ဆုရတတ်ပါတယ်။ (အမေက လက်တော့ အတော်တည့်တာပါ)





ကဲ…အမေ့အကြောင်းကို ဒီမှာတင် ခဏရပ်ပြီး ရှေ့ဆက်ရမယ်ဆိုရင်ဖြင့် ကျွန်မ အပျိုအရွယ်လေး မရောက်မချင်းပေါ့လေ။ အမေဟာ သူ့ရဲ့ဝါသနာတွေကို သိမ်း လုပ်သူနဲ့ လက်တွေ့ကျကျ အကောင် အထည် မဖော်နိုင်သေးဘဲ ချိုးချိုးနှိမ်နှိမ် နေထိုင်ပြီး စစ်သားတစ်ယောက်ရဲ့ ဇနီးသည်တွေ လုပ်ကိုင်ရမယ့်တာဝန် ဝတ္တရားတွေကို လုပ်ကိုင်ပေးရင်း အချိန်တွေ ကုန်စေခဲ့တယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com





ဒီပုံကတော့ သမီး
သုံးယောက်နဲ့အပြိုင်
အမေ ပျော်ပျော်ရွှင်ရွှင်
သီချင်းဆိုနေခြင်းပါ။
ကျွန်မ ပြောပြခဲ့တာ
တွေကို ဒီပုံကြည့်ပြီး
စာဖတ်သူများ
ယုံကြည်ကြပါပြီလား။
ကျွန်မအမေ မျက်နှာ
အမြဲပြုံးနေတယ်
ဆိုတာရယ်၊
ပျော်ပျော်နေတတ်
တာရယ်၊ ကျွန်မတို့နဲ့
သူငယ်ချင်းလိုနေတတ်
တာရယ်၊ နောက်
အနုပညာဝါသနာပါတာ
ရယ်၊ ဒီပုံကို ကြည့်ရင်
အားလုံးကို ခန့်မှန်းလို့
ရနိုင်ပါတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



၆ တန်းကျောင်းသူဘဝ



ဆယ်တန်းကျောင်းသူဘဝ

အမေကသာ အနုပညာ ဝါသနာပါတာပါ။ ကျွန်မကတော့ ဆယ်တန်းရောက်တဲ့အထိ မတောက်တခေါက် စာရေးတာရယ်၊ စာအုပ်တွေ ဖတ်တာရယ်ကလွဲရင် အနုပညာနဲ့ပတ်သက်လို့ ဘယ်တစ်ခုကိုမှ စိတ်ကူးမရခဲ့ဖူးသလို အိပ်မက်လည်း မမက်ဖူးခဲ့ပါဘူး။ ကျွန်မ Life ကို သာမန်အနေအထားနဲ့ပဲ ဖြတ်သန်းဖို့ ကျွန်မ စဉ်းစားခဲ့တာလေ။ ကျွန်မဟာ ထူးချွန်ပြီး ထက်မြက်တဲ့ မိန်းမစာရင်းထဲမှာလည်း မပါခဲ့ပါဘူး။ အများကြီး စဉ်းစားရတဲ့ကိစ္စတွေဆိုရင်လည်း စိတ်မဝင်စားတတ်ဘူး။

လူများများထဲ သွားလာရမှာကိုလည်း ကြောက်တတ်သေးတဲ့အပြင် စကားတွေ အများကြီး ပြောရဆိုရမှာကိုလည်း အင်မတန် ဝန်လေးခဲ့တဲ့သူပါ။ သီချင်းတွေ ဘာတွေလည်း ဆိုတတ်ဖို့ နေနေသာသာ နားထောင်တာတောင် ခေတ်မီတဲ့သီချင်းတွေထက် ရှေးခေတ်သီချင်းတွေ၊ ရေဒီယိုသီချင်းတွေကို ပိုပြီး သဘောကျခဲ့တာပါ။ အကအခုန်ဘက်မှာဆိုရင်လည်း ခြေချိုး၊ လက်ချိုးလေးတောင် မရအောင် အတော်ညံ့ဖျင်းခဲ့တဲ့သူပါ။ ကဲ…အဲလိုလူကို ဘယ်သူက ရုပ်ရှင်မင်းသမီးတစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ထင်ခဲ့ကြမှာလဲ။ High School က သူငယ်ချင်းတွေဆို ကျွန်မ မင်းသမီးလုပ်တော့ အံ့သြကုန်ကြတယ်။ အဲလောက် ကျွန်မ အစွမ်းအစမရှိဘူးဆိုတာ သူတို့ သိကြတယ်လေ။ ဒါပေမယ့်လည်း ကိုးတန်းကျောင်းသူလောက်ကတည်းက ကျောင်းကိုယ်စားပြု၊ စာတန်းကိုင်ရတာမျိုးတွေကိုတော့ ပွဲတွေရှိတိုင်း အမြဲလုပ်ပေးခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com







အဲဒါမျိုးတွေ လုပ်ရတိုင်း
ကျွန်မစိတ်ထဲ အတော်ကျဉ်းကျပ်ခဲ့ရတာပါ။
ကျွန်မက အေးအေးနေချင်သူလေ။
လူတွေ အများထဲရောက်သွားရင်ကို
ကျွန်မ မျက်နှာက အလိုလို တင်းသွားပြီး
စူပုတ်ပုတ်ဖြစ်သွားတော့တာ။
အဲဒီမှာတင် အကြောင်းမသိသူတွေက ကျွန်မ မျက်နှာကြည့်ပြီး
အမြင်တွေ မှားကုန်ရော၊ မာနကြီးတယ်၊ အလကား ဘဝင်မြင့်တာ၊
ဒီလောက်လည်း လှတာ မဟုတ်ဘဲနဲ့၊
သူ့ထက်လှတာတွေများ ပုံလို့နဲ့။
ဘာဘာညာညာ စုံနေအောင်ကို အတင်းပြောခံရတော့တာပါပဲ။
(ကျွန်မဘဝအစကတည်းက
တခြားလူတွေရဲ့ အမြင်မှားမှုတွေနဲ့ စတင်ခဲ့တာပါ)



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







ကျွန်မစိတ်ကိုသိတဲ့
သူငယ်ချင်းတွေကတော့
ကျွန်မကို နားလည်စွာနဲ့ ချစ်ကြပါတယ်။
ကျွန်မမှာ ဘာမာယာမှ မရှိဘူးဆိုတာကို
သူတို့နားလည်တယ်။
ဒီပုံထဲက သူတွေအားလုံး
ထားဝယ်သူတွေချည်းပဲပေါ့။
ဆယ်တန်းစာမေးပွဲဖြေအပြီး
ကျွန်မဖေဖေနဲ့ သရက်ချောင်းဆိုတဲ့
မြို့သေးသေးလေးတစ်ခုမှာ အတူတူ
လိုက်နေချိန် (အမေနဲ့မောင်ညီမတွေက
ထားဝယ်မှာ ကျန်နေခဲ့ကြတယ်) သူတို့တွေ
ကျွန်မမြို့ကို လာလည်တဲ့အချိန်မှာ
ရိုက်ထားဖြစ်ခဲ့တာ။ ဒီပုံတွေဟာ
၈၆ ခုနှစ် လောက်ကဆိုတော့ အခုဆိုရင်
အနှစ် ၂၀ နီးပါးသက်တမ်းရှိလောက်ပြီပေါ့။





www.burmeseclassic.com

www.burmeseclassic.com



High School ကျောင်းသူဘဝမှာ ထွေထွေထူးထူး ပြောစရာတော့ မရှိခဲ့ပါဘူး။ ပေါင်းသင်းဆက်ဆံရေး မကောင်းတဲ့ ကျွန်မကို ခင်ကြတဲ့သူငယ်ချင်းအနည်းစုကိုတော့ ဒီနေ့အထိ ကျွန်မ မှတ်မှတ်ရရ ရှိဆဲပါ။ ကျွန်မ မှတ်မိသလောက် ပြောရရင်တော့ High School ကျောင်းသူဘဝမှာ ကျောင်းသား တော်တော်များများက ကျွန်မကို ကြည့်မရကြပါဘူး။ ကျွန်မမျက်နှာကြီးက အမြဲလိုမှုန်နေတော့ ကြည့်မရကြတာ ဖြစ်မှာပေါ့နော်။ ပြုံးပြုံးလေးနေဖို့ကို မသိခဲ့တာ ကျွန်မ မင်းသမီး စဖြစ်တဲ့အချိန်ထိပဲ ဆိုပါတော့။ ဒါကြောင့်လည်း လူတော်တော်များများက ကျွန်မကို မာနကြီးတယ်ဆိုပြီး ဘဝင်မကျ ဖြစ်ခဲ့ရတာပါ။ တကယ်တော့ ကျွန်မ ဘယ်လောက်သဘောကောင်းတယ်ဆိုတာ ကျွန်မ ပတ်ဝန်းကျင်က မိတ်ဆွေအားလုံး သိကြပါတယ်လေ။ (ပရိသတ်များ သိအောင် ကိုယ့်ဘာသာကိုယ်ပဲ ပြောရတော့တာပါပဲ)

၁၉၈၈ ခုနှစ်က ဆယ်တန်းအောင်ပေမယ့် ကျွန်မ တက္ကသိုလ် မတက်ရသေးဘဲ ၁၉၈၉ ခုနှစ် အဖေ ရန်ကုန်ကို အလုပ်နဲ့ ပြောင်းရွှေ့ခဲ့ရတဲ့အချိန်မှာ တစ်သက်လုံး နယ်မှာ ကြီးပြင်းခဲ့ရတဲ့ ကျွန်မတို့မိသားစုဟာ ရန်ကုန် ရွှေမြို့တော်ကြီးကို ရောက်ရှိလာခဲ့ကြပါတယ်။ အဖေ့အတွက်ပေးတဲ့ ဝန်ထမ်းအိမ် မရမချင်း ကျွန်မတို့မိသားစုဟာ အမေရဲ့မိဘတွေ ဖြစ်ကြတဲ့ ကျွန်မ အဘိုးအဘွားတွေရဲ့ အိမ်ကျဉ်းလေးထဲမှာ ကျပ်ကျပ်သပ်သပ် နေခဲ့ကြပါတယ်။ အဲဒီကာလတွေဟာ ကျွန်မအတွက်တော့ ဘယ်တော့မှ မမေ့နိုင်စရာ လွပ်လပ်ပြီး ပျော်စရာကောင်းတဲ့ကာလတွေပါပဲ။

၁၉၈၉ ခုနှစ် အလယ်ပိုင်းမှာလောက်တော့ ကျွန်မဟာ တက္ကသိုလ် တက်ဖို့ စိတ်ကူးမရှိတော့ဘဲ စာပေးစာယူနဲ့သာ ဘွဲ့တစ်ခု ယူဖို့ စဉ်းစားလိုက်ပြီး မိသားစုအတွက် တစ်ဖက်တစ်လမ်းကနေ ထောက်ပံ့ကူညီချင်တဲ့စိတ်နဲ့ အဖေ့ရုံးမှာ တစ်လကို ခြောက်ရာကျပ်နဲ့ အလုပ်ဝင်လုပ်ဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ အဲဒီလိုကာလတွေမှာပဲ ကျွန်မ အမေရဲ့ မောင်အငယ်ဆုံး (ကျွန်မနဲ့ ခြောက်နှစ်ပဲ ကွာတဲ့ ဦးလေးလူပျိုကြီးလေ) ဦးအောင်နဲ့ ရုပ်ရှင်မင်းသား ကိုရန်အောင်တို့ သိကျွမ်းခဲ့ကြပြီး ကိုရန်အောင် ဦးလေးဆီ အလည်လာတဲ့အချိန်မှာ ကျွန်မနဲ့ ဆုံတွေ့ခဲ့ကြပါတယ်။ ကိုရန်အောင်က အဘိုး မင်းတုန်းမှာ တာဝန်ကျတုန်းက ရုပ်ရှင်လာရိုက်ရင်း ဦးအောင်နဲ့ ခင်မင်ခဲ့ကြတာပါ။ အဲဒီမှာကတည်းက အဘွားအိမ်မှာရှိတဲ့ ကျွန်မ ဓာတ်ပုံကို ကြိုပြီး တွေ့ခဲ့ဖူးခဲ့တယ်။ အပြင်မှာ လူချင်းတွေ့တော့ အစ်ကိုက ကျွန်မကို ရုပ်ရှင်မင်းသမီး လုပ်မလားလို့ မေးခဲ့ချိန်မှာ ကျွန်မ မျက်နှာ မထားတတ်အောင် ရှက်ခဲ့ပြီး (ရယ်ရတယ်နော်) ခေါင်းကို တွင်တွင်ခါခဲ့ပါတယ်။ ဒါပေမယ့် အစ်ကိုက ကျွန်မကို အေးအေးဆေးဆေး စဉ်းစားဦးဆိုပြီး အချိန်ပေးခဲ့ပါတယ်။ အဲဒီအချိန်တွေနဲ့ တစ်ပြိုင်တည်းမှာပဲ အဖေ့ရဲ့ညီတစ်ဝမ်းကွဲ ဦးချိုကြီး (အခုတော့ သူရိန် Agency ပေါ့)ကလည်း နာမည် စကြီးလာတဲ့ ရုပ်ရှင်မင်းသား ကိုရဲအောင်နဲ့ အတော်ကို ရင်းနှီးခဲ့သူတွေပါ။ဦးချိုကြီး ကြောင့် ကိုရဲနဲ့ ရင်းနှီးရတဲ့အချိန်မှာ ကိုရဲအတွက် ဒါရိုက်တာ ဦးကြီးမြင့် ရိုက်ကူးမယ့် 'ဆုံရပ် ကန္တာရဝတီ' ဆိုတဲ့ ရဲအဖွဲ့နှစ်ပတ်လည် တီဗီဇာတ်လမ်းလေး တစ်ခု ရိုက်ကူးဖို့ ဖြစ်လာပါတယ်။ အဲဒီဇာတ်ကားမှာ ကိုရဲရဲ့ ညီမနေရာမှာ ကောင်မလေးတစ်ယောက် လိုနေတယ်လို့ ပါပါ ဦးကြီးမြင့်က ပြောမိချိန်မှာ ကိုရဲက ကျွန်မကို အတင်းညွှန်းပြီး ရုပ်ရှင်လောက ထဲ ရောက်အောင် ဆွဲသွင်းခဲ့ပါတယ်။

၁၉၈၉ ခု အောက်တိုဘာလအတွင်းမှာပဲ ကိုရဲရဲ့ ထောက်ခံမှုနဲ့ ပါပါဦးကြီးမြင့်နဲ့ မမအိ (ယခု ဒါရိုက်တာ အိအိခိုင်)တို့ဟာ ကျွန်မနဲ့ လာရောက် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်
ဇော်ဇော်(ထီလာ)နှင့်
ကျွန်မ



ကျွန်မ၏
ဆရာရင်း
နှစ်ယောက်နှင့်
အစ်ကိုဆရာ
နှစ်ယောက်





www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ဝါသနာမပါတဲ့အပြင် နားမလည်တဲ့ အလုပ်တစ်ခုကို အားတက်သရော လက်ခံချင်တဲ့သူကတော့ အားလုံး ထင်ထားကြတဲ့အတိုင်း ကျွန်မ 'အမေ' ဖြစ်ပါတယ်။ အမေကတော့ သူ့စိတ်ကူးတွေ အကောင်အထည်ဖော်ဖို့ အခွင့်အရေး တွေ့ရတော့မှာ ဖြစ်တဲ့အတွက် မျက်လုံးတွေက အရောင် တလက်လက်နဲ့ပေါ့။

(အဲဒီတုန်းက အမေ့အသက်က အခုလက်ရှိ ကျွန်မအရွယ် ၃၅ နှစ်လောက်ပဲ ရှိခဲ့သေးတာလေ။ အမေ့အသက် ၃၅ နှစ်မှာကတည်းက အကြီးဆုံးသမီးက ရုပ်ရှင်မင်းသမီးဖြစ်ခွင့်ရတာကိုက အမေ့အတွက် ကံကောင်းမှုတစ်ခုပါပဲလို့ မကြာခဏ အမေ ပြောခဲ့ပါတယ်)

ရုံးအလုပ် မဝင်ခင်ကြားကာလမှာ အတွေ့အကြုံတစ်ခုအနေနဲ့ စမ်းသပ်ပြီး လုပ်ကြည့်ဖို့ အမေ အတင်းတိုက်တွန်းခဲ့တာကို ကျွန်မ စိတ်မဝင်စားပေမယ့် ရုံးကရမယ့် တစ်လ ဝင်ငွေ ၆၀၀ ကျပ်နဲ့ အဲဒီအနုပညာအလုပ်က ရရှိလာမယ့် တစ်ပတ် ဝင်ငွေ ၅၀၀၀ ဆိုတဲ့ ငွေပမာဏ ခြားနားမှုကိုတော့ သတိထားခဲ့မိတယ်။

ကျွန်မတို့ တစ်အိမ်လုံးမှာ အဖေ တစ်ယောက်ထဲ အလုပ်လုပ်ပြီး မိသားစု ခြောက်ယောက်ရဲ့ စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စအဝဝ ကုန်ကျမှုကို အဖေ့ရဲ့ဝင်ငွေတစ်ခုတည်းနဲ့ ဖြေရှင်းနေခဲ့ရတာလေ။ နယ်မှာနေတုန်းက စားစရိတ် ကျဉ်းတာမို့ အဖေ့ဝင်ငွေနဲ့ လုံလောက်ခဲ့ပေမယ့် ရန်ကုန်မြို့ကြီး ရောက်တဲ့အချိန်မှာတော့ နယ်မှာထက် အများကြီး ချွေတာ စိစစ်ခဲ့ကြရတာပါ။

အဲဒီတုန်းက ကျွန်မ မောင်ညီမလေး တွေကလည်း မူလတန်း၊ အလယ်တန်း အရွယ်လောက်သာ ရှိကြပါသေးတယ်။ မောင်ညီမတွေကိုလည်း ပြည့်ပြည့်စုံစုံ ထားချင်တဲ့စိတ်က ရှိနေခဲ့သလို အဖေ့တာဝန်ကိုလည်း ကျွန်မ နိုင်သလောက် ခွဲဝေယူပေးချင်ခဲ့တယ်။ ဒါကြောင့်လည်း တက္ကသိုလ်

ဆက်မတက်ဘဲ ရုံးမှာ ဝင်လုပ်ဖို့ ကျွန်မ ဆုံးဖြတ်ခဲ့တာပါ။

နောက်ဆုံးတော့လည်း အဲဒီဇာတ်ကားကို ရိုက်ကူးဖို့ လက်ခံဖြစ်ခဲ့ပြီး ဇာတ်ကား မရိုက်မီကာလမှာပဲ ကိုရန်အောင်ရဲ့ ထောက်ခံမှုတစ်ခုနဲ့ ကျောက်မျက်ပြက္ခဒိန် တစ်ခုကို ဦးအောင်ထွန်းနိုင်က ရိုက်ကူးပေးခဲ့ပါတယ်။

ကျောက်မျက်အတွက် အဝတ်အစား၊ မိတ်ကပ် အစအဆုံး ကိုရန်အောင်ကပဲ ရွေးချယ်စီစဉ်ပေးခဲ့ပါတယ်။ အဲဒီတုန်းက မိတ်ကပ်ကို မိတ်ကပ် ဆန်နီက လိမ်းပေး ခဲ့ပါတယ်။ မာမီဆန်ကလည်း အဲဒီအချိန်က မမို့နဲ့ အရမ်း အလုပ်များနေတာမို့ နောက်ပိုင်းမှာတော့ သူ့တပည့် ဇော်ဇော်(ထီလာ)ကို ကျွန်မနဲ့ ထည့်ပေးခဲ့ပါတယ်။ ဇော်ဇော်(ထီလာ)ကော ကျွန်မပါ ဒီလောကနဲ့ အစိမ်းသက်သက် ဖြစ်နေတဲ့အချိန်တွေမှာပဲ အခက်အခဲ အမျိုးမျိုးကို တိုင်တိုင်ပင်ပင်နဲ့ ကျော်ဖြတ်ခဲ့ရပါတယ်။ သူနဲ့ကျွန်မဟာ ဒီနေ့အထိ လက်တွဲမဖြုတ်ကြသေးတဲ့ အတွက် သူဟာလည်း ကျွန်မရဲ့တန်ဖိုးရှိတဲ့ မိတ်ဆွေအရင်းမှာ ပါဝင်ခဲ့ပါတယ်။

ကျွန်မ ရုပ်ရှင်မင်းသမီးဖြစ်ဖို့အတွက် အများဆုံးကူညီပံ့ပိုးပေးခဲ့သူ နှစ်ဦးကတော့ ကိုရန်အောင်နဲ့ ကိုရဲအောင်ပါပဲ။ သူတို့နှစ်ဦးရဲ့ ကျေးဇူးတရားတွေဟာ ကျွန်မရင်ထဲမှာ အမြဲကိန်းအောင်းနေမှာပါ။ ကျွန်မရဲ့ နံဘေးမှာ ဒီအစ်ကို နှစ်ယောက် ဟာ တကယ့်အစ်ကို ရင်းချာများလို ဖေးဖေးမမနဲ့ ရပ်တည်ပေးခဲ့တာလည်း ဒီနေ့အချိန်ထိပါပဲ။ ငယ်ငယ်တုန်းကတော့ ကိုရန်အောင်က မဆင့်နဲ့ ကားအရိုက် များခဲ့ပြီး ကျွန်မကတော့ ကိုရဲနဲ့ ကားရိုက် ပိုများခဲ့ပါတယ်။ တစ်ခါတလေ ဒါရိုက်တာတွေသာ တစ်ယောက်ပြီး တစ်ယောက် ပြောင်းသွားကြပါတယ်။ ကျွန်မနဲ့ ကိုရဲကတော့ မပြောင်းဘဲ ငါးကားဆက်တိုက်လောက် ရိုက်ခဲ့ကြဖူးပါတယ်။ အရင်တုန်းက ကျွန်မတို့ သုံးယောက်ရဲ့ ခင်မင်ရင်းနှီးမှုကို တချို့သောသူတွေက



www.burmeseclassic.com

www.burmeseclassic.com

နားမလည်ခဲ့ကြတာမို့
ဒီအစ်ကို နှစ်ယောက်နဲ့
ကျွန်မကို တစ်လှည့်စီ
ပေးစားခဲ့ကြတာ
အကြိမ်ကြိမ် မရေတွက်
နိုင်အောင်ပါပဲ။
ကျွန်မလည်း ဘယ်လို
ရှင်းပြရမှန်းကို
မသိတော့ပါဘူး။
ကြာတော့လည်း
အရေထူလာပါတယ်။
အရေလည်း ထူလာပြီ
လည်းဆိုရော
ဘယ်သူမှ မပေးစား
ကြတော့ပါဘူး။
ဘယ်လိုပဲဖြစ်ဖြစ်
ဒီအစ်ကို နှစ်ယောက်
လုံးဟာ ကျွန်မရဲ့
ကိုယ်ရေးကိုယ်တာ
ကိစ္စများကအစ
ယုံယုံကြည်ကြည်နဲ့
တိုင်ပင်ရလောက်
အောင် ယုံကြည်စိတ်ချ
ရသူများအဖြစ်
ယနေ့တိုင် ကျွန်မနဲ့
နီးနီးကပ်ကပ်
ရှိနေကြဆဲပါ။
ကျွန်မထက် ၅ နှစ်စီ
ကြီးတဲ့ သူတို့
နှစ်ယောက်ဟာ
ကျွန်မအတွက်
အစ်ကိုရင်းများလို
အားကိုးရရုံသာမက
ဆရာများဆိုရင်လည်း
မမှားကြပါဘူး။
ကိုရန်အောင်၊
ကိုရဲအောင်နဲ့
ဒါရိုက်တာကြီးများ
ဖြစ်ကြတဲ့ ဦးကြီးမြင့်နဲ့
ဦးအောင်မြင့်မြတ်တို့ဟာ
အနုပညာလောကမှာ
ကျွန်မရဲ့ ဆရာရင်းများ
ဖြစ်ကြပါတယ်။





ကျွန်မအတွက်
ပထမဆုံးသော
ကျောက်မျက်
ပြက္ခဒိန်
ရိုက်ကူးစဉ်။
ဓာတ်ပုံကို
ဦးအောင်ထွန်းနိုင်
(ပြည်မြန်မာ)က
ရိုက်ကူးပေးခဲ့ပြီး
မိတ်ကပ်ကို
မာမီဆန်
(မိတ်ကပ် ဆန်နီ)က
လိမ်းပေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





အဲဒီနောက်မှာတော့ ကျွန်မဟာ
မိဘနှစ်ပါးရဲ့ အုပ်ထိန်းမှုအောက်ကနေ (အထူးသဖြင့် အမေပေါ့လေ)
ရုပ်ရှင်၊ ဗီဒီယို၊ ပြက္ခဒိန်နဲ့ ပိုစတာပေါင်း မြောက်မြားစွာကို
စတင်ပြီး လက်ခံရိုက်ကူးခွင့်ရခဲ့ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

တီဗီဇာတ်လမ်းအပြီးမှာ ကိုရဲအောင်ရဲ့ ဆရာအရင်း ဦးအောင်မြင့်မြတ်က ကိုရဲအောင်၊ မဆွေ (မဆွေဆွေ)တို့နဲ့ ကျွန်မကို စာရေးဆရာ ငြိမ်းကျော်ရဲ့ (တစ်ခါက)ဆိုတဲ့ ဗီဒီယိုမှာ ပါဝင်စေခဲ့ပါတယ်။ 'တစ်ခါက' ဗီဒီယိုဇာတ်ကားဟာ ကျွန်မရဲ့ ပထမဆုံး ဗီဒီယိုဇာတ်ကား ဖြစ်ခဲ့ပြီး အိုက်တင်နဲ့ ပတ်သက်လို့ ဦးအောင်မြင့်မြတ်ရဲ့ သင်ကြားမှုကို သေချာစွာ သင်ယူခွင့် ရခဲ့ပါတယ်။ အဲဒီနောက် ပါပါဦးကြီးမြင့်က ကိုကျော်သူနဲ့ မဆွေ ခေါင်းဆောင်ပါဝင်တဲ့ (နေခြည်) ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီးမှာ ကျွန်မကို ထည့်သွင်း ရိုက်ကူးပေးခဲ့ပါတယ်။ ကျွန်မရဲ့ အနုပညာလမ်းကြောင်းပေါ် ခြေလှမ်းအစဟာ တာထွက်ကောင်းခဲ့တယ်လို့ သတ်မှတ်လို့ ရနိုင်ပါတယ်။ အဲဒီနောက် ဒါရိုက်တာ ဦးတင်ဦး၊ မင်းသား ကိုရန်အောင်နဲ့ (စိန်ခေါ်လိုက်စမ်း) ဗီဒီယို ဇာတ်ကား၊ ဒါရိုက်တာ ပိုင်သ ရိုက်ကူးပြီး မင်းသား ကိုရန်အောင်နဲ့ (ချစ်သော ချယ်ရီ) အစရှိတဲ့ ဗီဒီယိုဇာတ်ကားများကို ဆက်တိုက်ဆိုသလို ရိုက်ကူးရင်း အနုပညာလုပ်ငန်းနဲ့ တဖြေးဖြေး ရင်းနှီးမှု ရရှိလာခဲ့ပါတယ်။ သမ္မာအာဇီဝ ရှာဖွေလို့ရတဲ့ ဝင်ငွေနဲ့ မိဘကို ငယ်ငယ်ရွယ်ရွယ်နဲ့ကတည်းက လုပ်ကျွေးခွင့် ရရှိပြီး မောင်ညီမလေးများကိုလည်း ပြည့်စုံစွာ လိုလေသေးမရှိ ထားခဲ့နိုင်တာတွေဟာ ကျွန်မ ရုပ်ရှင်မင်းသမီး ဖြစ်ခဲ့ရခြင်း ကြောင့်ပါ။ ဒါကြောင့်လည်း 'ရုပ်ရှင်မင်းသမီး' တစ်ယောက်ရဲ့ ဘဝကို တန်ဖိုးထား၊ လေးစားတဲ့စိတ်များ ကျွန်မရင်ထဲမှာ စတင်ပေါက်ဖွားလာခဲ့သလို… ပြုလုပ်ရမယ့် အမူအရာများကိုလည်း တတ်နိုင်သမျှ သဘာဝကျကျဖြစ်အောင်၊ အရည်အချင်းပြည့်ဝတဲ့ ရုပ်ရှင်မင်းသမီးကောင်း တစ်ယောက်ဖြစ်အောင် အချိန်ရှိသရွေ့ ကျွန်မ ကြိုးစားအားထုတ်ခဲ့ပါတယ်။



ရုပ်ရှင်မင်းသမီးဖြစ်လာတော့လည်း
ဒီနေ့ ကျောင်းဆရာမ ဖြစ်ရပေမယ့်
နောက်နေ့ ဆရာဝန်မဖြစ်ဆို ဖြစ်ရပြန်...





www.burmeseclassic.com

www.burmeseclassic.com



ဗိဿနိုးဘုရင်မ
ဗီဒီယိုဇာတ်ကား
ရိုက်ကူးခဲ့စဉ်က

www.burmeseclassic.com

ကျွန်မ အတိတ်ဘဝတုန်းက မကောင်းတာ
တစ်ခု လုပ်ခဲ့ဖူးမယ် ထင်ပါရဲ့။ ဒါကြောင့်
ကျွန်မ ဘဝရဲ့ အောင်မြင်မှုတွေထဲမှာ
ချီးမွမ်း၊ လက်ခုပ်သံတွေနဲ့အတူတူ
ဝေဖန်၊ ကဲ့ရဲ့၊ ရှုတ်ချသံတွေကလည်း
များပြားခဲ့ပါတယ်။
ကျွန်မ လိုချင်တာမှန်သမျှ ပင်ပင်ပန်းပန်း
ခက်ခက်ခဲခဲ ရယူခဲ့ရတာချည်းပါပဲ။
ကျွန်မ ဘဝမှာ ဘယ်အရာကိုမှ
လွယ်လင့်တကူ ရခဲ့တာ မရှိပါဘူး။
ကျွန်မသာ စိတ်ဓာတ်ခိုင်မာသူ
မဟုတ်ခဲ့ရင်သော်လည်းကောင်း၊
ဒါမှမဟုတ် ဖွဲကောင်းတဲ့သူတစ်ယောက်
မဟုတ်ခဲ့ရင်သော်လည်းကောင်း
ဒီလောကထဲကနေ ကျွန်မ အစောကြီး
ကွယ်ပျောက်သွားခဲ့မှာ ကေန်မုချပါပဲ။
အတိုက်အခံ မြောက်မြားစွာကြားထဲကမှ
ကျွန်မ အောင်မြင်မှုတွေ ရခဲ့တာပါ။
အဲဒီကြုံတွေ့ခဲ့ရတဲ့ အခက်အခဲ၊
ပြဿနာနဲ့ သောကတွေကပဲ ကျွန်မရဲ့
မူရင်းစိတ်တွေကို ပြောင်းလဲပေးခဲ့ပါတယ်။
ကျွန်မ အေးအေးနေလို့ မရတော့ပါဘူး။
အများကြီး စဉ်းစားရမယ့်ကိစ္စတွေကိုလည်း
စိတ်ဝင်စားခဲ့ရပါတယ်။ လူအများကြီး
ကြားထဲလည်း မကြောက်ချင်ယောင်
ဆောင်ပြီး သွားလာတတ်ခဲ့သလို စကားတွေ
အများကြီး ပြောဖို့ကိုလည်း
ဝန်မလေးတော့ပါဘူး။
အချိန်တိုတို၊ အသက်ငယ်ငယ်အတွင်းမှာပဲ
ကျွန်မကို 'ရင့်ကျက်' စေခဲ့တာ
အနုပညာကပေးတဲ့
ပထမဆုံးလက်ဆောင် တစ်ခုပါပဲ။
တစ်ခါတရံ ကျွန်မကို စိတ်ဓာတ်ကျစေတဲ့
အရာတစ်ခုကတော့ 'ကောလာဟလ' ဆိုတဲ့
စကားတစ်ခုပါပဲ။ ကောလာဟလဆိုတဲ့
စကားက မဟုတ်မမှန်တဲ့အကြောင်းအရာ
တစ်ခုလို့ အဓိပ္ပာယ်ဖွင့်လို့ ရပေမယ့်
ဒီမဟုတ် မမှန်တဲ့စကားတွေဟာ
လူတစ်ယောက်ရဲ့ဘဝကို အဖတ်ဆယ်လို့
မရအောင် ပြောင်းလဲသွားစေနိုင်သလို
အင်မတန်လည်း အန္တရာယ်ကြီးလှပါတယ်။
ကျွန်မဟာ ဘဝတစ်လျှောက်လုံး
ဖြေရှင်းလို့မရတဲ့ ကောလာဟလအမျိုးစုံနဲ့



www.burmeseclassic.com



ရင်ဆိုင်ခဲ့ရပြီး အကြိမ်ကြိမ်
ကျဉ်းထဲကျပ်ထဲ ရောက်ခဲ့ရပါတယ်။
မဟုတ်မမှန်တဲ့ စွပ်စွဲမှုတစ်ခုကို ခံရတိုင်း
ရင်ထဲမှာ နာကျင်မှုတွေက
ကျွန်မကို နလံမထူနိုင်အောင် မညှာမတာ
နှိပ်စက်တတ်ကြပါတယ်။
ခရီးဆုံး မရောက်ခင် ကိုယ့်ကိုယ်ကိုယ်
အပြီးအလဲ မခံနိုင်တာမို့ မချိပြုံးကို
ဟန်ပါပါ ပြုံးရင်း အချိန်တစ်ခုကို
စိတ်ရှည်ရှည်နဲ့ စောင့်ပေးခဲ့ရပါတယ်။
အဲဒီမှာတင် အနုပညာကပေးတဲ့
ဒုတိယလက်ဆောင်တစ်ခုကို
ကျွန်မ ရရှိခဲ့ပြန်ပါတယ်။ အဲဒါကတော့
'သည်းညည်းခံခြင်း' ဆိုတဲ့
အရာတစ်ခုပါပဲ။
အနုပညာသမားတစ်ယောက်ဖြစ်ပြီဆိုရင်
သည်းညည်းခံနိုင်ရင် ခံနိုင်သလောက်
ညီမျှတဲ့ အောင်မြင်ကျော်ကြားမှုကို
ပိုင်ဆိုင်ခွင့် ရနိုင်တယ်ဆိုတာ ကျွန်မ
လက်တွေ့ပါပဲ။ ဒါကြောင့်
ဒီဒုတိယလက်ဆောင်ကို ယနေ့အထိ ကျွန်မ
ယုံယုံကြည်ကြည်နဲ့ သုံးစွဲနေဖြစ်ခဲ့ပါတယ်။
တကယ်ဆို ဒီအနုပညာလုပ်ငန်းဟာ
ကျွန်မ ဖြစ်ချင်ခဲ့တဲ့ဆန္ဒတွေနဲ့ရော၊
ကျွန်မ ကြီးပြင်းခဲ့ရတဲ့ ပတ်ဝန်းကျင်နဲ့
ပတ်သက်လို့ရော တကယ့်ကို ဘာမှမဆိုင်၊
စိမ်းလွန်းလှပါတယ်။ ဒါပေမယ့်လည်း
အတိတ်၊ ပစ္စုပ္ပန်ကံအကြောင်း
တရားတွေကြောင့် ကျွန်မ ရုပ်ရှင်မင်းသမီး
ဖြစ်ခွင့်ရခဲ့တဲ့အချိန်မှာ ဒီအလုပ်ကို
သံယောဇဉ် တွယ်တာရမှန်း
ကျွန်မ နားမလည်ခဲ့တာ အမှန်ပါ။
ဒါပေမယ့်လည်း ကိုယ် မရင်းနှီး၊
မကျွမ်းကျင်တဲ့ သူစိမ်းပတ်ဝန်းကျင်မှာ
အခက်အခဲတွေ၊ ပြဿနာပေါင်းစုံတွေနဲ့
ကြုံကြိုက်ရတိုင်း ငါ ဒီအလုပ်ကို
အောင်မြင်အောင် ကြိုးစားပြမယ်၊ ငါ့ကို
မချစ်ကြရင်တောင်မှ ငါ့အနုပညာကိုတော့
အသိအမှတ်ပြုနိုင်အောင် ငါ့ဘက်က
အစွမ်းကုန်လေ့လာရမယ်ဆိုတဲ့ မခံချင်တဲ့
မာနစိတ်တွေ ဖြစ်ပေါ်ခဲ့ရပါတယ်။
ကျွန်မက သူများ အထင်မကြီးမှာကို
မကြောက်တတ်သလို





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးတာကိုလည်း
မကြောက်ချင်တဲ့သူပါ။ ဒါပေမယ့်လည်း
မီးရောင်အောက်က သူတွေဟာ
ကိုယ်လုပ်ချင်တာထက်
ကိုယ် လုပ်သင့်တာကိုသာ
ဦးစားပေးသင့်တယ်ဆိုတာကို
တဖြေးဖြေးနဲ့ အလိုလို
သိရှိနားလည်ခဲ့တယ်။ အဲလို
သိနားလည်လာတာနဲ့ လူကလည်း
သူ့ဟာသူ အနေအထိုင်၊ အပြောအဆိုအစ
ဆင်ခြင်တတ်သွားပါတော့တယ်။
ကျွန်မအမြင်အတိုင်း ပြောရရင်
ကျွန်မတို့ အနုပညာလောကက
တကယ်တော့ နေတတ်မယ်ဆိုရင်
(အဲဒီနေတတ်မယ်ဆိုတဲ့ စကားမှာ
"စိတ်" လည်းပါပါတယ်)
အင်မတန် ပျော်စရာ ကောင်းပြီး
စိတ်ကို ပျိုပြီး လူကို နုနယ်စေတဲ့
ထူးခြားတဲ့ပတ်ဝန်းကျင်တစ်ခုပါ။
တစ်ယောက်ကိုတစ်ယောက် မျှတစွာ
စဉ်းစားပေးတတ်မယ်၊ ညှာတာစွာ
ရိုင်းပင်းကူညီကြမယ်၊ မုဒိတာတရား
များများ ပွားတတ်ကြမယ်၊
နောက် အရေးကြီးတာလေးတစ်ခုကတော့
ကိုယ်ချင်းစာနာတတ်တဲ့ စိတ်ကလေးကို
မမေ့မလျော့ လက်ကိုင်ထားနိုင်မယ်
ဆိုရင်ဖြင့် ကျွန်မတော့ နတ်ပြည်မှာ
နတ်သမီးလေး သွားမလုပ်ချင်တော့ပါဘူး။
လူဖြစ်ရတဲ့ဘဝတိုင်း ရုပ်ရှင်မင်းသမီးပဲ
လုပ်တော့မှာပေါ့နော်။
ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ။
ကျွန်မကတော့
ဒီဘဝမှာ ရုပ်ရှင်မင်းသမီး
ဖြစ်ခွင့်ရခဲ့တာနဲ့ပတ်သက်လို့
ဘယ်တော့မှ နောင်တရမှာလည်း
မဟုတ်သလို အမြဲတစေလည်း
ကျေနပ်ဂုဏ်ယူနေမှာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ကျွန်မ
စုဆောင်းထားခဲ့သော
မဂ္ဂဇင်း
cover တစ်ချို့ကို
စုစည်းတင်ပြ
လိုက်ပါတယ်။
တချို့ပုံများမှာ
မဂ္ဂဇင်းအတွက်
ရည်ရွယ်ရိုက်
ထားသောပုံများ
ဖြစ်သလို
အချို့ပုံများမှာ
ဇာတ်ဝင်ခန်းထဲမှ
ပုံများကို
cover တင်ထားခြင်း
ဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com















www.burmeseclassic.com


www.burmeseclassic.com



ကျွန်မ အနုပညာလောကထဲ ရောက်ပြီး သိပ်မကြာခင်နှစ်အတွင်းမှာပဲ
ကျွန်မအဘိုး (အမေ့ရဲ့ အဖေ) ကွယ်လွန်သွားပါတယ်။
အဘိုးဟာ စစ်သားပီပီ တကယ့်ကို ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်း ရှိနေတဲ့အချိန်မှာပဲ
အိပ်ပျော်နေရင်း ရုတ်တရက် ဆုံးသွားခဲ့တာပါ။
(အဘိုး လူ့လောကထဲက ထွက်ခွာသွားပုံက
မည်သူတစ်ဦးတစ်ယောက်ကိုမှ ဒုက္ခမပေးဘဲ ငြိမ်းချမ်းလွန်းတာမို့
ခုချိန်မှာ ကျွန်မ အားကျမိပါတယ်)
ကျွန်မအဘိုးဟာ ရုပ်ရှင်မင်းသမီးတစ်ယောက်ဖြစ်လာခဲ့တဲ့ ကျွန်မအတွက်
မျိုးရိုးထဲမှာ လမ်းသစ်တီထွင်သူတစ်ဦးအဖြစ် သတ်မှတ်ကာ
ခေတ်မီစွာ တွေးတောဂုဏ်ယူပေးခဲ့သူတစ်ဦးပါ။
ကျွန်မ ရုပ်ရှင်မင်းသမီး လုပ်တော့လည်း
သူပေးခဲ့တဲ့ နာမည်ကို မပြောင်းဖြစ်ဘဲ ဆက်လက်အသုံးပြုခဲ့တာအတွက်လည်း
သူ့ခမျာ ကျေနပ်မဆုံး တပြုံးပြုံးနဲ့ သူ့ရွယ်တူတန်းတူတွေကြားထဲမှာ
ကြွားလို့ မဆုံးဖြစ်ခဲ့ရပါတယ်။
ဒါပေမယ့်လည်း အဘိုးဟာ ကျွန်မရဲ့ အောင်မြင်မှုတွေကို သေချာမတွေ့လိုက်ရရှာသလို
ကျွန်မမှာလည်း အဘိုးကို ကျေးဇူးဆပ်ခွင့် မရလိုက်ပါဘူး။
ကျွန်မတို့ မိသားစု နယ်ကနေ ရန်ကုန်ရောက်တဲ့အချိန်၊ အဖေကလည်း
အစိုးရအိမ်ခန်း မရသေးခင်ကာလမှာ
အဘိုးနဲ့အဘွားက ကျွန်မတို့ မိသားစု ၆ ယောက်ကို
သူတို့ရဲ့အိမ်လေးပေါ်မှာ အချိန်ကြာကြာ နေထိုင်ခွင့်ပြုခဲ့တယ်လေ။
အဘိုးဆုံးတော့ အိမ်မှာ အဘွား၊ ဦးလေး လူပျိုကြီးနဲ့
ငယ်ငယ်ကတည်းက မွေးစားခဲ့တဲ့ အဘွား မွေးစားသမီး၊ သုံးယောက်ပဲ ကျန်ခဲ့ပါတယ်။
အဘွား မွေးစားသမီးနာမည်က (ကေသီ) လို့ ခေါ်ပါတယ်။
ရှမ်းပြည်နယ်ဘက်မှာ ဦးလေးအကြီး ရှေ့တန်းထွက်ရင်း
မိဘဆွေမျိုး မရှိတော့လို့ ဦးလေးက ခေါ်လာခဲ့ပြီး အဘွားဆီမှာ ထားခဲ့တာပါ။
အဘွားက စိတ်ရင်းကောင်းတော့ ကေသီကလည်း အဘွားပေါ်မှာ
အလွန်ခင်တွယ်ပြီး စေတနာအပြည့်နဲ့ကို ပြုစုလုပ်ကိုင်ပေးခဲ့တာပါ။
(ကေသီဟာ စာမတတ်ခဲ့ပေမယ့် ရိုးသားစွာ ကြိုးစားခဲ့တာကြောင့်

www.burmeseclassic.com





ဒီကနေ့မှာ
အင်းလျားလမ်းက L'Oreal Spa မှာ
တင့်တင့်တယ်တယ်လေး အလုပ်ရနေပါပြီ)
ကျွန်မအမေဟာ အဘိုးမရှိတော့တဲ့အချိန်မှာ
အဘွားကို စိတ်မချတာနဲ့
အဘွားရဲ့ အိမ်ရှေ့က အိမ်လေးကို
နီးနီးနားနား ဖြစ်အောင်ဆိုပြီး
ဝယ်ယူလိုက်တော့ ကျွန်မတို့လည်း
အိမ်ပြောင်းရပြန်ပါတယ်။ ကျွန်မကလည်း
အလုပ်လုပ်ချိန်ကလွဲလို့
အဘွားအိမ်ပေါ်ရောက်ဖြစ်သလို
အငယ်သုံးကောင်ဆိုတာလည်း
မိုးလင်းက မိုးချုပ် အဘွားအိမ်ပေါ်ကကို
မဆင်းကြတော့ပါဘူး။
ဒီတော့မှပဲ အဘွားလည်း
မြေးတွေ တရုံးရုံးနဲ့
အဘိုးကို မလွမ်းအားတော့ဘူး
ဖြစ်သွားရပါတယ်။
ကျွန်မတို့ မျိုးရိုးထဲမှာ
အနုပညာသမားတစ်ယောက်မှ
မရှိခဲ့ပေမယ့်လည်း အားလုံးနီးပါး
အနုပညာကို ခံစားတတ်ကြပါတယ်။
အဘိုးဆိုရင်လည်း
သူစိတ်လိုလက်ရရှိတဲ့
အချိန်လေးတွေမှာ
သီချင်းလေး တအေးအေး ညည်းတတ်သလို
အဘွားကလည်း ငယ်စဉ်အရွယ်က
ရုပ်ရှင်မင်းသမီး သွားလျှောက်ဖို့တောင်
ပြင်ဆင်ခဲ့ဖူးပါတယ်တဲ့။
အဘိုးနဲ့ အိမ်ထောင်ကျတာ
အချိန်စောသွားလို့
ဘာမှ ဆက်မလုပ်ဖြစ်ခဲ့တော့တာပါတဲ့။
ကျွန်မအဘိုးနဲ့ အဘွားကတော့
အနုပညာကို ခံစားတတ်ရုံမက
အနုပညာသည်တွေကိုလည်း
တလေးတစားနဲ့ ချစ်တတ်ကြပါသေးတယ်။
ကျွန်မကသာ လူတောတိုးရမှာ
ကြောက်တဲ့စိတ်နဲ့ တွန့်ဆုတ်နေခဲ့ရပေမယ့်
အဘိုး၊ အဘွားနဲ့ အမေကတော့
တကယ့်ကို အားတက်သရော
တိုက်တွန်းခဲ့ကြပြီး ပံ့ပိုးကူညီခဲ့ကြလို့လည်း
ကျွန်မ ရုပ်ရှင်မင်းသမီးတစ်ယောက်
ဖြစ်လာခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com

အဘွားနဲ့နီးနီးနေချင်လို့သာ
အဲဒီအိမ်လေးကို ကျွန်မ ဝယ်ယူခဲ့ရတာ။
တကယ်တော့ ကျွန်မတို့မိသားစုအတွက်
အိမ်လေးက ကျဉ်းနေခဲ့ပါတယ်။
ခြံကျယ်ကျယ်လေးတစ်ခုမှာ
တိတ်တဆိတ် နေချင်တဲ့ စိတ်ကူးမျိုးတွေ
ကျွန်မ ယဉ်တတ်လာပြီဖြစ်တဲ့အတွက်
ကျွန်မ ကြိုးကြိုးစားစား ငွေရှာခဲ့ပါတယ်။
ကျွန်မ ရှာချင်သလောက်ကို
အလုပ်ကလည်း ကျွန်မဆီလာတဲ့အတွက်
ကျွန်မ အဆင်ပြေခဲ့ပါတယ်။
တစ်နှစ်ကျော်အတွင်းမှာပဲ
လက်ရှိနေတဲ့အိမ်ကို ရောင်းပြီး
၉ မိုင်ဘက်မှာ
အတော်အတန် ကျယ်ဝန်းတဲ့
မြေကွက်လေးတစ်ခုကို
ဝယ်ယူနိုင်ခဲ့ပါတယ်။
အိမ်မဆောက်နိုင်ခင် စပ်ကြားမှာတော့
ကျောက်ကုန်းမှာ အိမ်လေးတစ်လုံး
ငှားရမ်းပြီး
ကျွန်မတို့ နေထိုင်ခဲ့ပြန်ပါတယ်။
ကျောက်ကုန်းအိမ်မှာ နေရတာ
ကျွန်မတို့ မိသားစုအတွက်
အဆင်ပြေပါတယ်။
၉ မိုင်အိမ် မြန်မြန်ဆောက်နိုင်ဖို့အတွက်
ပိုက်ဆံကိုလည်း စုလို့ ရသလောက်
ကြိုးစားစုခဲ့ပါတယ်။
ဒါပေမယ့် ပိုက်ဆံတွေက
ဝင်လာတာမြန်သလို ထွက်တာကလည်း
တော်တော်မြန်ပါတယ်။
တားဖို့ကို အချိန်မရှိပါဘူး။
ကျွန်မ ပိုက်ဆံရတော့လည်း
အုတ်တံတိုင်းဖိုး ရအောင်
တော်တော်အချိန်ပေးခဲ့ရတာပါ။
ကျောက်ကုန်းအိမ်မှာ နေတာ
၂ နှစ်လောက် ကြာသွားခဲ့ပြီး
နောက်ဆုံး အိမ်ရှင်က အိမ်လခ
တိုးတောင်းတော့မှ ကျွန်မမှာ ၉ မိုင်ခြံကို
ကြောက်ကြောက်လန့်လန့်နဲ့
ပိုက်ဆံ ငါးသိန်း အရင်းတည်ပြီး
စဆောက်ဖြစ်ခဲ့ပါတယ်။
အဲဒီ ၁၉၉၂ ခုနှစ်မှာပဲ
ညီမအလတ် ကလျာ




အိမ်ထောင်ကျခဲ့ပါတယ်။ သူတို့မင်္ဂလာဆောင်တဲ့နေ့က
ဒါဒါ့မွေးနေ့ ဒီဇင်ဘာ ၁၅ ဖြစ်ပြီး
ဒါဒါကတော့ တောင်ကြီးမှာ လုပ်တဲ့ ကျောင်းသားအားကစားပွဲကို
လိုက်ပါသွားတာမို့ မင်္ဂလာဆောင်မှာ မရှိခဲ့ပါဘူး။
ကလျာရဲ့ခင်ပွန်းဖြစ်သူကတော့
ကျွန်မမောင်ရဲ့ အခင်ဆုံးသူငယ်ချင်း တစ်ယောက်ပါပဲ။
ကလျာဟာ အိမ်ထောင်မကျခင်အချိန်တွေမှာ
ဗီဒီယိုဇာတ်ကား တော်တော်များများကို လက်ခံရိုက်ကူးနေပြီး
အောင်မြင်မှုလမ်းကြောင်းပေါ်ကို စတင်ရောက်ရှိနေပြီ ဖြစ်ပါတယ်။
သူ အဲလောက် စောစော အိမ်ထောင်ပြုဖြစ်လိမ့်မယ်လို့
ကျွန်မလည်း ထင်မထားခဲ့မိပါဘူး။
သူအိမ်ထောင်ကျသွားတဲ့အချိန်မှာ သူ့အလုပ်တွေကို
ခဏနားနေရတဲ့ကာလအတွင်းမှာပဲ
သူမမှာ မွေးရာပါ နှလုံးရောဂါရှိနေတယ်ဆိုတာကို
စမ်းသပ်တွေ့ရှိခဲ့ကြပြီး တတ်နိုင်လျှင်
အမြန်ဆုံး ခွဲစိတ်ကုသရမှာ ဖြစ်တဲ့အတွက်
ထိုကာလအတွင်းမှာပဲ သူမရဲ့အနုပညာလုပ်ငန်းမှန်သမျှကို
ရပ်တန့်လိုက်ရပါတော့တယ်။ တွေးကြည့်ရင် နှမြောစရာပါ။
ကလျာက အိုက်တင် မညံ့သလို သီချင်းလည်း ဆိုနိုင်တဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com





၁၉၉၄ ဒီဇင်ဘာ ၁ ရက်နေ့မှာ သူ့ရဲ့မွေးရာပါ နှလုံးရောဂါကို စင်ကာပူမှ ဆရာဝန်များက မင်္ဂလာဒုံ စစ်ဆေးရုံမှာ ခွဲစိတ်ကုသ ပေးခဲ့ပါတယ်။ ခွဲစိတ်ကုသမှုစရိတ် ဒေါ်လာ ၈၀၀၀ ကျော်ခန့် ကုန်ကျခဲ့ပါတယ်။ ကလျာအတွက် ပိုက်ဆံလိုအပ်တဲ့အချိန်မှာ ကျွန်မကလည်း ၉ မိုင်ခြံကို စပြီးဆောက်နေချိန်ဖြစ်တဲ့အတွက် အဲဒီကာလတွေမှာ ကျွန်မ ငွေ အတော်ကျပ်ခဲ့တာပါ။ ဒါ့အပြင် အဖေကလည်း စွန်းလွန်းဂူကျောင်းမှာ အဖေ့အမေအတွက် တိုက်ခန်းတစ်ခန်း ဆောက်လုပ်လှူဒါန်းတာမို့ အဲဒီအတွက်လည်း ငွေကို အရစ်ကျပေးသွင်း နေချိန်ဖြစ်ခဲ့ကာ ကျွန်မအတွက် မလူးသာ မလွန့်သာ ကျဉ်းထဲကျပ်ထဲ ရောက်ခဲ့ရပါတယ်။ ဒီတော့ ကျွန်မဟာ လူမမာ ညီမကိုလည်း ဝတ္တရားကျေရုံလောက်လေးသာ သွားကြည့်နိုင်ခဲ့သလို ၉ မိုင်အိမ်ကိုလည်း အိမ်ဆောက်လုပ်ပြီးတဲ့အချိန်ထိ သုံးခေါက်လောက်သာ သွားနိုင်ခဲ့ပြီး ငွေကိုသာ အသည်းအသန် မမောမပန်း ရှာဖွေခဲ့ပါတယ်။ ကျွန်မ ပင်ပန်းခဲ့တယ်လို့ ပြောလို့ရပေမယ့် ကျွန်မမှာ ရည်မှန်းချက် ရှိနေတဲ့အတွက် မောပမ်း၊ နွမ်းနယ်မှုတွေက ကျွန်မ ရင်ထဲ ကြာကြာ မကိန်းအောင်းနိုင်ကြပါဘူး။ ရယူလိုတဲ့ လောဘတွေကြောင့် အပန်းဖြေဖို့ကိုတောင် သတိမရနိုင်ခဲ့ပါဘူး။ (အဲဒီအချိန်ကများ ကျွန်မ သေလို့ကတော့ ငရဲပြည်ကို တန်းဆင်းမှာ သေချာပါတယ်) နေ့နေ့ညည၊ ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ရင်း ပိုက်ဆံနောက်ကို မျက်ခြေမပြတ် လိုက်နေမိတော့တာပါပဲ။

*ကလျာ့မင်္ဂလာပွဲမှာ မြတ်ကေသီအောင်၊ ခင်ပပလှိုင်၊ စုလှိုင်နှင်းနဲ့ ခင်ဇာခြည်ကျော် တို့က သတို့သမီးအရံများ အဖြစ် ပါဝင်ကူညီ ခဲ့ကြပါသေးတယ်။ ကလျာဟာ အိမ်ထောင်ပြုပြီးတဲ့ နောက်မှာ သူ့ယောကျ်ားအိမ်ကို ပါသွားခဲ့ပါတယ်။*

www.burmeseclassic.com

www.burmeseclassic.com





ကိုစိုးသူနှင့်ကလျာ


ကလျာ၊ မောင်မောင်၊ ဒါဒါ


အချိန်တစ်ခု ကုန်ဆုံးသွားတဲ့အချိန်မှာတော့ ဇမိုင် အိမ်လည်း ပြီးသွားခဲ့ပြီး ကလျာ ဆေးကုသမှုအတွက်လည်း အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကိစ္စတွေ ပြေလည်သွားကြပေမယ့်လည်း ကျွန်မ သက်ပြင်းတစ်ချက်ချရင် အသက် တစ်ရက် တိုတယ် ကျွန်မ ကြားဖူးလို့ပါ။ အဲဒီတုန်းက အသက်တိုမှာကိုတော့ ကျွန်မ ကြောက်မိသေးတာ အမှတ်ပါပဲ။ ကျွန်မမှာ တာဝန်တွေ၊ ဝတ္တရားတွေ မကုန်သေးဘူး။ ဒါ့အပြင် ကျွန်မ အနုပညာနဲ့ ပတ်သက်လို့ ကျွန်မ စိတ်ကျေနပ်လောက်တဲ့ အတိုင်းအတာ တစ်ခုထိ မရောက်သေးဘူးလို့ ကျွန်မ ထင်တားတယ်လေ။ ဒီ့အတွက် ကျွန်မ ကြိုးစားရဦးမယ်ဆိုတဲ့အသိက ခေါင်းထဲမှာ သူ့အလိုလိုကို ရောက်နေခဲ့တယ်။ ဒါ့ကြောင့် ဘဝလမ်းကြောင်းပေါ်မှာ အမောမပြေရဲသေးဘဲ ကျွန်မဟာ ကိုယ့်စိတ်ကိုယ် ကြံ့ကြံ့ခံရင်း အပြုံးမပျက် ဆက်လျှောက်နေပြန်ရောပေါ့။ ကလျာ နလုံးရောဂါ ခွဲစိတ်အပြီး တစ်နှစ်ခန့်အကြာမှာတော့ သူတို့လင်မယား တရားဝင် ကွာရှင်းပြတ်စဲခဲ့ကြပါတယ်။ သူတို့လင်မယားရဲ့ Personal ကိစ္စမှာ ကျွန်မ ဘာတစ်ခွန်းမှ ပါဝင်မစွက်ဖက်ခဲ့ပါဘူး။ ဝမ်းမသာသလို ဝမ်းလည်း မနည်းခဲ့ဘူး။ ကိုယ်လုပ်ပေးနိုင်တာတစ်ခုကိုပဲ ကျွန်မ လုပ်ပေးခဲ့ပါတယ်။ အဲဒါကတော့ ကျွန်မ ညီမ ကျွန်မတို့ မိသားစုထဲ ပြန်လည်ရောက်ရှိလာတာကို အပြုံးမပျက်၊ ဘာတစ်ခွန်းမှ မဟာဘဲ ကျွန်မတို့ မိသားစုက ကြိုဆိုလက်ခံခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





အဲဒီနောက် သူ မယ်သီလရှင် ဝတ်ပါတယ်။



'မဉ္ဇူကကလျာ' ပြိုင်ပွဲဝင်ဓာတ်ပုံ ရိုက်ဖို့များ အမူအရာ လုပ်နေသလား မပြောတတ်။


ကျွန်မကတော့ သူ သီလရှင် ဝတ်ချင်တယ်ဆိုလည်း ပေးဝတ်လိုက်တာပါပဲ။ ဘာမှလည်း သိပ်မမေးပါဘူး။ ကျွန်မညီမစိတ်ကို ကျွန်မ သိသလို နားလည်လည်း ပေးချင်ပါတယ်။ ဒီညီမ ဘယ်လောက် ခေါင်းမာလဲ ကျွန်မသာလျှင် အသိဆုံးပါလေ။ ကျွန်မရှေ့မှာ ပြောခဲ့ပါတယ်။ ကလျာဟာ ကြီးလာတော့ ပြန်မပြော နားမထောင်ဘွဲ့ကိုပါ ထပ်ရခဲ့တယ်ဆိုတာပါ။ တကယ့်ကိုပဲ ကလျာဟာ သူ့ဘဝတစ်လျှောက်လုံး သူလုပ်ချင်တာတွေကိုပဲ လုပ်ခဲ့တာပါ။ သူ့စိတ်ခံစားမှုကို မလိုအပ်ဘဲ အရမ်း ဦးစားပေးလွန်းပါတယ်။ တစ်ခါတစ်ခါ ကျွန်မလည်း တော်တော် အမြင်ကပ်ပါတယ်။ ဒေါသတွေလည်း ထွက်ရပါတယ်။ ဒါပေမယ့်လည်း ညီမအရင်းခေါက်ခေါက်ကို ကျွန်မ ဘယ်နား သွားလွှတ်ပစ်လို့ရမှာတဲ့လဲ။ သူ့စိတ်ထဲ ထင်တဲ့ကိစ္စ၊ သူလုပ်ချင်တဲ့အကြောင်းအရာတွေကို မစဉ်းစား မဆင်ခြင် သူလုပ်သွားတိုင်း နောက်ကလိုက်ရှင်းရတဲ့ ကျွန်မှာ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေတာတောင် သူက ဖီလင်လာမှ

လှည့်ကြည့်ချင်တာမျိုးကိုတော့ ကျွန်မမှာလည်း တစ်ခါတလေ သူ့အတွက်နဲ့ ရှူးတောင်ရှူးချင်ပါတယ်။ သို့ပေမယ့်လည်း အပေါ်မှာ ပြောခဲ့တဲ့အတိုင်း ညီမဆိုတော့လည်း သည်းခံရတာပါပဲလေ။ ကျွန်မ ညီမအလတ်ကို ကျွန်မ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်မလာတာကတော့ သူ့ကံပဲ ပြောရမလား! ကျွန်မကံပဲ ပြောရမလား! တစ်ခုခုပါပဲနော်။ သူ့ကို စိတ်တိုင်းမကျသော်လည်း ကျွန်မမှာလည်း နိစ္စဓူဝအလုပ်နဲ့ လူနဲ့ကလည်း မပြတ်ဆိုတော့ သူ့ကို အေးအေးဆေးဆေး ထိုင်ပြီး ဆုံးမဖို့၊ စကားတွေ ပြောဖို့ အချိန်ကလည်း မရသလောက်ပါပဲ။ ဘယ်တော့ မဆို ကျွန်မအနေအထားက ဖြစ်ပြီးမှ သိခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com




ချည်းမို့ အကြောင်းအရာတစ်ခုခု ကြားလိုက်ရတိုင်း ကျွန်မမှာ ကိုယ့်ရင်ဘတ် ကိုယ်ဖိ၊ ကိုယ့်ကိုယ်ကိုယ် အားပေးရင်း အရာရာကို ပြေလည်အောင် ဖြေရှင်းပေးခဲ့ရတာချည်းပါပဲ။ သူ့မှာက နှလုံးရောဂါက ရှိတယ်မလား! တစ်ခုခု ပြောမယ်ကြံတိုင်းလည်း အမေက 'ပြောမနေပါနဲ့တော့' ဆိုပြီး ရှေ့ကနေ ပိတ်ပြောထားတော့လည်း ကျွန်မလည်း သက်ပြင်းပဲ ခပ်ပြင်းပြင်း ချခဲ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မညီမဘဝကို အေးချမ်းစေချင်တာတော့ အမှန်ပါ။ သူက သိပ်ချစ်တတ်တော့ သူ့ကို သိပ်ချစ်တဲ့သူမျိုးနဲ့လည်း ထပ်ပြီး တွေ့စေချင်ပါတယ်။ ဒါပေမယ့်လည်း ဒုတိယအကြိမ် မှားရင်တော့လည်း လူကဲ့ရဲ့စရာ ဖြစ်နိုင်လို့ပါ။ ဒါကြောင့် ဘာလုပ်လုပ် သူ့ကို စဉ်းစဉ်းစားစား တိုင်တိုင်ပင်ပင်လုပ်ဖို့ ကျွန်မမှာ သူ့တွေ့တာနဲ့ သတိတရ တဖွဖွပြောနေရတော့တာပါပဲ။ သူများလေးစားတာ ခံယူရဖို့ထက် ကိုယ့်ကိုယ်ကိုယ် လေးစားတတ်အောင် လုပ်ချင်တာထက် လုပ်သင့်တာကို ဦးစားပေး တတ်အောင်နဲ့ လူတကာကို လွယ်လွယ်ကူကူ မယုံကြည်ဖို့ကိုလည်း စိတ်မချနိုင်စွာ ကျွန်မ အမြဲပြောနေဖြစ်တော့တာပေါ့။ အင်း…ခက်တာက ကျွန်မ မောင်ညီမတွေဟာ ကျွန်မ ရှေ့မှာတော့ ဘယ်တော့မဆို ပြန်ပြောတာမျိုး မရှိဘဲ ငြိမ်နေတတ်ကြတာဆိုတော့လည်း… အင်း…

အဲဒီနှစ်တွေပိုင်းမှာ ကျွန်မ အလုပ်လုပ်တာ အရမ်းများတဲ့အတွက် ကျွန်မ ပင်ပန်းသော်လည်း မညည်းညူရဲတဲ့ အကြောင်းကိုလည်း ပြောပြချင်ပါသေးတယ်။ ကျွန်မ လုပ်တဲ့ အလုပ်က ကျွန်မ တစ်ဦးတစ်ယောက်ထဲ ကိုယ်စိတ်ပါတဲ့အချိန် ထလုပ်လို့ရတဲ့ အလုပ်မဟုတ်ပါဘူး။ ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ မင်းသား၊ ဇာတ်ပို့၊ ဇာတ်ရုံ၊ စက်အဖွဲ့ အစရှိတဲ့ အလွှာအသီးသီးမှ လူပေါင်းစုံနဲ့ တိုင်တိုင်ပင်ပင် စုစုစည်းစည်း လုပ်ရတဲ့အလုပ်ပါ။ ဒီနေ့တော့ စိတ်မကြည်ဘူး၊ ရှူတင်မသွားဘဲ အိမ်မှာပဲ အိပ်နေတော့ မယ်ဆိုပြီးတော့လည်း လုပ်လို့ မရပါ။ ကျွန်မ ပိုက်ဆံလိုလို့ နေ့တစ်ကား၊ ညတစ်ကား ရိုက်တယ်ဆိုတဲ့နေရာမှာ ကျွန်မ ရိုက်ချင်သော်လည်း ကျွန်မကို ရိုက်မယ့်သူက ရှိဦးမှကိုး။ ခုနက ပြောသံလို အကုန်ပြည့်စုံမှ ရိုက်လို့ ရနိုင်တာမလား!
ဒါပေမယ့်လည်း အဲဒီအချိန်မှာ ကျွန်မ ဖြစ်ချင်သလို နေ့ညစောင့်ရိုက်ပေးတဲ့ သူတွေ ရှိခဲ့ကြတယ်။ ကျွန်မအတွက် အဆင်ပြေခဲ့တယ်လို့ ပြောလို့ရတာပေါ့နော်။ အဲဒီကာလမှာ ကျွန်မ ရိုက်ကူးခဲ့တဲ့ ဇာတ်ကား အရေအတွက်တွေ တော်တော်များခဲ့တဲ့အတွက် အကြမ်းဖျဉ်းလေးတောင် ကျွန်မ မမှတ်မိနိုင်ပါဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း အပင်ပန်းခံနိုင်ဖို့အတွက် ကျန်းမာရေး ကောင်းအောင်လည်း ဂရုစိုက်ရသေးတယ်လေ။
ဒီစာမျက်နှာကနေ ကျွန်မ တစ်ခု ပြောချင်ပါတယ်။ အဲဒီတုန်းက အဆင်ပြေပြေ အလုပ်လုပ်ခွင့်ရခဲ့တဲ့အတွက် ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေအားလုံးကို အမြဲကျေးဇူးတင်နေပါတယ် ဆိုတာပါ။ ကျွန်မအပေါ် သူတို့ထားခဲ့တဲ့ စိတ်ရှည်မှုတွေက အခုချိန်မှာ သေချာပြန်တွေးကြည့်လေ တန်ဖိုးရှိလေပါ။ အသက်အရွယ်၊ အခြေအနေ၊ အချိန်အခါတွေလည်း ပြောင်းခဲ့ပြီမို့ အဲဒီတုန်းက အနေအထားမျိုး ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com





ဒါရိုက်တာ ဦးငြိမ်းငြိမ်း ရိုက်ကူးသော 'လယ်လယ်' ရုပ်ရှင်ဇာတ်ကားတွင်
ဘောကျားလေးအသွင် ရိုက်ကူးခဲ့စဉ်



ဒါရိုက်တာ ဦးအောင်မြင့်[illegible]
ရိုက်ကူးခဲ့[illegible] 'တစ်ကောင်ကြွက်'
ဗီဒီယိုဇာတ်ကား[illegible]
[illegible] တူ သရုပ်ဆောင်ခဲ့စဉ်





www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ပြန်မရနိုင်တော့ပါဘူး။ ကိုယ်လုပ်သမျှ ဖြစ်ခဲ့တဲ့ အချိန်ကိုပဲ ပြန်သတိရမိတိုင်း ကျွန်မ လွမ်းနေရပါတော့တယ်။ ကျွန်မ မင်းသမီးဖြစ်တဲ့အချိန်မှာ မင်းသား တော်တော်များများက ကျွန်မကို ကြည့်မရကြပါဘူး။ ကျွန်မ ထင်ပါတယ်။ ကျွန်မမျက်နှာကြီးက အရယ်အပြုံး နည်းလွန်းတဲ့အပြင် ဘာညာသရကာ ဖွယ်ဖွယ်ရာရာ စကားလုံးတွေလည်း မပြောတတ်ပြန်လေတော့ အားလုံးက (ဒီကောင်မ၊ မင်းသမီး မဖြစ်သေးဘူး၊ အသားလွတ် ဘဝင်တွေ မြင့်နေတယ်)လို့ သတ်မှတ်ကြမှာပါ။ ကျွန်မရဲ့ ညံ့ဖျင်းတဲ့ အချက်တွေပေါ့နော်။ ဒါကိုလည်း နှစ်အတော်ကြာမှ ကျွန်မက သိရှိခဲ့ရတာလေ။ ဒီတော့ မချစ်သော်လည်း အောင့်ကာနမ်းပေးခဲ့ကြတဲ့သူတွေကို ကျွန်မကပဲ လေးစားရမှာပါ။ မင်းသားထဲမှာ ကိုမောင်(ကိုကျော်သူ)ဆိုရင် ကျွန်မနဲ့ လုံးဝ မရိုက်ချင်ပါဘူး။ ကျွန်မကို အမြင်ကတ်လို့ နေမှာပေါ့နော်။ (ကိုမောင် ကျွန်မကို စိတ်မဆိုးနဲ့နော်) ဒါပေမယ့်လည်း ရှောင်လွှဲလို့ မရတဲ့ ကားတွေတောင် အတော်လေး များခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်မက (လူမှုရေး)ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ဂဃဏန မသိခဲ့သေးတဲ့ အချိန်ကိုး။ အခုတော့လည်း ကိုမောင်နဲ့ ကျွန်မက သိပ်ကို အဆင်ပြေပြီး တစ်ယောက်နဲ့တစ်ယောက်လည်း အတော့်ကို ကြည့်ရသွားကြပါပြီ။

အသက်တွေလည်း မနည်းတော့ဘူးမလား…

(နော်…ကိုမောင်… ရေ) ကျွန်မတို့ ဒီလောကထဲရှိတဲ့လူက တကယ်ဆိုရင် လက်ချိုးရေရင်တောင် ရနိုင်တာ။

တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေမှတော့ အလုပ်လုပ်ရတာ ဘယ်လိုလုပ်ပြီး ပျော်စရာကောင်းတော့မှာလဲနော်။ တစ်ဦးနဲ့ တစ်ဦး ချစ်ချစ်ခင်ခင်နဲ့ နားလည်မှုရှိစွာ အလုပ်လုပ်ရရင်တော့ ကျွန်မရှေ့မှာ ပြောခဲ့သလိုပဲ နတ်ပြည်ကို ဘာသွားလုပ်မှာလဲ!




*ဒါရိုက်တာ ပိုင်သ ရိုက်ကူးခဲ့သော (ပြိုင်ပွဲဝင် ချစ်သူ) ဗီဒီယိုဇာတ်ကားတွင် ကိုပြေငြိမ်း၊ မသီတာသိမ့်တို့နှင့်အတူ။*

(ပြိုင်ပွဲဝင်ချစ်သူ)ဗီဒီယိုဇာတ်ကားသည် ကျွန်မအတွက် မင်းသား ကိုပြေငြိမ်းနှင့် ပထမဆုံးရိုက်ခဲ့ဖူးသော ဇာတ်ကားတစ်ကား ဖြစ်သလို ကိုပြေငြိမ်းနှင့် ရိုက်ဖူးခဲ့သော ဇာတ်ကား အရေအတွက်မှာလည်း စုစုပေါင်း ထိုတစ်ကားသာရှိခဲ့ပါတယ်။ ကိုပြေငြိမ်းနှင့် ဒုတိယမြောက်ဇာတ်ကား အဖြစ် ရိုက်ကူးမည့် (တို့က ပိုချစ်တယ်) ဗီဒီယိုဇာတ်ကားကန်တော့ပွဲပေးသည့်နေ့တွင် သူနှင့် နောက်ဆုံး ဆုံတွေ့ဖြစ်ခဲ့ကြပါတယ်။ ကျွန်မက မန္တလေးတွင် သူ့ထက် သုံးရက်စောပြီး ကြိုတင် ရိုက်ကူးဖြစ်ခဲ့သော်လည်း သူကတော့ အဲဒီကားကို ရိုက်ကူးဖို့အတွက် ရောက်မလာနိုင်ခဲ့တာ အခုချိန်ထိပါပဲ။



www.burmeseclassic.com

www.burmeseclassic.com


















www.burmeseclassic.com




ဒီဓာတ်ပုံလေးကတော့ ကျွန်မ သဘောအကျဆုံး ဓာတ်ပုံ ၂ ပုံထဲက တစ်ပုံ ဖြစ်ပါတယ်။ ကိုစိုးသူ၊ ကိုရန်အောင်၊ ကိုလွင်မိုး၊ မမို့နဲ့ ကျွန်မတို့ ပြင်ဦးလွင်မြို့က ကန်တော်ကြီးစောင်း နံဘေးမှာ ယခုအချိန်တွင် ဓာတ်ပုံဆရာ အကျော်အမော် ဖြစ်နေသည့် ကိုလွင်မိုးက Timer နှင့် ရိုက်ကူးပေးခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီတုန်းက ကျွန်မတို့တွေ ပြင်ဦးလွင်မှာ ကားရိုက်ဆုံကြရင်း ရှုတင်စောစောပြီးတဲ့ ညနေဘက်မှာ ပျင်းပျင်းရှိကြတာနဲ့ မမို့ ဦးဆောင် လူစုပြီး Dinner သွားစားရင်း အမှတ်တရ ရိုက်ကူးဖြစ်ခဲ့တာပါ။ ရိုက်ကူးပြီးတော့လည်း ကိုလွင်မိုးက ကျွန်မကို ရှားရှားပါးပါး ဒီတစ်ပုံပဲ ပေးခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်လောက်ကဖြစ်တဲ့အတွက် ဒီပုံလေးရဲ့ သက်တမ်းကလည်း ဆယ်နှစ်ကျော် ရှိနေခဲ့ပါပြီ။ ဒီပုံလေးကို ပြန်ကြည့်မိတိုင်း…

အဲဒီတုန်းက သွားခဲ့၊ လာခဲ့၊ ရယ်မောပျော်ရွှင်ခဲ့ရတာတွေကို ပြန်အောက်မေ့သတိရရင်း ကုန်လွန်ခဲ့တဲ့အချိန်တွေကို တမ်းတရင်း



www.burmeseclassic.com

www.burmeseclassic.com





ကမ္ဘောဒီးယားနိုင်ငံ
Ankor-Wat တွင် အမှတ်တရ



ကမ္ဘောဒီးယားတွင် ပြုလုပ်သော ရုပ်ရှင်ပွဲတော်တစ်ခုသို့ တက်ရောက်ခဲ့ရစဉ်။ ဘုရင်မိဖုရားကြီးနှင့်အတူ ဦးမောင်မောင်မြင့်၊ ဦးရီး [illegible]ကြည်စိုးထွန်းတို့နှင့် အမှတ်တရ။



ကျွန်မ၊ ဦးစင်ရော်နှင့် ဗီယက်နမ်မှ ရုပ်ရှင်မင်းသမီးတစ်ဦး။



ကမ္ဘောဒီးယားဘုရင့်သမီးတော်နှင့်အမှတ်တရ

လွမ်းမိပါတယ်။ အဲဒီတုန်းက လွတ်လပ်ပျော်ရွှင်မှုမျိုးကို ခုချိန်မှာ ပြန်ရဖို့မပြောနဲ့၊ ကျွန်မတို့ ငါးယောက် အချိန်ပေးပြီးတော့တောင် ပြန်မဆုံနိုင်တော့ပါဘူး။ ဒီဓာတ်ပုံလေးဟာ ကျွန်မအတွက် ဘယ်တော့မှ မအိုမဟောင်းနိုင်တဲ့ ကြည်နူးမှုတစ်ခုကို ပေးနိုင်စွမ်းရှိတဲ့အတွက် ကျွန်မ သဘောကျဆုံး ဓာတ်ပုံ ၂ ပုံထဲမှ တစ်ပုံ အပါအဝင် ဖြစ်ခဲ့ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



အန်တီဝါ၊ မမို့တို့နှင့် Dinner တစ်ခုတွင်

၁၉၉၆ ခု မတ်လပိုင်းမှာ စာရေးဆရာမ မြသန္တာ၏ ဝတ္ထုကို ဒါရိုက်တာ အောင်စိုးဦး ရိုက်ကူးခဲ့သည့် 'နော်ရင်မွေး' ရုပ်ရှင်ဇာတ်ကားနှင့် ကျွန်မ၏ ပထမဆုံး အကယ်ဒမီဆုကို လက်ခံရရှိခဲ့ပါတယ်။ အဲဒီနှစ်က အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို မမို့နှင့်အတူ ပူးတွဲရရှိခဲ့တာပါ။ ကျွန်မတို့တွေနှင့် အတူတူ ဦးကျော်ဟိန်း၊ ကိုကျော်သူနဲ့ ဒေါ်နွဲ့နွဲ့စမ်းတို့လည်း ဆုရရှိခဲ့ပါတယ်။ ပထမဆုံး ရရှိတဲ့ အကယ်ဒမီဆုဖြစ်တဲ့အတွက် ကျွန်မ စိတ်တွေ အတော်လှုပ်ရှားခဲ့ရသလို ပျော်ရွှင်မှုပီတိကလည်း အတိုင်းအဆ မရှိပါပဲ။ အဲဒီနေ့က ကျွန်မရဲ့ ပွဲတက်ဝတ်စုံကို ဒေါ်လာမြင့်အောင်က ချုပ်လုပ်ပေးခဲ့ပြီး မိတ်ကပ်ကတော့ ဦးစိုး (မိတ်ကပ်-စိုးစိုး) လိမ်းပေးခဲ့ပါတယ်။

အဲဒီနှစ်က မမို့က 'မသုမမ္မစာရီ' မှာ ကောင်းခဲ့သလို မဆင့်ကလည်း 'တစ်ပြည်သူ မရွှေထား' မှာ အရမ်းကောင်းနေခဲ့ပါတယ်။ မယ်သီလရှင်ဆရာလေး မသုမမ္မစာရီနဲ့ တစ်ပြည်သူ မရွှေထားကို ယှဉ်ပြိုင်ဖို့အတွက် ကရင်မလေး နော်ရင်မွေးက တော်တော် အားငယ်ခဲ့ရတာပါ။ ကျွန်မအထင်တော့ သူတို့ ၂ ယောက်လုံးက ကျွန်မထက် အများကြီးသာပါတယ်။ ဒါပေမယ့်လည်း ကျွန်မ သိပ်ကံကောင်းလွန်းလို့သာ ဒီအကယ်ဒမီဆုကို ပိုင်ဆိုင်ခွင့် ရခဲ့တာပါ။ ဒီအတွက် အနန္တောအနန္တ ငါးပါးရဲ့ ဂုဏ်ကျေးဇူးကို ကျွန်မ အမြဲအောက်မေ့မိပါတယ်။

## ၁၉၉၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ

| | |
|---|---|
| အမျိုးသားဇာတ်ဆောင်ဆု | အမျိုးသမီးဇာတ်ပို့ဆု |
| ကျော်သု (တပြည်သူမရွှေထား) | နွဲ့နွဲ့စမ်း (သရဖူ) |
| အမျိုးသမီးဇာတ်ဆောင်ဆု | ဒါရိုက်တာဆု |
| စိုးမြတ်သုဇာ (နော်ရင်မွေး) | စင်ရော်မောင်မောင် (တပြည်သူမရွှေထား) |
| အမျိုးသမီးဇာတ်ဆောင်ဆု | တေးဂီတဆု |
| မိခိုင်မြင့်အောင် (မသုဓမ္မစာရီ) | စန္ဒရားလှထွဋ် (တပြည်သူမရွှေထား) |
| | ဇာတ်ကားဆု တပြည်သူမရွှေထား |
| အမျိုးသားဇာတ်ပို့ဆု | ဓာတ်ပုံဆု ကိုကိုဌေး (မသုဓမ္မစာရီ) |
| ကျော်ဟိန်း (ဒလသည်မွေ့ကြွေလည်မွေ့) | အသံဆု ဦးခင်ဦး (သရဖူ) |

www.burmeseclassic.com

www.burmeseclassic.com

# PART FOUR 1996



ကျွန်မဘဝမှာ ကျွန်မလိုချင်တဲ့အရာ
မှန်သမျှ လွယ်လွယ်ကူကူ မရခဲ့ဖူးလို့
ကျွန်မ ပြောခဲ့ပါတယ်။
ကျွန်မ အကယ်ဒမီရတဲ့ နှစ်ကလည်း
တကယ့်ကို စိတ်မောခဲ့ရတာပါ။
ခါတိုင်းနှစ်တွေတုန်းက
အကယ်ဒမီပေးပွဲဆိုရင် ဒီဇင်ဘာထဲ
အမြဲလုပ်နေကျပါ။
၃၁ ဆိုတာ နောက်ဆုံးပါပဲ။
ကျွန်မ မျှော်လင့်တဲ့နှစ်လည်း
ရောက်ရော ဒီဇင်ဘာကျော်ရုံတင်မကဘူး။
မတ်လထဲကိုပါ ရောက်သွားပါတယ်။
ကြားကာလတွေမှာ ကျွန်မ
ရင်မောခဲ့ရတာတွေကို တွေးကြည့်ပါ။
ဒီကြားထဲ ဒီနှစ် အကယ်ဒမီ
မပေးတော့ဘူးဆိုတဲ့ ကောလာဟလက
ကြားရပါသေးတယ်။
သုဝဏ္ဏအားကစားရုံဘက် ရောက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com

အကယ်ဒမီပေးပွဲဆိုင်းဘုတ်များ
တင်ထားမလားဆိုပြီး
လည်တဆန့်ဆန့်နဲ့ မျှော်ကြည့်ရတာလည်း
ဇက်မခိုင်ရုံတမယ်ပါပဲ။
အဲ…တစ်နေ့မှာတော့
သုဝဏ္ဏဘက်အရောက်မှာ
အားကစားရုံကြီးကို လှမ်းကြည့်မိတဲ့အချိန်
ဆိုင်းဘုတ်ကြီး တင်ထားတာကို
မမျှော်လင့်ဘဲ တွေ့ရပါတယ်။
ကျွန်မလေ တကယ်ပြောတာပါ။
သိကြားမင်းကြီး ဆင်းလာတာကို
မြင်လိုက်ရသလို ဝမ်းသာမိပါတယ်။
စိတ်ထဲမှာလည်း နီးပြီ…နီးပြီပေါ့။
ဒါပေမယ့် သိပ်မကြာလိုက်ပါဘူး။
ဝမ်းသာဖို့ ကြံ့တာရှိသေးတယ်။
တင်ထားတဲ့ ဘုတ်ကြီးကို
အဝတ်စိမ်းကြီးနဲ့ ပြန်အုပ်ထားတာကို
တွေ့လိုက်ရပါတယ်။
ကျွန်မ ရင်ထဲမှာ
ကျွန်မမျက်နှာကြီးကို
အဝတ်နဲ့ အုပ်လိုက်သလိုပါပဲ။
ဘယ်လိုဖြစ်ပါလိမ့်ဆိုတာ
စဉ်းစားလို့ကို မရပါဘူး။
နောက်ဆုံးမှာတော့ အကယ်ဒမီနေ့ကြီးဟာ
ဇန်နဝါရီ၊ ဖေဖော်ဝါရီ ကူးသွားပြီး
သကာလမှတော့ မတ်လကို
ရောက်သွားခဲ့ပါတယ်။ ကျွန်မလည်း စိတ်ကို
ဒုန်းဒုန်းချလိုက်ပါတော့တယ်။
(စိတ်ဓာတ်ကျသွားတဲ့သဘော ထင်ပါရဲ့)
မမျှော်လင့်တော့ပါဘူးလေ ဆိုပြီး
လျစ်လျူရှုလိုက်တဲ့အချိန်လည်း
ရောက်လာရော အကယ်ဒမီ
ပေးတော့မယ့်နေ့ရက်ကို သတင်းစာထဲမှာ
တွေ့ရပါတော့တယ်။
အဲဒီနှစ်က အပြိုင်အဆိုင်
များစွာထဲမှာ ကျွန်မရခဲ့ပေလို့ပေါ့။
မရသာမရခဲ့ရင် ကျွန်မ ဘာများဖြစ်မလဲ
မပြောတတ်ပါဘူး။ ကျွန်မဘဝက…
အဲဒီလိုရယ်ပါ။ ဘာမဆို ခက်ခက်ခဲခဲနဲ့
စိတ်ပမ်း၊ လူပမ်းဖြစ်ပြီးမှ
ကိုယ်လိုချင်တာကို ရခဲ့ရတာပါ။
(အမှတ်တရအဖြစ် ရေးစရာတော့
ဖြစ်ခဲ့တာပေါ့ရှင်)







ကိုမောင်နှင့် ဝမ်းသာအားရ။



www.burmeseclassic.com

www.burmeseclassic.com





ကျွန်မ နာမည်ကြော်ကြားစဉ်
မှဒီတာဟွားပေးခဲ့ ကြသော
အနုပညာမောင်နှမများ၏အပြုံးများ



မခင်၏ဂုဏ်ပြုအနမ်း။






www.burmeseclassic.com

www.burmeseclassic.com


မိဘနှစ်ပါးနှင့်အတူ




အမေ၏အနမ်း


တင့်တင့်ထွန်းလာရောက်နှုတ်ဆက်စဉ်

www.burmeseclassic.com

www.burmeseclassic.com



ဆုရရှိသောသူများနှင့်အတူတူ



ဒေါ်လာမြင့်အောင်နှင့်အတူ



ခင်သမီးကြီး ထပ်ဆင့်အကယ်ဒမီ ဂါဝါဝင်းရွှေနှင့်အတူ



မမနုကာ လာရောက်နှုတ်ဆက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



အကယ်ဒမီရပြီးနောက် ကျွန်မခြံထဲမှာပဲ အနုပညာမောင်နှမတွေ စုံစုံလင်လင်နဲ့ ညစာစားပွဲလေးတစ်ခု လုပ်ဖြစ်ခဲ့ပါတယ်။ ကျွန်မကို ချစ်တဲ့ အနုပညာမောင်နှမ အားလုံးလိုလို ညစာစားပွဲကို တက်ရောက် ကြပါတယ်။ ခြံထဲမှာ လွတ်လပ်ပျော်ရွှင် ခဲ့ကြတာ ကျွန်မအတွက် မမေ့နိုင်စရာပါပဲ။ ပွဲတက်လေ့တက်ထမရှိတဲ့ ဦးကျော်ဟိန်းနဲ့ ကိုကျော်သူတို့ပါ ကျွန်မဧည့်ခံပွဲကို တက်ခဲ့တဲ့ အတွက် ကျွန်မ အရမ်းကို ကျေနပ်ခဲ့မိ ပါတယ်။ ကျွန်မအပေါ် မုဒိတာပွားပြီး ပျော်ပျော်ရွှင်ရွှင် တက်ရောက်ခဲ့ကြတဲ့ ကျွန်မ အနုပညာမောင်နှမတွေကို အထူးပဲ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါတယ် ဆိုတာကို ဒီအခန်းကဏ္ဍကနေ ပြောလိုက်ပါရစေ။ အဲဒီနေ့က ကျွန်မတို့ ဘယ်လောက်ပျော်ရွှင်ခဲ့ကြတယ်ဆိုတာကို ပရိသတ်များ ကျွန်မ စုဆောင်းထားတဲ့ ဓာတ်ပုံများကို ကြည့်ရှုပြီး ခံစားနိုင်ကြပါစေ။



ကိုကျော်သူနှင့် ဇနီး မရွှေစီးကွက်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများ စုံစုံလင်လင်၊ ပျော်ပျော်ရွှင်ရွှင်
လွတ်လွတ်လပ်လပ် ရယ်မောပျော်ရွှင်ခဲ့ကြသည်။



www.burmeseclassic.com



ဆရာများကို ကန်တော့စဉ်







နောက် ၂ ရက်လောက်အကြာမှာ
ကျွန်မရဲ့ လက်ဦးဆရာများဖြစ်ကြတဲ့
ဒါရိုက်တာ ဦးကြီးမြင့်၊ ဒါရိုက်တာ ဦးအောင်မြင့်မြတ်နဲ့
အစ်ကိုတွေဖြစ်ကြတဲ့ ကိုရန်အောင်နဲ့ ကိုရဲအောင်တို့ကို
ကျွန်မရဲ့အိမ်မှာ ဂါရဝပြု ကန်တော့ခဲ့ပါတယ်။
ဒါပေမယ့် အဲဒီညက ကိုရန်အောင် ရောက်မလာခဲ့ပါဘူး။
လာနေပြီ ပြောပြီးမှ လမ်းမှာတင် ပျောက်သွားခဲ့တာပါ။
သူ မပါခဲ့တဲ့အတွက် အဲဒီညက ကန်တော့ပွဲလေးဟာ
မပြည့်စုံသလို ဖြစ်ခဲ့ရပါတယ်။
နောက်နေ့မှာတော့ ကျွန်မ ချောင်းသာကို ကားရိုက်ထွက်ခဲ့ရပါတယ်။
ဒါရိုက်တာ ဝင်းမင်းထွေး ရိုက်ကူးနေတဲ့ 'ရွှေအင်ကြင်း'
ရုပ်ရှင်ဇာတ်ကား လက်ကျန်သွားဖြတ်တာပါ။ မင်းသားက
အစ်ကိုပါပဲ။ ချောင်းသာရောက် တော့မှ အစ်ကိုက ရယ်ကျဲကျဲနဲ့
မနေ့ညက အကြောင်းတစ်ခု မမေးဘဲ စကားပိုတွေ အများကြီး
ပြောနေခဲ့တယ်။ ကျွန်မစိတ်ထဲမှာတော့ အင်း...ဒါလည်း
ချော့နည်းတစ်မျိုး ထင်ပါရဲ့လို့ ဖြေတွေးတွေးပေးလိုက်ပြီး
အစ်ကို့ကို နားလည်ခွင့်လွှတ်ပေးလိုက်ပါတယ်။
အဲဒီညက အစ်ကို ဘယ်သွားနေလဲဆိုတာကိုတော့
နောက်နှစ်တွေ ကြာတော့မှ မေးဖြစ်ခဲ့ပါတယ်။
အစ်ကိုကလည်း အမှန်အတိုင်း ဖြေခဲ့ပါတယ်။
ပရိသတ်ကို ပြောပြဖို့အတွက် ကျွန်မဘက်မှာ အခက်အခဲ ရှိနေတာမို့
ကျွန်မ မပြောပြတော့ပါဘူး။ တကယ်လည်း
အဲဒီနေ့က အစ်ကို လာခဲ့တာ အမှန်ပါပဲ။ သူ့အိမ်နဲ့ ကျွန်မအိမ်ကြား
သူပျောက်သွားခဲ့တာကတော့ ကျွန်မထက် အရေးကြီးသောကိစ္စ
သူ့မှာ ပေါ်လာလို့ပဲလို့ ပရိသတ်များ တွေးကြည့်လိုက်ကြတာ
အကောင်းဆုံးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com







နော်ရင်မွေးကြောင့်
ရရှိခဲ့တဲ့
(အကယ်ဒမီ)ဆုဟာ
ရှေ့ကို
ဆက်သွားရဦးမယ့်
အနုပညာ
ခရီးရှည်ကြီး
အတွက်
'ခွန်အားအသစ်'တွေ
မွေးဖွားပေးခဲ့
နိုင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ကျွန်မဟာ အလုပ်နဲ့ပတ်သက်လို့
ပိုပြီးလေးနက်မှုတွေ ရှိလာခဲ့တယ်။
လုပ်ရကျိုးနပ်တဲ့အလုပ်၊ အရေးပါတဲ့အလုပ်နဲ့
အဓိပ္ပာယ်ရှိတဲ့အလုပ်တွေကို ကျွန်မ ရွေးချယ်စိစစ်ပြီး
လုပ်ဖြစ်ခဲ့တယ်။ ဒါ့အပြင် အရည်အချင်းရှိတဲ့သူတွေနဲ့
ပိုပြီး အလုပ်လုပ်ချင်လာခဲ့တယ်။ ကျွန်မကိုယ်တိုင်
ကိုယ်က အတူတူ အလုပ်တွဲလုပ်ကြတဲ့အချိန်ပိုင်းတွေမှာ
တစ်ဖက်သားကို လေးလေးစားစား ဆက်ဆံတတ်တာမို့
တစ်ဖက်သားရသင့်တဲ့ အခွင့်အရေးကို
လိုက်လံပိတ်ဆို့တတ်တဲ့သူမျိုးတွေကိုလည်း
အလိမ္မာနဲ့ အပြုံးမပျက် ရှောင်သွားနိုင်ခဲ့ပါတယ်။
ကျော်ကြားဖို့၊ လူအထင်ကြီးခံဖို့ထက်
ပညာဗဟုသုတမြင့်မားဖို့နဲ့ မိတ်ကောင်းဆွေကောင်း
တိုးပွားဖို့ကို ပိုဦးစားပေးခဲ့မိတယ်။
ခပ်တိုတိုပြောရရင်တော့ အသိဉာဏ်တွေ
အရင်ကထက် ပိုရှိလာခဲ့တယ်လို့ ဆိုနိုင်ပါတယ်။
အကယ်ဒမီရပြီးနောက်ပိုင်း ကျွန်မအလုပ်တွေ
အများကြီးလုပ်ရပါတယ်။ ကိုယ့်ဆီ ရောက်လာတဲ့
အလုပ်တွေထဲမှာမှ ကိုယ့်စိတ်ကြိုက် အလုပ်ကို
ရွေးချယ်ခွင့်တွေ ရလာခဲ့တယ်။
မလုပ်ချင်တဲ့အလုပ်ကိုလည်း ငြင်းနိုင်တဲ့အင်အားတွေ
မွေးဖွားခဲ့တယ်။
တကယ်သေချာစဉ်းစားကြည့်ရင်
လောကကြီးမှာ ကိုယ်လုပ်ချင်တာတွေ လုပ်ခွင့်ရမှ
ကျေနပ်ဖို့ကောင်းတာ မကောင်းပါဘူး
ကျွန်မအတွက်ကတော့ ကိုယ်မလုပ်ချင်တာကို မလုပ်ရတဲ့
အခြေအနေဟာ ပိုပြီးတော့တောင် ကျေနပ်စရာ
ကောင်းနေပါသေးတယ်။ ဒါကြောင့်လည်း
လူအတော်များများက ကျွန်မကို ကပ်သီးကပ်ဖဲ့
နိုင်တယ်ဆိုပြီး ကြည့်မရကြတာလားလည်း
မပြောတတ်တော့ပါဘူး။ ကျွန်မကလည်း
ကိုယ်မှန်တယ်ထင်ရင် လျှော့မပေးတတ်တဲ့
အကျင့်ကလည်း မွေးကတည်းက ပါလာတာဆိုတော့
တချို့သောသူတွေနဲ့ အလုပ်လုပ်တဲ့နေရာမှာ
ကျွန်မဘက်ကလည်း အတော်ကို ညှိရခက်ခဲ့တာပါ။
ဒါပေမယ့်လည်း ကျွန်မ
အသက် ၃၀ ကျော်လာတဲ့အချိန်မှာ
အဲဒီအမူအကျင့်ကို ရအောင် ပြောင်းလဲနိုင်ခဲ့ပါတယ်။
နောက်တစ်ခု ကျွန်မ ကျေနပ်မိတာတစ်ခုက
မောင်ညီမတွေအတွက်ပါ။ ကျွန်မ မင်းသမီးဖြစ်ကာစ၊
ရန်းကန်နေရတဲ့ကာလတွေတုန်းက
သူတို့လေးတွေက ကလေးသာသာ အရွယ်လေးတွေသာ
ရှိသေးတာလေ။ သူတို့ လူပျို၊ အပျိုလေးတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့အချိန်ရောက်ရော ကျွန်မသည်လည်း
အနုပညာလောကမှာ နေရာတစ်နေရာ ရလာခဲ့ပြီမို့
ရွယ်တူတန်းတူတွေကြားထဲမှာ
သူတို့တွေ မျက်နှာမငယ်ရလေအောင် ပြည့်ပြည့်စုံစုံ
ထားပေးနိုင်ခဲ့ပါတယ်။
အထူးသဖြင့် ဒါဒါပေါ့။
ဒါဒါ့ဘဝဟာ ပြည့်စုံခြင်းတွေနဲ့ ဝိုင်းရံကြီးပြင်းခဲ့လာရတယ်။
ဝတ်ချင်၊ စားချင်၊ သုံးစွဲချင်တဲ့အချိန်မှာ
သူတို့တွေကို ကျွန်မ ဖြည့်ဆည်းပေးနိုင်ခဲ့တယ်
ဆိုကတည်းကိုက သူတို့ ကုသိုလ်ကံက
နည်းနည်းနောနော ကောင်းတာမဟုတ်ပါဘူး။
ဒါပေမယ့် ကျွန်မ မောင်ညီမတွေက
လိမ္မာတဲ့ အထဲပါပါတယ်။ ကျွန်မ ပိုက်ဆံကို
သူတို့ သုံးရုံသာ သုံးခဲ့ပြီး မဖြုန်းခဲ့ပါဘူး။
ဒီအတွက်လည်း မောင်ညီမများနဲ့ပတ်သက်လို့
ကျွန်မ ပိုကျေနပ်ခဲ့ရပါတယ်။
ကျွန်မ ရှာလို့ရတဲ့ပိုက်ဆံမှန်သမျှ
ကျွန်မ အမေကို အပ်ခဲ့တာပါ။
ကျွန်မ ဝယ်စရာရှိရင် အမေ့ဆီမှာ ပြန်တောင်းရပါတယ်။
အဲလို တောင်းရတဲ့အချိန်မှာလည်း
အမေက အင်မတန် လက်ခက်တဲ့သူပါ။
ပိုက်ဆံယူတဲ့အချိန်မှာ အင်မတန် လျင်မြန်သလောက်
ပြန်တောင်းရင်တော့ သော့ရှာနေတာကို
နာရီဝက်လောက် ကြာပါတယ်။ ဒါ့အပြင် သူက
ပြောပါသေးတယ်။ သူ့ဘဏ်က အဝင်ပဲလက်ခံတယ်၊
အထွက်မရဘူးတဲ့။ အမေ့စကားက
မှတ်သားလောက်ပါပေတယ်နော်။ အမေ့ဘဏ်က
နာမည်လည်း ရှိပါသေးတယ်။
(ကြည်-ဖလားဝါးဘဏ်)ပါတဲ့ရှင်။
ကျွန်မအမေကတော့ တကယ်ကို ကံကောင်းတဲ့သူပါပဲ။
အဖေရဲ့ မေတ္တာရိပ်အောက်မှာ လုံလုံခြုံခြုံနေခဲ့ရသလို
ကျွန်မ အရွယ်ရောက်လာတော့လည်း သူက ငယ်သေးတာမို့
သမီးလုပ်သူနဲ့ ညီအစ်မလို၊ သူငယ်ချင်းလို အရာရာကို
တိုင်တိုင်ပင်ပင် ဆွေးနွေးညှိနှိုင်းရင်း မိသားစုရဲ့ဘဝကို
တစ်ဆင့်မြှင့်တင်နိုင်ခဲ့ကြပါတယ်။ အမေဟာ
သူ့ဘဝတစ်လျှောက်လုံး တကယ့်ကို မပူမပင် နေခဲ့ရတာပါ။
အမေ့အသက် အစိတ်မှာ
ကျွန်မတို့ မောင်နှမ လေးယောက်လုံးကို မွေးပြီးခဲ့ပြီဆိုတော့
သမီးတွေ မင်းသမီးဖြစ်လို့ နောက်လိုက်ရတဲ့အချိန်
အမေက ကျန်းကျန်းမာမာ ဖျတ်ဖျတ်လတ်လတ်နဲ့ကို
သမီးတွေထက်တောင် ရှေ့ရောက်နေပါသေးတယ်။
(ခုချိန်ထိလည်း ဖျတ်လတ်နေတုန်းပါပဲ)
သမီးနှစ်ယောက်လုံး ရတဲ့ ပိုက်ဆံက သူ့လက်ထဲမှာပဲ


www.burmeseclassic.com

www.burmeseclassic.com



ရှိနေတော့ သူ့လောက် ချမ်းသာတဲ့သူ၊
သူ့လောက် ကံကောင်းတဲ့သူ ရှိဦးမှာတဲ့လား။ အဖေကလည်း
သူ့မိန်းမဆို အငယ်ဆုံးသမီးနဲ့ တန်းတူ
သဘောထားတာဆိုတော့ ပြောမပြောချင်တော့ပါဘူးနော်။
တစ်ခုခုဆိုရင် ငါက သမီးရှင်ဆိုပြီး
ဘယ်တော့မှအလျှော့မပေးသလို သူ့သားနဲ့ပတ်သက်လာရင်လည်း
ငါက သားရှင်ဆိုပြီး တစ်မျိုးပြီးတစ်မျိုး
ပြောင်းပြောတတ်ပြန်ပါတယ်။ သူ့သားကိုတော့ အတော်တုန်တာပါ။
မောင်မောင်ကလည်း အမေတူသားမှ မျက်လုံးလေးတွေ ကျဉ်းတာက
အစတူတာပါ။ ပဲပင်ပေါက်လို လက်ရေးတွေကအစပေါ့။
(ကျွန်မတို့ ညီအစ်မ ၃ ယောက်ကတော့
ဖအေတူသမီးတွေပီပီ လက်ရေးအတော်လှကြပါတယ်)
တစ်ခါတုန်းကလည်း ရယ်စရာတစ်ခု ပြောပြချင်ပါတယ်။
ကျွန်မတို့အိမ်မှာ နိုင်ငံခြားဗီဒီယိုအခွေကို ကိုယ့်သဘောနဲ့ကိုယ်
ကြည့်လို့ မရပါဘူး။ အမေက အရင်အဆင်ဆာဖြတ်ပြီးမှ ကြည့်ရတာ
မောင်မောင် နိုင်ငံခြားကို ထွက်သွားတဲ့အချိန်ထိပါ။
တစ်ရက်မှာတော့ အမေက ဆင်ဆာဖြတ်ချိန်မရတော့တဲ့အဆုံး
သူပါ ဝင်ကြည့်မယ် ဖြစ်သွားပါတယ်။ လေးယောက်လုံးကတော့
နှာခေါင်းရှုတ်တာပေါ့။ အမေပါရင် နားတွေ ညည်းပြီး
ကောင်းကောင်းကြည့်ရမှာ မဟုတ်ဘူးလေ။ ငြင်းမရတော့တဲ့အဆုံး
ကြည့်ကြစဉ်မှာပဲ ဇာတ်လမ်းထဲမှာ ဟိုခန်းဒီခန်းတွေ ပါလာပါတယ်။
(သိပ်ရိုင်းရိုင်းစိုင်းစိုင်းတွေလည်း မဟုတ်ပါဘူး။ အမေကသာ
မရဖြစ်နေတာပါ) အဲဒီအချိန်မှာ အမေ ဘာလုပ်ရမှန်း
မသိတော့ပါဘူး။ Remote Control ခလုတ်ကိုလည်း ကျွန်မတို့က
ဖွက်ထားတော့ သူ ရှာမတွေ့တဲ့ အဆုံးမှာ သူ့သားကို ဆွဲပြီး
သူ့ပေါင်ပေါ်မှာ မျက်စိမှိတ်ခိုင်းထားပါတယ်။ မောင်မောင့်ခမျာလည်း
ယောင်ယောင်မှားမှားနဲ့ မျက်လုံးမှိတ်ပြီး ငြိမ်နေရပါတယ်။
အမေကတော့ ကျေနပ်နေပါတယ်။ သမီး ၃ ယောက် အဆန့်သား
ဆက်ကြည့်နေတာကို တဒင်္ဂခဏ အမေ မေ့သွားပါတယ်။
အဲဒီအခါမှာပဲ မောင်မောင်က သတိရသွားကာ
(မေကြီးကလည်း မောင်မောင်က ယောကျ်ားလေး၊
မိန်းမတွေကျတော့ ကြည့်ခိုင်းတယ်)လို့ ရှူပွပွ ထပြောပါတယ်။
ဒီတော့မှပဲ အမေလည်း ကျွန်မတို့ကို သတိရသွားပြီး
(ဟဲ့…ကောင်မတွေ နင်တို့ဟာကြီးကို ပိတ်တော့၊
ဘာလို့ ကြည့်နေကြတာလဲ) ဘာညာနဲ့ တီဗီရှေ့မှာ
သူ့ကိုယ်လုံးကြီးနဲ့ အတင်းကို သွားကွယ်တော့တာပါပဲ။
ကျွန်မတို့ မောင်နှမ လေးယောက်လုံးမှာလည်း
ဖီလင်တွေ အောက်ပြီး ဆူဆူညံညံနဲ့ အခွေကြည့်နေတဲ့
အခန်းကဏ္ဍကို ရပ်သိမ်းလိုက်ရပါတော့တယ်။ အမေက အခွေကို
သိမ်းယူတဲ့အချိန်မှာ မောင်မောင်က မေကြီးက အခွေကို ဘာလို့
ယူတာလဲလို့ အမေးမှာ ကလျာကလည်း စိတ်ပေါက်ပေါက်နဲ့
(အဖေ့ကို သွားပြမလို့ နေမှာပေါ့)လို့ ပြောတော့
မောင်နှမ လေးယောက်လုံးရောပြီး အဆဲခံလိုက်ရပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုပဲဖြစ်ဖြစ်
အဲဒီကာလတွေဟာ
ကျွန်မ အလုပ်များဆဲ
ကာလတွေ
ဆိုပေမယ့်
ကျွန်မအတွက်
အလွန်ကျေနပ်စရာ
ကောင်းတဲ့
ကာလတစ်ခုအဖြစ်
စတင်ခဲ့တာပါ။
ရောင့်ရဲတင်းတိမ်
နိုင်သည့်စိတ် ရှိခဲ့ပါက
အစစအရာရာ
ပြီးပြည့်စုံသော
အခြေအနေဟု
သတ်မှတ်ရင်တောင်
ရနိုင်တဲ့
အနေအထားတစ်ခု
ဖြစ်ခဲ့ပါတယ်။
အဲဒီမှာတင် ငြိမ်ငြိမ်
မနေတတ်တော့တဲ့
ကျွန်မ
ဦးနှောက်တွေက
ယယ်စဉ်က
တိတ်တဆိတ်
ဝါသနာပါခဲ့ဖူးသော
ဆန္ဒတစ်ခုကို
အကောင်အထည်
ဖော်ရန် စိတ်ကူးများ
ရလာခဲ့ပြန်ပါတယ်။
ထိုအရာကတော့
ကျွန်မရဲ့ ရင်ထဲမှာ
စာရေးချင်တဲ့စိတ်တွေ
ဖြစ်ပေါ်လာရခြင်းပါ။
မြင်တွေ့
ကြုံဆုံခဲ့ရသော
အကြောင်းအရာများကို
အခြေတည်ပြီး
ပရိသတ်များလည်း
ဖတ်ချင်စဖွယ်
ဖြစ်အောင်
ဝတ္ထုစာအုပ်တစ်အုပ်ကို
ကြိုးကြိုးစားစား



ရေးသားထုတ်ဝေဖို့အတွက်
အချိန်တွေတော်တော်များများကို
ပေးခဲ့ရပါတယ်။
စာရေးတယ်ဆိုတဲ့နေရာမှာလည်း
ကျွန်မက တိတ်ဆိတ်အေးချမ်းတဲ့
နေရာကိုသာ ရွေးချယ်ကာ စိတ်များကို
ဒီစာအုပ်ထဲမှာပဲ ပုံအော နှစ်မြုပ်ပြီး
ဖန်တီးချင်ခဲ့ပေမယ့်
တကယ်တမ်းမှာတော့ လုံးဝကို
မလွယ်ကူခဲ့ပါ။ ကားရိုက်တွေကလည်း
စဉ်ဆက်မပြတ်ရှိနေသေးတာမို့
ဟိုဘက်ဒီဘက် အာရုံတွေက
ခုန်ကူးနေခဲ့ရသည်။
ကျွန်မ စာအုပ်ရေးပြီးတဲ့အချိန်မှာ
စာအုပ်နာမည်ကို "ကျွန်မချစ်ခဲ့ဖူးသော
ယောကျ်ားများအကြောင်း" ဆိုပြီး
ခေါင်းစဉ်တပ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း
ဦးဝင်းငြိမ်းက ဒီနာမည်နဲ့
တူသောစာအုပ်တစ်အုပ်
စာပေစိစစ်ရေးမှာတောင် တင်ထားပြီးပြီ
ပြောတဲ့အတွက် တိုက်တိုက်ဆိုင်ဆိုင်
နာမည်လာတူမှုကို အံ့ဩရင်း
ကိုယ့်စာအုပ်ကို ဘယ်လို
နာမည်ပြောင်းရမလဲ စဉ်းစားရင်း
ဦးနှောက်ခြောက်ခဲ့ရပါသေးတယ်။
ကျွန်မ ရေးဖြစ်ခဲ့တဲ့ ဝတ္ထုအကြောင်း
အရာက မိန်းမတစ်ယောက် ချစ်ခဲ့ဖူးတဲ့
ယောကျ်ားလေးယောက်ကို အခြေခံပြီး
အဲဒီယောကျ်ားတွေရဲ့မိန်းမတွေက
သူတို့ယောကျ်ားတွေအကြောင်း
ပြန်ပြောပြတဲ့ပုံစံမျိုး ရေးထားခဲ့ပါတယ်။
(ပထမဆုံး ရေးတဲ့ ဝတ္ထု ဖြစ်ခဲ့လို့လား
မသိပါဘူး။ နောက်ပိုင်း ကြုံလို့
ပြန်ဖတ်ကြည့်ဖြစ်တိုင်း
စိတ်တိုင်းမကျစရာတွေကြီး
တွေ့ရပါတယ်။)
ကျွန်မရဲ့ပထမဆုံး စာအုပ်နဲ့ပတ်သက်လို့
အတွေ့အကြုံ၊ အခက်အခဲတွေနဲ့
ဗဟုသုတ အတော်များများလည်း
ရခဲ့ရပါတယ်။ စာအုပ်တစ်အုပ်
ဖြစ်တည်ဖို့အတွက် ကျွန်မကို
ကူညီပံ့ပိုးခဲ့တဲ့သူတွေထဲကမှ အစအဆုံး



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

အလုပ်ရှုပ်ခံပြီး ကူညီပေးခဲ့တဲ့သူကတော့ 'ဦးဝင်းငြိမ်း' ပါပဲ။

ကျွန်မ ရှေ့ပိုင်းမှာ ပြောခဲ့ဖူးပါတယ်။ ဦးဝင်းငြိမ်းတို့၊ ဦးမြတ်ခိုင်တို့ဆိုတာတွေဟာ ကျွန်မ မင်းသမီးဖြစ်ကာစက ကျွန်မကို အချိုးမပြေဘူးဆိုပြီး အတော့်ကို ကြည့်မရခဲ့တာပါ။ နောက်ပိုင်း ကျွန်မရဲ့စိတ်နေသဘောထားကို နားလည်လာတဲ့အခါမှာတော့ ကျွန်မတို့ဟာ စာနယ်ဇင်းဆရာနဲ့ မင်းသမီးတစ်ယောက်ရဲ့ ဆက်ဆံရေးမျိုး မရှိကြတော့ဘဲ ဆွေမျိုးသားချင်းတွေလို ရင်းနှီးကျွမ်းဝင်ခဲ့ကြပါတယ်။ အထူးသဖြင့် ကျွန်မအကြောင်း တော်တော်များများ သိထားတဲ့ ဦးဝင်းငြိမ်းဆို ကျွန်မကို အင်တာဗျူးမယ့်ကိစ္စဆိုရင် အတတ်နိုင်ဆုံး ရှောင်ခဲ့ပါတယ်။ လိုအပ်မှသာလျှင် ကျွန်မနဲ့ တွေ့ဆုံခဲ့တာပါ။ ဦးဝင်းငြိမ်းက ကျွန်မရဲ့အလုပ်ကိစ္စများအပြင် ကျွန်မရဲ့ Personal အကြောင်းအရာများကိုပါ ထဲထဲဝင်ဝင် သိရှိနားလည်ပေးနိုင်ခဲ့တဲ့သူတစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။

ဝတ္ထုစာအုပ် ပရိသတ်လက်ထဲ ရောက်ရှိသွားတဲ့အချိန်မှာ ဝေဖန်၊ အကြံပေးစာ တော်တော်များများလည်း ရခဲ့ပါတယ်။ ကျွန်မရေးတဲ့ စာအုပ်ကို အစအဆုံးဖတ်ရှု ဝေဖန်ကြတဲ့ ပရိသတ်များကိုလည်း ကျေးဇူးတင်လေးစားမိပါတယ်။ လူအတော်များများက ကျွန်မ စာအုပ်ထဲက ဇာတ်ကောင်ယောကျ်ားများနဲ့ ပတ်သက်လို့ ဒီလူက ဟိုတစ်ယောက်များလား၊ ဒီတစ်ယောက်ကတော့ ဟိုလူ့ကိုများ ရည်ရွယ်သလား၊ ဘာညာနဲ့ တောင်တောင်အီအီ တွေးတော ကောက်ချက်ချပါတော့တယ်။ အဲဒါတွေနဲ့ပတ်သက်လို့ အခုကြုံတုန်း ရှင်းပြရရင် ဝတ္ထုထဲက ယောကျ်ားတွေအားလုံးဟာ ကျွန်မချစ်သူတွေ မဟုတ်ခဲ့သလို (ထွင်း)ဆိုတဲ့ အမျိုးသမီးဟာလည်း ကျွန်မ မဟုတ်ပါဘူး။ ဒါပေမယ့်လည်း အဲလို




ကျွန်မ၏ ပထမဆုံး လုံးချင်းဝတ္ထုစာအုပ်။

**ကိုယ်ချစ်ခဲ့တဲ့ယောကျ်ားတွေဟာ**
**ကိုယ့်ကို မြတ်မြတ်နိုးနိုးနဲ့ တကယ်လည်းချစ်ခဲ့ကြသလို**
**ကိုယ့်ကို တစ်ယောက်တည်းထားပစ်ခဲ့ဖို့ကိုလည်း**
**ဘယ်သူကမှ ဝန်မလေးခဲ့ကြဘူး။**

## 'ထွင်း'

ပုံပန်းသဏ္ဌာန်၊ သွင်ပြင်လက္ခဏာတွေရှိတဲ့ လူတွေကိုတော့ ကျွန်မအမြင်မှာ တွေ့ဖူးခဲ့ရင်း ကျွန်မ သဘောကျတဲ့ ကာရိုက်တာလေးတွေကို ဆွဲယူ ပြင်ဆင်ပြီး ဖန်တီးခဲ့တာပါ။ အကြောင်းအရာတွေအားလုံးကလည်း မှန်တာတွေကိုကော၊ မမှန်တာတွေကိုကော ရောနှောပြီး ရေးထားခဲ့တာပါ။ ဒီတော့ (အချစ်စစ်စစ်များ)ဆိုတာ တခြားသော ဝတ္ထုစာအုပ်များလိုပဲ သာမန်ဝတ္ထုစာအုပ်တစ်အုပ်ဖြစ်ကြောင်းနဲ့ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာအကြောင်းတွေချည်းပဲ လုံးလုံးလျားလျား မဟုတ်ကြောင်း ကျွန်မ ပြောပြချင်ပါတယ်။ စာအုပ်မထွက်ခင်မှာ စာနယ်ဇင်းဆရာများနဲ့ (အချစ်စစ်စစ်များ)အကြောင်းကို အင်တာဗျူး လုပ်ဖြစ်ပါသေးတယ်။ ကျွန်မရဲ့ ပထမဆုံး လုံးချင်းစာအုပ်ဖြစ်တဲ့ အတွက် ဦးဝင်းငြိမ်းနဲ့ ဦးမြတ်ခိုင်က လုပ်သင့်ကြောင်း တိုက်တွန်းခဲ့သလို ကျွန်မကိုယ်တိုင်ကလည်း လုပ်ချင်တဲ့ဆန္ဒရှိတဲ့အတွက် လုပ်ဖြစ်ခဲ့တာပါ။ အဲလို စာနယ်ဇင်းဆရာများရဲ့ ပံ့ပိုးပေးမှုကြောင့်လည်း ကျွန်မရဲ့စာအုပ်က အောင်မြင်ခဲ့ရတာပါ။ ကျွန်မ စာအုပ်ပုံစံကို ဦးမီးပွားက နမူနာပြသ အကြံပေးခဲ့ပြီး မျက်နှာဖုံးပန်းချီကိုတော့ ကျွန်မနှင့် ခင်မင်ရင်းနှီးသော ကိုနေမျိုးဆေးက ရေးဆွဲပေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ကတည်းက အိုက်တင် အလွန်များသော
'ဒါဒါ' အမူအရာ



ကျွန်မ ညီမလေးဟာ ငယ်ငယ်က
သနားစရာကောင်းအောင်
ရုပ်ကလေး ဆိုးရှာပေမယ့် အင်မတန်တော့
ချစ်စရာကောင်းခဲ့ပါတယ်။

အဲဒီကာလအတွင်းမှာပဲ ကျွန်မရဲ့ အငယ်ဆုံး ညီမထွေးလေး မဒါဒါဟာ အရွယ်ရောက်လို့ လာပါတယ်။ တစ်ရက်တော့ ကျွန်မအိမ်ကို ဦးကျော်ဟိန်းနဲ့ ဗီဒီယိုကားတစ်ကား ရိုက်နေတဲ့အချိန်မှာ ဒါဒါအပြင်က ပြန်လာတာနဲ့ ဆုံးပါတယ်။ အဲဒီမှာတင် ဦးကျော်က ဒါဒါ့ကို သူ့ဇာတ်ကားတစ်ခုမှာ ခေါ်သုံးဖို့အတွက် အာရုံရသွားခဲ့ပါတယ်။ ဒီတုန်းက ဒါဒါ ဆယ်တန်းအောင်ပြီးကာစ အချိန်ပါ။ သူငယ်ငယ်တုန်းက ပင်လယ်ထဲမှာ ရေအရမ်းကူးခဲ့လို့လားတော့ မသိဘူး။ ကြီးလာတော့ သူ့အရပ်က ၅ ပေ ၈ လက်မလောက်ထိ မြင့်ခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ စင်ကာပူက Model Show တစ်ခု Summit မှာ လာလုပ်တဲ့အချိန်၊ ကျွန်မ သူ့ကို ဝင်ပြိုင်ဖို့ ဖွတ်အတင်းတိုက်တွန်းတာနဲ့ သူ့ခမျာ ပြိုင်ပွဲဝင်ဖို့အတွက် စိတ်မပါလက်မပါ ပြင်ဆင်နေတဲ့အချိန်ပါ။ ဒါဒါက ကျွန်မထက်တောင် အနုပညာစွမ်းအား ပိုကြီးတယ်လို့ ဆိုရပါမယ်။ အဲဒီနှစ်က ဦးကျော်နဲ့ ကားစရိုက်ဖြစ်သလို မော်ဒယ်လ်ပြိုင်ပွဲမှာလည်း တတိယနေရာ ချိတ်ခဲ့ပါတယ်။ နောက် ကိုလွင်မိုးနဲ့ ဦးမီးပွား ရိုက်ပေးခဲ့တဲ့ Star Cola ကြော်ငြာလေး တစ်ခုကလည်း အရမ်းကို အောင်မြင်သွားခဲ့ပြီး ဒါဒါ့ကို လူတွေ တော်တော်များများ သတိထားမိသွားကြပါတယ်။



နန်ယန်
ကျောင်းသူဘဝ



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

ကျွန်မရှေ့မှာ ပြောခဲ့တဲ့အတိုင်း
ဒါဒါက ငယ်ငယ်ကတည်းက
ကျွန်မထက်တောင်
အနေအေးခဲ့တဲ့သူပါ။
အပျို့ရွယ်လေးဖြစ်လာတဲ့ အထိ
သူ့အစ်ကိုရဲ့ Control အောက်မှာ
လိမ်လိမ်မာမာနေခဲ့သူလေးပါ။
အစ်ကိုလုပ်တဲ့သူက
သူ ဆယ်တန်းအောင်သွားတဲ့အထိ
ကျောင်း၊ ကျူရှင် အကြိုအပို့ကအစ
ညီမလုပ်သူရဲ့ ဝေယျာဝစ္စမှန်သမျှကို
အားလုံးတာဝန်ယူပေးခဲ့တာမို့
သူတို့မောင်နှမက အတော့်ကို
စည်းလုံးခဲ့ကြပါတယ်။
ဒါဒါ မင်းသမီးလုပ်တော့မှ
အစ်ကိုလုပ်တဲ့သူနဲ့ သူ
သိပ်မတွဲဖြစ်ကြတော့တာပါ။
ဒါဒါ သရုပ်ဆောင်စလုပ်တဲ့အချိန်မှာ
ဘာတစ်ခုမှ ကျွန်မ သူ့ကို
push မလုပ်ပါဘူး။
အထူးသဖြင့်
သူ့ရဲ့သရုပ်ဆောင်မှုအပိုင်းနဲ့ ပတ်သက်လို့
ပိုပြီး ကျွန်မ ဝင်ရောက်မစွက်ဖက်ခဲ့သလို
ဝေဖန်တဲ့ကိစ္စတွေလည်း မလုပ်ခဲ့ပါဘူး။
ကျွန်မ သူ့ကို သင်ပေးခဲ့တာဆိုလို့
တစ်ခုပဲရှိခဲ့ပါတယ်။ အဲဒါကတော့
'လူမှုရေး' အပိုင်းပါပဲ။
အနုပညာလောကထဲကို ဝင်ရောက်ဖို့
ဆုံးဖြတ်ပြီးပြီဆိုရင်
လူမှုရေးကဏ္ဍဟာ
ဘယ်လောက်အရေးကြီးတယ်ဆိုတာကို
သူ့ကို သိစေချင်ခဲ့တယ်လေ။
ကျွန်မတုန်းက
လမ်းညွှန်ပေးမယ့်သူ မရှိခဲ့တော့
ကျွန်မ စိတ်ထဲရှိတဲ့အတိုင်း
ပရိယာယ် မပါဘဲ
ပြောဆိုနေထိုင်ခဲ့တာတွေကြောင့်
လူအတော်များများက
ကျွန်မဟာ
ဘုဂလန့် ဌပြောကြီးဆိုပြီး
ပေါင်းသင်းဆက်ဆံရေး ညံ့သူအဖြစ်
အချိန်အတော်ကြာကြာကြီးကို
သတ်မှတ်ခြင်းခံခဲ့ရပါတယ်။


ကျွန်မကို
မျက်စိနောက်ခဲ့ဖူးသော
အခ်ိပတိနှစ်ဦး




ဒါဒါ၏မွေးနေ့ပွဲတစ်ခုမှာ တွေ့ရသော
ဦးကျော်တို့ ဇနီးမောင်နှံ




www.burmeseclassic.com


www.burmeseclassic.com




*Summit Parkview* မှာ ပြုလုပ်တဲ့ *Model Show* မှာ ဒါဒါက တတိယနေရာ ရခဲ့ပါတယ်။
ဒါဒါရဲ့အနုပညာလမ်းအစဟာ *Model girl* ဘဝကနေ စတင်ခဲ့တာပါ။ သာမန်အရပ်ကျော့[illegible]ဘဝက[illegible]*el girl* လေးဖြစ်ပြီး ရုပ်ရှင်မင်းသမီးလေးတစ်ယောက် ဖြစ်ခဲ့တဲ့ သူမဘဝလေးက အခက်အခဲ၊ အတားအဆီးကို ပင်ပင်ပန်းပန်း မကျော်ဖြတ် ခဲ့ရတာမို့ သူမဟာ ကံကောင်းသူလေးပါပဲ။



*Model Dar Dar* ၏ လူကြိုက်များသော ဆံပင်ပုံစံနှင့် *Star Cola* အင်္ကျီဖက်ရှင်





www.burmeseclassic.com

www.burmeseclassic.com



ဒါဒါနဲ့ သူမ သူငယ်ချင်းများ စုပြီး Model ခေတ်ဦးကာလမှာ Agency တစ်ခု ထောင်ခဲ့ပါသေးတယ်။
ဒါပေမယ့်လည်း အားလုံးက လုပ်ငန်းခွင် အသီးသီး ဝင်ဖြစ်ခဲ့ကြတာမို့ သိပ်ကြာကြာ မလုပ်နိုင်ခဲ့ကြပါဘူး။



ဒါဒါ
Show လျှောက်စဉ်က
Fashion ပုံစံများ



www.burmeseclassic.com

www.burmeseclassic.com



မြတ်ရွှေဝါ၊ ပပဝင်း၊ ဒါဒါနှင့် အေးသီတာ











www.burmeseclassic.com

www.burmeseclassic.com




တောင်ကြီးတွင် သွားရောက် ရိုက်ကူးစဥ် ဦးစင်ရော်၊ အမေခန်း၊
အမေ တင်တင်လှ၊ အစ်ကို၊ ကိုရဲ၊ ဒါဒါတို့နှင့် အမှတ်တရ



လေဆိပ်ထဲတွင် လေးယောက်သား
တိုးတိုးကျိတ်ကျိတ် လုပ်နေစဥ်
ကလျာက အမှတ်တရ ရိုက်ထားခဲ့ဟန်



ကိုမိုးနှင့် ကြော်ငြာတစ်ခုတွင် တွေ့ရသော



ကျွန်မနှင့်အတူ တွဲရိုက်ခဲ့သော
ကြော်ငြာတစ်ခု



ကိုရာဇာနှင့်



ကိုစိုးသူ၏ သီချင်း ဗီစီဒီတွင်
ဒါဒါနှင့် ကိုစိုးသူကို တွေ့ရစဥ်

www.burmeseclassic.com

www.burmeseclassic.com





လေဆိပ်သတွင်
ကိုရဲ၊ ဒါဒါနှင့် ဂျူဂျူ






ရှိုးပွဲတစ်ခု၌
ကန့်လန့်ကာ နောက်ကွယ်တွင်





ကိုလူမင်းနှင့်

www.burmeseclassic.com



ဒါဒါနှင့်ယောင်ပေစူးလေးများ

ဒါဒါ့မှာ ချစ်စရာကောင်းတဲ့အချက်တွေ တော်တော်များများထဲမှာ ကျွန်မ ပြောပြချင်တဲ့ ချစ်စရာကောင်းတာလေးတစ်ခုကတော့ ကလေးတွေကို ချစ်တတ်ခြင်းပါပဲ။ အိမ်မှာ သူ အငယ်ဆုံးဆိုပေမယ့် ကလေးတွေနဲ့ ပတ်သက်လာရင် ဘယ်လိုအဆင့်အတန်း က, ကလေးမဆို ဒါဒါက ချစ်တတ်တဲ့နေရာမှာ မယ်သီလရှင် ပီစီလေးတွေတောင် မလွတ်ပါဘူး။ ရုပ်ရှင်လောကထဲက မင်းသား၊ မင်းသမီးတွေရဲ့ ကလေးမှန်သမျှကလည်း ဒါဒါ့လက်ပေါ်က မဆင်းကြပါဘူး။ ကလေးချီထားရင်လည်း အချိန်ဘယ်လောက်ကြာကြာ သူ လက်မညောင်းပါဘူး။ အဲလို သူ ကလေးချစ်တတ်တဲ့ အပြုအမူလေးဟာ သူ့ရင်ဘတ်ထဲမှာ ရှိနေတဲ့ စိတ်ကောင်းကလေးကို ပုံစံတစ်မျိုးနဲ့ ဖွင့်ဟပြထားသလိုပါပဲ။ အဲဒါကြောင့်လည်း အနုပညာလောကထဲက လူအားလုံးက သူ့ကို ကလေးတစ်ယောက်လို သဘောထား ဆက်ဆံကြပြီး ချစ်ကြ၊ ခင်ကြ၊ ကြင်နာခဲ့ကြပါတယ်။



ဒါဒါနှင့် သူ့အချစ်တော် မယ်သီလ သေးသေးလေးများ




ဒါဒါနှင့် ကိုလွင်မိုး သမီးအကြီးမဒွေး အား ဖွေ့ရစ်



www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါး၏
အေးမြသော မေတ္တာရိပ်အောက်က
ငြိမ်းချမ်းခဲ့သော သမီးထွေးလေး



ကိုကင်းနဲ့ ကိုမြင့်သိန်း



ဒါဒါ့ကို ချစ်ကြသော
လူရွှင်တော်များနှင့် ဒါဒါ

ကျွန်မအဖေနဲ့အမေကလည်း
အငယ်ဆုံး သမီးထွေးလေးကို
သူတို့နဲ့ အချိန်အကြာဆုံးနေမယ့်
သူလို့ စဉ်းစားသတ်မှတ်ခဲ့ကြပါတယ်။
ဒါဒါဟာ
ကလေးစိတ်မကုန်ခင်မှာ
မင်းသမီး ဖြစ်ခဲ့ရလို့လား?
ဒါမှမဟုတ် အငယ်ဆုံး သမီးပဲ
ဖြစ်ခဲ့ရလို့လား မပြောတတ်ပါဘူး။
ဒီနေ့အချိန်ထိ ကျွန်မကို ဆက်ဆံတာတောင်
ကလေးဆန်နေဆဲပါ။
သူ စကားပြောရင် ရယ်သံလေးများနဲ့
ချိုချိုလွင်လွင် ပြောတတ်ပြီး
တစ်ခါတလေ စကားတောင် မပီပါဘူး။
တစ်ခါကလည်း
သူက ကျွန်မ မျက်နှာကို ကြည့်ပြီး
(ငါနိုးမကြီး)လို့
၂ ခါလောက် ဆက်ခေါ်တော့ ကျွန်မနားထဲ
အတော့်ကို ထော်လော်ကန့်လန့်
ဖြစ်သွားခဲ့ပါတယ်။
တကယ်တော့ သူက
(ငါ့တို့မကြီး)လို့
ခွဲပြီး ခေါ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com


ဒါဒါ အောင်မြင်တာဟာ
ကျွန်မထက်တောင် မြန်ဆန်ပါသေးတယ်။
သူ ရုပ်ရှင်မင်းသမီးဖြစ်တော့
ကိုယ်ပိုင်ကားနဲ့ ကိုယ်ပိုင်ဟဲန်းဖုန်းနဲ့
တင့်တင့်တယ်တယ် သွားနိုင်ပါတယ်။
ကျွန်မ မင်းသမီးဖြစ်ကာစတုန်းကလို
သူ ရှူတင်ကား မစီးခဲ့ရပါဘူး။
ကူညီပံ့ပိုးပေးတဲ့သူတွေကလည်း
တပုံတပင်နဲ့ပါ။ သူ့ပင်ကိုစရိုက်ကိုက
ချစ်စရာကောင်းတဲ့အတွက်
လူအများစုကလည်း သူ့ကိုချစ်ကြပါတယ်။
ကျွန်မစိတ်ထဲမှာတော့
သူ့ကို လူတွေ ချစ်ကြတာကို
ကျွန်မကို ချစ်တာထက်တောင်
ပိုပြီး ပီတိဖြစ်ခဲ့ရတာပါ။
စစချင်းတုန်းက ဒါဒါ့ကို
ကလေးအိုက်တင်လောက်ပဲ
လုပ်တတ်တာပါလို့ လူတွေအားလုံးက
သတ်မှတ်ခဲ့ကြပေမယ့်
အချိန်ကြာလာတာနဲ့အမျှ ဒါဒါ့၏အနုပညာ
အရည်အသွေးသည်လည်း
ခေသူမဟုတ်ကြောင်း အားလုံးလိုလို
လက်ခံလာကြပါတယ်။
ကျွန်မရှေ့မှာ ပြောခဲ့ပါတယ်။
လူမှုရေးကိစ္စမှ လွဲ၍ သူ့ကို ဘာအိုက်တင်မှ
မသင်ပေးခဲ့ဘူး ဆိုတာလေ။
အဲလို မသင်ပေးခဲ့ဘဲ သူ လုပ်တတ်သလို
လုပ်ပါစေဆိုပြီး လွှတ်ပေးခဲ့တဲ့အတွက်
ဒါဒါဟာ စိုးမြတ်သူဇာညီမဆိုပေမယ့်
ရုပ်ချင်းသာ တူချင်တူကြမယ်။
သရုပ်ဆောင်ခြင်း အတတ်ပညာမှာတော့
ကျွန်မနဲ့ ကွဲပြားခြားနားစွာ
သူ့ပင်ကို အမူအရာနဲ့ အောင်မြင်စွာ
သရုပ်ဆောင်နိုင်ခဲ့ပါတယ်။
ကျွန်မ လောင်းရိပ်
သူမမိခဲ့တဲ့အတွက်လည်း သူ
ဒီလိုရပ်တည်နိုင်တာပါ။
နောက်တစ်ခုကတော့ သူနဲ့ ကျွန်မ
အဲလိုကိုယ်ပိုင်ဟန် အသီးသီး ရှိခဲ့လို့လည်း
ညီအစ်မနှစ်ယောက်လုံး
အနုပညာလောကထဲမှာ
တစ်ချိန်ထဲ အောင်မြင်မှု ရရှိခဲ့တယ်လို့
ကျွန်မတော့ ယုံကြည်တယ်လေ။



လူတိုင်းကလည်း ကျွန်မတို့ကို ကြည့်ပြီး ညီအစ်မနှစ်ယောက်
အနုပညာလောကမှာ တစ်ပြိုင်တည်း အောင်မြင်ဖို့ဆိုတာ ခက်ခဲသလို
ရှားလည်း ရှားတယ်လို့ မှတ်ချက်ချခဲ့ကြပါတယ်။
ကျွန်မတို့မိသားစုမှာ ဒါဒါ့ဝင်ငွေလည်း ရှိလာပြီဆိုတော့ ကျွန်မလည်း
အလုပ်ကို သက်သက်သာသာလုပ်လို့ အခွင့်အရေးရလာတဲ့အချိန်မှာ
ရင်ထဲမှာ ကိန်းအောင်းထားတဲ့ ဆန္ဒတစ်ခုကို ကျွန်မ
အကောင်အထည်ဖော်ခဲ့ပါတယ်။ ကျွန်မ မယ်သီလရှင် (၁၈) ရက်
ဝတ်ခဲ့ပါတယ်။ အမေကတော့ ကျွန်မဆံပင်တွေအတွက်
နှမြောမဆုံးပါ။ ကျွန်မမှာ အမေ့ကို လူတောင် တစ်နေ့ သေရဦးမှာ။
ဒီဘာမဟုတ်တဲ့ ဆံပင်ကို မစွဲလမ်းဖို့ ပြောပြရပါတယ်။
အမေကလည်း မခံပါဘူး။ နင်က မင်းသမီးမို့ နှမြောတာပေါ့။
ဆံပင်ဆိုတာ အညွန့်တလူလူ တက်နေတာနဲ့ အတူပဲ။
အောင်မြင်နေတဲ့အချိန်မှာ ဒီဆံပင်ကြီး ဖြတ်စရာလား၊ ဘာညာနဲ့
နားပူခဲ့ပါတယ်။ အမေ့စကားက ကျွန်မ ဒီဆံပင်တွေ
မရှိတော့တာနဲ့ဘဲ ကျွန်မဘဝရဲ့ အောင်မြင်မှုတွေ အားလုံး
ဆုံးရှုံးသွားတော့မယ့် အတိုင်းပါပဲ။ ကျွန်မကလည်း တစ်သက်မှာ
တစ်ခါတော့ သီလရှင်ဝတ်ကြည့်ဖို့ ဆုံးဖြတ်ထားခဲ့ပြီးသားလေ။
ကျွန်မ မင်းသမီးဖြစ်နေတဲ့အတွက် အချိန်က ရွေးရခက်ခဲ့တာပါ။
မယ်သီလရှင် ဝတ်တာဟာ ဘာမှ အပန်းမကြီးသလို ခက်ခဲတဲ့ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တဲ့အပြင် ကောင်းမြတ်တဲ့ ကိစ္စတစ်ခုကို လုပ်ခြင်းပါ။ ဒီအချိန်မှာမှ ကျွန်မ ဒါကို မလုပ်ဖြစ်ခဲ့ရင် နောင်ကို ပိုမလွယ်ဘူးလို့ ကျွန်မ ကြိုသိနေတဲ့အတွက် ၁၉၉၈ ခု စက်တင်ဘာလအတွင်းမှာပဲ ကျွန်မ မရရအောင် သီလရှင်ဝတ်ခဲ့ပါတယ်။ နီးနီးနားနား ကျွန်မ အိမ်နဲ့ မျက်စောင်းထိုးက ရွှေမြို့င်သီရိသီလရှင်ကျောင်းမှာပါ။ ဝတ်ချင်တဲ့အချိန် ကောက်ကာငင်ကာ ဝတ်လို့ရအောင် သီလရှင်ဝတ်စုံတွေကို အစောကတည်းက ကြိုတင် ချုပ်ထားခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်မတွေးထားခဲ့တဲ့အတိုင်းပါပဲ။ (အဲဒီတုန်းကသာ မဝတ်ဖြစ်ခဲ့ရင်) ခုချိန်ထိ သီလရှင် နောက်တစ်ခါ ဝတ်ဖို့ ကြိုးစားကြည့်နေတာ မအောင်မြင်သေးပါဘူး။

သီလရှင်ဝတ်တော့မှပဲ သီလရှင်တွေရဲ့ အေးငြိမ်းမှုကို လက်တွေ့ကျကျ သိမြင်ခဲ့ရပါတယ်။ အိမ်နဲ့နီးပေမယ့် အိမ်ကိုလည်း ကျွန်မ ထမင်းမပို့ခိုင်းခဲ့သလို ခဏခဏလည်း မလာစေခဲ့ပါဘူး။ တခြားသီလရှင်တွေလိုပဲ တန်းတူနေထိုင်ခဲ့ပါတယ်။ ကျွန်မစိတ်တွေ၊ အာရုံတွေ ဘယ်လောက်များပြားပြီး ရှုပ်ထွေးနေတယ်ဆိုတာကို ကျွန်မ သိခွင့်ရခဲ့တယ်။ စက္ကန့်နဲ့အမျှကို ကျွန်မစိတ်တွေက တောင်ရောက်မြောက်ရောက်နဲ့ ကြောက်စရာ ကောင်းလောက်အောင်ကို ဂဏာမငြိမ်ဖြစ်ခဲ့တာမလား! တရားမှတ်တာ နောက်ထားပြီး ကိုယ့်စိတ်ကိုယ် အရင်တည်ငြိမ်အောင် လုပ်ရမယ်။ အတွေးကိုဖြတ်၊ စိတ်ကို မှတ်ရမယ်ဆိုတာကို သဘောပေါက် လာခဲ့တယ်။ အဲဒါကြောင့် ယနေ့ တရားအားထုတ်နေသူအားလုံးကို ကျွန်မ လေးစားရပါတယ်။ သူတို့စိတ်တွေ ငြိမ်းအေးနေကြမှာပဲလို့ တွေးဆရင်း ကြည်ညိုရပါတယ်။ ကျွန်မ မလုပ်နိုင်သေးတဲ့ မြင့်မြတ်မှုတစ်ခု လုပ်နေတဲ့သူတိုင်းကို ကျွန်မ အထင်ကြီးမိပါတယ်။ သီလရှင်ဝတ်ခဲ့ခြင်းဟာ ကျွန်မဘဝလုပ်ဆောင်မှုတွေထဲက အမှန်ကန်ဆုံးကိစ္စတစ်ခုထဲမှာ ပါဝင်ခဲ့ပါတယ်။ (အမေဆိုရင် အခု အသက် ၅၀ ကျော်နေပါပြီ။ သူ တစ်ခါမှ သီလရှင် မဝတ်ဖူးခဲ့ပါဘူး။ နောင်ဆိုတာကလည်း သူ့အတွက် မလွယ်တော့သလို သေလည်း မသေချာတော့ပါဘူး)



www.burmeseclassic.com

www.burmeseclassic.com



စင်ရော်မောင်မောင် ရိုက်ကူးသော ကရဝိက် နန်းတော် ကြေးငြာတွင် ကိုရန်အောင်၊ မဆော့၊ နိုင်သင်းကြည်တို့နှင့်။

သီလရှင်ကထွက်ပြီး
ခေါင်းတုံးဆံပင်ပေါက်
နဲ့ကို ဗီဒီယိုတွေ
ရိုက်ခဲ့ပါတယ်။
တစ်သက်လုံး
ဆံပင်ရှည်နဲ့
နေလာခဲ့တာမို့
ခေါင်းတုံးဆံပင်က
ကျွန်မအတွက်
ထူးခြားတဲ့ခံစားမှု
တစ်ခုဖြစ်ပြီး
ပေါ့ပေါ့ပါးပါးနဲ့
အတော့်ကို နေလို့
ကောင်းခဲ့တာပါ။
(အဲဒီအရသာကို
သဘောကျတဲ့အတွက်
ကနေ့အထိ
(ခေါင်းတုံးနဲ့တော့
မနေဘူးပေါ့လေ)
ဆံပင်အရှည်
ပြန်မထား
ဖြစ်တော့ပါဘူး။
ဆံပင်တိုတိုနဲ့
နေရတဲ့ဖီလင်ကို
ကျွန်မအတော်
သဘောကျ
သွားခဲ့ရပါတယ်)



ခေါင်းတုံးဆံပင်နဲ့ ဇာတ်ကား
တော်တော်များများ ရိုက်ကူးဖြစ်ခဲ့ပါတယ်။





ကိုကျော်သူ ကိုယ်တိုင် ရိုက်ကူးခဲ့သော (အတွေ့)ရုပ်ရှင် ဇာတ်ကားရိုက်ကူးစဉ်
ပုပ္ပါးတွင် အမှတ်တရ။ (ဆံပင်တိုနှင့်ဆံထုံး ထုံးထားခြင်း)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှေ့ဆုံးမှာ ပြောခဲ့ဖူးပါတယ်။ ကျွန်မ အရွယ်ရောက်ကတည်းက ကောလာဟလမျိုးစုံနဲ့ ရင်ဆိုင်ခဲ့ရတယ် ဆိုတာလေ။ ကျွန်မကိုက သူများ ပြောချင်ဆိုချင် ဖြစ်နေခဲ့တာတော့ ကျွန်မ ကုသိုလ်ကံပါပဲ။ ကိစ္စတစ်ခုခုဆို ကျွန်မဘက်က ဘယ်လောက်ကြီးပဲ မှန်နေပါစေ။ မှားတယ်လို့ အပြောခံရတာက အရင်ပါပဲ။ နောက်မှသာ မှန်ပါတယ် ဆိုတာကို တိုးတိုးတိတ်တိတ် လက်ခံချင် လက်ခံကြမယ်။ လောလောဆယ်မှာ အပြောခံလိုက်ရတာကတော့ ရင်ထဲမှာ နင့်ကနဲ နေအောင်ပါပဲ။

ကျွန်မ Life ကို ရိုးရိုးနဲ့အေးအေး ဖြတ်သန်းဖို့သာ စိတ်ကူးတွေ ရှိခဲ့ပေမယ့် အခြေအနေနဲ့ အချိန်အခါအရ ကျွန်မ ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်လာခဲ့တဲ့အတွက် ကျွန်မ အသက်နဲ့အမျှ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲ၊ ပြဿနာနဲ့ ဒုက္ခအမျိုးမျိုးတို့က ကျွန်မတို့ ငယ်ငယ်ရွယ်ရွယ်နဲ့ ရင့်ကျက်မှုတွေ ရစေခဲ့တယ်လို့ ကျွန်မပြောခဲ့ဖူးပါတယ်။

နဂိုကတည်းကမှ ကျွန်မက ကိုယ့်ခံစားချက်နဲ့ကို ဘေးလူ မပြောနဲ့ မိသားစုတောင် သိစေချင်တဲ့သူ မဟုတ်ပါဘူး။ ရင့်ကျက်မှုတွေ



ရှိလာတဲ့အချိန်မှာတော့ ပိုလို့တောင် လျှို့ဝှက်တတ်လာပါတယ်။ အဲဒီထဲကမှ ပိုဆိုးတာက ကျွန်မက ချစ်သူနဲ့ပတ်သက်လာရင် ကိုယ်ဖြစ်ချင်တဲ့ဆန္ဒကို ထုတ်ဖော်ပြသဖို့ထက် သူဖြစ်ချင်တဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်တာပါပဲ။ အဲဒါထဲကမှ သူ့အတွက် ဖြစ်သင့်တာကို ကျွန်မ စဉ်းစား တိုက်တွန်းပေးတာပါပဲ။ ဒါကြောင့်လည်း ကျွန်မချစ်သူတွေက ကျွန်မကို တစ်ခါမှ သနားတဲ့စိတ် မဝင်ခဲ့ကြတဲ့အပြင် ကျွန်မသည်လည်း ဤလောကအလယ်တွင် မည်သူ့အကူအညီမှ မလိုဘဲ ကိုယ့်ဟာကိုယ် မားမားရပ်တည်နိုင်သည့် အလွန်တရာမှ မာရေကျောရေနိုင်သည့် မိန်းမတစ်ယောက်ဟု သတ်မှတ်ကာ ကျွန်မရင်ထဲ ဘာတွေများ ရှိနေမလဲဆိုတာကို အဖြေရှာကြည့်ဖို့ မစဉ်းစားကြတော့တာလည်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည်လည်း သူတို့
ဆုံးဖြတ်သွားသည့်အတိုင်း
နှုတ်ဆိတ်စွာ ရှေ့ကို ဆက်တိုးဖို့
နည်းနည်းလေးမှ
ထပ်မံမကြိုးစားဖြစ်တော့ဘဲ
ကျေကျေနပ်နပ်ကို လက်ခံဖြစ်ခဲ့ပါတယ်။
သူစိမ်းနှစ်ယောက်
သေတစ်ဖန်သက်တစ်ဆုံး
လက်တွဲကြရမည့်ကိစ္စတွင်
အိမ်ထောင်ဦးစီးဖြစ်သူ၏ဆုံးဖြတ်ချက်သည်
မည်၍မည်မျှ မှန်ကန်သင့်တော်မည်ဆိုတာကို
ကျွန်မက လေ့လာချင်နေခဲ့တာလေ။
အထူးသဖြင့်
ကျွန်မက ယောကျ်ား၏ ရှေ့မှာ
ကျော်ပြီး လျှောက်ချင်သူ မဟုတ်။
ယောကျ်ား၏အရိပ် အာဝါသအောက်မှာ
ငြိမ်ငြိမ်သက်သက်နေချင်တဲ့သူပါ။
ဒါပေမယ့်လည်း ဘေးပတ်ဝန်းကျင်
လူအများ၏ အမြင်မှာတော့
ကျွန်မပုံသဏ္ဌာန်က
ယောကျ်ားတွေအပေါ်မှာ
အနိုင်ယူ ခြယ်လှယ် လွှမ်းမိုးချင်သည့်
အနေအထားမျိုး ဖြစ်နေခဲ့တာကတော့
ကျွန်မ၏ ကုသိုလ်ပေါ့လေ…နော်။
တကယ်တော့ လူတွေကသာ ကျွန်မကို
စွတ်စက်ပြီး အထင်တွေကြီးနေခဲ့တာပါ။
ကျွန်မ အိမ်မှာကော
ကျွန်မပတ်ဝန်းကျင်မှာသာမက ယုတ်စွအဆုံး
ချစ်သူနဲ့တောင် ကျွန်မက လုံးဝဆို
လုံးဝသြဇာမရှိတဲ့သူပါ။ သူတို့တွေကို
ခြယ်လှယ်ဖို့နေနေသာသာ ကျွန်မကသာ
အရာရာကို အလျှော့ပေးခဲ့ရတယ်လို့
ပြောပြန်ရင် ဘယ်သူကမှကို
ယုံကြည်မှာမဟုတ်။ ဒါပေမယ့်လည်း
ကိုယ့်အနေအထားကို ကိုယ်သာလျှင်
အသိဆုံးပါလေ။
ကျွန်မကို မြင်ရသော အပြင်ပန်းသဏ္ဌာန်
ရုပ်သွင်နှင့် အတွင်းသဏ္ဌာန် မည်၍မည်မျှ
ကွဲပြားခြားသည်ဆိုတာကို သိရှိသော
သူလည်း တစ်ယောက်မှ ရှိလိမ့်မည်
မထင်ပါ။
ကျွန်မကသာ လူတိုင်းအပေါ်
နားလည်ပေးနိုင်သလောက်



ကျွန်မအပေါ်
နားလည်ပေးနိုင်တဲ့
သူ မရှိတာကလည်း
ကျွန်မကံပါပဲ။
ဒီအတွက် ငယ်စဉ်က
အလိုမကျစိတ်များ
ဖြစ်ခဲ့ရသော်လည်း
အသက်ကလေး ရလာတော့လည်း
ထိုစိတ်များ လွင့်ပျောက်ခဲ့ကြပါတယ်။
အခုကတော့
ဘာကိုမှ
မျှော်လင့်တဲ့စိတ်မရှိတော့တာပါပဲ။
မျှော်လင့်တဲ့စိတ်တွေ
လျှော့နည်းလာလေလေ
စိတ်ခံစားမှုများလည်း
သက်သာလေလေ ဖြစ်ခဲ့တာ။
တကယ့်ကို ကောင်းခဲ့တာပါ။
လိုချင်တာတွေ သိပ်များရင်
သိပ်ပင်ပန်းမယ်လေ။
ကျွန်မကမှ
အပင်ပန်း မခံချင်တော့တာကိုး။





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com







ဒါဒါ အနုပညာလမ်းကြောင်းပေါ်ကို ခြေလှမ်း စချကတည်းက အမေဟာ ဒါဒါရဲ့နောက်ကို တောက်လျှောက် လိုက်ခဲ့ရပြန်ပါတယ်။ ကျွန်မ နောက်ကိုတော့ ကျွန်မအဒေါ် အန်တီသီ (အမေ့ညီမ၊ စန္ဒီမြင့်လွင်အမေ)နဲ့ တစ်ခါတရံ ကလျာက တစ်လှည့်စီ အဖော်လိုက်ပေးကြပါတယ်။ အမေ ဒါဒါနောက် လိုက်တဲ့ အချိန်ဟာ ကျွန်မနောက် လိုက်ခဲ့ရတဲ့ ငယ်စဉ်က ကာလများလို စမ်းတဝါးဝါးနဲ့ မလည်မဝယ် အဒေါ်ကြီးတစ်ယောက် မဟုတ်တော့ပါဘူး။ တကယ့်ကို ဆရာမကြီးဖြစ်နေပါပြီ။ ဒါ့အပြင် သမီးနောက်လိုက်ရင်း သူ့အတွေ့ အကြုံတွေကို အားလပ်တဲ့ အချိန်တွေမှာ 'စိုးကြည်ဖြူ'နာမည်နဲ့ ဝတ္ထုတိုလေး တွေလည်း ရေးတတ်နေပါပြီ။ အမေက ဝတ္ထုတိုလေးတွေ ရေးတဲ့နေရာမှာတော့ အတော့်ကို လက်သွက်တဲ့သူပါ။ တိုတိုရှင်းရှင်း ရေးနိုင်တဲ့နေရာမှာလည်း ပီပီပြင်ပြင် ရှိလှပါတယ်။ တကယ်တော့ အမေကမှ စာရေးတတ်သူပါ။ သူရေးတဲ့ အတိုလေးတွေက ဖတ်လို့ တော်တော် ကောင်းပါတယ်။ လူတိုင်းကလည်း အမေ့ကိုဆိုရင် အတော့်ကိုချစ်ကြ၊ ခင်ကြပါတယ်။ ဘယ်သွားသွားလာလာ အန်တီကြည်၊ အမေကြည်နဲ့ ခေါ်ချင်ပြောချင်သူ အလွန်ကို များတာပါ။ သမီးတွေနောက် မှာနေတယ်ဆိုပေမယ့် သမီးတွေထက်တောင် မျက်နှာပွင့်လွန်းလို့ ကျွန်မတို့မှာ မနည်းကို ထိန်းထားရပါတယ် (နောက်တာပါ)။ အချိန်တွေ ဘယ်လောက်ပြောင်းပြောင်း၊ အသက်တွေ ဘယ်လောက်ပဲ ကြီးလာပါစေ၊ အမေ့ရဲ့ မပြောင်းလဲနိုင်သေးတဲ့ အကျင့်ကတော့ ဓာတ်ပုံရိုက်ခြင်းပါပဲ။ ဒါဒါ တစ်ပုံဆို အမေကလည်း တစ်ပုံ ဖြစ်နေတော့တာပါပဲ။ မထည့်ချင်တော့ပေမယ့်လည်း သူ့ပုံများက ကျွန်မ စာအုပ်အတွက် ဘောင်ဝင်နေပြန် တော့လည်း ကျွန်မ တင်ပြရပြန်ပါတယ်။ (ချစ်ပရိသတ်များ) အမေ့ကို နားလည်စွာနှင့် သည်းသည်းခံ ကြည့်ရှုပေးကြပါရှင်။



www.burmeseclassic.com

www.burmeseclassic.com





ဒါဒါနှင့်အမေ၏
အတိတ်ကပုံရိပ်နှင့်
ယခု ပုံရိပ်
ကွာခြားမှု



www.burmeseclassic.com

www.burmeseclassic.com

မိန်းမတစ်ယောက်ရဲ့အလှဆုံးအချိန်က
အသက် ၂၅ နှစ်နဲ့ ၃၀ ကြားလို့
လူတော်တော်များများက
သတ်မှတ်ကြပါတယ်။
ဒီပုံက
ကျွန်မ အသက် ၂၉ နှစ်မှာ
ရိုက်ဖြစ်ခဲ့တဲ့
လက်သည်းနီကြော်ငြာတစ်ခုရဲ့ပုံပါ။
ကျွန်မ စုဆောင်းထားတဲ့ဓာတ်ပုံအများစုကို
ကျွန်မယှဉ်ကြည့်မိတဲ့အချိန်မှာ
ဒီအရွယ်မှာ ရိုက်ထားတဲ့ဓာတ်ပုံတွေက
ကျွန်မမျက်လုံးထဲ
အတော်ကြည့်ကောင်းနေတယ်
ထင်ခဲ့တဲ့အတွက်
ပရိသတ်နဲ့ ကျွန်မ
စိတ်သဘောထား တူမတူ သိရအောင်
ဒီပုံကို တင်ပြလိုက်ပါတယ်။
အဲဒီကာလတွေမှာပဲ ကျွန်မဘဝရဲ့
တစ်ဆစ်ချိုး အကွေ့တစ်ခုကို
ရောက်ရှိလာခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# PART FIVE
## 1999



www.burmeseclassic.com

www.burmeseclassic.com





မြန်မာသံရုံးတွင် အကတိုက်ကြစဉ်



၁၉၉၉ ခု မေလမှာ ကျွန်မတို့ အနုပညာမောင်နှမများ ဂျပန်နိုင်ငံမှာ ဖျော်ဖြေပွဲအတွက် တစ်စုတစ်ဝေးကြီး ခရီးထွက်ခဲ့ရပါတယ်။ ကျွန်မအတွက်တော့ ဒီခရီးကတည်း မမေ့နိုင်စရာ အမှတ်တရ တစ်ခုပါပဲ။ ကျွန်မတို့အဖွဲ့အားလုံး ဂျပန်နိုင်ငံမှာ ရှိတဲ့ မြန်မာသံရုံးမှာပဲ စုပေါင်းနေထိုင်ခဲ့ကြပြီး ကျွန်မက မတင့်(တင့်တင့်ထွန်း)နဲ့ တစ်ခန်းထဲ အတူနေရပါတယ်။ ဂျပန်မှာ ကျွန်မ ဖျော်ဖြေရတဲ့အခန်းကဏ္ဍကတော့ ကိုနိုင်(ကျော်ရဲအောင်)နဲ့ တွဲပြီး နတ်အက ကပြခဲ့ရပါတယ်။ ပရိသတ်များလည်း ကျွန်မအကြောင်း အတော်သိကြပါလိမ့်မယ်။ အကပညာနဲ့ပတ်သက်ပြီး ကျွန်မ မကျွမ်းကျင်ဘူးဆိုတာပါ။ ကျွန်မ မကျွမ်းကျင်တဲ့အလုပ်နဲ့ သူများနိုင်ငံမှာ ဖျော်ဖြေရမယ်ဆိုတော့ အတော်ကို ကျွန်မ ခေါင်းစားခဲ့ရတာပါ။ အထူးသဖြင့် ကိုနိုင်နဲ့ တွဲရမယ်ဆိုတော့ ကျွန်မ ပိုတောင် စိတ်ဓာတ်ကျသွားရပါတယ်။ (စိတ်ဓာတ်ကျတယ်ပြောလို့ ကိုနိုင် ကျွန်မကို စိတ်မဆိုးပါနဲ့) ကျရတဲ့အကြောင်းရင်းကတော့ သူနဲ့ ကျွန်မက ဟိုးငယ်ငယ်ကတည်းက တော်တော့်ကို အပေးအယူ မမျှခဲ့တာပါ။ ဒါကြောင့် ကားရိုက်လည်း တခြားမင်းသား တွေထက် တော်တော်နည်းခဲ့ပါတယ်။ ငယ်ငယ်တုန်းက ကျွန်မနဲ့ ကားမရိုက်ချင်တဲ့ မင်းသားနှစ်ယောက် ရှိခဲ့ပါတယ်။ တစ်ယောက်ကတော့ ရှေ့မှာ ပြောခဲ့တဲ့ ကျွန်မ အစ်ကိုကြီး ကိုမောင်(ကျော်သူ)ဖြစ်ပြီး နောက်တစ်ယောက်ကတော့ ကိုကျော်ရဲအောင် ခေါ် ကိုနိုင်ပဲ ဖြစ်ပါတယ်။

(သူတို့ ဘာကြောင့် ကျွန်မကို ကြည့်မရ ဖြစ်တာလဲဆိုတာကတော့ ဒီနေ့အထိ ကျွန်မလည်း မမေးကြည့်မိပါဘူး။ ပရိသတ်များ သိချင်ရင်တော့ တွေ့တဲ့အခါ.....သာ မေးကြည့်ပါတော့) နောက်ဆုံးမှာတော့ ကျွန်မမှာလည်း ငြင်းပယ်လို့မရတဲ့ကိစ္စ ဖြစ်တဲ့အတွက် အဲဒီနတ်နှစ်ပါးသွားအကကို ကိုနိုင်နဲ့ အတူ နှစ်ပါးသွားရပါတော့တယ်။ လိုက်ဖက်



www.burmeseclassic.com

www.burmeseclassic.com







ကြိုးကြိုးစားစား ကခဲ့ရသော ကျွန်မ၏ကဟန်များ

ဂျပန်တွင် ကပြခဲ့ရသော 'ရွှေစွန်ညီအက'



မညီတဲ့ နှစ်ယောက် လိုက်ဖက်ညီဖို့ အတွက် သူတော့မသိဘူး။ ကျွန်မတော့ အဲဒီ အကကို တိုက်ရတာ ရှစ်ပေါင်လောက် ကျသွားပါတယ်။ အက တိုက်တိုင်းလည်း သူက မှားပြန်ပြီ။ ငါ ဒီလိုလုပ်နေတယ်လေ။ နင်ကလည်း လိုက်လုပ်ပါလားနဲ့...တစ်ချက်မှ ကို မပြေလည်ခဲ့ကြပါဘူး။

သူ့လို 'ဘုဂလန့်ဂွပြော'နဲ့ လုပ်လုပ်ရတာ အတော့်ကို မောပန်းခဲ့ရပါတယ်။ ကျွန်မပြော တာ ဆိုရင်လည်း ကြားသလိုလို၊ မကြားသလိုလိုနဲ့ ပြန်ဖြေချင်မှလည်း ဖြေတတ် တာမို့ ကျွန်မကလည်း သူ့ဆို တော်တော့်ကို စိတ်ကုန်ခဲ့တာပါ။ ကိုကျော်ရဲအောင်ဟာ လူတိုင်းနဲ့ အလွန်ပြေလည်သလောက် ကျွန်မ တစ်ယောက်ကိုပဲ ရွေးပြီး အမြဲတမ်း ကန့်လန့် လုပ်ခဲ့တာပါ။ ဒါကြောင့်လည်း ငယ်ငယ်က သူနဲ့ ကားရိုက်တာ ကျွန်မ အရမ်းနည်းခဲ့ပါတယ်။ ကျွန်မ ရုပ်ရှင်ရိုက်ခဲ့တဲ့ သက်တမ်း တစ်လျှောက် ပြောရဆိုရတာ အင်မတန်မှ လက်ပေါက်ကပ်တဲ့ မင်းသားဆိုလို့ ကိုနိုင့် တစ်ယောက်တည်းကိုပဲ တွေ့ခဲ့ဖူးပါတယ်။ (ကျွန်မ အဲလိုပြောလို့ဆိုပြီး စိတ်ဆိုးမနေနဲ့ဦး ကိုနိုင်ရေ၊ အရင်တုန်းက အခြေအနေကို ကျွန်မ ပြောပြတာပါ။ ခုတော့လည်း OK ပါတယ်နော်)

ဂျပန်မှာ ကျွန်မတို့အဖွဲ့ နှစ်ပတ်နီးပါး ကြာခဲ့ကြသလို ထင်ရှားတဲ့နေရာအတော်များများကိုလည်း နှံ့နှံ့စပ်စပ် ရောက်ရှိခဲ့ပါတယ်။ အချိန်တွေ အများကြီး ကုန်ခဲ့တယ်ဆိုပေမယ့် ကုန်ရကျိုးနပ်ခဲ့တဲ့ ခရီးစဉ်တစ်ခု ဖြစ်ခဲ့သလို ပျော်စရာလည်း ကောင်းခဲ့ပါတယ်။ ကျွန်မတို့ရဲ့ နတ်အကဖျော်ဖြေမှုအစီအစဉ်ကိုလည်း ညီညီညာညာနဲ့ အောင်အောင်မြင်မြင် ကပြနိုင်ခဲ့ပါတယ်။ ရန်ကုန်မှာလို ကူညီလုပ်ကိုင်ပေးမယ့်သူ တစ်ဦးတလေ မပါဝင်ဘဲ တစ်ကိုယ်တော်စီ သွားကြရတဲ့ ခရီးစဉ်ဖြစ်တဲ့အတွက် ကိုယ့်အထုပ်ကိုယ်ဆွဲပြီး ကိုယ့်အားကိုယ်ကိုးတတ်တဲ့ အကျင့်ကောင်းလေးတွေ ရခဲ့ကြသလို ကိုယ့်အချင်းချင်းလည်း

www.burmeseclassic.com



ဂျပန် Fuji Yama တွင် ကိုမောင်နှင့် အမှတ်တရ



Dis[illegible]y's Land [illegible]



Diseney's Land တွင် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com





အစ်ကိုနှင့် ကျွန်မတို့ညီအစ်မနှစ်ယောက်





အဝဲ၊ ဒါဒါ၊ မဆင့်၊ ခိုင်သင်းကြည်တို့နှင့် ဂျပန်တွင် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တွင် အနုပညာမောင်နှမများ၊ စိုးညီညီ



Walt Diseney's ရုပ်တုရှေ့တွင် စုစုရုံးရုံးနှင့်



www.burmeseclassic.com



ဂျပန် Airport တွင်
ကိုရဲအောင်နှင့်အပြန်ခရီး အမှတ်တရ



ကိုနိုင်နှင့်အမှတ်တရ




အုဝဲနှင့်ကျွန်မတို့ညီအစ်မ



ဂျပန်တွင် အနုပညာမောင်နှမများ စုံစုံညီညီ



*Diseney's Land* တွင် အမှတ်တရ



မမိုး၊ မတင့်တို့နှင့် အတူ

www.burmeseclassic.com



ညှာညှာတာတာ ရိုင်းပင်းကူညီဖြစ်ကြရင်း
ဂျပန်ခရီးစဉ်ဟာ ကျွန်မတို့
အနုပညာမောင်နှမတွေကြားထဲမှာ
အရင်အရင်ကထက် ပိုပြီး စည်းလုံးမှု၊
ညီညွတ်မှုတွေ ဖြစ်ပေါ်လာအောင်
ခင်မင်ရင်းနှီးမှုများ တိုးလာအောင်
အများကြီး အထောက်အကူ
ပြုစေခဲ့ပါတယ်။

ကျွန်မတို့ရဲ့ ဂျပန်ခရီးစဉ်ဟာ ၁၄ ရက်ခန့်
ကြာခဲ့ပါတယ်။ ရန်ကုန်ကို ပြန်ရောက်ပြီး
နောက်တစ်နေ့မှာပဲ ကိုမောင် ရိုက်ကူးနေတဲ့
(အတွေ့)ရုပ်ရှင်ဇာတ်ကားကို လက်စသတ်
ရိုက်ကူးပေးပြီး နောက်တစ်ရက်မှာတော့
ကျွန်မ Schadule ထဲကအတိုင်း မလှလှမိုး
ဦးဆောင်မှုနဲ့ အမေရိကန်နိုင်ငံ
Los Angeles မြို့ကို ပြန်လည်
ထွက်ခွာခဲ့ရပါတယ်။ အမေရိကား
ခရီးစဉ်မှာ ကျွန်မနဲ့အတူ ကိုရန်အောင်၊
မလှလှမိုး၊ ဦးစိုးပိုင်၊ ဦးပစ်တိုင်းထောင်နဲ့
နီနီဝင်းရွှေတို့ ပါဝင်ခဲ့ပါတယ်။ L.A မှာ
ရှိတဲ့ မြန်မာဘုန်းတော်ကြီးကျောင်းအတွက်
ရန်ပုံငွေ ရှာတဲ့ပွဲတစ်ခုကို (ကျွန်မတို့လည်း
အလည်အပတ်သွားရင်း) ဖျော်ဖြေပေးဖို့
ဖိတ်ကြားထားခဲ့တာမို့ သွားခဲ့ရခြင်း
ဖြစ်ပါတယ်။

အမေရိကားခရီးစဉ်ဟာ ကျွန်မဘဝမှာ
အပင်ပန်းဆုံးခရီးတစ်ခု ဖြစ်ခဲ့ပါတယ်။
ကျွန်မဘဝမှာတစ်ယောက်တည်း
ဘယ်တုန်းကမှ ခရီးမသွားဖူးခဲ့ပါဘူး။
တစ်ယောက်တည်းဆိုတာက မိသားစုသော်
လည်းကောင်း၊ ကျွန်မအတွက် ဝေယျာဝိစ္စ
လုပ်ပေးတတ်တဲ့ ကောင်မလေးတစ်ယောက်
သော်လည်းကောင်း၊ အဲဒါမျိုးကို
ဆိုလိုတာပါ။ အဲဒီမတိုင်ခင်
ဂျပန်သွားကတည်းက အဲဒီသင်ခန်းစာကို
တစ်ဝက်လောက် ရခဲ့ပြီးသားပါ။ US
ခရီးလည်းကျရော ဖတ်ဖတ်ကို မောပြီး
ပြည့်ပြည့်ဝဝကို သင်ခန်းစာ ရသွားခဲ့
ပါတယ်။ အဲဒီတုန်းက ကိုရန်အောင်ရော
ကျွန်မပါ ဂျပန်က ပြန်လာလာချင်းဆိုတော့
အရမ်းကို ပင်ပန်းနေကြတာပါ။
တစ်နိုင်ငံနဲ့တစ်နိုင်ငံ အချိန်ကွာခြားမှုတွေက
ကျွန်မတို့အတွက် နေရထိုင်ရတာ

*NY* ရှိ *Liberty*
ရုပ်တုရှေ့တွင်
အမှတ်တရ










www.burmeseclassic.com

www.burmeseclassic.com



L.A. ရှိ La Puntee ကျောင်းမှ ဆရာတော်ကြီး ဦးသုနန္ဒ၊
ကျောင်းဒကာမ ဒေါ်ခင်ဝင်းမေတို့နှင့်အတူ



ကိုရန်အောင်နှင့်အတူ
L.A., San Francisco တွင်
သီဆိုဖျော်ဖြေခဲ့ကြစဉ်




မြန်မာနေ့တွင် မလွဲနှင့် အမှတ်တရ



ကျွန်မတို့အဖွဲ့
သင်္ကြန်သီချင်းတစ်ပုဒ်နှင့် ဖျော်ဖြေကြစဉ်




L.A. ဖျော်ဖြေပွဲမှ ပုံရိပ်



www.burmeseclassic.com

www.burmeseclassic.com

အတော့်ကို စိတ်ကသိကအောက် ဖြစ်စေတယ်လေ။ ဒါတောင် ဂျပန်နဲ့ ရန်ကုန်က အချိန် ၆ နာရီလေးပဲ ကွာတာပါ။ အဲဒါကိုပဲ ကျွန်မတို့ နှစ်ယောက်မှာ ညည်းညည်းညူညူနဲ့ US ခရီးစဉ်ကို ဘယ်လိုမှ ဖျက်လို့မရတော့တဲ့အဆုံး ထွက်လာခဲ့ရပါတော့တယ်။ ကျွန်မတို့ Airline က TG ဆိုတော့ Ygn-Bkk, Bkk-Jpn, Japan-L.A ဖြစ်နေခဲ့တော့ Transit တွေ များနေခဲ့ရပြီး ကျွန်မအတွက် လေယာဉ်စီးရတာနဲ့တင် ခြေကုန်လက်ပမ်းကျပြီး အတော့်ကို ပင်ပန်းနေပါပြီ။ လေယာဉ်စီးရတဲ့အချိန်ကလည်း နည်းနည်းနောနော မဟုတ်ဘဲ ၁၈ နာရီ နီးပါးဆိုတော့ ကျွန်မဟာ ဘာမှလည်း မခံစားနိုင်၊





L.A. ဖျော်ဖြေပွဲမှ



UN ရုံးရှေ့တွင် အမှတ်တရ

အိပ်လို့လည်း မရနဲ့ L.A. လည်း ရောက်ရော ၅ ပေါင်လောက် Weight ကျသွားပါတော့တယ်။ L.A. ရောက်တဲ့အချိန်မှာ ကျွန်မတို့အုပ်စုကို ဘုန်းကြီးကျောင်းဝင်းထဲက အိမ်လေးတစ်လုံးမှာ သီးသီးသန့်သန့် ထားပေးပါတယ်။ ကိုရန်အောင်က တစ်ခန်း၊ ဦးစိုးပိုင်နဲ့ ဦးပစ်တိုင်းထောင်နဲ့က တစ်ခန်း၊ ကျွန်မတို့ မိန်းမ သုံးယောက်က တစ်ခန်း နေကြပါတယ်။ အိမ်လေးက ခပ်သေးသေးဆိုပေမယ့် သေသေသပ်သပ် ဆောက်ထားတာမို့ ကျွန်မတို့အတွက် လွတ်လွတ်လပ်လပ် ရှိသလို နေရထိုင်ရတာလည်း အဆင်ပြေခဲ့ပါတယ်။ L.A. ကို ရောက်တာနဲ့ ကျွန်မကတော့ ဘယ်သူ့မျက်နှာကို မကြည့်အားတော့ပါဘူး။ ကိုယ်နားရမယ့်နေရာကိုပဲ သွားချင်နေတော့တာပါပဲ။ ရောက်တာနဲ့ ကျွန်မ ဘယ်သူ့ကိုမှ စကားမပြောနိုင်ဘဲ ဘုန်းကြီးကို ကမန်းကတန်း ဦးချပြီး ရေမိုးချိုး၊ အဝတ်အစားလဲ၊ ဘာမှလည်း မစားတော့ဘဲ တန်းပြီး အိပ်တော့တာပါပဲ။ ဂျပန်မှာကတည်းက ကျွန်မ အိပ်ရေးပျက်ခဲ့တာလေ။ ကျွန်မ အိပ်တော့ ညနေ ၄ နာရီလောက် ရှိနေပါပြီ။ အိပ်လို့ကောင်းလိုက်တာလည်း အရမ်းပါပဲ။ ရာသီဥတုလေးကလည်း မပူမအေးဆိုတော့ နေလို့ကောင်းတဲ့အချိန်ပါပဲ။ ကျွန်မ နိုးလာတော့ ဘယ်အချိန်ရှိပြီလဲ မလှလှမိုးကို လှမ်းမေးမိပါတယ်။ (အဲဒီအပျိုကြီးကိုတော့ နိုးနေတာ တွေ့ပါတယ်) မလှလှမိုးက စိုးစိုးရယ် အိပ်လိုက်တာ ၈ နာရီတောင် ထိုးနေပြီလို့ ဖြေပါတယ်။ ပြတင်းပေါက်ကနေ အပြင်ကို လှမ်းကြည့်မိတော့ နေရောင်ခြည်တွေနဲ့ လင်းထိန်နေတာမို့ ဩော်...ငါ့နှယ် အိပ်လိုက်တာ တစ်ညလုံးတောင် မနိုးပါလားလို့ စဉ်းစားလိုက်မိပါတယ်။ တဆက်တည်းပဲ




www.burmeseclassic.com

www.burmeseclassic.com



UN မှာရှိသော
မြန်မာပြည်အမှတ်အသား
ရွှေချည်ထိုးကားချပ်ရှေ့တွင်





UN ရှိ ဦးသန့်၏
ပုံတူပန်းချီကားချပ်
ရှေ့တွင်
အမှတ်တရ

မလှမိုးက ထမင်းစားမလား၊ ကျောင်းထဲမှာ အဆင်သင့်ပဲ။ အားလုံးလည်း စားပြီးကုန်ပြီလို့ ပြောတော့ ဘယ်နဲ့ မနက်စောစော ထမင်းတွေ စားနေကြတာလဲလို့ တွေးမိရင်း (မနက်စောစော သမီး ထမင်းမစားတတ်ဘူး)လို့ ပြန်ဖြေလိုက်ပါတယ်။ ဒီတော့မှ မလှမိုးက (ဟဲ့…ဘယ်နဲ့ မနက်ရမှာလဲ၊ အခုမှ ည ၈ နာရီပဲ ရှိသေးတာ)လို့ ပြန်ပြောတော့ ကျွန်မမှာ ည ၈ နာရီထိ နေမဝင်သေးတဲ့ L.A. မြို့ကြီးကို တအံ့တသြ အထူးအဆန်း ဖြစ်ကာ မလှမိုးကတော့ ဆရာမကြီးဆိုတော့ ကျွန်မကို ဟားနေတော့တာပေါ့။


အခန်းထဲကနေ အပြင်ထွက်လာတော့ ပြွတ်သိပ်နေအောင် သီးနေတဲ့ လိမ္မော်ပင်အောက်မှာ အစ်ကိုက ဆေးလိပ်သောက်နေပါတယ်။ ကျွန်မလည်း အိပ်ရေးဝသွားပြီမို့ လန်းလန်းဆန်းဆန်းဖြစ်ရင်း လိမ္မော်သီးတစ်လုံးကို ကိုယ်တိုင် ခူးစားပါတော့တယ်။ အစ်ကိုကတော့ ကျွန်မကို မျက်မှောင်ကုတ်ကြည့်ရင်း (ဟဲ့…လောရှည်၊ ကြည့်စမ်းပါဦးဟယ်။ ဒါလား အမေရိကားလား)လို့ လှမ်းပြောပါတယ်။ အစ်ကိုပြောတော့ ကျွန်မလည်း လျှောက်ကြည့်လိုက်ပါတယ်။
သေချာလိုက်ကြည့်ပြီးမှ ကျွန်မလည်း နည်းနည်း ပြုံးစိစိ ဖြစ်သွားရပါတယ်။ ဟုတ်ပါရဲ့…အစ်ကို ပြောမယ်ဆိုလည်း ပြောချင်စရာပါ။ ကျွန်မတို့ ရုပ်ရှင်ထဲမှာ တွေ့ဖူးသလို ရှုပ်ယှက်ခက်နေတဲ့လူတွေ၊ မိုးမျှော်တိုက်ကြီးတွေ၊ မီးရောင်စုံတွေ၊ ကားရောင်စုံတွေ ဘာတစ်ခုမှကို မတွေ့ရပါဘူး။ ခပ်လှမ်းလှမ်းမှာ ရေနံစင်တစ်ခုကိုတောင် တွေ့နေရလို့ ရေနံချောင်းတို့ ချောက်တို့နဲ့တောင် ခပ်ဆင်ဆင် ဖြစ်နေပါတယ်။ ကျွန်မတို့ လာတာ L.A. မြို့ကြီးလေ၊ မြို့သေးသေးလေးကိုမှ မဟုတ်တာ။




www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့်လည်း နောက်ရက်တွေမှာတော့ အစ်ကို တွေ့ချင်တဲ့ ရုပ်ရှင်ထဲက ပုံစံတွေကို တွေ့ရပါတော့တယ်။ ဒီတော့မှပဲ အစ်ကိုခမျာလည်း ပြုံးပြုံးရွှင်ရွှင် မျက်နှာနဲ့ ခုမှပဲ အမေရိကားနဲ့ တူတော့တယ်ဆိုပြီး ကျေနပ်သွားပါတယ်။ L.A မြို့က ငလျင်ကြောရှိတာမို့ တိုက်အမြင့်ကြီးတွေ သိပ်မရှိဘဲ များသောအားဖြင့် အဆောက်အအုံတွေက တစ်ထပ်အိမ် ပုံသဏ္ဌာန်၊ ခပ်နိမ့်နိမ့်ပြားပြားတွေပဲ ရှိပါတယ်။ တိုက်အမြင့်ကြီးတွေကတော့ ငလျင်ကြောနဲ့ လွတ်ရာ Down Town တစ်နေရာမှာတော့ စုစုဝေးဝေး တွေ့နိုင်ပါတယ်။ Hollywood တို့၊ Biverley တို့၊ Universal Studio, Wanner Brother Studio တို့ကို အရောက်မှတော့ ကျွန်မ ချစ်အစ်ကိုကြီးကတော့ အမေရိကားမှာ အိမ်တစ်လုံးလောက် ဝယ်ထားဦးမှပဲလို့ အမျှော်အမြင်ရှိစွာကို ပြောပါတော့တယ်။ L.A. မှာ ကျွန်မတို့အဖွဲ့က နှစ်ကြိမ် ဖျော်ဖြေပေးခဲ့ပါတယ်။ ဘုန်းကြီးကျောင်းအတွက် ဒေါ်လာ တစ်သောင်းကျော်ကျော် ရန်ပုံငွေ ရှာပေးနိုင်ခဲ့ပါတယ်။ L.A. ကနေမှ Sanfran, နောက် East ဘက်ကို သွားရပါတယ်။ New York, Washington D.C, Boston, Phiadaphia အစရှိတဲ့ မြို့အတော်များများကို ရောက်ခဲ့ပါတယ်။ ကျွန်မမှာတော့ တစ်ချိန်လုံး ခရီးပမ်းပြီး East ခရီးစဉ်တစ်လျှောက်လုံး တော်တော် နေလို့ မကောင်းခဲ့ပါဘူး။ Washington ရောက်တော့လည်း အစ်ကိုတို့သာ White House တို့ ဘာတို့ဘက် ရောက်ခဲ့ပေမယ့် ကျွန်မမှာတော့ လက်ညိုးတစ်ချောင်း နာနေလို့ မကောင်းတာနဲ့ ဘယ်မှ မသွားနိုင်တော့ဘဲ အိမ်မှာပဲ ငုပ်တုတ်နေခဲ့ရပါတယ်။ အဲဒီတုန်းက ကျွန်မ လက်ညိုး နေမကောင်းတာ တစ်လကျော်ကြာခဲ့တာမို့ ကျွန်မ လက်ညိုးတောင် ဖြတ်ရပြီ ထင်ခဲ့တာပါ။ နောက်ဆုံး ဆရာဝန်က



*လူတိုင်း ရိုက်ကြသောနေရာတွင် ကျွန်မလည်း ကြုံတုန်းလေမို့ ဝင်ရိုက်ပါတယ်။*


*Philadalphia တွင် အမှတ်တရ*

သောက်ဆေးတစ်ခုပေးပြီး ဒီသောက်ဆေး သောက်လို့မှ မသက်သာရင်တော့ အမေရိကားမှာ လက်ညှိုးအတု လှလှလေးတွေ အများကြီး ရှိပါတယ်လို့တောင် ပြောသွားပါတယ်။ တော်ပါသေးရဲ့။ ကျွန်မလည်း သူပေးတဲ့ ဆေးကို သောက်အပြီးမှာတော့ တစ်ပတ်အတွင်းမှာပဲ ကျွန်မ လက်ညှိုးဟာ နေလို့ ကောင်းသွားပါတော့တယ်။ ကျွန်မလက်ညှိုး ခမျာလည်း သူ့ကို ဖြတ်ပစ်မယ်ပြောတော့ လန့်လန့်ဖျပ်ဖျပ်နဲ့ကို ကောင်းသွားတာ ထင်ပါရဲ့။

US ခရီးစဉ်ဟာ ကျွန်မအတွက် မိတ်ဆွေအသစ်တွေ အမြောက်အမြားရခဲ့သလို အနုပညာလောကထဲက မိတ်ဆွေဟောင်းများနဲ့လည်း ပြန်ဆုံတွေ့ခဲ့ရပါတယ်။ သူတို့ဆီက ကောင်းသောအကျင့်၊ ဓလေ့၊ စရိုက်များကိုလည်း လေ့လာမှတ်သားခွင့်ရခဲ့ပါတယ်။ New York မှာ ရှိတဲ့ Broadway ပြဇာတ်တစ်ခုကိုလည်း အနုပညာချစ်သူတစ်ဦးက ကျွန်မနဲ့အစ်ကိုကို ပိုက်ဆံအကုန်ခံပြီး လိုက်လံပြသပေးခဲ့တဲ့အတွက် (Phontan of the Orphra )ဆိုတဲ့ Show တစ်ခုကို ကြည့်ခွင့်ရခဲ့ပါတယ်။ ခုချိန်မှာတော့ အဲဒီ Show ကို ရုပ်ရှင်တောင် ပြန်ရိုက်ပြီး နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



Universal Studio တွင်



အောက်မှာတွေ့ရသော အဆောက်အဦများမှ W.Brother Studio များ ဖြစ်ပါတယ်။



Philadalphia တွင် အမှတ်တရ

သူတို့ဆီက Stage အပြင်အဆင်နဲ့ တင်ပြပုံများကို ကြည့်ရင်း ကျွန်မရင်ထဲ အီလည်လည် ဖြစ်ရပါတယ်။ သူတို့ဆီက ကြီးကျယ်ခမ်းနားမှုကို ကျွန်မဖြင့် မနာလိုချင်တဲ့စိတ်တွေတောင် ဖြစ်မိရပါတယ်။

ကျွန်မနဲ့အစ်ကိုက Shopping ကြိုက်သူတွေဆိုတော့ ပွဲမရှိတဲ့နေ့တိုင်း ကျွန်မကတော့ Shopping ထွက်တာပါပဲ။ ကျွန်မအတွက် US ဟာ အကိုက်ညီဆုံးဖြစ်သလို ကျွန်မ အကြိုက်ဆုံးလည်း ဖြစ်ပါတယ်။ ဂျပန်သွားတုန်းကဆိုရင်လည်း ဖိနပ်၊ အင်္ကျီတွေက ကျွန်မနဲ့ အမြဲသေးတာမို့ ဘာမှ ကောင်းကောင်းမွန်မွန် မဝယ်ခဲ့ရပါဘူး။ အမေရိကားရောက်မှပဲ ကျွန်မစိတ်တိုင်းကျ ပစ္စည်းတွေကိုတွေ့ပြီး ဝယ်လို့ မဝနိုင်အောင်ကို ဖြစ်ခဲ့ရပါတယ်။ (ပြန်လာတော့ ကျွန်မမှာ သေတ္တာ ၆ လုံး အပိုပါလာပါတယ်။ သွားတုန်းက ၂ လုံးတည်းပါ။ ဒီရောက်တော့လည်း မကလျာတို့၊ မဒါတို့ ဝိုင်းသမတာနဲ့ကို ကျွန်မမှာ ကိုယ့်ပစ္စည်းကို မနည်းလိုက်ဖွက်ရပါတယ်)

L.A. မှာရှိတဲ့အချိန်မှာ ဆရာမ မေတ္တာဦး ဦးစီးပြုလုပ်တဲ့ မြန်မာနေ့နဲ့ ကြုံကြိုက်ခဲ့တာမို့ အဲဒီအခမ်းအနားကိုလည်း အမှတ်တရ တက်ရောက် ခွင့်ရခဲ့ပါတယ်။ ဆရာမနဲ့ ကျွန်မလည်း ဒါပထမဆုံးအကြိမ် ဆုံတွေ့ဖူးခြင်းပါ။ ဆရာမကို ကျွန်မကလည်း အများခေါ်သလို (မလဲ့) လို့ပဲ ခေါ်ပါတယ်။ သူက ခါတ်ပုံထဲမှာထက်တောင် အပြင်မှာ ပိုငယ်ပြီး ပိုချောပါတယ်။ မလဲ့က ကျွန်မအမေထက် အသက် တစ်နှစ်၊ နှစ်နှစ်လောက် ပိုကြီးပေမယ့် သူ့ကိုကြည့်ရတာ တကယ့်ကို သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်နဲ့ အသက် ၃၀ ဝန်းကျင် အရွယ်အတိုင်းပါပဲ။

မလဲ့နဲ့ကျွန်မ ခင်မင်ရင်းနှီးသွားတဲ့အချိန်မှာ သူ့ဆီကို ကျွန်မအားကျတဲ့၊ ကျွန်မ လုပ်ချင်တဲ့ အရာတစ်ခုကို လေ့လာစပ်စုဖြစ်ခဲ့ပါတယ်။ အဲဒါကတော့ (ခရီးသွားခြင်းပါ) ကမ္ဘာပေါ်မှာ မပြောနဲ့ ကျွန်မ တို့ မြန်မာပြည်မှာတောင် ကျွန်မ မရောက်ဖူးသေးတဲ့ နေရာတွေ




www.burmeseclassic.com

www.burmeseclassic.com

အများကြီးပါ။ ကျွန်မ အသက် ၅၀ ကျော်ရင် ဘာအလုပ်မှ မလုပ်တော့ဘဲ ခရီးများများ ထွက်ဖို့ စဉ်းစားထားတာမို့ မလှဲဆီက ဗဟုသုတတွေဟာ ကျွန်မအတွက် မှတ်လို့ မကုန်နိုင်အောင်ပါဘဲ။

ကျွန်မအတွက် US ခရီးစဉ်ရဲ့ ထူးခြားချက်ကတော့ ကျွန်မရဲ့ အိမ်ထောင်ဖက်ဖြစ်လာမယ့် သူနဲ့ ဆုံတွေ့ဖြစ်ခဲ့ကြခြင်းပါပဲ။ ကိုမျိုးမင်းနဲ့ ကျွန်မက အသက်အရွယ်တူတွေ ဖြစ်ကြပါတယ်။ နှစ်ယောက်လုံး အင်္ဂါတွေ ဖြစ်ကြသလို လကော နှစ်ပါ အတူတူ ဖြစ်ကာ သူက ကျွန်မထက် ၂၁ ရက်ပဲ ကြီးပါတယ်။ ကိုမျိုးမင်းက ကျွန်မအပေါ်မှာတော့ တော်တော်လေးကို နားလည်ပေးနိုင်ခဲ့တာ ဒီနေ့ဒီအချိန်ထိပါပဲ။ (တခြားလူတွေအပေါ်မှာဆိုရင်တော့ သူက အဲလို မဟုတ်ဘူး။ တော်တော်




ကပ်သီးကပ်သပ်နိုင်တာ ကျွန်မပဲ သိပါတယ်။ မကောင်းပြောတာမဟုတ်ပါ။ သူနဲ့ ကျွန်မက သူငယ်ချင်းတွေ အရင်ဖြစ်ခဲ့ပြီးမှ ကျွန်မ အိမ်ထောင်ဖက်အတွက် သင့်တော်သော လူတစ်ယောက်လို့ ကျွန်မ ဆုံးဖြတ်ရွေးချယ်ခဲ့တာပါ။ ကျွန်မဆုံးဖြတ်ချက်ကလည်း (ဒီနေ့အထိတော့…)မှန်ကန်ခဲ့တဲ့အတွက် အခု ကျွန်မ ဖန်တီးနေတဲ့ ဒီစာအုပ်ကို မြန်မာပြည်မှာ သူ့ကို နောက်ဆံမတင်းရဘဲ စိတ်ပါလက်ပါ လုပ်ကိုင်ခွင့်ရနေခဲ့တာပါ။ (အဲဒီတွက် Thank U so much ယောကျ်ား)

ကိုမျိုးမင်းဆီမှာရှိတဲ့ ကျွန်မ သဘောကျတဲ့ အရည်အချင်းတစ်ခုကတော့ သူ့ကို ကြည့်လိုက်ရင် အမြဲတမ်း တက်တက်ကြွကြွနေတတ်ပြီး သူဖြစ်ချင်တာကို မြန်မြန်ဆန်ဆန် ဖန်တီးတတ်တာပါ။ (နောက်မှ မှားတာ မှန်တာ သူ့ဟာသူ ဆက်ရှင်းပါတယ်။ ကျွန်မကလည်း အင်မတန်မှ စိတ်မြန်တဲ့သူပါ။ ဒါပေမယ့် ကိုမျိုးမင်းနဲ့တွေ့တော့ ကျွန်မ အရှုံးပေးလိုက်ရပါတယ်။ သူနဲ့ ကျွန်မ တွေ့တဲ့အချိန်က သူ ကျောင်းပြီးခါစကာလမှာပါ။ ကိုမျိုးမင်းက L.A. မှာ ထင်ရှားတဲ့ Private University တစ်ခုဖြစ်တဲ့ University of Southern California (U.S.C) ကနေ Accounting Information System နဲ့ ကျောင်းပြီးခဲ့ပါတယ်။ L.A. မှာ အဘွား၊ ဦးလေး၊ အစ်ကိုတစ်ယောက်နဲ့ အတူတူ

www.burmeseclassic.com

www.burmeseclassic.com


နေကြပါတယ်။ မိဘနှစ်ပါးနဲ့ သူ့ထက် ၁၂ နှစ် ငယ်တဲ့ ညီမလေးတစ်ယောက်ကတော့ ရန်ကုန်မှာ နေကြပါတယ်။ ကိုမျိုးမင်းတို့က မောင်နှမ သုံးယောက်တည်း ရှိပြီး သူကတော့ အလတ်ပေါ့။

အလတ်ဆိုတော့ အလတ်တွေရဲ့အကျင့် တော်တော်များများ သူ့မှာ ရှိနေခဲ့တာ လက်ထပ်ပြီးမှပဲ သိပါတော့တယ်။ ခွင့်မလွှတ်နိုင်စရာတွေတော့ တစ်ခုမှ မပါပါဘူး။ မကလျာလို့ပေါ့ရှင်။ ပေကပ်ကပ်၊ ဂျစ်ကန်ကန်တွေ လုပ်တတ်တာပါ။ သူ့မျက်နှာကြီးကြည့်တော့ အဲဒီလို မထင်ရပေါင်။ နောက်ပိုင်းကျွာကျမှပဲ သူ့အကျင့်တွေကို ကျွန်မ ဆက်ပြောပြပါ့မယ်။

ကျွန်မ L.A. ရောက်တော့ မောင်မောင့်ကို US မှာ ကျောင်းထားပေးချင်တဲ့စိတ်တွေ ပေါ်ပေါက်လာရပါတယ်။ ကျွန်မ ဂျပန်မသွားခင်က သူ စင်ကာပူမှာ ကျောင်းသွားတက်ရင် ကောင်းမလားလို့ ကျွန်မကို တိုင်ပင်ခဲ့ဖူးပေမယ့် ကျွန်မ အလုပ်များနေတာကတစ်ကြောင်း၊ စင်ကာပူမှာ အသိမိတ်ဆွေ မရှိတာလည်း တစ်ကြောင်းမို့ (ကိုယ့်ဟာကိုယ် စီစဉ်လို့ရရင် သွား)လို့ ခပ်တိုတို ဖြေခဲ့မိပါတယ်။



ငယ်ငယ်ကတည်းက
အိုက်တင်များသော ကိုမျိုးမင်းပါ။







www.burmeseclassic.com

www.burmeseclassic.com

US ရောက်တော့ ဒါကို သတိရလာတာနဲ့ သူ့ကို ဖုန်းဆက်ပြီး (မောင်မောင်… ဒီမှာကော ကျောင်းတက်ချင်လား) လှမ်းမေးတော့ သူက တက်တက်ကြွကြွနဲ့ကို လာချင်တယ် ဖြေပါတယ်။


ဖျော်ဖြေပွဲတွေ လုပ်နေတဲ့ကာလအတွင်းမှာပဲ သူ့အတွက် Sponsor ကိစ္စ လုပ်ရပါတယ်။ အများဆုံး ကူညီပေးခဲ့သူကတော့ ကိုမျိုးမင်းပဲပေါ့။ အဲဒီကြားထဲမှာပဲ ကျွန်မက East ကို ခရီးထွက်သွားပြီး ပြန်ရောက်မှ သူ့ကိစ္စကို ဆက်လုပ်ရတာဆိုတော့ ကြားထဲမှာ တစ်လကျော်ကျော်လောက်ကို ကြာသွားခဲ့ပါတယ်။

သူ့သူငယ်ချင်းတွေကတောင် (မင်းအစ်မ မင်းကို ပုံပြောသွားပြီ)လို့ တောင် ဝိုင်းနောက်ပါတယ်တဲ့။ (မောင်မောင် အရင်းနှီးဆုံး သူငယ်ချင်းတွေထဲမှာ ဗညားဝဏ္ဏ (မကလျာ ခင်ပွန်းဟောင်း) တစ်ယောက်ဟာ ခုချိန်ထိ ပါဝင်နေဆဲပါ။ အမေဆို မောင်မောင်ကို အမြဲပြောပါတယ်။ နင့်အစ်မနဲ့သာ ကွဲတာ၊ နင်နဲ့က ညားနေတုန်းပါလားတဲ့။ ကျွန်မတို့ကလည်း ကလျာနဲ့ ဝဏ္ဏ အကြောင်းကြောင်းကြောင့်သာ ကွဲခဲ့တယ်။ ဝဏ္ဏအပေါ်မှာတော့ မုန်းနေတဲ့စိတ်မျိုး မရှိဘဲ ဒီနေ့အထိ တွေ့တဲ့ နေရာမှာ ရင်းရင်းနှီးနှီး ခေါ်နေကြတုန်းပါ။ မကလျာကတော့ မခေါ်ပါဘူး)

ကျွန်မ Sponsor လှမ်းပို့တော့မှ မောင်မောင့်မှာ သူငယ်ချင်းတွေကြားထဲ ငါ့အစ်မကြီး ဘယ်တော့မှ ပုံမပြောဘူးဆိုပြီး မျက်နှာပန်း လှသွားပါတော့တယ်။ မောင်မောင် ဗီဇာဝင်တော့ Student ဗီဇာနဲ့ ဝင်ခဲ့တာပါ။ သူ့မှာ Tofel အမှတ် မရှိခဲ့ပေမယ့် သူပဲ ကံကောင်းတာလား၊ ကောင်ဆယ်လာကို ပြောတတ်ဆိုတတ်တာကြောင့်ပဲလား၊ ဗီဇာတွေ ကျပ်နေတဲ့ကြား မောင်မောင် ရခဲ့ပါတယ်။ ကျွန်မလည်း အရမ်းကို ဝမ်းသာခဲ့မိပါတယ်။ အဖေနဲ့ အမေက သူတို့ရဲ့ တစ်ဦးတည်းသောသားကို



L.A မှ ကိုမျိုးမင်း၏ သူငယ်ချင်းများ



ကိုမျိုးမင်း၊ အလွန်သဘောကောင်းသော ကိုသိန်းထိုက်နှင့် ကိုဖြိုးမင်း

နိုင်ငံရပ်ခြားကို တစ်ယောက်တည်း မလွှတ်ချင်ကြပါဘူး။ သူစိမ်းတွေ အလယ်မှာ ငါ့သားလေး တစ်ခုခု ဖြစ်နေမှဖြင့်ဆိုပြီး ကြံကြံဖန်ဖန် တွေးပူကြပါတယ်။ ကျွန်မကတော့ဖြင့် တစ်စက်ကလေးမှတောင် မပူမိပါဘူး။ ကျွန်မမောင်ဟာ အရွယ်ရောက်နေပြီဖြစ်တဲ့အတွက် ကိုယ့်ဒူး ကိုယ်ချွန် လုပ်ရမယ့်အချိန်တစ်ခု ရောက်နေပြီလို့ ကျွန်မ ယူဆတယ်လေ။ ကျွန်မရဲ့ ပိုင်ဆိုင်မှုအားလုံးဟာ ကျွန်မမောင်တစ်ယောက်တည်း အတွက်လို့ သတ်မှတ်ထားခဲ့တာပါ။ ကျွန်တဲ့ ညီမနှစ်ယောက် ကိုယ့်ကို တင့်တောင့်တင့်တယ်ထားနိုင်မယ့်ယောကျ်ား ကိုယ့်ဟာကိုယ် ရှာယူ။ ငါ့မောင်ကတော့ အိမ်ထောင်ပြုတဲ့အချိန်ရောက်ရင် တစ်ဖက်မိန်းကလေးကို လုပ်ကိုင်ကျွေးမွေးရဦးမှာ၊ ဒီတော့ မျက်နှာငယ်လို့ မဖြစ်ဘူး။ ငါ့ရှိသမျှ ဥစ္စာပစ္စည်းမှန်သမျှ ငါ့မောင်ကိုပဲ အကုန်ပေးလိုက်မှာလို့ ကျွန်မ မောင် လူပျိုပေါက်အရွယ်ကတည်းက ကျွန်မ ကြေညာထားခဲ့ပါတယ်။

ဒါပေမယ့်လည်း နိုင်ငံရပ်ခြားကို ကျွန်မ ရောက်ပြန်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



L.A မှ ကိုမျိုးမင်း၏ သူငယ်ချင်းများ





ကိုမျိုးမင်းနှင့် ဦးစိုးပိုင်



ကိုမျိုးမင်းနှင့် Japan Town တွင် အမှတ်တရ

သာမန်ဥစ္စာပစ္စည်းထက် ကိုယ်လိုချင်တဲ့ ဥစ္စာပစ္စည်းမှန်သမျှကို ချိန်ခါမရွေး ဖန်တီးရယူနိုင်တဲ့ 'အသိဉာဏ်ပညာ' မျိုးကို ပိုင်ဆိုင်စေချင်ပြန်ရော (မောင်၊ ညီမတွေနဲ့ ပတ်သက်လာလို့ရှိရင် သူ့အလိုလို ပေါ်ပေါက်လာတဲ့ ကျွန်မရဲ့…လောဘတွေလေ) ကျွန်မလည်း မောင်လေးတစ်ယောက်တည်း ရှိတာပဲ။ ဖြစ်နိုင်ရင် ကိုယ့်မျက်စိအောက်မှာပဲ ဖူးဖူးမှုတ်ထားချင်တာပေါ့။ မိဘနဲ့ ကျွန်မတို့ ညီအစ်မတွေက သူ့ကို ချစ်လွန်းလို့ သူနဲ့ တစ်သက်လုံး နေပေးပါ့မယ်ဆိုရင်တောင် ကြာလာတဲ့အခါ သူ့ဘက်က စိတ်တွေက ပြောင်းလဲသွားနိုင်တာပဲလေ။ ကျွန်မ သူ့ကို US မှာ ကျောင်းထားပေးခဲ့တာဟာ သူ့ဘဝတစ်လျှောက်လုံးအတွက် (သူကြိုးစားရင် ကြိုးစားသလောက်) ဘယ်တော့မှ မပျောက်ပျက်နိုင်တဲ့ တန်ဖိုးအရှိဆုံးအရာတစ်ခုကို ပေးခဲ့တာနဲ့ အတူတူပါပဲ)

အဲဒီနောက်မှာတော့ မောင်မောင် L.A. ရောက်လာပါတယ်။ လာကာနီး အတော်နေမကောင်း ဖြစ်ခဲ့တာမို့ သူရောက်ကာစမှာ အတော်ကို ပိန်နေရှာပါတယ်။ သူထွက်လာတဲ့အချိန်မှာ အဖေ၊ အမေ၊ ကလျာ၊ ဒါဒါနဲ့ ဦးလေး၊ အဒေါ်တွေပါ စုံစုံညီညီ လိုက်ပို့ပေးကြပြီး တရှုံ့ရှုံ့ဖြစ်ကြတာနဲ့ သူပါရောပြီး တရှုံ့ရှုံ့ ဖြစ်ရသေးတယ်ဆိုတာကြောင့် ရန်ကုန်က လူတွေကို စိတ်ချဉ်ပေါက်ရင်း သူ့အာရုံတွေ ပြောင်းအောင် စကားပိုတွေ အများကြီး လျှောက်ပြောခဲ့ရပါတယ်။ စရောက်ရောက်ချင်းမှာတော့ ကျွန်မမောင်လေးမှာ တမှိုင်မှိုင်တတွေတွေနဲ့ပေါ့လေ။ ဒါပေမယ့်လည်း သိပြီး ကြာကြာတော့ ကျွန်မ မစောင့်လိုက်ရပါဘူး။ ကျွန်မမောင်လေး စိတ်ဝင်စားစေမယ့် အရာဝတ္ထု တော်တော်များများက သူ US မှာ ပျော်

www.burmeseclassic.com

လာအောင် အချိန်တိုတိုအတွင်းမှာပဲ ဆွဲဆောင်သိမ်းသွင်းနိုင်ခဲ့ပါတယ်။ (တော်ပါသေးရဲ့) မောင်မောင့်အတွက် လိုအပ်တဲ့ကိစ္စလေးတွေလည်း လုပ်ပေးရင်း သူ့ကိုလည်း နေသားကျတဲ့အထိ စောင့်ပေးရင်း ဖျော်ဖြေပွဲအပြီး တစ်လကျော်လောက်ကြာမှ ကျွန်မ ပြန်လာနိုင်ပါတယ်။ US မှာ ကျွန်မ သုံးလကျော်လောက်ကို ကြာသွားခဲ့တာပါ။ ဒါတောင် ကျွန်မတို့ ၆ ယောက်မှာ ကျွန်မနဲ့ မလှလှမိုး နှစ်ယောက်ပဲ အစောဆုံးပြန်လာခဲ့တာဖြစ်ပြီး လေးယောက်က ကျန်နေခဲ့ပါတယ်။ သူငယ်ချင်း အပေါင်းအသင်းအစုံအလင်နဲ့ US မှာ လေးလလောက် နေထိုင်ခဲ့ပါတယ်။ ကျွန်မ ပြန်ကာနီးမှာ ကိုမျိုးမင်း ကျွန်မကို လက်ထပ်ဖို့ ခွင့်တောင်းထားခဲ့တဲ့ကိစ္စကို သဘောတူညီခဲ့ပြီး ဘယ်တော့ လက်ထပ်မယ်ဆိုတာကိုတော့ ကတိမပေးခဲ့သလို သူ့ဘက်ကလည်း အမြန်မလိုခဲ့ပါဘူး။ သူနဲ့ပတ်သက်ပြီး ကျွန်မ ဆုံတွေ့ခဲ့ရတဲ့ US မှာ နေထိုင်ကြတဲ့ သူ့ဆွေမျိုးများဖြစ်ကြတဲ့ အဘွား၊ ဦးလေး၊ ခဲအိုနဲ့ အဒေါ်တို့ကတော့ ရုပ်ရှင်မင်းသမီးတစ်ယောက်အပေါ်မှာ နားလည်မှုများစွာ ရှိခဲ့ကြပြီး ကျွန်မကို နွေးနွေးထွေးထွေး ဆက်ဆံပေးခဲ့ကြပါတယ်။ လူနှစ်ယောက် လက်ထပ်တယ်ဆိုတာ ပတ်ဝန်းကျင်နှစ်ခု ပေါင်းစပ်တာနဲ့ အတူတူပဲလို့ ကျွန်မက ခံယူထားခဲ့တာမလား! မိဘဆွေမျိုးများနဲ့ အတူတူနေမှာ မဟုတ်သော်ငြားလည်း ကျွန်မကို လိုလားတဲ့အသိုင်းအဝိုင်းမှာပဲ ကျွန်မက နေချင်တာပါ။ အဓိကဖြစ်တဲ့ ကိုမျိုးမင်း မိဘနှစ်ပါးရဲ့ ကျွန်မအပေါ်



ကိုမျိုးမင်း၊ ကိုမြတ်သူ၊ ကိုမောင်မောင်အောင် နှင့် ကိုဖြိုးမင်း

BURMESE CLASSIC .com



ကိုမျိုးမင်းနှင့် အမှတ်တရ

ထားရှိနိုင်မယ့်ဆန္ဒအမှန်ကိုလည်း ကျွန်မ သိချင်သေးတယ်လေ။

ရန်ကုန်ကို ပြန်ရောက်တဲ့အချိန်မှာတော့ သူ့မိဘတွေနဲ့ ကျွန်မ ဆုံတွေ့ခွင့်ရခဲ့ပါတယ်။ ကိုမျိုးမင်းမိဘများဟာ ကျွန်မကို သားနဲ့ ပတ်သက်လို့ သမီးတစ်ယောက်လို သဘောထားနိုင်ခဲ့ကြသလို ကျွန်မ အနုပညာကိုလည်း လေးစားတန်ဖိုးထားတဲ့သူတွေ ဖြစ်နေခဲ့ခြင်းဟာ ကျွန်မ ကိုမျိုးမင်းကို လက်ထပ်ဖို့အတွက် ပိုပြီးသေချာသွားစေတဲ့ အကြောင်းတရားတစ်ခု ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ကျွန်မဘဝရဲ့ အလေးအနက် ထားရမယ့်လူစာရင်းထဲမှာ လူ ၇ ယောက် တိုးလာခဲ့ပါတယ်။ (ကိုမျိုးမင်း မိဘနှစ်ပါး၊ ဘွားမွေ၊ ဒေါ်လေးချို၊ ဦးလေးဉာဏ်၊ ကိုဖြိုးမင်းနဲ့ ညီမလေးတို့ပါ)


ထိုလူ ၇ ယောက်သည် ယနေ့လက်ရှိအချိန်ထိ ကျွန်မကို စိတ်ထိခိုက်စရာဖြစ်အောင် စိတ်အနှောင့်အယှက်ဖြစ်အောင် စိတ်ကျဉ်းကျပ်အောင် ဝေဒနာသော်လည်းကောင်း၊ ဒုက္ခသော်လည်းကောင်း မြူတစ်မှုန်စာလေးလောက်တောင် မပေးဖူးခဲ့ကြသည့်အတွက် ကျွန်မအပေါ် ထားရှိသော သူတို့တွေ၏ မေတ္တာတရားကို ကျွန်မ အမြဲလေးစား

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ရောက်သည့်နေ့က သူနေထိုင်ရသည့် အိမ်တွင် ကျွန်မတို့ သုံးယောက် အမှတ်တရ




L.A. ဘုန်းကြီးကျောင်းတွင် ကျွန်မ လှူဒါန်းထားသော အုတ်တံတိုင်းရှေ့တွင် ကိုမျိုးမင်း၊ မောင်မောင်တို့နှင့်အတူ

တန်ဖိုးထားနေမိမှာပါ။

ကျွန်မဟာ ကိုယ့်ဘဝ တစ်ဆစ်ချိုး ရတော့မယ့် ကာလတစ်ခု ရောက်တော့မယ် ဆိုတာကို ခပ်စောစောကတည်းက ကြိုတင် ရိပ်မိခဲ့သလို ကိုယ့်ကြောင့် သူတစ်ပါးရဲ့ အနာဂတ်နဲ့ မျှော်လင့်ချက်များကို ရိုက်ချိုး ဖျက်ဆီးသလို မဖြစ်ရလေအောင် US က ပြန်လာပြီးကတည်းက ကိုယ့်ကိုယ်ကိုယ် သတိလေးနဲ့ ပြင်ဆင်၊ ဆင်ခြင်၊ နေထိုင်ခဲ့ ပါတယ်။ အဲဒီလို သတိရှိလာအောင်လည်း ကျွန်မ ဖတ်ဖြစ်ခဲ့တဲ့ စာအုပ်တစ်အုပ်ထဲမှ စာပိုဒ်တစ်ခုက ကျွန်မကို ဆုံးမပေးခဲ့တာပါ။ ကျွန်မ ပရိသတ်များအတွက် ဗဟုသုတ အနေဖြင့် မှတ်သားနိုင်အောင် ကျွန်မ တင်ပြ ပေးလိုက်ပါတယ်။

သင့်‘အတွေး’တွေကို သတိထား
သူတို့က ‘စကားလုံး’တွေ ဖြစ်လာသည်
သင့်စကားလုံးတွေကို သတိထား
သူတို့က ‘လှုပ်ရှားမှု’တွေ ဖြစ်လာသည်
သင့်လှုပ်ရှားမှုတွေကို သတိထား
သူတို့က ‘အလေ့အထ’တွေ ဖြစ်လာသည်
သင့်အလေ့အထတွေကို သတိထား
သူတို့က ‘စရိုက်’တွေ ဖြစ်လာသည်
သင့်စရိုက်တွေကို သတိထား
သူက သင့်‘ကံကြမ္မာ’ ဖြစ်လာလေသည်

*ဖရင့်အောက်လော*


ကျွန်မတို့တစ်တွေဟာ လူဖြစ်ရတဲ့ တဒင်္ဂခဏမှာ ဘယ်လိုနည်း နဲ့မှ ကိုယ့်ကံကြမ္မာကို ကိုယ် ကြိုတင်သိမြင်နိုင်ခွင့် မရနိုင်ကြပါဘူး။ ဒါပေမယ့်လည်း အထက်ပါစာစုကို ကျွန်မ ဖတ်ပြီးခဲ့တဲ့အချိန်ကစလို့



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့ကံကြမ္မာကို ဖန်တီးသူဟာ ကိုယ်ကိုယ်တိုင်ပါပဲလားဆိုတာကို သိရှိနားလည်ခဲ့ရသလို ကိုယ်အသက်ရှင်နေသ၍ ကာလပတ်လုံး ကောင်းမွန်စွာ ပြုမူ၊ နေထိုင်၊ ပြောဆိုခြင်းဖြင့် ကိုယ့်ကံကြမ္မာကို အကောင်းဆုံးဖြစ်လာအောင် ကျွန်မညာဏ်မီသလောက် စဉ်းစားတွေးတောမိခဲ့ပါတယ်။ အမေရိကားက ပြန်ရောက်ပြီးတဲ့အချိန်မှာ ကျွန်မ ချက်ချင်း ကားမရိုက်သေးဘဲ Body Weight လည်း ချရင်း အကျိုးလည်းရှိအောင် ကျွန်မရဲ့ ဒုတိယမြောက်စာအုပ်ဖြစ်လာမယ့် (မောင့်အတွက်)ကို အပြီးသတ်ပါတယ်။ အိမ်မှာပဲ နေပြီး ဘယ်မှ မသွားဘဲ စာရေးချိန် အပြည့်ရခဲ့တာမို့ ရက် ၂၀ အတွင်းမှာ (မောင့်အတွက်)ကို ဦးဝင်းငြိမ်းလက်ထဲ အပ်နိုင်ခဲ့ပါတယ်။ (မောင့်အတွက်)ဟာ ကျွန်မ အမြန်ဆုံးရေးနိုင်ခဲ့တဲ့ စာအုပ်တစ်အုပ် ဖြစ်ပေမယ့် အဲဒီဇာတ်လမ်းထဲမှာ ကျွန်မ ဖွဲ့နွဲ့ထားတဲ့ အကြောင်းအရာကို ကိုယ့်ဟာကိုယ် ကျွန်မ သဘောကျနေခဲ့ပါတယ်။ ပရိသတ် ဖတ်ရတဲ့(မောင့်အတွက်)ထဲမှာ ဦးကျော်ဇေနဲ့ နေညိုညိုဟာ ချစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကွဲသွားခဲ့ကြပါတယ်။ ကျွန်မ Original ရေးထားတုန်းက ဦးကျော်ဇေနဲ့ နေညိုညိုကို ဇာတ်သိမ်းမှာ ပေါင်းပေးထားခဲ့ပါတယ်။ ငယ်ငယ်တုန်းက တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ခဲ့ကြပေမယ့် အခြေအနေ အမျိုးမျိုး၊ အကြောင်းအရာအမျိုးမျိုးကို ငဲ့ညှာပြီး မပေါင်းဖြစ်ကြတဲ့သူတွေကို အသက်တွေ ကြီးလာကြတဲ့အချိန်မှာ ပြန်တွေ့ကြ၊ ချစ်ကြ၊ ဘဝနောက်ဆုံးခရီးကို အတူလက်တွဲကြ၊ အဲဒါမျိုးကို ကျွန်မက သိပ်သဘောကျပြီး သိပ်ဖြစ်စေချင်တာပါ။ အဲဒါကြောင့်လည်း ကျွန်မရဲ့ဇာတ်လမ်းကို



ဇာတ်သိမ်းခန်းမှာ ပေါင်းပေးချင်တာကြောင့် ဇာတ်စကတည်းက နည်းနည်းချင်း ပျိုးထားခဲ့ပါတယ်။ ဒါမှ ဇာတ်သိမ်းခန်းဟာ Romantic ဖြစ်ပြီး ကြည်နူးစရာ ကောင်းမှာလေ။

ဒါပေမယ့်လည်း ကျွန်မ ဖန်တီးထားတဲ့ ဇာတ်လမ်းကြီးက ကျွန်မဖြစ်ချင်သလို မဖြစ်ခဲ့တော့ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်မ စာအုပ်ကို စာပေစိစစ်ရေး တင်တဲ့အချိန်မှာ ဇာတ်သိမ်းခန်းကို ပြင်ပေးရန်ဆိုတဲ့ မှတ်ချက်နဲ့ ပြန်ကျလာပါတယ်။ ကျွန်မလေ အဲဒီမှတ်ချက်ကြီးကို ကြည့်ပြီး အရမ်း စိတ်ဓာတ်ကျသွားခဲ့ရပါတယ်။ ပြောတော့သာ လွယ်တာလေ။ ကျွန်မ ဘယ်လိုပြင်ပေးရမယ်ဆိုတာ ဘယ်လိုမှ စဉ်းစားလို့မရအောင် စိတ်ညစ်ခဲ့ရပါတယ်။ ဇာတ်သိမ်းခန်းမှာ ဦးကျော်ဇေနဲ့ နေညိုညိုကို ပေါင်းပေးလို့ မရဘူး။ ပြန်ပြီး ခွဲပေးရမယ်ဆိုတော့ ကျွန်မဘက်က စဉ်းစားကြည့်ကြပါ။ အခုပြောရင် အခု ငိုချင်ပါတယ်။

ကျွန်မ ရေးခဲ့တဲ့ စာအုပ် ၅ အုပ်ထဲမှာ ကျွန်မ အကြိုက်ဆုံး စကားလုံး၊ အသုံးအနှုန်းတွေ အများဆုံးပါတဲ့စာအုပ်ဟာ (မောင့်အတွက်)ပါပဲ။ ကျွန်မ ရင်ထဲမှာ သိမ်းဆည်းထားတဲ့ ခံစားချက်တော်တော်များများကို ကျွန်မ အသုံးပြုထားခဲ့တာပါ။

အထူးသဖြင့် နောက်ဆုံးစာမျက်နှာမှာ ရေးထားခဲ့သော အချစ်နဲ့ ပတ်သက်တဲ့ ခံယူချက်ဟာ (စိုးမြတ်သူဇာ)ရဲ့ ခံယူချက်အစစ် ဖြစ်တယ်ဆိုတာကို အမှန်အတိုင်းပဲ ပြောချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# မောင့်အတွက်

စိုးမြတ်သူဇာ



BURMESE CLASSIC .com

'မှန်ကန်စွာ ချစ်တတ်သော သူတစ်ယောက်အဖို့ (အချစ်) ဆိုတာ လူသိရှင်ကြားဖြစ်ဖို့ မလိုအပ်ပါ။ အဝေးကြီးကနေ လူမသိ သူမသိ တိတ်တိတ်ကလေး ချစ်ရသော အချစ်သည် ရင်ထဲက သစ္စာတရားကို ပို၍ ပို၍ ဂုဏ်ရှိစေပါသည်...'

(စိုးမြတ်သူဇာ)
၁၉၉၉ ခုနှစ် နိုဝင်ဘာလ ၅ ရက်
စး၁၅ နာရီ (ည)

အဲဒီစာအုပ်ကို ဆက်ပြီး မထုတ်ချင်တော့လောက်အောင် ကျွန်မ ပစ်ထားလိုက်မိတယ်။ ဘေးကလူတွေက အတင်းဝိုင်းချော့မော့ တိုက်တွန်းတော့မှ ကျွန်မ အဲဒီစာမူကို အစကနေ ပြန်ဖတ်ရပါတယ်။

နောက်ဆုံး တိုတိုပြောရရင်တော့ ကျွန်မ ဇာတ်သိမ်းခန်းကို ပြင်လိုက်တယ်ဆိုပါတော့။ အဲဒီအတွက် ဝတ္ထုစာအုပ်ရေးတာနီးပါး ကျွန်မ အချိန်ယူလိုက်ရတာပါ။ စာဖတ်ပရိသတ်အတွက် ဖတ်ရှုရတာ အဆင်ပြေအောင် ပြင်ဆင်ပြောင်းလဲပေးလိုက်ရတာ ကျွန်မအတွက် အတော်ကို ခက်ခဲခဲ့ပါတယ်။ ထွက်လာတော့လည်း ပရိသတ်က OK ကြောင်း ပြောကြပါတယ်။ ဒါပေမယ့် ကျွန်မကတော့ ကျွန်မ ရေးချင်သလို မရေးလိုက်ရတဲ့အတွက် (မောင့်အတွက်)ကို မနှစ်သက်စွာ မေ့ပစ်လိုက်ပါတယ်။ ကလေးဆန်ဆန် ပြောရရင်တော့ စိတ်ကောက်လိုက်တာပါပဲ။ စိတ်ကောက်တယ်သာ ပြောရတာပါလေ။ ဘယ်သူ့ကို ခေါင်းစဉ်တပ်ပြီး ကောက်ခဲ့တာလဲတောင် မသိတော့ပါဘူး။ အခု ပြန်စဉ်းစားတော့ (မောင့်အတွက်)၊ မျက်နှာငယ်ခဲ့ရတဲ့အတွက်၊ ကျွန်မ စိတ်မကောင်းမိပါဘူး။

(မောင့်အတွက်)ထဲက နေညိုညိုက ရုပ်ရှင် မင်းသမီးဖြစ်နေတဲ့အတွက် ပရိသတ်က ကျွန်မအကြောင်း တစိတ်တဒေသလို့ ထင်ကြပါတယ်။ ရင်းနှီးတဲ့မိတ်ဆွေများကလည်း အဲဒီထဲက 'မောင်'က ဘယ်သူလဲလို့ တိုးတိုးတိတ်တိတ် စပ်စုကြပါတယ်။ ကျွန်မကလည်း ပျော်ပျော်နေတတ်သူပီပီ ဟိုလိုလိုဒီလိုလို ပေါက်ကရတွေ လျှောက်ပြောပါတယ်။ မိတ်ဆွေတွေ တကယ်ယုံလာတော့မှ မဟုတ်ပါဘူး ဆိုပြီး စပ်ဖြဲဖြဲနဲ့ ပြန်ဖြေရှင်းရပါတယ်။ ကိုယ့်ဟာကိုယ်လည်း စိတ်ထဲမှာ နောက်ကို အပြောအဆို ဆင်ခြင်မှပဲလို့ သတိပေးမိပါတယ်။

ကျွန်မ ယခု အသက် ၃၅ နှစ်အရွယ်ထိတော့ (မောင့်အတွက်)ထဲက ဦးကျော်ဇေလို မိန်းမတစ်ယောက်အပေါ် အမြတ်တနိုးနဲ့ သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com

ထားပြီး လေးလေးနက်နက် နှစ်ရှည်လများ ချစ်တတ်တဲ့ယောကျ်ားမျိုး တစ်ခါမှ မတွေ့ဖူးခဲ့ဘူးပါဘူး (အပြင်လောကမှာ တကယ်ရှိရင်လည်း ရှိမှာပါ။ ကျွန်မ မကြုံတာ ဖြစ်ပါလိမ့်မယ်) မတော်တဆ ရှိနေခဲ့ရင် ကျွန်မ အပြောခံရမှာစိုးလို့ မြန်မြန် ရှင်းပြရတာပါ။ ဘယ်လိုပဲ ဖြစ်ဖြစ် ဦးကျော်ဇေ နေညိုညို့ကို ချစ်တဲ့အချစ်ကိုတော့ ပိုပိုသာသာပဲ ကျွန်မ ရေးခဲ့မိတာတော့ အမှန်ပါ။ ဒီစာအုပ်နဲ့ပတ်သက်ပြီး ဝန်ခံစရာဆိုလို့ စာအုပ်ထဲမှာပါတဲ့ စာပိုဒ်တစ်ခုပဲ ရှိပါတယ်။ ကျွန်မ အရမ်းသဘောကျတဲ့၊ ဘယ်တော့မှ မေ့ချင်စရာ မကောင်းနိုင်တဲ့၊ ချစ်စရာကောင်းပြီး လေးနက်မှု ရှိတဲ့စကားလုံးများနဲ့ ဖွဲ့စည်းထားတာပါ။ ဝတ္ထုရဲ့ စာမျက်နှာ (၅၇) မှာ ကျွန်မ ရေးပြထားခဲ့ပါတယ်။ 'ဘဝမှာ… ကြေကွဲစရာဖြစ်ရပ် နှစ်ခုပဲရှိတယ်။ တစ်ခုက နှလုံးသားရဲ့အလိုဆန္ဒကို လိုက်လျောတဲ့အခါ… နောက်တစ်ခုက နှလုံးသားရဲ့ အလိုဆန္ဒကိုပဲ ငြင်းပယ်ရတဲ့အခါ…' ဆိုတဲ့ စာသားလေး တစ်ခုပါပဲ။ အဲဒီစကားပိုဒ်လေးကိုတော့ လူတစ်ယောက် သူကိုယ်တိုင် ရေးဆွဲ၊ ပြုလုပ်ထားတဲ့ ပို့စကဒ်လေးတစ်ခုမှာ အင်္ဂလိပ်လို ရေးပြီး ကျွန်မကို ပေးခဲ့ဖူးပါတယ်။ (ဘယ်သူလဲလို့ မတွေးကြပါနဲ့) ကျွန်မကလည်း ဒီစာတမ်းလေးကို အကြိမ်ပေါင်း မရေတွက်နိုင်အောင် ခဏခဏ ပြန်ဖတ်ပြီးတဲ့နောက်မှာတော့ (မောင့်အတွက်)ဆိုတဲ့ အပြင်မှာ တကယ် မဖြစ်ခဲ့၊ မရှိခဲ့တဲ့၊ စိတ်ကူးသက်သက်များနဲ့သာ တည်ဆောက်ထားတဲ့ ဇာတ်လမ်းတစ်ခု ဖြစ်လာခဲ့ပါတယ်။


'မောင့်အတွက်' စာအုပ်မထွက်ခင် စာနယ်ဇင်းဆရာများနှင့် တွေ့ဆုံခဲ့ကာ မေးသမျှကိုလည်း ဖြေကြားပေးခဲ့ပါတယ်။

ကျွန်မရဲ့ (မောင့်အတွက်)ဟာ ကျွန်မ စိတ်ကူးထဲကအတိုင်း စိတ်တိုင်းကျ တည်ဆောက်ခွင့်ရခဲ့ရင် ပရိသတ်များအတွက် ပိုပြီး ကျေနပ်အားရစရာ ဖြစ်လာနိုင်သလို ကျွန်မလည်း (မောင့်အတွက်)ကို စိတ်ကောက်ဖြစ်မှာ မဟုတ်တော့ဘူးပေါ့နော်။

ဘာပဲဖြစ်ဖြစ်ပါ။ အခုချိန်ကျတော့လည်း ကျွန်မ (မောင့်အတွက်) ကို စိတ်မကောက်တော့ပါဘူး။ ကျွန်မ အသက်ကြီးလာတာနဲ့အမျှ အရာရာကို အလျှော့ပေး၊ ခွင့်လွှတ်ပေးတတ်နေပြီဖြစ်သလို ကျွန်မ အချိန်ပေးပြီး ကြိုးစားပမ်းစား ဖန်တီးထားတဲ့အရာတစ်ခုကို လျစ်လျူရှုပြီး နေထိုင်နိုင်တဲ့ မာနတွေလည်း မရှိတော့ပါဘူး။ ကျွန်မရဲ့ ဒုတိယ မြောက်စာအုပ်လေးဟာ ကျွန်မ စိတ်ဓာတ်ကျမိတဲ့အချိန်တွေ၊ ကျဉ်းထဲ ကျပ်ထဲ ရောက်ခဲ့ရတဲ့အချိန်တွေ၊ ဘယ်သူ့ကိုမှ ဖွင့်ဟ တိုင်ပင်လို့ မဖြစ်နိုင်တဲ့အကြောင်းတရားတွေနဲ့ ရင်ဆိုင်ရတဲ့အချိန်တွေမှာ ကျွန်မ ခံစားရတဲ့ မွန်းကြပ်မှုတွေကို အချစ်စစ်စစ်များနဲ့ အတူတူ လက်တွဲပြီး ကျွန်မစိတ်ကို ထွက်ပေါက်ပေးနိုင်တဲ့အရာတစ်ခုပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



## PART SIX
## 2000

၁၉၉၆ ခုနှစ်ကနေ
၂၀၀၀ ပြည့်နှစ်
ဧပြီလလောက်ထိဟာ
ကျွန်မဘဝ သက်တမ်း တစ်လျှောက်
အဆင်ပြေမှုပေါင်းများစွာ
အောင်မြင်မှုပေါင်းများစွာနဲ့
စိတ်ချမ်းသာစရာ
အကောင်းဆုံးကာလများ ဖြစ်ခဲ့ပါတယ်။
ကျွန်မအသက် ၂၉ နှစ်အရွယ်
အတောက်ပဆုံး ကာလတစ်ခုဆိုရင်လည်း
မမှားပြန်ဘူးပေါ့။
ကျွန်မ လိုချင်တာမှန်သမျှ
ဖြစ်ချင်တာ မှန်သမျှ
စိတ်တိုင်းကျ ခံစားခွင့်၊ လုပ်ပိုင်ခွင့်တွေ
ရရှိခဲ့သလို၊ 'သောက' ဟူသမျှနဲ့လည်း
ခပ်ဝေးဝေး နေထိုင်ခွင့်ရခဲ့တဲ့အချိန်လည်း
ဖြစ်ခဲ့ပါတယ်။
အလုပ်တွေများတာကတော့
ကျွန်မမှာ 'လောဘ' ရှိနေသ၍
ကာလပတ်လုံး ပင်ပန်းနေမှာပဲဆိုတာကို
သိရှိလာပြီဖြစ်တဲ့အတွက်
အဲဒီလောဘကို မထိန်းနိုင်သေးသ၍
ဒါကိုပဲ ပင်ပန်းတယ်လို့ မသတ်မှတ်မိဖို့
ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်ရင်း
သတိပေးကျင့်ကြံခဲ့ပါတယ်။
၂၀၀၀ ပြည့်နှစ်ဟာ ကျွန်မအတွက်
မင်္ဂလာရှိစွာ စတင်ခဲ့တာပါ။
၁၉၉၈ ခုနှစ်အတွက် အကယ်ဒမီဆုကို
၂၀၀၀ ပြည့် နှစ်ဆန်းပိုင်းမှာ
ပေးဖြစ်တဲ့အချိန်မှာ
အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကို
ကျွန်မ ဒုတိယအကြိမ်
ရရှိပိုင်ဆိုင်ခဲ့ရပြန်ပါတယ်။
အဲဒီဇာတ်ကားကို
မျက်ချယ်ရုပ်ရှင်က ထုတ်လုပ်ခဲ့တာဖြစ်ပြီး
မသက်ဖွန်ရဲ့ ဝတ္ထုကို
ဒါရိုက်တာ ဦးနန္ဒက ရိုက်ကူးပေးခဲ့တာပါ။
ကျွန်မနဲ့အတူ
ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့သူတွေကတော့
ကိုရန်အောင်၊ ကိုဝေဠုကျော်နဲ့ နန္ဒာလှိုင်တို့ပဲ
ဖြစ်ပါတယ်။
အဲဒီ (ရွှေနံ့သာစံအိမ်) ဇာတ်ကားမှာ
ကျွန်မနဲ့အတူတူ နန္ဒာလှိုင်ကလည်း
အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို
ရရှိခဲ့ပါတယ်။
အဲဒီဇာတ်ကားကို
မရိုက်ကူးခင်ကတည်းက
ဒါရိုက်တာနဲ့အတူတူ ရိုက်ကူးလို့လှမယ့်
Scene တွေကို ကျွန်မ အချိန်ပေးပြီး
ကြိုတင် ကြည့်ရှုရွေးချယ်ခဲ့ပါတယ်။
ကျွန်မ ရိုက်ချင်တာ
တစ်ဝက်နီးပါးလောက်လုပ်ခွင့်ရခဲ့တဲ့
ကားတစ်ကားဖြစ်ခဲ့တာမို့
ကျွန်မ အားရတဲ့ ကားတစ်ကားလို့လည်း
ပြောလို့ရပါတယ်။
ဒုတိယအကြိမ် ဆုရတော့လည်း
ကျွန်မ ရင်ခုန်သံတွေက




www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်တုန်းကလိုပဲ
လတ်ဆတ်စွာ တူညီနေဆဲပါ။
ကျွန်မကို လှိုက်လှဲစွာ
အားပေးနေတုန်းဖြစ်တဲ့ ပရိသတ်ကြီးကို
လေးစားစွာ ကျေးဇူးတင်စကား
ပြောဖြစ်ရင်း ကျွန်မမျက်လုံးထဲမှာ
ဝမ်းသာမှုကြောင့် ဖြစ်ထွန်းလာတဲ့
မျက်ရည်ကြည်တွေနဲ့
ပြည့်နှက်နေခဲ့ပါတယ်။
အနုပညာသမား အတော်များများဟာ
'အကယ်ဒမီ' ဆုကို လိုချင်ကြပါတယ်။
ကိုယ့်အနုပညာ အရည်အချင်းကို
အသိအမှတ်ပြုပြီး တန်ဖိုးထားတဲ့အနေနဲ့
လူပုံအလယ်မှာ ချီးကျူးဂုဏ်ပြုခံရခြင်း
ဖြစ်တဲ့အတွက်
အဲဒီကနေ ပေါက်ဖွားလာတဲ့ 'ပီတိ' ဟာ
ဘယ်အရာနဲ့မှ မတူနိုင်အောင်
ကွဲပြားခြားနားလွန်းတာမို့
ကျွန်မကတော့ (ပုထုဇဉ်ပီပီ)
အဲဒီ ပီတိကို ဘယ်နှကြိမ်
ဘယ်နှခါပဲဖြစ်ဖြစ် ခံစားချင်ပါတယ်။
ကိုယ်ကိုယ်တိုင် မရတဲ့ နှစ်တွေမှာလည်း
ရရှိသူတွေအတွက် မုဒိတာ ပွားပေးရင်း
သူတို့ ရရှိတဲ့ပီတိကို
ဝေမျှခံစားပေးချင်ပါတယ်။
ကျွန်မရဲ့ ပထမအကယ်ဒမီဆုနဲ့
ဒုတိယ အကယ်ဒမီဆုဟာ
လေးနှစ်ကာလ ကွာခြားခဲ့ရုံမက
ကျွန်မ ရုပ်ပုံသဏ္ဌာန်ကော၊
စိတ်ပုံသဏ္ဌာန်တွေပါ ပြောင်းလဲနေခဲ့ပါပြီ။
ကိုယ့်ကိုယ်ကိုယ် သတိရှိနေအောင်
အမြဲလေ့ကျင့်ရင်း၊
ခပ်လှမ်းလှမ်းမှာ ရှိနေပြီဖြစ်တဲ့
ပန်းတိုင်တစ်ခုဆီကို
ဆက်လျှောက်လာခဲ့ပြန်ပါတယ်။
ကျွန်မကို 'ရုပ်ရှင်မင်းသမီး' တစ်ယောက်
ဖြစ်လာအောင် ပံ့ပိုးကူညီပေးခဲ့တဲ့
အစ်ကိုနဲ့ အတူတူ တစ်နှစ်ထဲမှာ ယှဉ်တွဲပြီး
ဆုတွေ ရရှိခဲ့ခြင်းဟာ
ကျွန်မဘဝအတွက် ကြည်နူးစရာ
ကောင်းတဲ့ အမှတ်တရတစ်ခု
ဖြစ်စေခဲ့ပါတယ်။
ဒုတိယမြောက် ကျွန်မ အကယ်ဒမီဆုကို




ကျွန်မတို့ ညီအစ်မ သုံးယောက်နဲ့
အဖေရဲ့ အမေ အဘွား ဒေါ်ကျင်လှိုင်ရဲ့ပုံ ဖြစ်ပါတယ်
အဲဒီနှစ်က အကယ်ဒမီပေးပွဲကို ညီအစ်မ သုံးယောက်လုံး
ပထမဆုံးအကြိမ် အတူတူ တက်ဖြစ်ခဲ့ကြပါတယ်






www.burmeseclassic.com

www.burmeseclassic.com



အကယ်ဒမီပေးပွဲမသွားခင်
မိတ်ကပ် စိုးစိုးနှင့် အလှဖန်တီးရှင်များက
စိတ်ရှည်ရှည် ပြင်ဆင်ပေးခဲ့ကြပါတယ်









www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com















www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com



ရရှိချိန်မှာ အစ်ကိုအတွက်ကတော့ စတုတ္ထမြောက် အကယ်ဒမီဆုကို ပိုင်ဆိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီနှစ်က အစ်ကိုက ကျွန်မ ပခုံးကို အသာဖက်ရင်း စကားတစ်ခွန်း ပြောခဲ့ပါတယ်။ 'ဒီနှစ် နင်ရတဲ့အတွက် ငါရတာထက်တောင် ပိုပြီး ဝမ်းသာတယ်' တဲ့။

ကျွန်မဘက်ကလည်း အစ်ကို့ခြေရာ မနင်းနိုင်တောင်မှ အစ်ကို့ညီမ ပီသစေဖို့ အများကြီး ထပ်မံကြိုးစားရဦးမှာပါ။

*'လူ့ဘဝတွင် ရည်မှန်းစရာ နှစ်ခု ရှိသည်။ ပထမအရာမှာ သင်လိုချင်သည့်အရာကို ရရှိရေးဖြစ်ပြီး ထိုအရာကို ရပြီးနောက် ပျော်ရွှင်ခံစားရေး ဖြစ်၏'*


*လိုဂန်ပီးယားဆောလ်ခမစ် (၁၈၆၅-၁၉၄၆) အမေရိကန်ရသစာတမ်းဆရာနှင့် ဝေဖန်ရေးဆရာ*



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည်လည်း
အထက်ပါစာပိုဒ်အတိုင်း
၂၀၀၀ ပြည့်နှစ်ဦးပိုင်းမှ အစပြု၍
ကိုယ်လိုချင်သည့်အရာများကို
ပိုင်ဆိုင်ခွင့်ရခဲ့ပြီး
ပျော်ရွှင်စွာ ခံစားနိုင်ဖို့အတွက်လည်း
အချိန်တွေ ရှိနေခဲ့ပါတယ်။
ကျွန်မ မျက်နှာပေါ်မှာ အပြုံးပန်းတွေ
လှိုင်လှိုင်ဝေနေခဲ့သော ကာလများကို
ကျွန်မတစ်သက်လုံး
အမြဲအမှတ်ရနေမိမှာပါ။
ဒီတစ်ကြိမ် အကယ်ဒမီရတဲ့အခါမှာတော့
ကျွန်မရဲ့ ဆရာရင်းများနဲ့
ကျွန်မကို အကယ်ဒမီဆုများ ရရှိအောင်
သင်ကြားရိုက်ကူးပေးခဲ့ကြသည့်
ဒါရိုက်တာ နှစ်ယောက်တို့ ပါဝင်သည့်
ကျေးဇူးတင်ဂါရဝပြု
ကန်တော့သည့်အခမ်းအနားလေးကို
ကျွန်မအပေါ် အချိန်မရွေး
အကူအညီပေးတတ်ကြသည့်
ဦးကျော်ကျော်နဲ့ မမြတ်မြတ်ဦးတို့၏
'ရွှေရှမ်းကန်' စားသောက်ဆိုင်တွင်
ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုနှစ်မှာတော့
ကျွန်မ အစ်ကို ကိုရန်အောင်သည်လည်း
မပျက်မကွက် တက်ရောက်ကာ
ကျွန်မ ကန်တော့တာကို ခံယူပါသည်။
ထိုနေ့က ကျွန်မ ကန်တော့ခဲ့သည့်သူတွေမှာ
ဒါရိုက်တာ ဦးကြီးမြင့်၊
ဒါရိုက်တာ ဦးအောင်မြင့်မြတ်၊
ဒါရိုက်တာ ဦးနန္ဒ (ရွှေနှံ့သာစံအိမ်)၊
ဒါရိုက်တာ ဦးအောင်စိုးဦး(နော်ရင်မွေး)၊
ကိုရန်အောင်၊ ကိုရဲအောင်နှင့်
ကျွန်မကို အနုပညာလမ်းကြောင်းပေါ်
ခြေချစေခဲ့သော အဖေ့ညီဝမ်းကွဲ
ကျွန်မ ဦးလေး ဦးချိုကြီး(သူရိန်)တို့
ဖြစ်ပါတယ်။
ကျွန်မ၏ပွဲကို အစအဆုံး
ကမကထပြုလုပ်ပေးခဲ့သူကတော့
ဦးဝင်းငြိမ်းပဲ ဖြစ်ပါတယ်။
အနုပညာမောင်နှမများနဲ့
ကျွန်မ မိတ်ဆွေ အတော်များများကလည်း
ကျွန်မပွဲကို
တက်ရောက်ချီးမြှင့်ပေးခဲ့ကြပါတယ်။





ဒုတိယမြောက် အကယ်ဒမီ ရပြီးတဲ့အချိန်မှာတော့
ကျွန်မဟာ ကိုယ့်ကိုယ်ကိုယ် ကြိမ်ဖန်များစွာ လေ့လာရင်း၊
အအောင်မြင်ဆုံးကာလတစ်ခုကို ရောက်ရှိနေတဲ့အချိန်မှာ
ဘာတွေဆက်လုပ်သင့်သလဲဆိုတာကို ထပ်တွေးမိပြန်ပါတယ်။
ကျွန်မဘဝတစ်လျှောက်လုံး ဘယ်သူ့တို့မှ ယှဉ်ပြိုင်ချင်တဲ့
စိတ်မျိုးမရှိခဲ့ပေမယ့် ကိုယ့်ကိုယ်ကိုယ်တော့ အမြဲပြိုင်နေခဲ့ရတာ
ချွေးတွေတောင် ပျံနေပါပြီ။ ဒါကြောင့် အောင်မြင်ဖို့အတွက်
ကိုယ့်ကိုယ်ကိုယ် နိစ္စဓူဝ ပြိုင်ဆိုင်နေခဲ့တဲ့ကိစ္စကို
လုံးဝရပ်တန့်လိုက်ပါတော့တယ်။
ကျွန်မဘဝရဲ့ စစ်မှန်တဲ့ အောင်မြင်မှုကို
အပြင်ဘက်ကနေ တိုင်းတာကြည့်လို့ မရနိုင်ဘူးဆိုတာကို
သဘောပေါက်လာပါတယ်။
ကျွန်မရဲ့ဘဝကို ပိုပြီး အဓိပ္ပါယ်ရှိရှိ၊ တန်ဖိုးရှိရှိနဲ့
ကျေကျေနပ်နပ်နေနိုင်အောင် ကြိုးစားနေထိုင်ဖို့
ဆုံးဖြတ်ချက်ချမိပါတယ်။ တည်ငြိမ်အေးချမ်းပြီး
အသိဉာဏ်ရင့်ကျက်တဲ့ လူတစ်ယောက်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရွှေရှမ်းကန်မှာ ပြုလုပ်တဲ့
အကယ်ဒမီ ညှော်ခံပွဲမှာ
ဆရာသမား စုံစုံညီညီကို
ကန်တော့ခွင့်ရခဲ့ပြီး
တက်ရောက်ချီးမြှင့်ခဲ့ကြတဲ့
အနုပညာ အသိုင်းအဝိုင်းမှ
မိတ်ဆွေအပေါင်းအသင်းများကို
ကျေးဇူးတင်စကား
ပြောကြားဖြစ်ခဲ့ပါတယ်။

ဒါရိုက်တာ ဦးကြီးမြင့်၊
ဒါရိုက်တာ ဦးအောင်မြင့်မြတ်၊
ဒါရိုက်တာ ဦးနန္ဒ(ရွှေနံ့သာစံအိမ်)၊
ဒါရိုက်တာ ဦးအောင်စိုးဦး (နော်ရင်မွှေး)၊
အကယ်ဒမီဆုများကို
လေးခု ပိုင်ဆိုင်ထားပြီဖြစ်တဲ့
အကယ်ဒမီ ကိုရန်အောင်၊
အကယ်ဒမီ ကိုရဲအောင်နဲ့
ဦးလေး ဦးချိုကြီး တို့ကို သေသေချာချာ
ကန်တော့ခဲ့ပါတယ်။

ကျွန်မဘဝကို ရှေ့ဆက် ချင်မိပါတယ်။ ကျွန်မ မှတ်သားထားတဲ့ စာပိုဒ်ကလေးတစ်ခုကိုလည်း ကြုံကြိုက်တုန်း တင်ပြပါရစေ။ (လူတစ်ယောက်ဟာ သူ့ဘဝမှာ ဘာဘွဲ့မှလည်း မရ၊ ဘာအတန်းပညာမှလည်း မအောင်ခဲ့သော်လည်း သူ့ဘဝကိုသူ အေးချမ်းစွာ သတိနဲ့ ယှဉ်ပြီး၊ ဉာဏ်နဲ့ယှဉ်ပြီး နေသွားတဲ့သူကို ဘဝကို အောင်အောင်မြင်မြင် နေသွားတဲ့သူ… လို့ ခေါ်ဆိုနိုင်ပါတယ်)တဲ့။

တကယ့်ကို အဓိပ္ပာယ်ရှိ၊ တန်ဖိုးရှိတဲ့ စကားလုံးများပါ။ ပိုက်ဆံတွေ အရမ်းချမ်းသာနေပေမယ့်လည်း စိတ်အေးချမ်းမှုမရှိခဲ့ရင်တော့ အဲဒီလူကို အောင်မြင်သောသူလို့ ဘယ်လို ခေါ်ဆိုထိုက်မှာလဲ။

ဆရာတော် ဦးဇောတိကက စာအုပ်ထဲမှာ ရေးခဲ့ဖူးပါတယ်။ ဥစ္စာပစ္စည်းတို့ ရာထူးဂုဏ်တို့ဆိုတာ (အပြင်လောက)ပါတဲ့ စိတ်အေးချမ်းမှုနဲ့ အသိဉာဏ်ဆိုတာတွေကတော့ (အတွင်းလောက) ဖြစ်ပါတယ်တဲ့။ (အပြင်လောက)ဆိုတာ အများနဲ့ သက်ဆိုင်တတ်ပြီး ကိုယ်တစ်ဦးတည်းပိုင်လို့ ပုံသေသတ်မှတ်လို့ မရနိုင်ပါဘူးတဲ့။ ဘာလို့လဲဆိုတော့ အချိန်မရွေး သူများလက်ထဲ ရောက်သွားနိုင်လို့ပါတဲ့။ အသိဉာဏ်နဲ့ စိတ်အေးချမ်းမှုဆိုတာကတော့ အများလည်း မပိုင်၊ အများနဲ့လည်း မဆိုင်သလို သူများလည်း လာယူလို့ မရနိုင်ပါဘူးတဲ့။ ဒါကြောင့် ကိုယ့်ရဲ့ (အတွင်းလောက)မှာ ပြည့်စုံဖို့ဆိုတာကို အလေးအနက်ထားဖို့ သိပ်ကို အရေးကြီးပါတယ်တဲ့။

ကဲ…ဘယ်လောက်မှတ်သားထိုက်တဲ့ စကားလုံးများပါလဲ! ကျွန်မဘဝရဲ့ အအောင်မြင်ဆုံးနဲ့ အလှဆုံးအချိန်ဟာ ကျွန်မအသက် ၂၉ နှစ်အရွယ်တစ်ခုမှာ ဖြစ်တည်ခဲ့ပါတယ်။ အဲဒီကာလမှာ ပဲ ကျွန်မဟာ ကိုယ့်ဘဝကိုယ် အသိဉာဏ်များ ရင့်ကျက်အောင် ကြိုးစားတည်ဆောက်ရင်း တတ်နိုင်သမျှ ကိုယ့်စိတ်ကို ငြိမ်းချမ်းအောင် ကျင့်ကြံရင်း တစ်ဆင့် ထပ်တက်ရဦးမယ့် ဘဝတစ်ခုရဲ့ လှေကားထစ်ခြေရင်းကို ရောက်ရှိလာခဲ့ပြန်ပါတယ်။



ထပ်ဆင့်အကယ်ဒမီ စိုးမြတ်သူဇာ ဖြစ်ခဲ့ရပြန်တာပေါ့လေ



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးမင်းငယ်စဉ်က မိခင်နှင့်အတူ

**PART SEVEN**

**2000 MARCH**






www.burmeseclassic.com

www.burmeseclassic.com



သားအဖသုံးယောက် သင်္ကန်းစီးစဉ်





ဒေါ်လေးချို




၂၀၀၀ ပြည့်နှစ်ရဲ့ ဧပြီလမှာ နှစ်ဖက်သောမိဘများရဲ့ သဘောတူခွင့်ပြုချက်များနှင့် အတူ ကိုမျိုးမင်းနဲ့ လက်ထပ်ဖို့ ရက်ကို သတ်မှတ်စီစဉ်ခဲ့ကြပါတယ်။ ကျွန်မ၏ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ခဲ့သော ကိုမျိုးမင်း၏မိသားစုသည် ဥစ္စာဓနကြွယ်ဝ ကျိကျိတက်ချမ်းသာသော အသိုင်းအဝိုင်းမဟုတ်သော်လည်း ပညာအရာတွင် ချမ်းသာသော (ရှေ့တွင်တင်ပြခဲ့တဲ့အတိုင်း) အသိဉာဏ်နှင့် စိတ်အေးချမ်းမှုများ များစွာ ချမ်းသာသော မိသားစုတစ်ခု ဖြစ်နေခဲ့ခြင်းဟာ ကျွန်မအတွက် လေးစားအားကျမိရင်း အတုယူထိုက်စရာဖြစ်ခဲ့ရပါတယ်။

ကိုမျိုးမင်းတို့ ညီအစ်ကိုနှစ်ယောက်ရဲ့ ငယ်စဉ်က ပုံကလေးနဲ့ လက်ရှိအနေအထားကို ယှဉ်တွဲထားခြင်းပါ။ ကိုမျိုးမင်းက ငယ်ရုပ်ကလေး မပျောက်ရှာပါဘူး ကိုမျိုးက အမေတူသား ချွတ်စွပ်ဖြစ်ပြီး ကိုဖြိုးမင်းကတော့ အဖေနဲ့ ဆင်ကာ နှစ်နှစ်ကြီး နှစ်နှစ်ငယ် အသက်ကွာ ခြားကြပြီး နှစ်ယောက်စလုံး အရပ် ၆ ပေကိုယ်စီ ရှိကြ ပါတယ်။ ကျွန်မတို့ မောင်နှမတွေကတော့ ရေကူးလို့ အရပ်ရှည်ကြတာဖြစ်ပြီး သူတို့ညီအစ်ကိုကတော့ ရေကူးစရာမလိုဘဲ အဖေဘက်လိုက်ကာ ထောင်ထောင် မောင်းမောင်း အရပ်တွေကို ပိုင်ဆိုင်ခဲ့ကြတာပါ။ ကိုမျိုးမင်းတို့ ညီအစ်ကိုနှစ်ယောက်သည်လည်း ကျွန်မတို့ မောင်နှမတွေလိုပင် တစ်ယောက်နှင့် တစ်ယောက် အကိုနှင့် ညီလေးချင်း ထပ်ကာ နိုင်ငံခြားမှာ ချစ်ချစ်ခင်ခင်နဲ့

www.burmeseclassic.com

www.burmeseclassic.com




ဦးလေးညဏ်နှင့် ဘွားရွှေ





ကိုမျိုးမင်းနှင့် ၁၂ နှစ်ကွာသော ညီမအငယ်ဆုံး



တိုင်တိုင်ပင်ပင် ရပ်တည်နေထိုင်ခဲ့ကြပါတယ်။

ကိုမျိုးမင်း၏ အမေမှာ ကုန်းလမ်းပို့ဆောင်ရေးဌာန (ငွေစာရင်း)မှာ ဒု-အထွေထွေမန်နေဂျာ ရာထူးနှင့် အလုပ်လုပ်သလို အဖေကလည်း ပြည်သူ့ဆောက်လုပ်ရေးမှ ဦးစီးအရာရှိတစ်ယောက်ဖြစ်ကာ နှစ်ယောက်စလုံး အစိုးရဝန်ထမ်းများ ဖြစ်ကြပါတယ်။

ကိုမျိုးမင်းနှင့် ဆက်နွယ်၍ ကျွန်မ တော်စပ်ခွင့်ရသော ဆွေမျိုးများမှာ ရှားရှားပါးပါး အားလုံး တစ်ယောက်စီပဲ ရှိကြပါတယ်။ အဘွားတစ်ယောက်၊ ဦးလေးတစ်ယောက်၊ အဒေါ်တစ်ယောက်၊ ခဲအိုတစ်ယောက်၊ ယောက္ခမတစ်ယောက်နဲ့ သူ့အဖေအမေ အပါအဝင် အားလုံး စုစုပေါင်း ခုနစ်ယောက်ထဲကိုပဲ ပတ်သက်ခဲ့ရတာပါ။ ကိုမျိုးမင်း အဘွား၏ မှန်ကန်သော အုပ်ထိန်းမှုအောက်မှာ ကိုမျိုးမင်း အမေ၊ ဒေါ်လေးချိုနဲ့ ဦးလေးညဏ်တို့ စနစ်တကျနဲ့ ကြီးပြင်းခဲ့ရတာပါ။ ကိုမျိုးမင်းအမေမှာ ထိုအချိန်က ဆရာဝန်လိုင်းတက်နိုင်ခဲ့သော်လည်း ကျန်းမာရေးအခြေအနေအရ စီးပွားရေးဘွဲ့ကိုပဲ ယူနိုင်ခဲ့ပြီး ဒေါ်လေးချိုနဲ့ ဦးလေးညဏ်ကတော့ ဆရာဝန်များဖြစ်ခဲ့ကြပါတယ်။ ဒေါ်လေးချိုက အိမ်ထောင်ရှိသော်လည်း သားသမီးတစ်ယောက်မှ မထွန်းကားဘဲ လက်ရှိ W.Dc, Mary Land မှာ သူ့ခင်ပွန်းနဲ့အတူ နေထိုင်ပါတယ်။ ဦးလေးညဏ်ကတော့ အငယ်ဆုံးသားပီပီ ယခု အသက် ၅၀ ကျော်နေပြီဖြစ်သော်လည်း အိမ်ထောင်မပြုဘဲ အဘွားနဲ့အတူတူ တစ်ခန်းထဲ အိပ်နေဆဲဖြစ်ကာ လက်ရှိ L.A. မှာ နေထိုင်ပါတယ်။

www.burmeseclassic.com

USကို ဒေါ်လေးချိုက အရင်ရောက်ပြီးမှ အဘွားနဲ့ ဦးလေးညဏ်ကို ခေါ်ယူခဲ့တာပါ။ ကိုမျိုးမင်းတို့ ညီအစ်ကိုကိုတော့ အဘွားက သူ့သားသမီးစာရင်းထဲမှာ နဂိုကတည်းက ထည့်ထားပြီး ခေါ်ယူပေးခဲ့တာပါ။ ရန်ကုန်မှာတော့ ကိုမျိုးမင်း အဖေ၊ အမေနဲ့ ကိုမျိုးမင်းထက် ၁၂ နှစ်ငယ်သော ညီမလေးတစ်ယောက်ပဲ နေထိုင်ကြပါတယ်။ ညီအစ်ကို နှစ်ယောက်လုံး အသက် ၂၀ ကျော်မှာ USရောက်ခဲ့ကြပြီး ကိုယ့်ဒူးကိုယ်ချွန်ကာ ချက်ချင်း ကျောင်းမတက်နိုင်ကြဘဲ ကြိုးကြိုးစားစားနဲ့ ကိုယ့်ကျောင်းစရိတ် ကိုယ်ရအောင် ပိုက်ဆံစုခဲ့ကြတာကတော့ ချီးကျူးစရာပါ။

ကိုမျိုးမင်းအဘွား၊ ဦးလေးနဲ့ အဒေါ်တို့မှာ မြေးနှင့် တူ၊ တူမ သုံးဦးသာ ရှိကြတဲ့အတွက် အဘွား၊ ဦးလေးနဲ့ အဒေါ်ဆီက အခွင့်အရေး တော်တော်များများကို ဒီလူ ၃ ယောက်က အမြဲလိုလို ရကြပါတယ်။ အထူးသဖြင့် အဘွားကော၊ ဒေါ်လေးချိုရော၊ ဦးလေးညဏ်ပါ နိုင်ငံခြားမှာ နေထိုင်ကြသည့်အတွက် လက်ရှိ နိုင်ငံခြားမှာ ရောက်ရှိနေကြသော ကိုမျိုးမင်းတို့ ညီအစ်ကိုက ပိုပြီး ရကြပါတယ်။ အဘွားကတော့ ကိုကိုနှင့် ညီလေးမှာ အေးအေးနေတတ်သော ကိုကို့ကို ကပ်သီးကပ်သပ် ပြန်ပြန်ပြောတတ်သော ညီလေးထက် ပိုပြီး ချစ်ပုံရပါတယ်။

အဘွားက လက်ရှိ အသက် ၈၉ နှစ်ထဲ ရောက်နေပြီဖြစ်ပေမယ့် USမှာ ကိုယ့်ထမင်း ကိုယ်ချက်၊ ကိုယ့်ပန်းကန် ကိုယ်ဆေးရင်း ညနေတိုင်း ခြံထဲမှာ သူ့နှင်းဆီပင်တွေကို မပျက်မကွက် ရေလောင်းရင်း ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းနဲ့ နေထိုင်နိုင်တာကတော့ တကယ့်ကို မင်္ဂလာတစ်ပါးပါပဲ။ ခုခေတ်ကြီးထဲမှာ အသက်ရှည်ရှည် ကျန်းကျန်းမာမာနဲ့ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ ငြိမ်းချမ်းစွာ နေထိုင်ခွင့်ရနေတယ်ဆိုတာကိုက နည်းနည်းနောနော ကုသိုလ်တစ်ခုမှ မဟုတ်ဘဲ။ ကျွန်မ သူ့လို နေနိုင်မယ်၊ မနေနိုင်ဘူးဆိုတာ ခုချိန်မှာ ဘယ်လိုမှ ခန့်မှန်းကြည့်လို့ကို မရနိုင်သေးဘူးလေ။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ။ ရှေ့စကားကို ပြန်ဆက်ရရင် ကျွန်မ တော်စပ်ရသော လူ ခုနစ်ယောက်လုံးက ကျွန်မအပေါ်မှာ နားလည်စွာနဲ့ကို လိုလိုလားလား လက်ခံပေးခဲ့ကြတဲ့အတွက် ကျွန်မတို့ရဲ့ မင်္ဂလာပွဲဟာ အချိန်ကြာရှည်မဆွဲလိုက်ရဘဲ အကောင်အထည် ပေါ်ခဲ့ရတာပါ။

ကျွန်မရဲ့ မင်္ဂလာပွဲကို ကကြီးမှ အအဆုံး စီစဉ်၊ ညွှန်ကြား၊ ဖတ်ဖတ်မောခဲ့ရသူမှာ ကျွန်မကိုယ်တိုင်သာလျှင် ဖြစ်ခဲ့ပြီး ကျွန်မ၏ပင်ပန်းမှုကို စလယ်ဆုံး မျှဝေခံစားပေးသူကတော့ ရွှေရှမ်းကန်မှ ကျွန်မရဲ့ ညီမအရင်းတစ်ယောက်လို ယနေ့တိုင် ချစ်နေဆဲဖြစ်သော ဒေါ်မြတ်မြတ်ဦးပင် ဖြစ်ပါတယ်။ ကျွန်မ၏ မင်္ဂလာပွဲအစီအစဉ်ကို ပြည့်ပြည့်စုံစုံနဲ့ အဆင်ပြေအောင် ကဏ္ဍ ၃ ခု ခွဲခြားထားပြီး ၃ ပွဲလုံးကို မြရိပ်ညို Royal Hotel မှာပဲ ကျင်းပခဲ့ပါတယ်။







ကျွန်မအတွက် မရှိမဖြစ် [illegible] နှစ်ဦးကိုတော့ အထူး[illegible] ဖိတ်ကြားခဲ့ပါတယ်



နှစ်ဖက်သောမိဘများနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com


အန်ကယ်၊ ညီမလေး၊ အန်တီ၊ အဘွား၊
L.A မှ ကျွန်မမိတ်ဆွေ အန်တီခင်နုနှင့်အမေ




လက်မှတ်ထိုးပြီး
အမှတ်တရ
ဓာတ်ပုံရိုက်ကြစဉ်

ရွှေနေချုပ် ဦးသာဒွန်းတို့ ဇနီးမောင်နှံရှေ့မှာ ကျွန်မတို့ လက်မှတ်ရေးထိုးခဲ့ကြပြီး အသိသက်သေများနေရာမှာ ကိုကျော်နဲ့ မမြတ်ဦးကပဲ ပါဝင်ကူညီပေးခဲ့ကြကာ လက်မှတ်ရေးထိုးပွဲလေးကို လူနည်းနည်းနဲ့ အကျဉ်းချုံးပြီးစီးစေခဲ့ပါတယ်။ မင်္ဂလာပွဲတစ်ခု ပြုလုပ်ရတာ ဘယ်လောက် တာဝန်ကြီး၊ အလုပ်များပြီး၊ ဘယ်လောက်ပင်ပန်းရတယ်ဆိုတာကလည်း လူတိုင်း၊ လူတိုင်း ဆောင်ပြီးမှပဲ သိနိုင်ခဲ့ကြတာပါ။ အထူးသဖြင့် ကျွန်မရဲ့ မင်္ဂလာပွဲကို အစစအရာရာ ထောင့်စေ့အောင် ကိုယ်ကိုယ်တိုင် စီမံကွပ်ကဲခဲ့ရတာဆိုတော့ ကျွန်မ စိတ်ပင်ပန်းခဲ့ရတာတွေကို ပြန်လည်း မပြောပြချင်တော့ပါဘူး။ (ပရိသတ်များ ပင်ပန်းမှာ စိုးလို့ပါ)
အဆင်မပြေမှု တစ်စုံတစ်ခုနဲ့ ကြုံကြိုက်လို့ စိတ်ညစ်ရတိုင်း (နင်က ဂုဏ်မက်တယ်လေ၊ ပကာသနတွေကိုလည်း သဘောကျတယ်ဆိုတော့ ဒီလောက်တော့ ခံပေါ့။ ဒါတောင် နည်းနေသေးတယ်)လို့ ကိုယ့်ကိုယ်ကိုယ် စိတ်ထဲက မကျေမနပ် ပြန်ပြောနေမိပါတယ်။ တင့်တယ်ချင်တာတွေ၊ ပြည့်စုံချင်တာတွေ၊ မျက်နှာပန်းလှချင်တာတွေ၊ ထူးဆန်းစေချင်တာတွေ...အစရှိတဲ့ ပကာသနတွေကို ကျွန်မ လိုလားနေသမျှ ကာလပတ်လုံး

၉-၅-၂၀၀၀

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးချစ်ကို(ဦးစီးအရာရှိ၊ပြည်သူ့ဆောက်လုပ်ရေး)-ဒေါ်မြင့်မြင့်သန်း
[၃-အထွေထွေမန်နေဂျာ(စာရင်း)က-ပ-ရ]တို့၏သား

**မောင်မျိုးမင်း**

**Bachelor of Science (Accounting Information System)**
**University of Southern California**

နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးစိုးမြင့်(အငြိမ်းစား)-ဒေါ်ကြည်ကြည်ခင်တို့၏သမီး

**မစိုးမြတ်သူဇာ**

**Final Year (History)**

တို့၏ ၉-၄-၂၀၀၀နေ့ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ်ဦးသာထွန်းနှင့်ဇနီးဒေါ်ထိပ်တင်ညွန့်၊ ၆-၅-၂၀၀၀နေ့ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်တွင် ကျင်းပသော မင်္ဂလာလက်ထပ်ပွဲအခမ်းအနား၌ ... [illegible]

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးမင်း-မစိုးမြတ်သူဇာ

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပင်ပန်း နေမှာပဲဆိုတာကို သိသိနေရဲ့နဲ့ ကျွန်မ နောက်မဆုတ်နိုင်တာကိုက 'ပိုးဖလံမျိုး မီးကိုတိုး' ဆိုသလိုပဲ ဖြစ်နေဦးမှာ မဆန်းပါဘူး။ တစ်ခါတလေ ကျွန်မဟာ ဖွဲမရှိတဲ့မိန်းမတစ်ယောက် သိပ်ဖြစ်ချင်ပါတယ်။ ကျွန်မ မင်္ဂလာပွဲမှာ ဘိသိက်သွန်းလက်ထပ်ပေးခဲ့သူကတော့ အန်ကယ် ခင်မောင်သန်းနဲ့ အန်တီမာလာတို့ ဇနီးမောင်နှံပါ။ အန်တီ့သမီးအကြီး မဟေမာနဲ့ ကျွန်မနဲ့က ငယ်စဉ်ကတည်းက ရင်းနှီးခင်မင်ခဲ့ကြတဲ့အတွက် အန်တီတို့ လင်မယားက ကျွန်မကို သေသေချာချာ ကူညီပေးခဲ့ကြပါတယ်။ လက်ထပ်လက်စွပ်ကို ဇနီးမောင်နှံက ချီးမြှင့်ပေးခဲ့ပြီး မင်္ဂလာပွဲကို မနက်စောစောပိုင်းမှာပဲ လူ ၁၀၀ လောက်သာ ဖိတ်ကြားကျင်းပခဲ့တာပါ။ မင်္ဂလာအခါတော်ပေးသီချင်းကို အစ်ကို ကိုရန်အောင်နဲ့ ပိုးအိစံတို့က သီဆိုပေးခဲ့ပါတယ်။ မင်းသမီးထဲမှာ မမို့နဲ့ မဆင့် နှစ်ယောက်နဲ့ မင်းသားထဲမှာတော့ အစ်ကိုနဲ့ ကိုရဲ နှစ်ဦးပဲ တက်ရောက်ခဲ့ကြပါတယ်။ သတို့သမီးအရံအဖြစ် ပန်းဖြူနဲ့ ခိုင်သင်းကြည်၊ သတို့သားအရံများအဖြစ် နိုင်းနိုင်းနဲ့ ရီဝေယံ၊ မင်္ဂလာရွှေမိုးငွေမိုးကြဲဖို့အတွက် အူဝဲနဲ့ ပန်းကုံးနဲ့ လက်စွပ်ဘန်းကိုင်များအတွက် ယမင်းကိုကိုနဲ့ လှအဥ္ဇလီတင့်တို့က တက်တက်ကြွကြွနဲ့ ကျွန်မကို အချိန်ပေးပြီး ပါဝင်ကူညီခဲ့ကြရှာပါတယ်။ အနုပညာအသိုင်းအဝိုင်းတစ်ခုလုံးကို



ဧည့်ခံကျွေးမွေးဖို့အစီအစဉ်ကိုတော့ နောက်တစ်နေ့ညနေပိုင်းမှာ ကျွန်မ စီစဉ်ထားခဲ့တာပါ။ ကျွန်မ၏ မင်္ဂလာပွဲဝတ်စုံကို ကျွန်မ မိတ်ဆွေ (ဒေါ်လာမြင့်အောင်)က ချုပ်လုပ်ပေးခဲ့ကာ ချိတ်ကိုတော့ (ရွှေဆင်တိုင်း)က ယက်လုပ်ပေးခဲ့ပါတယ်။ လက်ဝတ်ရတနာကိုတော့ (စိန်-မဝေ)က ဆင်မြန်းပေးခဲ့ပါတယ်။ မိတ်ကပ်ကိုတော့ ဦးစိုး (မိတ်ကပ် စိုးစိုး) လိမ်းပေးခဲ့ပါတယ်။ ကျန်တဲ့ကိစ္စအဝဝကို ကူညီပေးခဲ့တာကတော့ ကျွန်မရဲ့ မူရင်းမိတ်ကပ်ဆရာ ဇော်ဇော် (ထီလာ)၊ ရွှေကြည်နဲ့ ကိုဖေသန်းတို့ပဲ ဖြစ်ပါတယ်။ ကျွန်မ မင်္ဂလာပွဲကို စုလျားရစ်ပတ်လက်ထပ်သည့် အခမ်းအနားမျိုး ပြုလုပ်ခဲ့တာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာခန်းမအတွင်းကို တစ်ယောက်စီ ဝင်ကြရပါတယ်။ မင်္ဂလာဝတ်စုံကြီးနဲ့ တစ်ယောက်တည်း လမ်းလျှောက်ရတာတော့ ကြည့်ရတာ တစ်မျိုးကြီး ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ ကျွန်မကတော့ နောက်ဆက်လျှောက်ရဦးမယ့် ခရီးလမ်းတစ်ခုပေါ်ကို အကြောက်အလန့်မရှိ တစ်ယောက်တည်း ခြေလှမ်းစချခဲ့ပါတယ်။

မင်္ဂလာညစာစားပွဲညက အတွေ့အကြုံကတော့ ကျွန်မဘဝအတွက် ဘယ်တော့မှ မေ့လို့ မရနိုင်တဲ့ အတွေ့အကြုံတစ်ခု ဖြစ်ခဲ့ရပါတယ်။ ညနေပိုင်းမှာ လုပ်မယ့် ညစာစားပွဲအတွက် ညနေစောင်းလောက်မှာ ချက်ချင်းဆိုသလို မိုးမှောင်ကျလာကတည်းက အဝတ်အစား လဲနေရင်း ကျွန်မ စိတ်ထဲထင့်ခဲ့ရတာပါ။ မိုးရွာမှဖြင့် ငါ့ညစာစားပွဲကတော့ ဒုက္ခရောက်ပြီလို့ တွေးဖြစ်ချိန်မှာပဲ။ မိုးက ရွာချလာလိုက်တာ ည ၈ နာရီလောက်ထိ မရပ်တော့ပါဘူး။ ဟိုတယ်က တာဝန်ရှိသူတွေက ကျွန်မ Dinner ကို လှလှပပ ခမ်းခမ်းနားနားနဲ့ သေသေချာချာ ပြင်ဆင်ပေးထားခဲ့တာပါ။ အပြင်ဘက်မှာ ခင်းကျင်းထားတဲ့ အနေအထားကနေ အတွင်းထဲကို ရုတ်တရက် ရွှေ့ဖြစ်ရတာဆိုတော့ ဘယ်လိုမှ အဆင်မပြေတော့ပါဘူး အချိန်က လုံးဝ မရတော့တဲ့အတွက် ဝန်ထမ်းတွေခမျာလည်း ပျာယာခတ်နေရတဲ့အချိန်မှာ ဧည့်သည်တွေကလည်း တဖွဲဖွဲ ရောက်လာကြတာမို့ အစီအစဉ်တွေ အားလုံး လွဲချော်ကုန်ပါတော့တယ်။

ကျွန်မ မြရိပ်ညိုကို ရောက်လာတဲ့အချိန်မှာ ရောက်နေတဲ့ ဧည့်သည်တွေအားလုံး ထိုင်စရာနေရာ မရကြသေးဘဲ တရုန်းရုန်းနဲ့ ဖရိုဖရဲ ဖြစ်နေတာကို ကြည့်ပြီး ကျွန်မ ရင်ဝကို ဆောင့်ကန်ခံလိုက်ရသလို ကျွန်မ အသက်ရှူတွေ ကျပ်ပြီး ဘာလုပ်ရမှန်း မသိတော့သလို ဖြစ်ခဲ့ရပါတယ်။

ကျွန်မ ဘယ်သူ့ကိုမှ စကားလည်း မပြောနိုင်တော့ဘဲ မျက်ရည်တွေက အပြင်ဘက်က မိုးနဲ့အပြိုင် ပိုးပိုးပေါက်ပေါက်ကို ကျလာတော့တာပါပဲ။ ကျွန်မ ငိုတော့ ဘယ်သူမှ အနားမကပ်ရဲကြတော့ပါဘူး။ အဲဒီအချိန်က ဖြစ်နိုင်ရင် ကျွန်မ အဲဒီအခမ်းအနားကနေ ထွက်သွားချင်တော့တာပါ။

ကျွန်မ ပင်ပင်ပန်းပန်း စီစဉ်ထားရတာတွေဟာ ဘာလို့များ အဆင်မပြေ ဖြစ်ကုန်ရတာလဲဆိုတာကို တွေးတွေးပြီး ကျွန်မ ဝမ်းနည်းရတာပါ။ ကျွန်မကျမှ ရွေးပြီး ဒါမျိုး ဖြစ်ရတယ်လို့လေ။ နောက်တော့လည်း ကျွန်မကိုယ်တိုင်ပဲ ကိုယ်စိတ် ကိုယ်လျှော့ရပါတယ်။ ဘာမှ မတတ်နိုင်တော့ဘူးလေ။ လုပ်သလို မဖြစ်မှတော့ ဖြစ်သလိုပဲ လုပ်လိုက်ပါတယ်။ ကျွန်မ စိတ်ထဲမှာ ကျေးဇူး အထပ်ထပ်တင်မိရတဲ့သူ တွေကတော့ ကျွန်မအပေါ် နားလည်ပေးခဲ့တဲ့ စာနယ်ဇင်းဆရာများကိုပါ။



ကျွန်မ ညစာစားပွဲမှာ စာနယ်ဇင်းဆရာအားလုံးကို သေသေချာချာ ဧည့်ခံပါ့မယ်လို့ ပြောဆိုထားပြီးမှ အဲဒီညက စာနယ်ဇင်းဆရာတွေခမျာ ထိုင်စရာနေရာတောင်

www.burmeseclassic.com

www.burmeseclassic.com

မနည်းရှာကြရတယ်ဆိုတာ ကျွန်မ သိခဲ့ပါတယ်။
ကျွန်မ စိတ်မချမ်းမသာဖြစ်ခဲ့ရုံကလွဲလို့ ဘာမှလုပ်မပေးနိုင်ခဲ့ဘူး။
ဒါပေမယ့်လည်း သူတို့တတွေအားလုံးဟာ
ကျွန်မ မျက်ရည်ပေါက် ကျခဲ့ရတာကို မြင်လည်း မြင်ခဲ့၊
ကြားလည်း ကြားခဲ့၊ ဓာတ်ပုံတွေလည်း ရခဲ့ကြသော်လည်း
အဲဒီအကြောင်းကို ဟိုးလေးတကျော်ဖြစ်အောင်
သတင်းတွေ မရေးခဲ့ကြပါဘူး။ သူတို့ ထိုင်ခုံ မရခဲ့တာကိုလည်း
အပြစ်မတင်၊ ခွင့်လွှတ်ပေးနိုင်ခဲ့ကြပါတယ်။
အဲဒီအတွက် ကျွန်မနဲ့ ရင်းနှီးသော၊ မရင်းနှီးသော၊
ကျွန်မကို လိုလားသော၊ မလိုလားသော၊
ကျွန်မပွဲ တက်ရောက်ခဲ့ကြတဲ့ စာနယ်ဇင်းလောကမှ
ပုဂ္ဂိုလ်များအားလုံးကို အထူးပဲ ကျေးဇူးတင်လေးစားပါကြောင်း
ဒီစာမျက်နှာပေါ်ကနေ မှတ်တမ်းတင် ပြောကြားပါရစေရှင်။
အသက် ၃၅ နှစ်အထိ ရိုက်ကူးခဲ့သမျှ ဓာတ်ပုံတွေထဲမှာ
အကြိုက်ဆုံး နှစ်ပုံ ရှိခဲ့တဲ့အထဲက ဒုတိယမြောက်ပုံပါ။
ရှိသမျှ ဓာတ်ပုံ ဆရာတွေက ကိုယ့်ကိုပဲ ဝိုင်းရိုက်ရတာဆိုတော့
သူတို့တွေနား ကျွန်မ မမျှော်လင့်ဘဲ ရောက်သွားချိန်မှာ
လက်အလွန်မြန်တဲ့ ဓာတ်ပုံ ပီတာက လျှပ်တပြက်
ရိုက်ပေးခဲ့တာပါ။ မိုးတိတ်သွားတဲ့အချိန် တက်ရောက်ကြတဲ့
အနုပညာမောင်နှမတွေစုပြီး ဓာတ်ပုံရိုက်တဲ့အချိန်မှာ
ဓာတ်ပုံဆရာတွေက တစုတဝေးထဲ ဝိုင်းရိုက်ကြပါတယ်။
အဲဒီအခါမှာ ကျွန်မက ရှိသမျှလူတွေ ကင်မရာနဲ့ ဆုံမဆုံသိချင်တာနဲ့
သူတို့ရှေ့ကနေ သွားကြည့်တဲ့အချိန်မှာ
ကင်မရာမဲန်းများနဲ့ အမှတ်တရ ဖြစ်သွားတာပါ။
အကယ်ဒမီပေးပွဲတွေမှာ ဒီလိုပုံမျိုးတွေ ရှိနိုင်ပေမယ့်လည်း
ကျွန်မကတော့ ဒီပုံကိုပဲ အကြိုက်ဆုံးအဖြစ် ရွေးချယ်လိုက်ပါတယ်။
အဲဒီညက မိုးတွေရွာလို့ ကျွန်မ ဝမ်းနည်းပြီး ငိုခဲ့ရတဲ့အတွက် ပွဲကို
တက်ရောက်ကြတဲ့ အနုပညာမောင်နှမတွေအားလုံး
ဝတ္တရားကျေလာပြီး ပြန်သွားကြတဲ့အနေအထားမျိုး မလုပ်ခဲ့ကြဘဲ
သတ်မှတ်ချိန်ကျော်သွားတဲ့အထိ ကျွန်မနဲ့အတူတူ
နေပေးခဲ့ကြပါတယ်။ အဲဒီအတွက်လည်း ကျွန်မရဲ့လုပ်ဖော်ကိုင်ဖက်
အနုပညာရှင်များအားလုံးကို အထူးပဲ
ကျေးဇူးတင်လေးစားမိပါကြောင်း ဤစာမျက်နှာပေါ်ကနေပဲ
ထပ်မံပြီးမှတ်တမ်းတင် ပြောကြားလိုက်ပါတယ်ရှင်။
အဲဒီနေ့ညက မြရိပ်ညိုဟိုတယ်မှာ မနက် ၄ နာရီလောက်ထိ
မိတ်ဆွေတော်တော်များများက ကျွန်မစိတ်ကို သက်သာရာရအောင်
ကုစားပေးခဲ့ကြပါတယ်။ ကျွန်မအတွက် ရွှေရောင်တွေ လွှမ်းထားတဲ့
အိပ်ခန်းကို အန်ကယ် ဦးခင်ရွှေနဲ့ ဇနီးကိုယ်တိုင်
အချိန်ယူပြင်ဆင်ပေးထားခဲ့တာမို့ ကျွန်မ ပင်ပန်းခဲ့တာတွေအတွက်
၃၊ ၄ ရက် လောက် အနားယူချင်ခဲ့ပေမယ့်လည်း
နောက်နေ့မနက်စောစောမှာ ဒါရိုက်တာ ပြည့်ဝ ရိုက်ကူးနေတဲ့
(အချစ်က မမေ့တတ်ဘူး) ရုပ်ရှင်ဇာတ်ကားကြီး
လက်ကျန်ဖြတ်ပေးဖို့ စီစဉ်ထားတာကြောင့် ညဦးပိုင်းကတည်းက



ကျွန်မ ဓာတ်ပုံတွေထဲမှာ
အကြိုက်ဆုံး နှစ်ပုံ ရှိခဲ့တဲ့အထဲက
ဒုတိယမြောက်ပုံ ဖြစ်ပါတယ်





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ပို့ထားတဲ့ ကျွန်မတို့ မင်္ဂလာပွဲ
အကြောင်းပါတဲ့ ဂျာနယ်တွေကို ဖတ်ပြီး
တရေးမှတောင် မျက်လုံးမမှိတ်လိုက်ရဘဲ
ကားရိုက်အဝတ်အစားတွေ
ပြင်ဆင်ဖို့အတွက် မနက်စောစောပဲ
ကိုယ့်အိမ်ကိုယ် ပြန်ခဲ့ရပါတယ်။
ကျွန်မ ယောင်နောက် ဆံထုံးပါဖို့အတွက်
မင်္ဂလာပွဲနဲ့ ကြားကာလအချိန် သိပ်မရှိတာမို့
ရိုက်လက်စ ကားတွေအားလုံး
လက်ကျန်မရှိအောင်
အသံပြန်သွင်းတာကအစ ကိုယ့်အတွက်နဲ့
သူများတကာ အလုပ်မထိခိုက်ရလေအောင်
ကျွန်မ ဂရုစိုက်ပြီး လုပ်ထားသမျှ
အလုပ်တွေကို အကုန်လိုက်ဖြတ်ပါတယ်။
ပြီးတာနဲ့ ကိုမျိုးမင်း သွားချင်တဲ့ ပုဂံကို
အမြန်လိုက်ပို့လိုက်ပါတယ်။ ကြာကြာလည်း
မနေနိုင်ပါဘူး။ လုပ်စရာကိစ္စတွေက
ခေါင်းထဲမှာ စီစီရီရီ ရှိနေသေးတာမို့
နှစ်ရက်ပဲ ကြာခဲ့ပါတယ်။
အမေ၊ ကလျာနဲ့ ဒါဒါတို့ကလည်း
အဖော်လိုက်ပေးပါတယ်။
ကိုမျိုးမင်းနဲ့ ကျွန်မတို့ ညီအစ်မသုံးယောက်
သွားကြတဲ့အချိန်မှာ ကျွန်မတို့ကို တွေ့တဲ့
နယ်မှ ပရိသတ်များက
ကိုမျိုးမင်းကို ကျွန်မ ခင်ပွန်းသည်မှန်း
သတိမထားမိကြသေးဘဲ ကျွန်မတို့
မောင်နှမ လေးယောက် ရှိကြတယ်
ဆိုတာကိုသာ သိထားကြတာမို့၊
မစိုးမောင်လေး ဆိုပြီး
နှုတ်ဆက်ကြပါတယ်။ ကိုမျိုးမင်းကတော့
သူ့ကို ကျွန်မ မောင်လေးအခေါ်ခံရတော့
ပီတိတွေ ဖြာတော့တာပေါ့ ... ကျွန်မက
သူ့ထက် ပိုအိုပြီး သူကတော့
သိပ်နုပါတယ်ပေါ့လေ။
ကျွန်တော်က မစိုးယောကျ်ားပါ ခင်ဗျာလို့
ယောင်လို့တောင် သူ တစ်ခွန်း
မရှင်းပြပါဘူး။ သူကပါ ကြားထဲကနေ
ကျွန်မကို အငယ်တွေ ခေါ်တဲ့အတိုင်း
မကြီး၊ မကြီးနဲ့ ရောရောပြီး
ခေါ်လိုက်သေးတယ်။
ကလျာနဲ့ ဒါဒါကလည်း တခွီခွီနဲ့
ကိုမျိုးမင်းဘက်ကပဲ ရပ်တည်ကြပါတယ်။
သူတို့ သုံးယောက်လုံး တော်တော့်ကို





လူပုံအလယ်မှာ သူ့ကိုယ်သူ ကျွန်မမောင်လေး
အယောင်ဆောင်နေပုံပါ။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကွင်းကို နှစ်ဖက်မိဘဆွေမျိုးများနဲ့ သူငယ်ချင်းမိတ်ဆွေ အစုံအလင် လိုက်ပို့ခဲ့ကြတယ်



အာဂသတ္တိနဲ့ မိန်းမပျော့ရှင်

အမြင်ကတ်ဖို့ ကောင်းခဲ့တာပါ။
ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ မိသားစုထဲကို ဝင်ရောက်လာတဲ့ ကိုမျိုးမင်းကိုလည်း ကျွန်မတို့ မိသားစုက ကြည်ကြည်ဖြူဖြူနဲ့ လိုလိုလားလား ရှိခဲ့ကြပါတယ်။
ကိုမျိုးမင်းကိုယ်တိုင်ကလည်း ကျွန်မ မောင်နဲ့ရော၊ ကျွန်မ ညီမများနှင့်ပါ ပြေပြေလည်လည် ရင်းရင်းနှီးနှီး နေတတ်၊ ပြောတတ်ခဲ့သည့်အပြင် အစ်မနှင့်ပတ်သက်ခဲ့ရသည်မို့ သူ့ကိုယ်သူလည်း အစ်ကိုကြီး တစ်ယောက် သဖွယ် ကလျာအရေး၊ မောင်မောင့်အရေး၊ ဒါဒါ့အရေး သုံးပါးတို့တွင်လည်း ကျွန်မပြောပြသမျှ စိတ်မဝင်စားလည်း နားထောင်ပေးပြီး သူနားလည်သလောက် သိသလောက် အကြံဉာဏ်များပေးရင်း မောင်ညီမများအပေါ် ချစ်တတ်လွန်းတဲ့ ကျွန်မ အချစ်တွေကို မနာလိုစိတ်မရှိဘဲ တကယ့်ကို ကြည်ကြည်ဖြူဖြူနဲ့ နားလည်ပေးခဲ့ပါတယ်။
ဘာမှမတော်စပ်ကြတဲ့ သူစိမ်းယောကျ်ား တစ်ယောက်နဲ့ မိန်းမတစ်ယောက်တို့ အတူတူ နေထိုင်ဖို့အတွက် လက်ထပ်ကြတဲ့အခါ
အဲဒီ သူစိမ်း နှစ်ယောက်ဟာ 'လင်မယား'လို့ သတ်မှတ်ခေါ်ဝေါ်လိုက်ကြပြီး ချက်ချင်းဆိုသလို ဟိုဘက်ဒီဘက် ဆွေမျိုးတွေ ဖြစ်ကုန်ကြတာကလည်း သေသေချာချာ ပြန်စဉ်းစားလေ့လာကြည့်ရင် မေးခွန်းတော်တော်များများ ထွက်လာနိုင်ပါတယ်။ အဲဒီထဲမှာမှ ကျွန်မဆိုသော အမျိုးသမီးသည် ကိုယ့်ဘဝ တစ်ခုလုံးကို သူစိမ်းယောကျ်ားတစ်ယောက် အပေါ်တွင် ယုံယုံကြည်ကြည် အပ်နှံရင်း ကိုယ်နှင့် အကျွမ်းမဝင်သော၊ နေထိုင် ဖြစ်လိမ့်မည်ဟုလည်း တစ်ကြိမ်တစ်ခါမှ စိတ်ကူးမယဉ်ခဲ့ဖူးသော၊ ဆွေမျိုးဆိုလို့ မောင်တစ်ယောက်သာ ရှိသော သူစိမ်း နိုင်ငံတစ်နိုင်ငံသို့ ယောကျ်ားမျက်နှာ တစ်ရှာ မှတ်ပြီး အကြောက်တရား အနည်းငယ် မရှိဘဲ လိုက်ပါနေထိုင်ဖို့ ဆုံးဖြတ်ခဲ့တာ ဟာလည်း (ခုချိန်မှာတော့) 'အာဂသတ္တိ'ပဲ လို့သာ သတ်မှတ်ချက်ချချင်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com







၂၀၀၀ ပြည့်နှစ် မေလ ၁၆ ရက်နေ့မှာ ကျွန်မ ချစ်တဲ့သူတွေ၊ ခင်တဲ့သူတွေ၊ လေးစားရတဲ့သူတွေနဲ့၊ မိတ်ဆွေ သူငယ်ချင်းများ၊ နောက် ကျွန်မ အနုပညာတွေ အားလုံးကို ခေတ္တခဏ ကျောခိုင်း ချန်ထားခဲ့ပြီး ကိုမျိုးမင်းနှင့်အတူ US ကို လိုက်ပါ လာခဲ့ပါတယ်။ ထိုနေ့၊ ထိုရက်၊ ထိုအချိန်မှစ၍ (စိုးမြတ်သူဇာ) ဆိုသော နာမည်ရှေ့မှ (ရုပ်ရှင်မင်းသမီး) ဟူသော သတ်မှတ်ချက် တစ်ခုသည် သူ့အလိုလို (ခုတော့ ခဏလို့ ပြောရမှာပေါ့လေ) ပျောက်ကွယ် သွားခဲ့ကာ (စိုးမြတ်သူဇာ)ဟု ခေါ်သော မိန်းမ တစ်ယောက်သည် အများသူတကာတွေလို သာမန်မိန်းမ တစ်ယောက်အဖြစ် ဘဝအသစ်တစ်ခုတွင် ထပ်မံမွေးဖွား ခဲ့ရပြန်ပါတယ်။ (မွေးမွေးချင်းမှာပဲ အဲဒီစိုးမြတ်သူဇာက အသက် ၂၉ နှစ် ဖြစ်နေခဲ့တာ ထူးခြားတာပေါ့နော်)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မနဲ့ ကိုမျိုးမင်းက L.A.မှာ တွေ့ခဲ့ကြပေမယ့်
ကျွန်မ ရန်ကုန်ပြန်သွားတဲ့အချိန်မှာ
သူ့အလုပ်နဲ့ Oregon ကို ပြောင်းသွားခဲ့ပါတယ်။
ကျွန်မ US ကို လိုက်လာတော့ Oregon ကို တန်းမသွားသေးဘဲ
L.A.မှာ တစ်ပတ်လောက် နေလိုက်ပါသေးတယ်။
ကျွန်မ မောင်လေးနဲ့ တွေ့ဖို့ပါ။
L.A.မှာ ကိုမျိုးမင်း မရှိတော့ပေမယ့်
သူ့ဟာသူတစ်ယောက်တည်း အချိန်တိုတိုအတွင်းမှာ
ရပ်တည်နိုင်ခဲ့တဲ့အတွက် ကျွန်မ စိတ်ချမ်းသာရပါတယ်။
ဒါပေမယ့် ကျွန်မ L.A.ရောက်တော့ မောင်မောင်က ရန်ကုန်ပြန်ဖို့
သံရုံးနဲ့ အလုပ်တွေ ရှုပ်နေတာ တွေ့ရတော့
ကျွန်မ အံ့သြသွားပါတယ်။ မောင်မောင်က Student Visa နဲ့
လာတာမို့ သူ့ဗီဇာက Multiple ရထားပါတယ်။
ဒါကြောင့် သူ့အတွက် နောက်တစ်ခေါက် US ကို ပြန်ဝင်ဖို့
အခွင့်အရေး ရှိနေပါတယ်။ သူ ပြန်မယ့်ကိစ္စဟာ
သူ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကြောင့်ဆိုတာ

## PART EIGHT

## 2000 JUNE



ကျွန်မ ရိပ်မိခဲ့ရတာမို့ စကားပိုတွေ ကျွန်မ သိပ်မပြောခဲ့ပါဘူး။
သူကလည်း ကျွန်မကို စိတ်မပူဖို့နဲ့ ကျောင်းခဏ
ပိတ်ထားတဲ့အချိန်လေး နှစ်ပတ်ပဲ ရန်ကုန်မှာ
နေမှာဆိုတဲ့အကြောင်းကို (ခွင့်မပြုမှာကို စိုးရိမ်စွာနဲ့)
မျက်နှာငယ်လေးနဲ့ ပြောခဲ့ပါတယ်။
ကျွန်မ မောင်တွေ၊ ညီမတွေက သိပ်ကို ချစ်တတ်၊
သံယောဇဉ်ကြီးတတ်ကြတဲ့သူတွေပါ။ သူတို့အပေါ် ငါးပြားဖိုး
ကောင်းပြုရင်ကို သူတို့က ပြန်ပြီး ငါးမူးဖိုး ချက်ချင်း
ကောင်းချင်သူတွေပါ။ သူတို့ ကိုယ်ရေးကိုယ်တာကိစ္စတွေနဲ့
ပတ်သက်လို့ ဘယ်တုန်းကမှ ကျွန်မ ဝင်မစွက်ခဲ့ပါဘူး။
ဒါပေမယ့်လည်း လူတွေအားလုံး (အထူးသဖြင့်) သူတို့လေးတွေနဲ့
ပတ်သက်နေကြသောသူများက ကျွန်မက မောင်နှမအားလုံးအပေါ်
လွှမ်းမိုး၊ ချုပ်ကိုင်၊ ချယ်လှယ်နိုင်တယ်လို့ အသေအချာ



www.burmeseclassic.com

www.burmeseclassic.com


ယူဆကြပါတယ်။ ကျွန်မကတော့ ဒါမျိုးအပြောခံရရင် အသံတိတ်ပဲရယ်မိပါတယ်။ ကျွန်မရုပ်ကိုက အဲလိုဖြစ်နေမှတော့ ရှင်းပြရင်လည်း ယုံချင်ကြမှာ မဟုတ်ဘူးလေ။ ငါ့ကို တော်တော် အထင်ကြီးကြတာပဲလို့သာ ကြံဖန်ပြီး တစ်ယောက်တည်း ဂုဏ်ယူရတော့တာပါပဲ။


သူတို့ ၃ ယောက်ရဲ့
မကြီး…မလေးကလေ၊
မကြီး…မောင်မောင့်ကိုလေ၊
မကြီး….ဒါဒါကလေ…နဲ့
မကြီး၊ မကြီးချင်း မိုးမွှန်နေအောင် ခေါ်တတ်ကြတဲ့ သူတို့ အပြော၊ သူတို့ အမူအရာတွေ အောက်မှာ ကိုယ်ကိုယ်တိုင်ကိုက ကျေကျေနပ်နပ်နဲ့ နှစ်ရှည်လများကို ကြည်နူးနေမိတာဆိုတော့ အဲဒီသုံးယောက်လက်က လွတ်အောင် ရုန်းထွက်နိုင်ဖို့ဆိုတာ ကျွန်မအတွက် အတော့်ကို စဉ်းစားရမယ့်ကိစ္စပါ။ (တချို့ကတော့ ဒီ ၃ ယောက်က ကျွန်မလက်က ရုန်းထွက်ဖို့ ကြိုးစားနေကြတာလို့ မြင်တတ်ကြပါတယ်) သူတို့ သုံးယောက်နဲ့ပတ်သက်လို့ ကျွန်မမျှော်လင့်ချက်တွေ အများကြီး ထားခဲ့မိတယ်။ တကယ်တော့ ကျွန်မနဲ့ အဲဒီ (မျှော်လင့်ချက်) ဆိုတဲ့ အရာဟာ ဘယ်တုန်းကမှ သဟဇာတ မဖြစ်ခဲ့တာပါ။ ဒါပေမယ့်လည်း အဲဒီအချိန်တုန်းက သူတို့တွေနဲ့ ပတ်သက်လို့ ရသလောက်လေးနဲ့ စိတ်ချမ်းသာအောင် နှလုံးသွင်းပြီး မနေတတ်သေးဘူးလေ။ ကျွန်မ စိတ်ထဲမှာ သူတို့တွေကို ငါပြည့်စုံအောင်၊ စိတ်ချမ်းသာအောင် ထားတယ်။ သူတို့တွေကလည်း ငါ့ကို အဲလိုပဲ ပြန်ထားရမယ်။

ထားလည်း ထားသင့်တယ်လို့ တရားသေ၊ ပုံသေကားချပ်တစ်ခုလို မျှော်လင့်ထားခဲ့မိတယ်။

အဲဒါ ကျွန်မ အမှားပဲ။ ကျွန်မ မျှော်လင့်တဲ့အတိုင်း ဖြစ်မလာတဲ့အခါ


Oregon, Salem မြို့မှာ ရှိသော ကျွန်မ နေထိုင်သည့်ရပ်ကွက်ပါ



မောင်မောင် L.A. ရောက်ခါစက Diseney's Land ကို မမေဝင်းမောင်တို့က အလည်လိုက်ပို့ပေးခဲ့ပါတယ်။


မောင်မောင် အလုပ်လုပ်သော ဓာတ်ဆီဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နေထိုင်ခွင့်ရခဲ့သော အိမ်ကလေး





စိတ်ဆိုးရတယ်၊ စိတ်ပျက်ရတယ်၊ စိတ်ညစ်ရတယ်။ ကျွန်မပဲ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ခံစားရတယ်။ တော်တော်ကို မကောင်းတာပါ။

မောင်မောင် L.A. မှာ ကျောင်းလာတက်တော့ ကျွန်မက သူ့ကို (ကဲ…နင် US မှာ နေခဲ့တော့၊ စားဝတ်နေရေး ကိုယ့်ဟာကိုယ် ဖြေရှင်း၊ နင် ယောကျ်ားလေးပဲ၊ ငါတော့ သွားပြီ)ဆိုပြီး လက်လွှတ်စပယ် ထားခဲ့တာ မဟုတ်ပါဘူး။ သူ မလာခင်ကတည်းက နေဖို့ အခန်း၊ စီးဖို့ ကားနဲ့ ကျောင်းသားဖြစ်တဲ့အတွက် တစ်ပတ်မှာ နာရီ ၂၀ အလုပ်လုပ်ခွင့် ရှိတာမို့ သူ့အတွက်လည်း အတွေ့အကြုံတွေ ပိုရအောင် အလုပ်ပါ တစ်ခါတည်း ရှာထားခဲ့တာပါ။ ကျွန်မ မောင်ကလည်း ကျွန်မ စီစဉ်ထားတဲ့အတိုင်း အံဝင်ခွင်ကျ နေထိုင်တတ်ခဲ့တဲ့ အပြင် ကျွန်မ မပြန်ခင်မှာကတည်းက တော်တော့်ကို နှံ့နှံ့စပ်စပ် ရှိနေခဲ့လို့ ကိုရန်အောင်တောင် အံ့ဩချီးကျူးခဲ့ရပါတယ်။

မောင်မောင်ဟာ ပေါ့ပေါ့စားစားထဲက မဟုတ်ဘဲ လူတော်စာရင်းထဲမှာတောင် ထည့်လို့ ရပါတယ်။ သူ့မှာ မိသားစုအပေါ် သိတတ်တဲ့ စိတ်ရှိတယ်၊ ရည်မှန်းချက် ရှိတယ်၊ ကြိုးစားချင်တဲ့စိတ်၊ တီထွင်ချင်တဲ့ဉာဏ်၊ မြင့်တဲ့ အတွေးအခေါ်တွေ ရှိရဲ့သားနဲ့ တစ်ခါတရံ အားနာတတ်တဲ့ စိတ်က များပြီး မပြတ်မသား လုပ်တတ်တဲ့ အကျင့်ကတော့ ကျွန်မ ရင်ထဲ အတော်



www.burmeseclassic.com

www.burmeseclassic.com

ခံရခက်စေတာပါ။
အဲဒီနောက်မှာတော့ မောင်မောင် ရန်ကုန် ပြန်သွားခဲ့ပါတယ်။ ကျွန်မလည်း Oregon ကို ဆက်သွားခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်မမှာ ရောက်ရောက်ချင်းလည်းဖြစ်ပြန်၊ ရာသီဥတုကလည်း အေးတဲ့အပြင် မောင့်အတွက်နဲ့ စိတ်ထဲမှာ ကသိကအောက်ဖြစ်နေရတာမို့ ဘယ်လိုမှ မပျော်နိုင်ခဲ့ပါဘူး။ ဒါပေမယ့်လည်း နှစ်ပတ်ကျော်တဲ့အချိန်မှာတော့ ကျွန်မ မောင်က သူပြောသွားတဲ့အတိုင်း L.A. ကို ပြန်ရောက်လာခဲ့ပါတယ်။ သူ့ဇယားထဲကအတိုင်း ပုံမှန်ဆက်လုပ်နေပေမယ့် ကျွန်မ သူ့ကို စိတ်မချတော့ပါဘူး။ ဒါနဲ့ပဲ သူ့ကို L.A. ကနေ ကျွန်မ နေထိုင်ရာ Oregon ကို ပြောင်းလာခဲ့ဖို့ ခေါ်လိုက်ပါတယ်။ ပြောပြောချင်း သူက အင်တင်တင်နဲ့ တစ်ပတ်လောက် စဉ်းစားပါသေးတယ်။ နောက်တော့ သူ ပြောင်းလာမယ်ဆိုတဲ့အကြောင်း ကျွန်မကို အကြောင်းပြန်ပါတယ်။ အဲတော့မှပဲ ကျွန်မမှာ သက်ပြင်းချနိုင်ပါတော့တယ်။

ကျွန်မ ဒီနေရာထိတောင် ရောက်လာပြီးမှ ဘာအကြောင်းကြောင့်နဲ့မှ ကိုယ့်စိတ်ကို မမွန်းကျပ်စေရဘူးလို့ သတိထားလိုက်ပါတယ်။ ကျွန်မ ရွေးချယ်ထားတဲ့လမ်းကို ကျွန်မ ဆုံးအောင် မလျှောက်နိုင်ရင် ကျွန်မ လူညံ့ဖြစ်သွားမှာပါ။ အသက် ၁၈ နှစ်အရွယ်တုန်းကတောင် ကိုယ့်ဘဝတက်လမ်း ကိုယ့်ဟာကိုယ် ဖောက်နိုင်ခဲ့သေးတာ အခု ဒီအရွယ်ကျမှ အဆင်သင့် ဖောက်ထားတဲ့လမ်းတစ်ခု ဆက်လျှောက်ဖို့အတွက် ဘာလို့ ဝန်လေးနေရမှာလဲ! လမ်းမှာ တွေ့ကြုံရမယ့် ဆူးညှောင့်ခလုတ်တွေကို ဖြတ်ကျော်ဖို့ ခွန်အားတွေ၊ သတ္တိတွေကို နဂိုကတည်းက မွေးထားခဲ့ပြီးသား မဟုတ်လား!


လူများများနဲ့ နေလာခဲ့တဲ့နှစ်တွေက တော်တော်ကို များခဲ့တာဆိုတော့ တစ်ယောက်တည်း နေတတ်အောင် ပြောင်းယူခဲ့ရတာ ကျွန်မအတွက် သိပ်တော့ မလွယ်ခဲ့ပါဘူး။ တိတ်ဆိတ်မှုတွေနဲ့ နေသားမကျခင်မှာ တီဗီရော၊ ကက်ဆက်ကော တစ်ပြိုင်တည်း ဖွင့်ထားလိုက်ပါတယ်။ ဗမာသံရော၊ အင်္ဂလိပ်သံရော ကိုယ့်ဟာကိုယ်ပဲ Mix လုပ်ပြီး နားထောင်လိုက်တယ်။ ထိုင်းထိုင်းမှိုင်းမှိုင်း ရာသီဥတုကို အံတုတဲ့အနေနဲ့ ပြတင်းပေါက်တွေ ဖွင့်၊ လိုက်ကာတွေ ဖယ်ပြီး တစ်အိမ်လုံး ပူနေအောင် Heater တွေ ဖွင့်ထားလိုက်တယ်။ နောက်···အရမ်း အလုပ်ရှုပ်နေပါတယ်ဆိုတာကို ပြချင်တဲ့သဘောနဲ့ ချက်နည်းပြုတ်နည်းစာအုပ်ကို ဖွင့်ပြီး တစ်မျိုးပြီး တစ်မျိုး စမ်းသပ်တော့တာပဲ။

(အဲဒီ စမ်းသပ်ဆဲကာလတွေမှာပဲ ကျွန်မ ဟင်းတွေ အကုန်ချက်တတ်ခဲ့တဲ့အပြင် ထမနဲလည်း ထိုးတတ်၊ ဒန်ပေါက်လည်း ဖောက်တတ်၊ ဖာလူဒါတွေလည်း လုပ်တတ်ကုန်တဲ့အပြင် သူတို့ဆီက Thankgs giving မှာ စားတတ်ကြတဲ့ (ကြက်ဆင်)တစ်ကောင်လုံးကိုတောင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကင်တတ်သွားပါတယ်)

သင်ကြားတဲ့အရာမှန်သမျှ တတ်လွယ်တာ ကျွန်မရဲ့ ကောင်းတဲ့အချက်လား၊ မကောင်းတာလား၊ ကျွန်မလည်း မပြောတတ်တော့ပါဘူး၊ ကျွန်မ သိသလောက်တော့ သင်တိုင်း တတ်လွယ်တာဟာ တကယ်တော့ မကောင်းဘူး၊ တတ်တော့ လုပ်ရတယ်၊ လုပ်ရတော့ ပင်ပန်းရော၊ (အဲဒီမှာတင် သွားတာပဲ)


၆ လလောက်ကြာလာတဲ့အချိန်မှာ ကိုမျိုးမင်းနဲ့ မောင်မောင်က ကျွန်မကို ကားမောင်းလိုင်စင် ယူဖို့ စာမေးပွဲ ဖြေခိုင်းပါတယ်။ စာကျက်ဖြေရတဲ့အတွက် တစ်ခါတည်းနဲ့ အောင်ပါတယ်။ မောင်းဖြေ ဖြေရတော့ နှစ်ခါ ဖြေမှ အောင်ပါတယ်။ ရေးဖြေကော မောင်းဖြေပါအောင်ပြီးမှ ကျွန်မ လိုင်စင်ရပါတယ်။ ရန်ကုန်မှာကတည်းက ကျွန်မ ကားမောင်းတတ်ပေမယ့် သူတို့ဆီက ဥပဒေတွေက မှတ်သားလိုက်နာစရာတွေ များလွန်းတာမို့ ကျွန်မ လုံးဝ ကားမမောင်းချင်ပါဘူး။ Local မောင်းရတာ ပြဿနာ မရှိပေမယ့် Freeway ပေါ် တက်ရမှာကိုတော့ သူများတကာ မောင်းနေတာကို ကြည့်ပြီးတော့ကို ကျွန်မ ကြောက်နေမိတယ်။

ဒါပေမယ့် ကိုမျိုးမင်းနဲ့ မောင်မောင်က ဘာပြောလာလဲဆိုတော့ (မကြီး ကားမောင်းနိုင်မှ ကိုယ်သွားချင်တဲ့နေရာ ကိုယ်သွားလို့ ရမယ်)တဲ့ သူတို့နှစ်ယောက်တောင် ရှိနေတာ ကျွန်မက တစ်ယောက်တည်း ဘယ်ကို သွားရမှာလဲလို့ စောဒက တက်ကြည့်ပေမယ့် ကိုမျိုးမင်းက ကျွန်မကို အင်္ဂလိပ်လို အနည်းအကျဉ်း ပြောတတ်၊ နားလည်ဖို့အတွက် ကျောင်းသွားတက်ရမယ်၊ ဒီတော့ ကိုယ့်ဟာကိုယ် ကားမောင်းနိုင်ဖို့ လိုကိုလိုအပ်တယ်လို့ ပြောလာပါတယ်။


သူတို့နှစ်ယောက်လုံးကို မခံချင်စိတ်နဲ့ ကျွန်မ လိုင်စင်ရအောင် ယူခဲ့ပါတယ်။ ပြီးတော့ သူတို့ ပြောတဲ့အတိုင်း ကျွန်မတို့ မြို့မှာရှိတဲ့ ကောလိပ်တစ်ခုရဲ့ Language School အတန်းမှာ ကျောင်းတက်ခဲ့ပါတယ်။ တစ်တန်းကို ၃ လ ကြာပြီး ကျွန်မ နှစ်တန်း တက်ခဲ့ပါတယ်။ ကျောင်းတက်ဖြစ်တဲ့အတွက် ကျွန်မ အတွေ့အကြုံသစ်တွေ ရခဲ့သလို၊ အချိန်ပိုလည်း သိပ်မရှိတော့ပါဘူး။ ညတိုင်း Home work တွေ လုပ်ရတဲ့အချိန်ကျရင်တော့ ကိုမျိုးမင်းနဲ့ အခြေအတင်ပါပဲ။ ကျွန်မကိုယ်တိုင်လုပ်မှ စာတတ်မှာပေါ့ ပြောပြီး ဘယ်တော့မှကူလုပ်မပေးပါဘူး။ ကျွန်မလည်း တတ်နိုင်သလောက် ဖတ်တာပါပဲ။ ဒါပေမယ့် နေ့တိုင်း လုပ်နေရတာဆိုတော့ ကြာတော့လည်း ပျင်းလာတာပေါ့။ ဆယ်တန်းအောင်တုန်းကတောင် အင်္ဂလိပ်စာ အမှတ် ၅၀ ပဲ ရခဲ့တာ။

အဲဒီ အမှတ် ၅၀ ဆိုတာကလည်း ကျွန်မ ကျောင်းသက်တမ်းမှာ အများဆုံးရခဲ့တာပဲ။ အင်္ဂလိပ်စာဟာ ကျွန်မ အားအနည်းဆုံးဘာသာ ဖြစ်ပြီး ကျွန်မ စိတ်မဝင်စားတဲ့ ဘာသာတစ်ခုပါ။

၁၀ တန်းအောင်တုန်းကတောင် အင်္ဂလိပ်စာ ဖတ်ရမှာ စိုးလို့



နှင်းတွေ ကျတဲ့အချိန်ပါ



ကျွန်မတို့မြို့ရဲ့ City Hall ရှေ့တွင် ချယ်ရီပန်းများ ပင်လုံးကျွတ် ပွင့်နေချိန်တွင် မမေ၊ မလှမိုးတို့နှင့် အမှတ်တရ






www.burmeseclassic.com

www.burmeseclassic.com









*Potland* ရှိ *Rose Garden* သို့
အလည်ရောက်စဉ်က







www.burmeseclassic.com

www.burmeseclassic.com

လွှယ်ကူမယ့် (သမိုင်းမေဂျာ) ကို ယူခဲ့ပါတယ်။ ဒါပေမယ့် (ကံဆိုးချင်တော့) ဒုတိယနှစ်မှာ စာတွေအားလုံး အင်္ဂလိပ်လိုပြောင်းသွားတဲ့သကာလမှာ ကျွန်မမှာ ဖွတ်ချက်၊ ဖွတ်ချက်နဲ့ နောက်ဆုံးနှစ်အထိ ရောက်လာခဲ့ပြီးမှ စာမေးပွဲကျခဲ့ပါတယ်။ စာမေးပွဲလည်းကျရော အဲဒီနောက်ဆုံးနှစ်ကို ပြန်မဖြေဖြစ်တော့တဲ့အတွက် ကျွန်မ ဘွဲ့မရခဲ့ပါဘူး။ (အဖေနဲ့ အမေကတော့ ဘယ်ကျေနပ်ပါ့မလဲ) မောင်နှမ လေးယောက်ထဲမှာ အငယ်ဆုံးမ ဒါဒါတစ်ယောက်ပဲ ဘွဲ့ရခဲ့တာပါ။

မောင်မောင်ကလည်း ဒုတိယနှစ်မှာ ကျောင်းထွက်ပြီး US မှာ ကျောင်းပြန်တက်ရတာဆိုတော့ ခုထိ ဘွဲ့မယူရသေးပါဘူး။ ကျောင်းနှစ်တန်းတက်ပြီးတဲ့အချိန်မှာတော့ သူတို့ ပြောခဲ့သလို ကျွန်မ အခြေအနေ (အနည်းငယ်) တိုးတက်လာသလို၊ အင်္ဂလိပ်စာကိုလည်း (အနည်းငယ်) ပြောတတ်၊ ဖတ်တတ်၊ နားလည်တတ်လာပါတယ်။

ကိုယ့်ဟာကိုယ် တစ်ယောက်တည်းလည်း သွားရဲလာရဲလာပြီး ပြောရဲဆိုရဲလည်း ရှိလာခဲ့သလို သူတို့အပေါ် မှီခို၊ အားကိုးချင်တဲ့စိတ်တွေ (အနည်းငယ်) လျော့နည်းလာခဲ့ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့စိတ်တွေ (အနည်းငယ်) ထွက်ပေါ်လာခဲ့ပါတယ်။ ဒါဟာ…ကျွန်မတစ်ယောက်တည်း နေတတ်လာခဲ့အတွက် ကျွန်မရဲ့စိတ်ဓာတ်တွေ ရင့်ကျက်လာဖို့ နိဒါန်းတစ်ခု ပျိုးခဲ့တာပါ။

မောင်မောင် ကျွန်မ မျက်စိအောက် ရောက်လာတော့တဲ့အချိန်ကျမှပဲ ကျွန်မလည်း ကိုယ့်အခြေအနေကိုယ် ပြန်သုံးသပ်ရပါတော့တယ်။ ကိုမျိုးမင်းနဲ့ မောင်မောင် မရှိဘဲ ကျွန်မတစ်ယောက်တည်း အိမ်မှာနေနေခဲ့ရတဲ့အချိန်တွေဟာ အတော့်ကို ငြီးငွေ့စရာ ကောင်းခဲ့တာပါ။ မနက် ၉ နာရီကနေ ညနေ ၅ နာရီအတွင်း အလုပ်တွေ ရှာကြံလုပ်ရင်း ကြာတော့လည်း လုပ်စရာက မရှိတော့ပြန်ဘူး။ စာရေးဖို့ အကြိမ်ကြိမ် ကြိုးစားကြည့်တဲ့အခါမှာလည်း ထွေပြားနေတဲ့ အာရုံတွေက စကားလုံးသစ်တွေ မဖန်တီးပေးနိုင်တဲ့အပြင် စိတ်ကိုတောင် ပိုပြီး နောက်ကျိစေပြန်တာမို့ လက်လျှော့ရပြန်ပါတယ်။

ကျွန်မနေရတဲ့ မြို့လေးက နေရာတိုင်းမှာ သစ်ပင်တွေ စိမ်းစိမ်းစိုစိုနဲ့ L:A.နဲ့ မတူဘဲ ရာသီဥတုက အတော်အေးပါတယ်။ အမြဲလိုလို မိုးရွာတတ်တဲ့အပြင် တစ်ခါတလေ နှင်းကျတတ်ပြီး လေတိုက်ပြန်ရင်လည်း လူတောင် ပါသွားမလား ထင်ရပါတယ်။ ကျွန်မ တစ်ယောက်တည်း ကိုယ် မရင်းနှီးသေးတဲ့ ရာသီဥတု အနေအထားကို ပြတင်းပေါက်က ငေးကြည့်ရင်း စိတ်ထဲမှာ ကျန်နေခဲ့တဲ့ အသက် ၁၈ နှစ်အရွယ်တုန်းက ရုပ်ရှင်လောကထဲကို ခြေလှမ်းစချတဲ့အချိန်၊ ပတ်ဝန်းကျင်အသစ်တစ်ခုမှာ မွန်းကျပ်ခဲ့ရတဲ့ ဖီလင်မျိုး ပြန်ပြီး ခံစားလိုက်ရသလိုပါပဲ။

အဲဒီဖီလင်ဖြစ်သွားတာကို သိတာနဲ့ တစ်ပြိုင်တည်း ယှဉ်တွဲပြီး သိမိတာ နောက်တစ်ခုကတော့ ကျွန်မဟာ ဘာမှမသိ၊







www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း သွားတက်လာပါတယ်





ဦးသက်ဝင်း၊ မမေဝင်းမောင်နဲ့ မလှလှမိုးတို့
*Oregon* ကို လာလည်စဉ်က
နှင်းတောထဲမှာ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

နားမလည်သေးတဲ့ ၁၈ နှစ်အရွယ် မိန်းကလေးတစ်ယောက်မဟုတ်တော့ဘဲ ဘဝအတွေ့အကြုံ တစိတ်တဒေသကို သိရှိနားလည်နေပြီဖြစ်တဲ့ ၂၉ နှစ်အရွယ် အမျိုးသမီးတစ်ယောက် ဖြစ်နေပြီဆိုတာကိုပါ။

ကျွန်မစိတ်ရောလူပါ (အနည်းငယ်) အထာကျလာတဲ့အချိန်မှာပဲ ကျွန်မရဲ့ တတိယမြောက်လုံးချင်းစာအုပ်ဖြစ်တဲ့ (ယုံကြည်၍ ခံစားရသည်၊ ခံစားရ၍ ယုံကြည်သည်)စာအုပ် ထွက်ရှိလို့လာပါတယ်။

ကျွန်မ စာဖတ်ပရိသတ် တော်တော်များများက အဲဒီစာအုပ်ကို သဘောကျကြပါတယ်။

ယောက်ျားစိတ်ပေါက်နေတဲ့ မိန်းမတစ်ယောက်က အချစ်ကို တွေ့သွားတာကို ကျွန်မ စိတ်ကူးတွေ အများကြီးယဉ်ပြီး ရေးခဲ့တာပါ။ ပထမ မရေးခင်က အဲလို စဉ်းစားထားခဲ့တာတော့ မဟုတ်ဘူး။ (မိုးစက်)က လုံးဝ ယောက်ျားအစစ်တစ်ယောက်ပါ။ ဒါပေမယ့် သူက မိန်းမ ဖြစ်ချင်တဲ့သူ၊ နောက်တော့ မိန်းမတစ်ယောက် ဘဝကို ခွဲစိတ်ပြုပြင်ပြီး အတိအလင်း ပြောင်းသွားတယ်ဆိုတာကို ရေးချင်တာပါ။ အဲလို ရေးပြခဲ့ရင် ကျွန်မစာအုပ်က ဒီတစ်ခါ တစ်အုပ်လုံး အပိတ်ခံရမှာပဲဆိုတာကို ကြိုစဉ်းစားမိတာနဲ့ အဲဒီစိတ်ကူးကို ပြောင်းပြန်လှန်ပြီး (မိုးစက်)ကို မိန်းမအစစ်ပဲ လုပ်ခိုင်းလိုက်ပါတယ်။

ကျွန်မ နိုင်ငံခြားမှာ နေထိုင်နေရစဉ် ပထမဆုံး ရေးဖြစ်တဲ့ စာအုပ်တစ်အုပ်ပါ။ (အဲဒီစာအုပ်ပြီးတော့ နောက်တစ်အုပ်ကို ကျွန်မ တော်တော်နဲ့ မစနိုင်ပြန်ပါဘူး) ကျွန်မ ရေးခဲ့တဲ့စာအုပ်တွေထဲမှာ ဒီစာအုပ်က ရေးရက်အကြာဆုံးဖြစ်ခဲ့တာကို ကျွန်မ မှတ်ထားလိုက်ပါတယ်။

အေးစက်စက် ရာသီဥတုနဲ့ တိတ်ဆိတ်လွန်းတဲ့နေရာမှာ တစ်ယောက်တည်း စာရေးရတာ ဘာလိုနေမှန်း ကျွန်မလည်း မခွဲခြားတတ်ပါဘူး။ တိတ်ဆိတ်တာနဲ့







*Potland ရှိ Rose Garden သို့ အလည်ရောက်စဉ်က*



www.burmeseclassic.com

www.burmeseclassic.com





မောင်နှမ နှစ်ယောက် အမှတ်တရ





Macy's Mall ထဲတွင် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်တည်းနေရတာကို ကြိုက်ပေမယ့် ရာသီဉတုကြောင့်လား၊ နေရာဒေသ မရင်းနှီးမှုကြောင့်လား၊ ဘာမှန်းကို ကျွန်မလည်း ရေရေရာရာ မပြောတတ်တော့ဘူး။ စာရေးရတာ၊ စကားလုံးတွေ စဉ်းစားရတာ တော်တော်ခက်ခဲ့ပြီး အချိန်တွေလည်း ကြာကုန်တော့တာပါပဲ။

နောက်ပြဿနာတစ်ခုကတော့ ကျွန်မရဲ့ ညာဘက်လက်၊ စာရေးရတဲ့လက်ပါပဲ။ ရန်ကုန်မှာ နဂိုကတည်းက ကျွန်မ လက်ကိုက်တတ်တာပါ။ အဲလို လက်ကိုက်တာကလည်း အရိုးထဲက ကိုက်တဲ့အတွက် ကျွန်မမှာ အတော်နေရခက်ပြီး တစ်ခါတစ်ခါ ဆိုးရွားလွန်းလို့ မျက်ရည်တောင် ကျရပါတယ်။ အဲဒီခါကျရင်တော့ ကျွန်မ ကုနေကျ ဆရာဝန်ဆီ သွား၊ သူက ဆေးတစ်လုံး ထိုးပေးလိုက်ပြီး သုံးလေးနာရီလောက်ဆို သက်သာသွားနဲ့ OK နေခဲ့တာပါ။ ရှိတဲ့ နီးစပ်ရာဆေးတွေလူး၊ ဆေးတွေသောက်နဲ့ သက်သာသွားလိုက်၊ ပြန်ဖြစ်လာလိုက်နဲ့ ခဏခဏကို ဖြစ်နေခဲ့တာပါ။

အဲဒီလိုနဲ့ သိပ်မကြာလိုက်ခင်မှာပဲ ကိုက်သောလက်က ယောင်သောလက်အဖြစ် ပုံစံပြောင်းသွားပါတော့တယ်။ ကျွန်မ ညာဘက်လက်ဖမိုးက စပြီး ယောင်လာခြင်းပါ။ လက်က ယောင်တာမှ မျက်နှာလည်း သစ်မရ၊ သွားလည်း တိုက်မရ၊ ကွေးမရ၊ ဆန့်မရနဲ့ ဘာဖြစ်မှန်းကို မသိပါဘူး။ အိမ်ကလည်း ဗမာဆေးတွေ ပို့ပေးတာပါပဲ။ သက်သာတာပဲ ရှိပြီး လုံးဝပျောက်မသွားခဲ့ပါဘူး။ တစ်ခါဆို အဲလိုလက်ကြီး ယောင်နေတာ တစ်လလောက်ကို ကြာပါတယ်။ နောက်ဆုံး ကျွန်မမှာ စိတ်ညစ်လာတာနဲ့ တရုပ်အပ်စိုက်ဆီတောင် ရှာရှာဖွေဖွေ သွားကုပါတယ်။ အဲဒါလည်း မပျောက်ပါဘူး။ သက်သာသွားတာပဲ ရှိပါတယ်။ အဲဒီလိုပဲ လက်က ပြဿနာတက်လိုက်၊ စိတ်က မပါလိုက်နဲ့ ဝတ္ထုခများလည်း အချိန်အတော် ကြာသွားခဲ့တာပါပါတယ်။ အဲဒီပြဿနာတွေ ကြားထဲမှာ မပြောအား၊ မဆိုအား၊ အမြတ်ထုတ်နေတဲ့သူကတော့ ကျွန်မရဲ့ ခန္ဓာကိုယ်ပါပဲ။ ကျွန်မ သူ့ကို ဂရုမစိုက်မိဘူးလေ။ ကျွန်မ တကယ်ပြောတာပါ။ လောကကြီးအကြောင်း ဘာမှမသိ၊ ဘဝအတွေ့အကြုံတွေ ဘာမှမရှိသေးတဲ့ အသက် ၁၈ နှစ်အရွယ်တုန်းကတောင် စိတ်အင်အား၊ လူ့ခွန်အားတင်မက (ဉာဏ်)ကို အဓိကထားပြီး လုပ်ဆောင်ခဲ့ရတဲ့၊ အောင်မြင်တဲ့ (ရုပ်ရှင်မင်းသမီး)တစ်ယောက် ဖြစ်အောင်တောင် ကျွန်မ ကြိုးစားနိုင်ခဲ့တာ၊ အခုလို ကျွန်မ အသက်အရွယ်နဲ့ ညီမျှတဲ့ အတွေ့အကြုံတွေ တစိတ်တဒေသကို သိရှိ နားလည်နေတဲ့အချိန်မှာ ဘာဉာဏ်မှလည်း မသုံးရ၊ သာမန်လူတိုင်းလည်း လုပ်နိုင်တဲ့ အလုပ်တစ်ခုကို ကျွန်မက ဘာအတွက်ကြောင့် မလုပ်နိုင်ရမှာလဲ။ ခက်ခဲတဲ့ကိစ္စတစ်ခုလို့ကော သတ်မှတ်နိုင်မှာတဲ့လား!

L.A. မှာနေတဲ့ ကျွန်မနဲ့ ရင်းနှီးတဲ့ အစ်မကြီးတစ်ယောက် ကျွန်မ Sushi လုပ်တဲ့အချိန်မှာ အားကျစွာနဲ့ ကျွန်မနေတဲ့ မြို့နဲ့







www.burmeseclassic.com

www.burmeseclassic.com





တစ်နှစ်ကျော်ကျော်အတွင်းမှာကို
၁၅ ပေါင်လောက် တက်လာခဲ့တယ်။

၃ နာရီလောက် ကားမောင်းရတဲ့ မြို့တစ်မြို့မှာ Sushi Bar တစ်ခု လာယူပါတယ်။ တကယ် လက်တွေ့ သူ အလုပ်လုပ်ကြည့်တဲ့ အခါမှာ သူ့အတွက် မလွယ်ကူတဲ့အတွက် သူ စိတ်ဓာတ်ကျရပါတယ်။ မနက် ၆ နာရီ အိပ်ရာက ထရတိုင်းလည်း သူ့မှာ စိတ်တွေ ညစ်ရပါတယ်တဲ့။ ဒါပေမယ့် သူ စိတ်ဓာတ်ကျရတိုင်း၊ သူစိတ်ညစ်ရတိုင်း ကျွန်မအကြောင်းကို သူ အမြဲတွေးမိတယ်တဲ့။ ကျွန်မလို လူမျိုးတောင် သီချင်းလေး တအေးအေးနဲ့ အလုပ်လုပ်နိုင်ခဲ့တာ။ သူက ဘာမို့လို့လဲ၊ ကျွန်မစိတ်ကို အတုယူသင့်တယ် ဆိုပြီးတော့ပါ။ အဲဒီကနေ ကျွန်မကို နမူနာယူပြီး သူလုပ်ခဲ့တာ အချိန်လေးတစ်ခု ရလာတော့လည်း သူလည်း OK သွားခဲ့ပါတယ်။ သူ OK မှ ကျွန်မကို ဖွင့်ပြောပြခဲ့တာပါ။

ကျွန်မ ပြောပြချင်တာတစ်ခုကတော့ အလုပ်မှန်သမျှ ဂုဏ်ရှိတယ်ဆိုတာပါ။ မြန်မာပြည်မှာတော့ ရုပ်ရှင်မင်းသမီး လုပ်နေပြီး နိုင်ငံခြားမှတော့ သာမန်လူတိုင်း လုပ်နေတဲ့ အလုပ်တစ်ခုကို လုပ်နေရတယ်။ ဒါဟာ ရှက်စရာကြီးလို့ တစ်ခါမှ ကျွန်မ မတွေးခဲ့မိပါဘူး။ ကျွန်မသည် မြန်မာပြည်မှာ ရုပ်ရှင် မင်းသမီးဆိုတာ မှန်ပေမယ့် နိုင်ငံခြားမှာတော့ သာမန်မိန်းမတစ်ယောက်ပါ။ လတ်တလော နိုင်ငံခြားမှာ နေနေပြီး မြန်မာပြည်က ရုပ်ရှင်မင်းသမီးတစ်ယောက်ရဲ့စိတ်ကို မဖျောက်ဘဲ နိုင်ငံခြားမှာ ဆက်လက်ကျင့်သုံးနေဦးမယ်ဆိုရင် ကျွန်မ ဘယ်လိုစိတ်ချမ်းသာနိုင်တော့မှာလဲ!

ရန်ကုန်ကို ပြန်ပေါ့လို့ ပြောပြန်ရင်လည်း ကျွန်မက နိုင်ငံခြားက ယောက်ျားကို ရွေးချယ်ခဲ့မိတော့ ဒီလမ်းကိုပဲ ဆက်လျှောက်ရမှာပဲလေ။ အကောင်းဆုံး လျှောက်နိုင်ဖို့ ဆိုတာ ကျွန်မအပေါ်မှာပဲ မူတည်နေတာမလား!

ကျွန်မကတော့ ကိုယ့်အခြေအနေမှန်ကို အမြဲတမ်း ပြန်လည်သုံးသပ်ပြီး ကိုယ်လုပ်ချင်တာထက် လုပ်သင့်တာ လုပ်တဲ့သူဟာ ဘယ်တော့မှ ကြီးကြီးမားမား အမှားမျိုးနဲ့ ရင်မဆိုင်ရဘူးလို့လည်း ကျွန်မ ယုံကြည်တယ်။

ငါ့လိုလူမျိုးက အလုပ်လုပ်နေရလေခြင်းလို့ သိမ်ငယ်တဲ့စိတ်မျိုး ဘယ်တော့မှ ကျွန်မ မဖြစ်ဘူး။

ရုပ်ရှင်ရိုက်ရတာလည်း အလုပ်တစ်ခုပဲ မဟုတ်လား! အများအမြင်မှာတော့ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေဟာ သူများထက် ထူးခြားတဲ့ ရုပ်ရည်ရှိတယ်။ ကောင်းကောင်းနေရတယ်၊ ဝတ်ရတယ်၊ စားရတယ်၊ ဘယ်နေရာသွားသွား လူတကာက ငေးမောကြည့်ရပြီး မျက်နှာလည်း ပွင့်လန်းတယ်။ ကဲ…အကောင်းတကာတွေချည်း စုပြီး မြင်နေရတာ မဟုတ်ဘူးလား!

အဲဒါတွေ အားလုံးဟာ ပြုခဲ့ဖူးတဲ့ အတိတ်ဘဝက ကံကြောင့်ဖြစ်သလို အပေါ်ယံက ကြည့်ရင်လည်း မှန်နေသလိုပါပဲ။ အတွင်းကို ဖောက်ကြည့်ရင်ကော! ကျွန်မတို့ အားလုံးဟာ ပုထုဇဉ်တွေချည်းပဲ ဖြစ်တဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com




ကိုရဲနှင့် Vegas အဝင်ဝက Outlet တစ်ခုမှာ



မသီတာ ကိုရဲတို့သားအမိနဲ့ Las Vegas က MGM Casino တွင်



www.burmeseclassic.com

www.burmeseclassic.com




သာမန်လူတိုင်းမှာရှိတဲ့ ပြဿနာမျိုး
ကျွန်မတို့မှာလည်း ရှိကြတာပါပဲ။
(လူသိတာနဲ့ မသိတာဘဲ ကွာကြတာပါ)
နယ်တွေ သွားရတဲ့အခါမှာ
အနေဆင်းရဲ၊ အစားဆင်းရဲတဲ့ဒဏ်ကိုလည်း
ရက်ပေါင်းများစွာ ကြုံဖူးကြတာပါပဲ။
ကျွန်မဆို တဲစုတ်လေးရဲ့ အဖီလေးမှာ အဝတ်လေးကာပြီး
အိပ်ခဲ့ဖူးသလို ငရုပ်သီးဆားထောင်းလေးနဲ့လည်း
ထမင်းစားခဲ့ဖူးတာပဲ။ အဓိကကတော့ အဲဒါတွေ အားလုံးကို
ရင်ဆိုင်ကြုံတွေ့ရတဲ့အချိန်မှာ စိတ်မညစ်မိစေဖို့ပါပဲ။ ကိုယ့်စိတ်က
ဒါကို စိတ်ညစ်စရာလို့ လက်ခံလိုက်တာနဲ့ ကျွန်မ စိတ်ညစ်ရပြီလေ။
လက်မခံမချင်း ဘယ်လိုလုပ်ပြီး စိတ်ညစ်စရာ ဖြစ်မှာတဲ့လဲ။
ကိုယ့်ကိုယ်ကိုယ် နေတတ်၊ ထိုင်တတ်ဖို့ကသာ အရေးကြီးဆုံးပါ။
ကျွန်မ နိုင်ငံခြားမှာ နေထိုင်နေတဲ့ကာလပတ်လုံး လူအမျိုးမျိုးနဲ့
တွေ့ခဲ့ရတာပါ။ ကျွန်မ ပတ်ဝန်းကျင်လေး သေးချင်သေးနေပါစေ။
မိတ်ဆွေကောင်းများနဲ့သာ ကျွန်မ ဆက်သွယ်နေထိုင်ခဲ့တာပါ။
အဲဒီအတွက် ကျွန်မ စိတ်ကို ချမ်းသာအောင် လုပ်နိုင်ခဲ့ပါတယ်။
လူတိုင်း အလုပ်လုပ်ကြတဲ့ နိုင်ငံရပ်ခြားမှာ ကျွန်မလည်း
အလုပ်လုပ်နိုင်ခဲ့တဲ့အတွက် အဲဒီမှာ နေခဲ့ရတဲ့ ကာလပတ်လုံး
ကျွန်မ အထီးကျန်မဖြစ်ခဲ့သလို တန်ဖိုးရှိတဲ့အချိန်တွေလည်း
အကျိုးရှိအောင် အသုံးချနိုင်ခဲ့ပါတယ်။ ကျွန်မအတွက်တော့
အလုပ်လုပ်ရတာ ရှက်စရာ မဟုတ်ခဲ့ပါဘူး။ အလုပ်ဟာ ဘဝမှာ
အင်မတန်အရေးကြီးပါတယ်။ ဘယ်သူ့ကိုမှ မထိခိုက်တဲ့
ရိုးရိုးသားသား အလုပ်တွေကို လုပ်ခွင့်ရအောင် ကျွန်မ
အမြဲကြိုးစားနေမှာပဲ။
ကျွန်မ လူတွေကို လေးစားပါတယ်။ ဒါပေမယ့် တစ်ဖက်သတ်
ဝေဖန်တာတွေကိုတော့ ကျွန်မ ဂရုမစိုက်ပါဘူး။ မှန်ကန်မြင့်မြတ်တဲ့
အသိဉာဏ်နဲ့ ကြည့်ပြီး မျှမျှတတ ဝေဖန်နိုင်တဲ့သူမျိုးကိုတော့
ကျွန်မ အမြဲတမ်း Welcome လုပ်ပါတယ်။
ကျွန်မ အလုပ်လုပ်နေလို့ အထင်သေးတဲ့သူမျိုးလည်း ရှိကြမှာပါ။
ဘယ်သူတွေ ဘယ်လောက်ပဲ ကျွန်မကို အထင်သေးပါစေ။
ကျွန်မဟာ ကိုယ့်ကိုယ်ကိုယ် ဘယ်တုန်းကမှ
အထင်မသေးခဲ့ဖူးတဲ့အတွက် ဒါနဲ့ပတ်သက်လို့ မတုန်လှုပ်ခဲ့ပါဘူး။
ကျွန်မကိုယ်ကျွန်မ ကျေနပ်နေခြင်းဟာ သူများဘာပြောပြော
ခံနိုင်ရည်တွေရှိဖို့ ဖြစ်လာခဲ့ပါတယ်။
US ရောက်ပြီး တစ်နှစ်ကျော်ကျော်အတွင်းမှာပဲ
ကျွန်မရဲ့ Body Weight က ၁၅ ပေါင်လောက် တိုးလာပါတယ်။
ကျွန်မ ပုံမှန်အိပ်၊ ပုံမှန်စားတာပဲဆိုပေမယ့် လှုပ်ရှားမှု နည်းပြီး
ချွေးမထွက်တာကတော့ အမှန်ပါ။ Gym သွားဖို့ကို အားလုံးက
တိုက်တွန်းကြပေမယ့်လည်း ရာသီဥတု အေးအေးကြီးက
ကျွန်မကို အပြင်မထွက်ချင်အောင် အမြဲတားဆီးထားကြပြန်တယ်။
(အမှန်တော့ ကျွန်မကိုက အပျင်းကြီးနေတာပါ)
အဲဒါနဲ့ပဲ ဝလာတာကို ဂရုမစိုက်မိဘဲ အေးအေးဆေးဆေး


ကိုရဲအောင်နဲ့ [illegible] အလည်လာစဉ်

www.burmeseclassic.com


နေခဲ့မိပါတယ်။

ကျောင်းနှစ်တန်း တက်ပြီးတဲ့အချိန်
နောက်တစ်တန်း ဆက်တက်လို့ရပေမယ့် မတက်တော့ဘဲ
ကျွန်မ အလုပ်ဝင်လုပ်ခဲ့တယ်။ Sushi Bar တစ်ခုမှာပါ။
အဲဒီအချိန်က ကိုမျိုးမင်းရဲ့ အစ်ကိုမှာ Sushi Bar လေးခု ရှိပါတယ်။
ကျွန်မ ပျင်းတဲ့အချိန်တွေမှာ သွားကူရင်းနဲ့
အဲဒီအလုပ်ကို နောက်တော့ ကျွန်မ
ကောင်းကောင်းကျွမ်းကျင်သွားပါတယ်။

(ကျွန်မ ရှေ့မှာ ပြောခဲ့ပါတယ်။
ကျွန်မဟာ တစ်ခုခု သင်ရင် တတ်လွယ်တာ မြန်တယ်ဆိုတာလေ)
ကျွမ်းလည်း ကျွမ်းကျင်ရော ကျွန်မ ကိုယ်ပိုင် Sushi Bar
လိုချင်တော့တာပါပဲ။ လိုချင်တော့ ရှာတယ်၊ ရှာတော့ တွေ့တယ်၊
တွေ့လည်း တွေ့ရော အလုပ်သမား နှစ်ယောက်နဲ့ ကျွန်မ ကိုယ်တိုင်
ဦးစီးပြီး လုပ်တော့တာပါပဲ။


ကျွန်မ Sushi Bar ယူတော့ မိတ်ဆွေ တော်တော်များများက
အံ့သြကြပါတယ်။ ကျွန်မ အလုပ်လုပ်တဲ့အတွက်ပါ။ ကျွန်မကို
သူတို့ မြင်ထားကြတာ (ရုပ်ရှင်မင်းသမီး) လို့လေ။ ဒီလိုလူမျိုးက
နိုင်ငံခြားမှာ အလုပ်တွေ လုပ်နေတယ်။ လုပ်နိုင်တယ်ဆိုတော့
သူတို့တွေမှာ ချီးမွမ်းရခက်၊ ကဲ့ရဲ့ရခက်၊ ဝေဖန်ရခက်နဲ့
သူတို့ဟာသူတို့ တော်တော်အလုပ်ရှုပ်သွားကြပါတယ်။
ကျွန်မကတော့ ပုံမှန်အနေအထားတိုင်းပဲ ကိုယ်လုပ်စရာ
ရှိတာတွေကို နိစ္စဓူဝ စိတ်ပါဝင်စားပြီးတော့ကို လုပ်နေခဲ့တာပါ။
ဘယ်သူ ဘာပြောပြော နားထဲလည်း မရောက်ခဲ့ပါဘူး။
ကျွန်မ ဆိုင်မှာ အလုပ်လာလုပ်ဖူးတဲ့သူတွေ
အားလုံးမြန်မာလူမျိုးချည်းပါပဲ။ သူတို့ဆိုရင် ကျွန်မကို ကြည့်ပြီး
အံ့သြကြတယ်။ ကျွန်မကို သိထားတာနဲ့ မြင်နေရတာ
တခြားစီဖြစ်နေလို့ပါ။ သူတို့က ပြောကြပါတယ်။
(အစ်မကို အဲဒီလို လုပ်တတ်၊ ကိုင်တတ်လိမ့်မယ်လို့
မထင်ခဲ့မိဘူး)တဲ့။

ဘာလို့လဲလို့ ကျွန်မ ပြန်မေးတော့
(အစ်မက ရုပ်ရှင်မင်းသမီးလေ) တဲ့။
အဲဒီမှာတင် ကျွန်မ ပြုံးရတော့တာပဲ။
ပြီးတော့ အဖြေချက်ချင်း ပြန်ပေးခဲ့ပါတယ်။
(ရုပ်ရှင် မင်းသမီး ဖြစ်ခဲ့လို့လည်း
အစ်မ ဒါမျိုးတွေ လုပ်နိုင်ခဲ့တာပေါ့)လို့လေ။
ကျွန်မအတွက်ကတော့ ဘယ်အလုပ်ကတော့ ဘယ်အလုပ်ကိုမှ
ရုပ်ရှင်မင်းသမီးအလုပ်လောက် ခက်ခဲတယ်လို့ မထင်တော့ပါဘူး။
ကျွန်မ နိုင်ငံခြားမှာ (မဖြစ်မနေ) နေထိုင်ခဲ့ရတဲ့ကာလပတ်လုံး
ဘာသာရေးကို အရင်ကထက် ပိုလုပ်တယ်၊ စာတွေဖတ်တယ်၊
စာရေးတယ်၊ အလုပ်လုပ်တယ်။ တစ်နေ့တစ်နေ့ ကျွန်မမှာ
အချိန်ပိုတောင် မရှိဘဲ ရာသီတွေ ပြောင်းခဲ့တာပါ။
ရန်ကုန်ကို မလွမ်းဘူးလား မေးကြပေမယ့်
ကိုယ့်မိသားစု၊ ကိုယ်ကျွမ်းဝင်ခဲ့တဲ့ ပတ်ဝန်းကျင်၊



www.burmeseclassic.com

www.burmeseclassic.com





ကိုယ့်အနုပညာအားလုံးဟာ သတိရစရာတွေကြီး
ဆိုပေမယ့် လွမ်းနေရလောက်အောင်
ကျွန်မ စိတ်ကို ပင်ပန်းမှု မပေးခဲ့ပါဘူး။
(အချိန်) တစ်ခုကို ကျွန်မ စောင့်နေရတဲ့အခိုက်အတန့်မှာ
ဘယ်အရာကိုမဆို အကျိုးရှိစွာနဲ့ပဲ
ကျွန်မ ဖြတ်သန်းချင်ပါတယ်။
လူ့လောကကြီးဟာ ကျွန်မ တစ်ယောက်တည်းအတွက်
စိတ်တိုင်းကျဖြစ်အောင်
ဖန်ဆင်းထားတာ မဟုတ်ဘူးလေ။ အခက်အခဲနဲ့
အဆင်မပြေမှုတွေဟာ လူဖြစ်လာတာနဲ့ မပါမပြီး
ဖြစ်လာမှာပဲ။ ဒါတွေကိုသာ ခေါင်းအေးအေးနဲ့
ဉာဏ်သုံးပြီး ဖြေရှင်းတတ်ဖို့ပဲ လိုပါတယ်။
ကျွန်မက ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့သူ၊
တန်ဖိုးထားတဲ့သူဆိုတော့
ကိုယ်ချစ်တဲ့ ခင်တဲ့သူတွေနဲ့ ခွဲခွာနေရတဲ့အချိန်မှာလည်း
ဘာမှ မလုပ်နိုင် မကိုင်နိုင်လောက်အောင်
နေမထိထိုင်မသာနဲ့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ
အဖြစ်မျိုးတွေ မကြုံခဲ့ရတာပါ။
အရေးကြီးတာကတော့ (စိတ်)ပါပဲ။
ဒီ လူဖြစ်ရတဲ့အချိန်နည်းနည်းလေးမှာ
ကျွန်မ စိတ်ကို ချမ်းသာအောင် လုပ်ပေးနိုင်စွမ်းရှိတဲ့သူဟာ
(ကျွန်မ)ကိုယ်တိုင်သာလျှင် မဟုတ်ပေဘူးလား။
၂၀၀၂ ခုနှစ်ဆန်းပိုင်းလောက်မှာ
ကိုရဲအောင်နဲ့ သူ့မေမေ အန်တီဝေတို့ US ကို အလည်လာ
ခဲ့ကြပါတယ်။ ကျွန်မ သံယောဇဉ်ရှိရတဲ့သူတွေနဲ့
ပထမဆုံးပြန်တွေ့ခဲ့ရတဲ့သူဟာ ကိုရဲတို့ ပါပဲ။
ကိုဦးတို့သားအမိနဲ့
(ကျွန်မက ကိုရဲကို ကိုဦးလို့ ခေါ်ပါတယ်)
ကျွန်မ သွားလာခဲ့တဲ့အချိန်မှာ
ကျွန်မ ရန်ကုန်ကို ပြန်ချင်တဲ့စိတ်တွေ ပေါ်လာခဲ့ပါတယ်။
သူတို့ ပြောပြတဲ့ ရန်ကုန်က သတင်းတွေကို
စိတ်ဝင်တစား နားထောင်ရင်း မိသားစုကိုလည်း
သတိတွေရမိပါတယ်။ ကိုဦးက ကျွန်မကို
ဘယ်တော့ပြန်မှာလဲ မေးခဲ့ပေမယ့် (မသိသေးပါဘူး)လို့ပဲ
မသေမချာ ဖြေခဲ့လိုက်တယ်။ ကိုဦးကတော့ ကျွန်မကို
ခေါင်းတပုတ်ပုတ်နဲ့ နိုင်ငံခြားမှာ ကျွန်မ
အလိုက်သင့်နေနိုင်တာကို ကြည့်ရင်း ချီးကျူးစကား
ပြောပြီး အသက်တွေ သိပ်မကြီးသေးခင် အချိန်ကျန်တုန်း
ရုပ်ရှင် ပြန်ရိုက်သင့်ကြောင်းနဲ့ အမေရိကားကြီးက
ထွက်မပြေးသွားပါဘူးကွာလို့ ဒီကို အချိန်မရွေး
ပြန်လာလို့ရတာပဲဆိုတာကို ရည်ညွှန်းပြီး ပြောသွားခဲ့သလို
အန်တီကတော့ အဖေတို့၊ အမေတို့နဲ့
အမြဲအဆက်အသွယ်ရှိကြောင်း ပြောသွားပါတယ်။



www.burmeseclassic.com


www.burmeseclassic.com




Sea World တွင်



၁၉၉၅ မှာ ဆောက်ခဲ့သော
ကျွန်မအိမ်ကလေး နှင့် အဖေနှင့်အမေ



အလွန်သဘောကောင်းသော
ဒါရိုက်တာကြီး ကိုဆောင်မင်းသိမ်းနှင့်
ကျွန်မ ညီမ နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com







ရန်ကုန်မှာ ကျန်ခဲ့ကြတဲ့ အဖေ၊ အမေနဲ့ ညီမ နှစ်ယောက် OK တယ်ဆိုလို့ ကျွန်မ စိတ်အေး ရပါတယ်။

ဘာကိုမှ နောက်ဆံမတင်းချင်တာမို့ ကျွန်မ ထွက်လာကတည်းက အားလုံးကို ပြည့်ပြည့်စုံစုံ ထားပေးခဲ့ပါတယ်။ ကျွန်မ ထွက်လာပြီးမှ ဒါဒါဟာ ပိုပြီး လူကြီးဆန်လာသလို ပိုပြီး အောင်မြင်မှုတွေ များလာတယ်ဆိုတာကို ကြားရတဲ့အတွက် ကျွန်မ ရင်ထဲက ကြည်နူးပီတိက အတိုင်းအဆမရှိပါ။ ကျွန်မ ညီမဟာ ကျွန်မထက် တော်တဲ့သူ ဖြစ်ရမယ်၊ ကျွန်မထက် ကျော်ကြားတဲ့သူ ဖြစ်ရမယ်။ ကျွန်မထက် ချမ်းသာတဲ့သူ ဖြစ်ရမယ်။ ဒါဟာ ကျွန်မတို့ Generation အတွက် ကျွန်မ ခံယူထားတဲ့အချက်ပါ။

အောင်မြင်မှုတွေရဖို့ဆိုတာ ကံ၊ ဉာဏ်၊ စန်း အပြင် အချိန်အခါနဲ့လည်း အများကြီး သက်ဆိုင်ပါတယ်။ အချိန်ကို အကျိုးရှိစွာ သုံးတတ်ရင် အကျိုးရှိတဲ့ အောင်မြင်မှုတွေကိုပဲ ပိုင်ဆိုင်ရမှာပါ။ ကျွန်မ ညီမ ဉာဏ်ရည် မနိမ့်ဘူးဆိုတာကို ကျွန်မ ယုံကြည်ခဲ့ပါတယ်။

ကျွန်မညီမက လူကြီးလေးနဲ့ တူလာပေမယ့်လည်း အငယ်ဆုံးပီပီ စိတ်ကတော့ ကလေးစိတ်ပဲ ရှိသေးတာပါ။ ကျွန်မနဲ့ ဖုန်းပြောတိုင်း သူလိုချင်တာတွေကို ကြုံဖန် မှာတတ်ပါတယ်။ ကျွန်မကလည်း မှာသမျှ လိုလေသေးမရှိ ချက်ချင်း ပို့ပေးခဲ့ပါတယ်။ သူ့လောက် ကံကောင်းတဲ့သူကတော့ ရှိမှာ မဟုတ်ဘူးနော်။ ကျွန်မ US မှာ ရှိနေတဲ့အတွက် (ဘယ်သူ့မှာမှ မရှိတဲ့ အဝတ်အစား၊ အသုံးအဆောင် ပစ္စည်းပစ္စယ၊ အဆန်းအပြားတွေ အားလုံး သူရခဲ့တယ်။ သူ့အတွက် ဝယ်ပေးနေတဲ့ ကျွန်မကလည်း ဘယ်ပစ္စည်းကတော့ဖြင့် ရုပ်ရှင်ထဲကျရင် ဘယ်နေရာမှာတော့ အသုံးဝင်တယ်။ ဘယ်အရောင်ကတော့ ကားထဲမှာ လှတယ်။ ဘယ်ပစ္စည်းကတော့ဖြင့် ရန်ကုန်မှာ မရှိနိုင်ဘူး…စသဖြင့် သေသေချာချာ ရွေးချယ်ပေးနိုင်ခဲ့လေတော့ သူ့လောက် အဆင်ပြေတာရှိဦးမှာတဲ့လား။


သူ ရိုက်ထားတဲ့ ဗီဒီယိုခွေတွေ၊ ဓာတ်ကားတွေဆိုလည်း US မှာ အကုန်ရှိတာမို့ အကုန်လုံးလိုလို ကျွန်မ ကြည့်ခဲ့ရပါတယ်။ စိတ်က လူကြီးဆန်လာတော့ အမူအရာလေးတွေကလည်း အရင်ကထက် ငြိမ်လာပါတယ်။ မျက်နှာထားလေးကအစ သိမ်မွေ့လာသလို၊ ဝတ်စားဆင်ယင်ပုံလေးတွေကလည်း လုံလုံခြုံခြုံနဲ့ ခေတ်မီတာလေးတွေကို ရွေးချယ် ဝတ်ဆင်တတ်လာပါတယ်။ ကိုယ်လုံး အနေအထားကလည်း အရင်ကလို ပိန်ကပ် မနေတော့ဘဲ အနည်းငယ်ဝလာတာမို့ ကျွန်မ မျက်လုံးထဲ ကြည့်ရတာ ကျစ်ကျစ်လျစ်လျစ်၊ တင်းတင်းရင်းရင်း၊ သွယ်သွယ်လျလျနဲ့ အတော် အဆင်ပြေခဲ့တာပါ။

(ကိုယ့်ညီမ ကိုယ် စွတ်ပြောနေတယ် မထင်ပါနဲ့ရှင်) ဒါဒါ ရုပ်ရှင်ရိုက်ရတဲ့ သက်တမ်းတွေမှာ ကားကြီးတွေ အများကြီး မရိုက်ခဲ့ရသော်လည်း သူ ရိုက်ကူးခွင့်ရခဲ့တဲ့ ရုပ်ရှင်ကားများက သူ့အနုပညာတွေကို ပိုအရောင်တောက်စေခဲ့တာပါ။ ကျွန်မမှာ US မှာ



www.burmeseclassic.com

www.burmeseclassic.com





လူကြီးလေးနှင့်တူလာသော ဒါဒါ့ပုံကလေးများ




ဒါဒါက သူ့အစ်မကို
ဘယ်သွားသွား အပါခေါ်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့ မောင်မောင် မရှိတော့ ကျန်ခဲ့တဲ့ ညီအစ်မနှစ်ယောက်က
အရင်ကထက် ပိုပြီး စည်းလုံးသွားကြပါတယ်



ရေခဲတောင်တွင် ကလျာနှင့် ဦးညွန့်ဝင်း




ရေခဲတောင် ခရီးစဉ်က ပင်ပန်း၊ ကြမ်းတမ်းတာမို့
ဒါဒါနဲ့အတူ လိုက်ပါနေကျ အမေ မလိုက်နိုင်ဘဲ
ကလျာက အပင်ပန်းခံပြီး အဖော်လိုက်ပေးခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ညီမက
တကယ့်ကို လူကြီးလေးနဲ့ တူလာတာပါ





ချီးမွမ်းလို့မှ မဆုံးခင်မှာပဲ ဒါဒါ့ကို တရားနာနေပါရဲ့နဲ့
မျက်နှာပိုး မသတ်နိုင်ဘဲ စပ်ဖြဲဖြဲ လုပ်နေတာကို တွေ့ရပါတယ်

www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့မှာလည်း ကုသိုလ်ကောင်းမှုများကို
မိဘများနဲ့အတူ မြန်မာဆန်ဆန် လုပ်တတ်လာပါတယ်



ချွန်မ ညီမလေးက
သူ့ဘေးက
မယ်သီလ
ပေါက်စလေးနဲ့
အမြူးနေတယ်



www.burmeseclassic.com

www.burmeseclassic.com

ရှိတဲ့အချိန်အတွင်းမှာပဲ ဒါရိုက်တာ စင်ရော်မောင်မောင်နဲ့ ရေခဲတောင်မှာ သွားရိုက်ခဲ့တဲ့ ဇာတ်ကားတစ်ကားကလည်း ဒါဒါ့အတွက် ထူးခြားစေခဲ့တယ်။

မ OK တာကတော့ ကျွန်မပါပဲ။ ပုံထဲကအတိုင်း ရောက်ကာစနဲ့ မတူဘဲ နှစ်နှစ်ကျော်အတွင်းမှာ ဖွံ့ဖြိုးတိုးတက်လာတဲ့ ပုံသဏ္ဌာန်ပါ။

ကိုမျိုးမင်းကလည်း ကျွန်မနဲ့ အပြိုင်ပါပဲ။ သူက ယောကျ်ားလေးဖြစ်တဲ့အပြင် မင်းသားလည်း မဟုတ်လေတော့ ဝလာတာပြဿနာ မရှိပေမယ့် ကျွန်မက မိန်းကလေးဖြစ်တဲ့အပြင် မင်းသမီးလည်း ဟုတ်နေလေတော့ ဝလာတဲ့အချိန်မှာ အတော့်ကို ကြည့်ရဆိုးနေခဲ့တာပါ။

သူငယ်ချင်းတချို့က ကျွန်မကို ကိုယ်ဝန်ရှိနေတာလား နောက်ပြီးမေးရင် ကျွန်မကတော့ ကိုယ်ဝန်ရှိနေတာ ကိုမျိုးမင်းလို့ပဲ ပြန်ဖြေပါတယ်။

ကျွန်မ ရုပ်ရှင်မင်းသမီးလုပ်တုန်းက ပေါင် ၁၄၀ ရှိပါတယ်။ ကျွန်မ အရပ် ၅ ပေ ၆ လက်မနဲ့ ပေါင် ၁၄၀ ဆိုတာ International မှာ အတော်များနေတာပါ။ ပုံမှန် ၅ ပေ ၆ လက်မ ဆိုရင် ပေါင်ချိန် ၁၂၀ ဆိုတာ အလွန်ဆုံး ရှိသင့်တာပါ။ ဒါပေမယ့် မြန်မာပြည်မှာတော့ ကျွန်မပုံစံနဲ့ ၁၄၀ လောက်ဆို ကြည့်ရတာ အဆင်ပြေပါတယ်။ (ဒါတောင် တီဗီထဲ ရောက်ရင် ကျွန်မ မျက်နှာက နှစ်ဆ ဖြစ်သွားတတ်ပါတယ်)

နိုင်ငံခြားမှာလည်းနေရော ကျွန်မ Body Weight ဘယ်လောက် ဖြစ်သွားတယ် ထင်ပါသလဲ! ပရိသတ်များ ခန့်မှန်းကြည့်ပါ။ မရယ်ကြပါနဲ့နော်။ ကျွန်မ အမှန်အတိုင်း ပြောပြမှာပါ။ ကျွန်မ ပေါင် ၁၈၀ အထိ ဝခဲ့တာပါ။ အဲလောက် ဝခဲ့တာကိုမှ အကြောက်အလန့်မရှိဘဲ မြန်မာပြည်ကိုတောင် အဲဒီ ပေါင် ၁၈၀ ခန္ဓာကိုယ်နဲ့ ခပ်တည်တည် မျက်နှာပြောင်ပြောင်ထားပြီး ပြန်လာခဲ့ပါတယ်။ (အံ့သြပါရဲ့....)



အမေနဲ့ ဒါဒါကလည်း ကျွန်မ မရှိသော်ငြား OK မှာ စိုပြေနေတာပဲ





www.burmeseclassic.com

www.burmeseclassic.com





ရိုက်ကွင်းထဲမှာလည်း မောင်မိုးက
ဟာသတွေ ပြောတတ်ပါတယ်




www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်ကို ပြန်တော့
ကိုမျိုးမင်းနဲ့ L.A. က
ကျွန်မ သူငယ်ချင်း မသီတာနဲ့
San.Fran က ကျွန်မသူငယ်ချင်း
မပင်းတို့ပါ ပါလာပါတယ်။
ကျွန်မ အပြန်ခရီးကို
လာကြိုကြတဲ့သူတွေအားလုံး
လေယာဉ်ကွင်းမှာ
ကျွန်မရဲ့ ဖောင်းဖောင်းကားကား ဖြစ်နေတဲ့
ကျွန်မပုံစံကို ကြည့်ပြီး
လန့်ဖြတ်ကုန်ကြပါတယ်။
စိုးမြတ်သူဇာကြီးတော့
ဖွဲ့စည်းပုံပျက်သွားပြီပေါ့လေ။
ပုံပျက်တယ်ပဲ ပြောပြော၊
သုံးမရတော့ဘူးလို့ပဲ ပြောပြော၊
သွားရှာပြီလို့ပဲ ပြောပြော၊ ကျွန်မကတော့
အဲဒီခန္ဓာကိုယ် ဝဝတုတ်တုတ်နဲ့ကို
ဒါရိုက်တာ မောင်မျိုးမင်းက ကားရိုက်ဖို့
လာကမ်းလှမ်းတဲ့အချိန်မှာ
ကိုယ့်ပုံစံနဲ့လိုက်ဖက်မယ့်ဇာတ်လမ်းမို့
သတ္တိရှိရှိနဲ့ကို လက်ခံလိုက်ပါတယ်။
ကျွန်မတို့ မြန်မာပြည်က
မင်းသမီးအားလုံးလိုလို
သေးသေးသွယ်သွယ်နဲ့ လှလှပပ
ရှိကြတာပါ။ ကျွန်မလို ဘယ်သူမှ
ပုံပျက်ပန်းပျက် မဝရဲကြပါဘူး။
ကျွန်မကသာ မင်းသမီးတန်မဲ့ မဆင်မခြင်
ဝအောင် နေခဲ့တာမို့ ကိုယ့်ကိုယ်ကိုယ်
သတ္တိရှိတယ်လို့ သတ်မှတ်ခဲ့တာပါ။
(အကောင်းဘက်ကနေ
တွေးရတော့တာပေါ့)
ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူးခဲ့တဲ့
ရုပ်ရှင်ဇာတ်ကားနာမည်က
(ကာရံအလွဲ)ဖြစ်ပြီး ပရိုဂျူဆာကတော့
Paper moon က မစန္ဒာနဲ့ ကိုညီပါ။
ကျွန်မနဲ့ တွဲဖက်သရုပ်ဆောင်ခဲ့ကြတဲ့
သူတွေကတော့ ကိုလွင်မိုး၊ မင်းမော်ကွန်းနဲ့
ဒါဒါပါ။ ဒီနေရာမှာ ကျွန်မ
ကျေးဇူးတင်ချင်တာကတော့ ဒါရိုက်တာနဲ့
ပရိုဂျူဆာကိုပါ။ ကျွန်မပုံစံကြီး
မလှပေမယ့်လည်း ကျွန်မ အနုပညာကို
ယုံကြည်စွာနဲ့ ပွဲဦးထွက်
ရုပ်ရှင်ဇာတ်ကားကြီး ခေါ်ရိုက်ခဲ့တဲ့အတွက်






ရိုက်ကွင်းပေါ်မှာ ကျွန်မ အိပ်ပျော်နေတာ မဟုတ်ပါ
ဒါရိုက်တာ သင်ပြတာကို နားထောင်နေတာပါ

www.burmeseclassic.com

www.burmeseclassic.com





သူတို့ရဲ့ အနုပညာနဲ့ ပတ်သက်တဲ့ သဘောထားကို
ကျွန်မ အထူးပဲ ကျေးဇူးတင်မိပါတယ်။
ဇာတ်ကားရိုက်ကူးတဲ့ကာလအတွင်းမှာလည်း
ကျွန်မနဲ့ တွဲဖက်သရုပ်ဆောင်ခဲ့ကြသူတွေ အားလုံးက
ကျွန်မအပေါ် မစိမ်းသွားကြဘဲ နွေးထွေးလှိုက်လှဲစွာ
ဆက်ဆံပြောဆိုခဲ့ကြပါတယ်။ ဒါတွေဟာ
အနုပညာလောကနဲ့ ကျွန်မ ကြားမှာ မဆုံးနိုင်တဲ့
သံယောဇဉ်တွေဖြစ်ဖို့ အကြောင်းရင်းတွေ ဖြစ်စေခဲ့ပါတယ်။
ရုပ်ရှင်ရိုက်ရတာလောက် ပျော်စရာကောင်းတာ
ကျွန်မဘဝမှာ မတွေ့ဖူးသေးပါဘူး။
ကျွန်မ ဝတုတ်မကြီးဘဝမှာလည်း စန်းက ကျန်ပါသေးတယ်။
မောင်မျိုးမင်းကားတောင် ရိုက်လို့ မပြီးသေးပါဘူး။
ပရိုဂျူဆာ ကိုစူဝမ်းက ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့နဲ့
နောက်ထပ်ရုပ်ရှင်ကားကြီးတစ်ကား ရိုက်ဖို့အတွက်
လာပြီး ထပ်ငှားပါတယ်။ တွဲရမယ့် သူတွေကတော့
ကိုသားကြီး၊ နန္ဒာလှိုင်နဲ့ ဦးဇာဂနာပါတဲ့။
နေရမယ့်အခန်းကတော့ နန္ဒာလှိုင့်အမေနေရာကပါတဲ့။
အမေနေရာကဆိုလို့ ကျွန်မကတော့ ကျောမတွန့်မိပေါင်၊
နန္ဒာလှိုင့်အမေနေရာကနေပြီး ဒုတိယမြောက် အကယ်ဒမီတောင်
ရခဲ့သေးတာပဲ မဟုတ်ဘူးလား!
ကျွန်မအသက်အစိတ်အရွယ်ကတည်းက
ဒါရိုက်တာ ဦးကြီးမြင့်၊ ဦးနန္ဒနဲ့ ဦးကြည်စိုးထွန်းတို့
ပူးပေါင်းရိုက်ကူးခဲ့တဲ့
(သူတို့ခေတ်နဲ့ သူတို့အရွယ်) ရုပ်ရှင်ဇာတ်ကားမှာတောင်
မေသန်းနုနဲ့ ထွန်းအိန္ဒြာဗိုတို့ရဲ့ အမေနေရာက လုပ်ခဲ့သေးတာဆိုတော့
နန္ဒာလှိုင့်အမေနေရာလောက်ကတော့…
ရှည်ရှည်ဝေးဝေးတွေ လျှောက်ပြောမနေနဲ့၊ လာထားဆိုပြီး
ဇာတ်ဖတ်ကြည့်လိုက်ပါတယ်။
စာရေးဆရာမ ပုညခင်ရဲ့ ဝတ္ထုပါ၊ (အပြောင်းအလဲ)လို့
နာမည်ပေးထားပါတယ်။ ဇာတ်လမ်းလေးက ဟာသဇာတ်လမ်းလေးမို့
ကျွန်မလည်း ပြုံးပြုံးကြီးနဲ့ကို လက်ခံရိုက်ကူးပေးရင်း
ဒီလို နှစ်ဆဖြစ်နေလို့ ခန္ဓာကိုယ်ကြောင့် ပရိုဂျူဆာတွေက
အရင်ကထက် ငါ့ကို နှစ်ဆ ပိုမြင်ကုန်ကြရင်း
ငါ့ကို နှစ်ဆ ရိုက်ကူးဖို့ စိတ်ကူးစိတ်သန်းတွေ ရကုန်ကြတာ
ထင်ပါရဲ့လို့ ပျော်ပျော်ရွှင်ရွှင် တွေးမိပါတယ်။
ရိုက်ကွင်းပေါ်မှာ ကိုသားကြီးနဲ့ဆုံတော့
ကိုသားကြီးက ကျွန်မကို ခပ်ပြုံးပြုံး ကြည့်ပြီး
(သူများတွေ ပြောသလောက်လည်း မဝပါဘူး)လို့
အားပေးစကား ပြောရှာပါတယ်။ ကျွန်မကလည်း
ကိုယ့်ရဲ့ခန္ဓာကိုယ်နဲ့ မလိုက်ဖက်တဲ့အိုက်တင်နဲ့ မျက်လုံးကို
ထောင့်ကပ်ကြည့်ပြီး (အစ်ကိုကသာ မဝဘူးပြောတယ်။
အခုတော့ စိုးက အစ်ကို့ယောက္ခမ ဖြစ်နေပြီလေ)လို့ ပြောတော့
ကိုသားကြီးက ဟက်ဟက်ပက်ပက် ရယ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရန်ကုန်မှာ ရှိနေတုန်း မမေဝင်းမောင်လည်း မြန်မာပြည်ကို ခဏပြန်လာခဲ့တာ မဖြူလေး (ခိုင်ခင်ဦး)နှင့် ကျွန်မ မြဲကဲ့တွင် အမှတ်တရ။



ကျွန်မ ရိုက်ကွင်းကို မထား အလည်လာခဲ့တာပါ စာရေးဆရာမ လွန်းထားထားကိုတော့ သူ့ရဲ့ စာအုပ်များကိုသာ သဘောကျရုံမက လူကိုလည်း ဒီအတိုင်း ပုဂ္ဂိုလ်ရေးအရကို ကျွန်မ ချစ်ခဲ့တာပါ



ပြီးတော့မှ (ယောက္ခမလုပ်တာ ဘာဖြစ်လဲ၊ ကျွန်တော် စိုးနဲ့ ဒုတိယမြောက် ရိုက်ဖြစ်ခဲ့တဲ့ ကားမှာကတည်းက စိုးက ကျွန်တော့်အမေ လုပ်ခဲ့တာပဲ) လို့ သတိတရ ပြောပါတယ်။ ကိုသားကြီးပြောမှ ကျွန်မလည်း သတိရပါတယ်။ (အပယ်ခံကျည်းတန်)ဆိုတဲ့ ဗီဒီယိုဇာတ်ကားကို ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင်တို့နဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်လောက်က အုန်းကျောမှာ ရိုက်ခဲ့ဖူးပါတယ်။ အဲဒီကားက နာမည်ကြီး ကုလားကားတစ်ခုဖြစ်တဲ့ (Mother India) ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကို ပြန်မှီးထားတာပါ။ အဲဒီကားမှာ ကျွန်မက အမေနေရာကကော၊ မိန်းမနေရာကကော သရုပ်ဆောင်ခဲ့ရတဲ့အတွက် အစောကြီးကတည်းက ကျွန်မမှာ ကိုသားကြီး အမေနေရာ လုပ်ခဲ့ဖူးတာပါ။ ကျွန်မရဲ့ ခန္ဓာကိုယ်က နဂိုကတည်းက တခြားမင်းသမီးတွေထက် ကြီးထွားပါတယ်ဆိုမှ အခု အနေအထားလို Body က နှစ်ဆဖြစ်ရပြန်လေတော့ ကျွန်မမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ အဘွားကြီး စာရင်းဝင်သွားရတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



(ကာရံအလွဲ)ဇာတ်ကားမှ ဇာတ်ဝင်ခန်း

အင်း…အမေဖြစ်ဖြစ်၊ အဘွားဖြစ်ဖြစ်ပါ၊ အရွယ်က အဓိကမှ မဟုတ်တာ‚နော၊ အနုပညာကသာ အဓိကပါ။ ကျွန်မက ခန္ဓာကိုယ် ဝဝကြီးနဲ့ တက္ကသိုလ်ကျောင်းသူလေးပုံစံ ရိုက်တာမှ မဟုတ်တာ။ အဲဒီခန္ဓာကိုယ်နဲ့ လိုက်ဖက်တဲ့နေရာကနေ ဝင်ရိုက်တာဆိုတော့ ဘာပဲဖြစ်ဖြစ် ကြည့်လို့တော့ ကောင်းပါတယ်။

(ကိုယ့်ဟာကိုယ်ပဲ ဖေးဖေမမ ပြောရတော့တာပဲ)

(ကာရံအလွဲ)ရုပ်ရှင်ဇာတ်ကားမှာ ကျွန်မတို့ အပေးအယူ ညီခဲ့လေတော့ ပရိသတ် သဘောကျပြီး ပရိဂျူဆာအတွက်လည်း ပိုက်ဆံရခဲ့ပါတယ်။

ပုံပျက်နေတဲ့ ကျွန်မ ခန္ဓာကိုယ်ကို ပရိသတ်ရှေ့ လူသိရှင်ကြား ကျွန်မ ချပြခဲ့ရကျိုးနပ်တယ်လို့ ပြောရမှာပါ။ ကျွန်မကို ချစ်နေသေးတဲ့ ပရိသတ်များကလည်း အားပေးကြပါတယ်။ (လူကသာ ဝတာပါ။ မျက်နှာလေးက နုနုလေးပါတဲ့) တော်ပါသေးရဲ့နော်။ ပရိသတ်များ ကျန်းမာချမ်းသာဖို့ ကျွန်မ အမြဲဆုတောင်းပေးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com





အကယ်ဒမီမင်းသမီးကြီးများရဲ့
ဒါဒါ့အပေါ် ချစ်ခင်ပျော်ရွှင်မှုအနမ်းများ။

www.burmeseclassic.com

www.burmeseclassic.com





သူငယ်ချင်း နှစ်ယောက်
တစ်နှစ်ထဲ အတူ ရခဲ့ကြတာလည်း ပျော်စရာပါ



ကျွန်မ အစ်ကိုကြီးကတော့
ကျွန်မတင်မက ဒါဒါ့အထိ
အနားမှာ ရှိပေးခဲ့တာပါ

၂၀၀၃ မှာတော့ ဒါဒါ့အတွက် အောင်မြင်မှု မှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့တဲ့ နှစ်တစ်နှစ်လို့ သတ်မှတ်လို့ ရသွားခဲ့ပါတယ်။ ကျွန်မ ရှေ့မှာ ပြောခဲ့သလိုပါပဲ။ သူက ကားကြီးတွေ သူများလောက် မရိုက်ခဲ့ရပေမယ့် ရိုက်ခွင့်ရတဲ့ကား အနည်းစုက အကယ်ဒမီဆုအတွက် ရင်ခုန်စရာတွေချည်း ဖြစ်ခဲ့ပါတယ်။ အဲဒီနှစ်မှာ သူ့အတွက် ရင်ခုန်စရာ အကောင်းဆုံးဇာတ်ကားကတော့ ဒါရိုက်တာ မောင်တင်ဦး ရိုက်ကူးခဲ့တဲ့ (အချစ်ကို မွေးဖွားခြင်း) ရုပ်ရှင်ဇာတ်ကား ဖြစ်ခဲ့ပါတယ်။

ကျွန်မတို့ မျှော်လင့်ထားတဲ့အတိုင်းပဲ ဒါဒါဟာ အဲဒီရုပ်ရှင်ဇာတ်ကားမှာ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ရရှိခဲ့ပါတယ်။ ဒါဒါ အကယ်ဒမီရတဲ့အချိန်မှာ သူ့အသက်က ၂၃ နှစ်ပဲ ရှိပါသေးတယ်။ (ကျွန်မ ပထမဆုံး အကယ်ဒမီရတော့ ကျွန်မ အသက် ၂၅ နှစ် ရှိပါပြီ)

ကျွန်မညီမက ကျွန်မထက် သာတယ်လို့ ပြောလို့ရတာပေါ့နော်။ ကျွန်မ ဒုတိယအကယ်ဒမီရတော့ ကိုရန်အောင် ပြောခဲ့တဲ့ စကားအတိုင်း ကျွန်မ ခံစားခဲ့ရတယ်။ သူ အကယ်ဒမီရတာ ကျွန်မ ရတာထက် အဆပေါင်းများစွာကို ဝမ်းသာရပါတယ်။ အသက်ငယ်ငယ်လေးနဲ့ ဒီလိုဆုမျိုးကို သူရခဲ့တဲ့အတွက် ကျွန်မ သူ့ကို ချီးကျူးမိသလို ကျွန်မ အများကြီးလည်း ပျော်ရွှင်ဂုဏ်ယူခဲ့မိပါတယ်။

www.burmeseclassic.com







အားလုံးက ကျွန်မကို ကြည့်နေကြပါတယ်
ကျွန်မ ဘာတွေများ
ဆရာ လုပ်နေတာပါလိမ့်

www.burmeseclassic.com

www.burmeseclassic.com






ညီအစ်မ နှစ်ယောက် အတူရိုက်ခဲ့သော
အကယ်ဒမီ ပိုစတာ





ဦးတင်ဦးအား
ကန်တော့စဉ်

www.burmeseclassic.com



အကယ်ဒမီရရှိသူတွေရဲ့ ထုံးစံအတိုင်း ဒါဒါကလည်း သူ့ရဲ့ဆရာသမားများကို ဂါရဝပြုတဲ့အခမ်းအနားတစ်ခုကို Sedona Hotel Pool Side မှာ ကျင်းပခဲ့ပါတယ်။ သူ့ကို အကယ်ဒမီရစေခဲ့တဲ့ ဒါရိုက်တာဦးတင်ဦးက ပွဲကို တက်ရောက်ပေးခဲ့ပြီး ဒါဒါ့လက်ဦးဆရာ ဦးကျော်ဟိန်းကတော့ နိုင်ငံခြားမှာ ခရီးလွန်နေတဲ့အတွက် ပွဲကို မတက်ရောက်နိုင်ခဲ့ပါဘူး။ ကျွန်မ မြန်မာပြည်ကို ခဏပြန်လည်ရောက်ရှိနေတဲ့အချိန်မှာ ကျွန်မ ညီမလေး အကယ်ဒမီဆု ရပြီး ပျော်ရွှင်ကြည်နူးခဲ့ရတာလည်း အမှတ်တရပါပဲ။ ကျွန်မ မိဘနှစ်ပါးမှာလည်း သမီးတွေနဲ့ပတ်သက်တဲ့ ပီတိကို ပြည့်ပြည့်ဝဝ ခံစားနိုင်ခဲ့ပါတယ်ရှင်။

ဇာတ်ကား နှစ်ကား ရိုက်ကူးပြီးသွားတဲ့အချိန် ကျွန်မ US ကို ပြန်ဖို့ စီစဉ်ရပါတယ်။ ရောက်နေတာလည်း ၅ လနီးပါး ရှိနေပြီလေ။ အဲဒီကာလမှာပဲ ကျွန်မရဲ့ စတုတ္ထမြောက် လုံးချင်းဝတ္ထုစာအုပ်ကို ဦးဝင်းငြိမ်းက ကျွန်မ မပြန်ခင်အမီ ထုတ်ဝေပေးခဲ့ပါတယ်။ စာအုပ်နာမည်ကို (ချစ်မိတဲ့အခါ)လို့ ကျွန်မ နာမည် ပေးထားခဲ့ပြီး ရေးခဲ့သမျှ



ကျေးဇူးတင်စကား
ပြောနေသော ဒါဒါ



www.burmeseclassic.com

www.burmeseclassic.com





အဲဒီနှစ်မှာပဲ ဒါဒါ အကယ်ဒမီဆုရခဲ့သလို
Zoo မေဂျာနဲ့ သိပ္ပံဘွဲ့ကိုလည်း ရခဲ့ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com




စာအုပ်ထဲမှာ အရှည်ဆုံးပါပဲ။ အဲဒီစာအုပ်ရဲ့ ဇာတ်လမ်းအမျိုးအစားကတော့ စိတ်ရောဂါခံစားနေရတဲ့ အမျိုးသမီးတစ်ယောက်ဘက်ကနေ ခံစား၊ စဉ်းစားပြီး ကျွန်မ ရေးခဲ့တာပါ။ စာအုပ် မျက်နှာဖုံးကိုတော့ ထုံးစံအတိုင်း ကိုနေမျိုးဆွေးကပဲ ရေးဆွဲပေးခဲ့ပြီး ၄ အုပ်မြောက် မျက်နှာဖုံးဟာ ကျွန်မရဲ့ အကြိုက်ဆုံး မျက်နှာဖုံးပါပဲ။ ကျွန်မ US ကို ပြန်ပြေးရတာကလည်း ကျွန်မ အဖေက ကျွန်မ မပြန်ခင်ကတည်းက မောင်မောင့်ဆီ အလည်ကြိုရောက်နေလို့ပါ။ ယောကျ်ားကြီးပဲ သုံးယောက် စားရသောက်ရတာ အဆင်မှ ပြေပါ့မလားလို့ စိတ်ပူနေရတာလည်း ပါပါတယ်။ ကျွန်မမှာလည်း ဟိုနေ့တော့လည်း ဒီပူ၊ ဒီနေ့တော့လည်း ဟိုပူနဲ့ အပူတွေ တစ်ပုံတစ်ပင်နဲ့ လွန်ကို လွန်လွန်ပါတယ်။ (အဲဒီအချိန်တုန်းက ကျွန်မက ကိုယ့်ဘဝကို ရှင်းရှင်းလင်းလင်း မနေတတ်သေးဘူးလေ)

ကျွန်မရဲ့ ဝတ္ထုစာအုပ်တွေ၊ တစ်အုပ်နဲ့ တစ်အုပ်ကြားမှာ တစ်နှစ်ခွဲ၊ နှစ်နှစ်လောက် ကြာတတ်တာကတော့ ကျွန်မရဲ့ အားနည်းချက်ပါ။ ဒါပေမယ့်လည်း ကျွန်မ အလုပ်တစ်ဖက်နဲ့ စာရေးခဲ့တာဆိုတော့ ပရိသတ်များလည်း ကျွန်မ အားနည်းချက်ကို ခွင့်လွှတ်နိုင်မှာပါ။




အဖေကြိုက်သော စာအုပ်ဆိုင်

www.burmeseclassic.com


www.burmeseclassic.com

# နိဒါန်း ၈


"အချစ်"ဟာ "အချစ်"ကို မွေးဖွားပေးသလို
ကမ္ဘာလောကကြီးတစ်ခုလုံးကိုလည်း
ဖန်ဆင်းပေးနိုင်တဲ့အစွမ်း ရှိတယ်။



US သို့ အဖေ အလည်အပတ်
ရောက်ခဲ့စဉ်က ကျွန်မတို့ မောင်နှမနှင့်အတူ။









www.burmeseclassic.com

www.burmeseclassic.com



## PART NINE
## 2003 FEBRUARY

ကျွန်မ US ပြန်ရောက်တာနဲ့ (ရုပ်ရှင်မင်းသမီး) တစ်ယောက်ရဲ့ဘဝက ချက်ချင်းဆိုသလို ပျောက်သွားပြီး သာမန်မိန်းမတစ်ယောက်ဘဝနဲ့ ကိုယ်လုပ်စရာရှိတာကို ပြန်လုပ်ရှားရပါတယ်။ အလုပ်သမားတွေနဲ့ ထားခဲ့ရတဲ့ ကျွန်မအလုပ်ထဲကို မနက်စောစောသွား၊ နေ့လယ် ၁၂ နာရီလောက် အိမ်ကို ပြန်လာ၊ အဖေ့ကို ချက်ပြုတ်ကျွေးမွေး၊ ရှင်းလင်းသုတ်သင်ပြီးရင်တော့ ခဏနား၊ ၃ နာရီလောက်မှာ အလုပ်ထဲပြန်ဝင် ၅ နာရီပြန်လာ ညနေစာအတွက် ပြင်ဆင်၊ ညနေပိုင်းကျရင်တော့ သတင်းကြည့်၊ Basketball ရာသီဆိုရင်တော့ Basketball ကြည့်၊ စိတ်ပါရင် စာရေး၊ စိတ်မပါရင်တော့ စာအုပ်တစ်အုပ် ဖတ်ပြီး အိပ်ရာဝင်ပေါ့။


ကျွန်မ ဒီလောက် တစ်နေကုန် လှုပ်ရှားနေတာတောင် မပိန်ဘူးဆိုတာ ပြောပြရရင်၊ အကြောင်းတော့ ရှိနေပါတယ်။ ကျွန်မက ထမင်းဟင်း အများကြီး မစားတတ်ပါဘူး။ ဒါပေမယ့် ကျွန်မ ဝသော အဓိကအကြောင်းရင်းကတော့ အချိုစားတာ များတာရယ် (ဥပမာ-ချောကလက်နဲ့ ရေခဲမုန့်)၊ နောက် Fast Food တွေ စားတာရယ်ကြောင့်ပါ။ လွယ်ကူတဲ့ အစာတွေဟာ ဗိုက်လည်း မပြည့်၊ စားရတာလည်း အဲလောက် အရသာမရှိ၊ အဆီအစိမ့်တွေကလည်း များပေမယ့် လွယ်ကူမြန်ဆန်တဲ့အတွက် လူတိုင်းလိုလို စားကြခြင်းပါ။ မနက်ပိုင်း အလုပ်ထဲမှာ ကျွန်မကလည်း ကြုံသလို တွေ့ကရာ ပါးစပ်ထဲ ကောက်ကောက်ထည့် တတ်တဲ့အပြင် ညစာစားချိန်ဟာလည်း နောက်ကျတတ်လေတော့ ကျွန်မလိုလူမှ မဝရင် ဘယ်သူ ဝမတဲ့တုန်း။

သေချာစဉ်းစားကြည့်ရင် မိန်းမ တစ်ယောက် ဝတယ်ဆိုတဲ့ကိစ္စဟာ ပြောပလောက်အောင် အရေးမကြီး၊ အရာမရောက်ပေမယ့် ကျွန်မသည် မြန်မာပြည်တွင် (ရုပ်ရှင်မင်းသမီး)တစ်ယောက် ဖြစ်နေသည့်အတွက် အများအမြင်တွင် ရုပ်ရှင်မင်းသမီး ပီသစွာ လှလှပပလေးတော့ ရှိနေသင့်သည် မဟုတ်လား! တခြားဝသော မင်းသမီးတွေ မရှိဘူးလားမဟုတ်၊ ရှိကြပါတယ်။ ဒါပေမယ့်လည်း သူတို့အားလုံးက အသက်ကြီးမှ ဝကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနေအိမ်၏ ဘုရားခန်း

ကျွန်မ အသက်အရွယ်မှာ ကျွန်မလို ပေါင် ၁၈၀ လောက် ဖြစ်အောင် ဝသည့် ရုပ်ရှင်မင်းသမီးမျိုး ကျွန်မတော့ တစ်ခါမှ မမြင်ဖူးပါ။ ပရိသတ်များလည်း တွေ့ဖူးကြမယ် မထင်ပါ။ ဝလာခြင်းသည် လူ၏ ကျန်းမာရေးကိုပါ ထိခိုက်စေပါတယ်။ ပေါင်ချိန် များလာတဲ့အတွက် ကျွန်မရဲ့လှုပ်ရှားမှုများက လေးလံလာတဲ့အပြင် လူကလည်း Active မဖြစ်တော့ပါ။ အလကားနေရင်း အိပ်လို့ကောင်း၊ စားလို့ကောင်းနှင့် အရာရာသည် ဝဖို့အတွက်ကြီးကိုသာ ဦးတည်နေပါတော့တယ်။

ဒါပေမယ့် ကျွန်မ ဆင်ခြင်မလား မထင်ပါနဲ့။ ကိုယ့်ဟာကိုယ် ဝလာတာကို သိနေသော်လည်း ပြုပြင်ဖို့အတွက်တော့ ကျွန်မ မကြိုးစားဖြစ်တာ အမှန်။ တစ်နေ့တစ်နေ့ ပုံမှန်လှုပ်ရှားသွားလာရင်း အချိန်တွေ ကုန်မှန်းမသိ ကုန်နေခဲ့ရတာ။ Weight ချဖို့ကို မေ့မေ့လျော့လျော့ နေခဲ့မိပါတယ်။ ကျွန်မ အခုလိုရေးပြနေရခြင်းကလည်း ကျွန်မလို မဖြစ်အောင် သတိထားစေချင်လို့ပါ။ သိပ်ဝသွားပြီးရင် Weight ပြန်ချရတာ ပင်ပန်းတယ်ဆိုတာနဲ့ ကျောက်ကပ် အလုပ်လုပ်ရတာများတာကြောင့် ကျန်းမာရေးအတွက်လည်း ထိခိုက်နစ်နာစေတယ်ဆိုတာကိုပါ သိစေချင်လို့ပါ။ ဒီလောကမှာ အသက်ရှင်နေသ၍ ကာလပတ်လုံး အဓိက အရေးကြီးဆုံးက ကျန်းမာရေးသာ ဖြစ်ပါတယ်။

အဲဒီကိစ္စကို နောက်ပိုင်း Weight ချရတဲ့အခါမှာ ဆက်ရှင်းပြပါ့မယ်။ ကျွန်မ အဖေက ကျွန်မတို့မောင်နှမနဲ့ သုံးလလောက် နေထိုင်ပြီး ရန်ကုန် ပြန်ပါတယ်။ အဖေ ပြန်ပြီး ကျွန်မ အလုပ်တွေ ရှုပ်နေပြန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုမျိုးမင်းက အလုပ်သစ်တစ်ခုရတာနဲ့ Las-Vegas မြို့ကို ပြောင်းရဖို့ အကြောင်းတရားတွေ ဖြစ်လာ ပါတယ်။ နိုင်ငံခြားမှာ တစ်နေရာနဲ့ တစ်နေရာ ပြောင်းရွှေ့ရတာ လွယ်ကူတာ မဟုတ်ပေမယ့်လည်း သူက ပြောင်းမယ်ဆိုတာနဲ့ ကျွန်မကလည်း ချက်ချင်း ထပြီး ပစ္စည်းကောက်သိမ်းတော့တာပါပဲ။ ကျွန်မ လုပ်နေတဲ့ Sushi Bar တွေကို ကျွန်မမောင်လက်ထဲ အပိုင်အပ်လိုက်ပါတယ်။


Las-Vegas ရောက်တော့ ကိုမျိုးမင်း (Avory) ကုမ္ပဏီမှာ အလုပ်သစ် ရသလို ကျွန်မကလည်း (Wild Oak) ဆိုတဲ့ Natural Market တစ်ခု မှာ Suchi Bar တစ်ခု ရပါတယ်။ သူငယ်ချင်းတွေ အားလုံးကတော့ ကျွန်မတို့ကို တော်တော်လည်း တတ်နိုင်တဲ့ဟာတွေလို့ (ကျွန်မတို့ရဲ့ မြန်ဆန်မှုကို ကြည့်ပြီး) မှတ်ချက်ချပါတယ်။

Oregon နဲ့ Vegas ရာသီဥတုက တကယ့်ကို ဆန့်ကျင်ဘက်ပါပဲ။ အရမ်းအေးပြီး စိုစွတ်တဲ့နေရာကနေ ပူပြီးခြောက်သွေ့လွန်းတဲ့ သဲကန္တာရကြီးထဲကို ရောက်သွားတဲ့အချိန်မှာ ကျွန်မရဲ့ ခန္ဓာကိုယ်က ရာသီဥတု အနေအထားအလိုက် သူ့အလိုလို ပြောင်းလဲသွားတာကို ကျွန်မရဲ့စိတ်ကလည်း ခံနိုင်ရည်ရှိအောင် သူ့နှုန်းထားအတိုင်း လိုက်ပြောင်းရပါတယ်။ 'အပြောင်းအလဲ' အားလုံးဟာ ကျွန်မဘဝမှာ ရေးကြီးခွင်ကျယ် မဖြစ်အောင် ကျွန်မ လေ့ကျင့်ထားရတယ်လေ။ ကျွန်မဘဝ



www.burmeseclassic.com

www.burmeseclassic.com


ကျွန်မ၏ နေအိမ်

မှာ အင်မတန် အရေးပါပြီး အဓိကအကျဆုံးကိစ္စက 'အလုပ်' ဖြစ်နေတာကိုး။

နိုင်ငံခြားရပ်မှာ နှစ်ရှည်လများ ကျွန်မနေထိုင်နိုင်ခဲ့တာ ကျွန်မမှာ အလုပ်တစ်ခု ရှိနေလို့ပါ။ US မှာ အလုပ်မရှိဘဲ ယောက်ျားကိုသာ မှီခိုအားထားပြီး အိမ်ထဲမှာသာ နေနေရမယ်ဆိုရင် ကျွန်မ ရူးသွားမှာ သေချာပါတယ်။ အစောပိုင်းကာလတွေမှာ Free way ပေါ် တက်ပြီး ကားမောင်းရမှာကို စိတ်ပျက်အားငယ်ခဲ့တဲ့ ကျွန်မဟာ အခုတော့လည်း ကော်ဖီလေးသောက်ပြီး မောင်းနေနိုင်ပါပြီ။ ကျွန်မ Free way ပေါ် စတက်တုန်းကဆို ကိုမျိုးမင်းတောင် မပါပါဘူး။ မဖြစ်မနေ မောင်းရတော့မယ့်အချိန်မှာ ကိုမျိုးမင်းက ကျွန်မကို စကားတစ်ခွန်း ပြောပါတယ်။ (ဘာမှ မစိုးရိမ်ပါနဲ့တဲ့၊ ကားမှာ Insurence ရှိတာပဲတဲ့။ ကျွန်မ တိုက်လိုက်လည်း နောက်တစ်စီး အသစ်ပြန်ရမှာပေါ့ ...တဲ့)။ သူ့စကားကြောင့် ကျွန်မ ပြုံးမိတယ်။ သူက ကားကို စိတ်ပူတယ် ထင်နေလား မသိဘူး၊ ကျွန်မက ကိုယ့်အတွက် ကိုယ်စိတ်ပူနေတာလေ။ အဲဒီကတည်းက ကျွန်မ ကားမောင်းရမှာကို မကြောက်တော့ပါဘူး။


နဂိုကတည်းက ကျွန်မက ကိုယ့်အားကိုယ်ကိုးတဲ့ မိန်းမတစ်ယောက်ပါ။ ငယ်ငယ်ကတည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး အလုပ်လုပ်ခဲ့တာပဲ။ ဒါပေမယ့်လည်း ကိုယ့်ဘေးနားမှာ ကိုယ့်ကို ပံ့ပိုးကူညီနိုင်တဲ့ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေ အသိုင်းအဝိုင်း ရှိနေခဲ့တယ်လေ။

US ရောက်မှ တကယ့်ကို တစ်ယောက်တည်း ကိုယ့်အားကိုယ်ကိုးရတယ်ဆိုတဲ့ အချက်က ပီပီပြင်ပြင် ရှိလာခဲ့တာပါ။ ကိုယ့်ဟာကိုယ် အားမကိုးနိုင်သေးသ၍ ကာလပတ်လုံး ကျွန်မ စိတ်မချမ်းသာနိုင်ခဲ့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com





ကျွန်မ အကယ်ဒမီနှစ်ခုကလည်း နိုင်ငံခြားမှာ ကျွန်မကို မခွဲမခွာ အိမ်ဧည့်ခန်းမှာ အဖော် လုပ်ပေးနေပါတယ်။



ကျွန်မအိမ်ရဲ့ ကျွန်မ အကြိုက်ဆုံးနေရာ တစ်နေရာ

သူများကို မှီခိုရတာ၊ အားကိုးရတာ၊ စောင့်ဆိုင်းရတာတွေဟာ ကျွန်မအတွက်တော့ အတော့်ကို စိတ်ပျက်စရာကောင်းခဲ့တာပါ။ အရင်က ကိုယ့်အားကိုယ်ကိုးတယ်လို့ ကျွန်မပြောခဲ့ရပေမယ့် နိုင်ငံရပ်ခြားမှာ တစ်ယောက်တည်း နေလာရတော့မှ ဒါကို သေချာပြန်စမ်းစစ်ကြည့်မိတယ်။ မပီပြင်ခဲ့တာတွေကို ပီပီပြင်ပြင် မြင်လာခဲ့ရတယ်။

US ရောက်လာတာဟာ ကျွန်မအတွက် မတူညီတဲ့ဘဝအသစ်တစ်ခုကို တကယ် ထပ်ရခဲ့တာပါ။ ကိုယ့်အနားက လူတွေအားလုံး တန်ဖိုးရှိတဲ့အချိန်တွေကို ကိုယ့်ကို ခွဲဝေမပေးနိုင်တဲ့အချိန်မှာ တကယ့်ကို ကိုယ့်အားကိုယ်ကိုးရမယ့်အချိန်စစ်စစ်တွေကို ရောက်ခဲ့တော့တာပဲ။ ကျွန်မရဲ့ အစွမ်းအစတွေကို မရမက ထုတ်သုံး၊ မလုပ်တတ်လည်း လုပ်၊ သတ္တိတွေ မွေး၊ ရင်ဆိုင်ရတဲ့ အခက်အခဲတွေကို ကိုယ့်နည်းကိုယ်ဟန်နဲ့ ဖြေရှင်း...နဲ့ တော်တော်ကို ဟုတ်နေခဲ့တာပါ။ လုပ်ပေးမယ့်သူသာ ရှိနေရင် ရေသာက ခိုချင်နေဦးမယ်။ အခုတော့ ကိုယ့်ဟာကိုယ်လုပ်တော့ အထူးမှတ်စရာတောင် မလိုဘဲ အလုပ်လုပ်တတ်သွားတော့တာပါပဲ။

ကိုယ့်ဟာကိုယ် အားကိုးလာနိုင်တဲ့အချိန်မှာ ကျွန်မ ရရှိလိုက်တဲ့ ခံစားမှုတစ်ခုကို သတိထားမိလိုက်တယ်။ အဲဒါကတော့ (လွတ်လပ်ခြင်း) ဆိုတဲ့အရသာပါပဲ။ ကျွန်မ တကယ်ပြောတာပါ။ ကိုယ့်ဟာကိုယ် ကားတစ်စီးနဲ့ သွားချင်တဲ့နေရာ သွားလို့ရတယ်။ ကိုယ့်ကို ဘယ်သူကမှ လိုက်စောင့်ပေးစရာ မလိုသလို ကိုယ်ကလည်း ဘယ်သူ့ကိုမှ ထိုင်စောင့်စရာ မလိုဘူး။ စိတ်ထဲရှိရင် ရှိသလို ထင်ရင် ထင်သလို ကိုယ့်စိတ်တိုင်းကျ လုပ်လို့ရတယ်။ ကဲ... ဘယ်လောက်ကောင်းလိုက်ပါသလဲ။ ကျွန်မက ကြာလာတော့ တစ်ယောက်တည်း နေရတဲ့ အရသာကို အရမ်းကြိုက်လာခဲ့ရပြီး တစ်ယောက်တည်း နေတတ်တဲ့သူတွေကိုလည်း (မတော်တဆလေးတောင်) အနှောင့်

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ဒါဒါက
ဂျပန်မှာ ရုပ်ရှင်ကားကြီး တစ်ကား
ရိုက်နေတဲ့အတွက် ကျွန်မကို US ကနေ
ဂျပန်လာဖို့ ခေါ်ပါသေးတယ်
ကျွန်မလည်း အရမ်းသွားချင်ပေမယ့်
အလုပ်တွေ များနေတာနဲ့ မသွားနိုင်ခဲ့ပါဘူး






www.burmeseclassic.com

www.burmeseclassic.com



China Airline နှင့် စိန်ချစ် ဗီဒီယို ထုတ်လုပ်ရေးမှ ဒေါ်သန်းသန်းလေး
Las-Vegas ကို လာစဉ်က Casino တစ်ခုတွင် အမှတ်တရ





www.burmeseclassic.com

www.burmeseclassic.com


အယုက်မပေးမိအောင် နေထိုင်နိုင်ခဲ့ပါတယ်။

Vegas ကို ပြောင်းပြီး သုံးလအတွင်းမှာ ကိုမျိုးမင်းက အိမ်တစ်လုံး ဝယ်ပါတယ်။ အဲဒီအိမ်ကို ဝယ်လိုက်တာဟာ ကျွန်မရဲ့ဘဝမှာ မလုပ်ဖူးသေးတဲ့ အလုပ်တစ်ခုကို လုပ်ဖြစ်ဖို့အတွက် အခြေအနေတစ်ခု စတင်ခြင်းပါ။

ကျွန်မတို့ မိတ်ဆွေများက Vegas ကို ကြိုက်တာက တစ်ကြောင်း၊ L.A နဲ့ကလည်း ၃ နာရီခွဲလောက်ပဲ မောင်းရတာတစ်ကြောင်းကြောင့် ကျွန်မအိမ်မှာ သောကြာ၊ စနေ၊ တနင်္ဂနွေတိုင်း ဧည့်သည် မပြတ်ပါဘူး။

Oregon မှာ နေတုန်းက ကျွန်မနဲ့ ကိုမျိုးမင်း မိတ်ဆွေတော်တော်များများက L.A. မှာသာ နေထိုင်ကြတာမို့ ဖုန်းလောက်သာ စကားပြောဖြစ်ကြပြီး လူချင်း သိပ်မဆုံဖြစ်ကြပါဘူး။ Vegas ပြောင်းမှပဲ မိတ်ဆွေများနဲ့ အမြဲဆုံဖြစ်ခဲ့တော့တာပါ။ Vegas က ပူပေမယ့် ကျွန်မအတွက်တော့ နေရထိုင်ရတာ Oregon ထက် ပိုအဆင်ပြေသလို ကိုမျိုးမင်းကလည်း Vegas က တော်တော်ကြိုက်ပါတယ်။ သူကြိုက်တယ်ဆိုတာ လောင်းကစား ဝါသနာ ပါလို့ မဟုတ်ပါဘူး။ သူစိတ်ဝင်စားတဲ့ ထူးထူးဆန်းဆန်း အစားအသောက်တွေ ရှိနေတဲ့နေရာမို့ပါ။

ကျွန်မ Vegas ကို ပြောင်းတော့ မောင်မောင် ကျွန်မဆီကို အလည်အနေနဲ့ တစ်ခေါက် ရောက်လာပါတယ်။ အမြဲ သုံးယောက် အတူနေရာကနေ သူ့ကိုထားခဲ့ရတဲ့အတွက် ကျွန်မ စိတ်မကောင်း ဖြစ်ရပေမယ့် သူ့အတွက် Oregon မှာ နေရတာ လောလောဆယ်မှာ ပိုပြီး အဆင်ပြေနေလို့၊ သူက ကျောင်းက တစ်ဖက်၊ အလုပ်က တစ်ဖက်နဲ့ဆိုတော့ အိမ်ပြန်ရောက်တဲ့အချိန်မှာ တစ်ယောက်တည်း မနေတတ်ဖြစ်မှာကို ကျွန်မ စိုးရိမ်ခဲ့ရတာပါ။ ဒါပေမယ့်လည်း ကျွန်မ မောင်က ကျွန်မထက်တောင်




*မောင်မောင်က သူ့ကားလေးကို သူ့နာမည်လေး တပ်ပြီး စီးပါတယ်။ သူ့သူငယ်ချင်းတွေ အားလုံးက သူ့ရဲ့ Last Name အရ သူ့ကို (နိုင်)လို့ပဲ ခေါ်ကြပါတယ်။*

စိတ်ခာတ်ကြံ့ခိုင်နေပါသေးတယ်။

မောင်မောင် ပြန်ပြီး သိပ်မကြာခင်မှာပဲ မောင်မောင်က သူ ဝယ်ထားတဲ့ Golf Club ထဲက မြေကွက်လေးမှာ အိမ်တစ်လုံး ဆောက်ဖြစ်သွားပါတယ်။ အစက သူ အဲဒီမြေကွက်ကို ဝယ်တာ ကျွန်မ အားမပေးခဲ့ပါဘူး။ အိမ်ဆောက်ရတာ အလုပ်ရှုပ်လွန်းတာမို့ တားခဲ့ပေမယ့် ကိုမျိုးမင်းက သူ့စိတ်ကူးနဲ့ သူလုပ်ပါစေ။ ပြောတာနဲ့ ကျွန်မလည်း လွှတ်ထားလိုက်ပါတယ်။ Vegas ရောက်တော့မှ ကျွန်မ အိမ်လေး ကြည့်ပြီး အားကျသွားတယ်ထင်ပါရဲ့။

ကျွန်မ ဆိုလိုချင်တာက ကျွန်မတို့ မောင်နှမ နှစ်ယောက်လုံး သူများနိုင်ငံမှာ အလကား ထိုင်မနေဘဲ အများနည်းတူ၊ ဒေါင်ကျကျ ပြားကျကျ နေနိုင်ခဲ့တာမို့။ အချိန်တစ်ခု ကုန်ဆုံးသွားတဲ့အခါမှာ အထိုက်အလျောက် ရောက်ခါစ အခြေအနေနဲ့ မတူတော့ဘဲ အဆင်ပြေလာခဲ့တယ်ဆိုတာကို ပြောပြချင်တာပါ။

မိတ်ဆွေအများစုက ကျွန်မတို့မောင်နှမ နှစ်ယောက်ကို ကြည့်ပြီး အရင်က အံ့ဩခဲ့သလို နောက်ပိုင်းကျတော့ ချီးကျူးစကားတွေ ပြောလာကြပါတယ်။ ဘယ်လောက်ပဲ အနေကြာပေမယ့် ဘာမှမတိုးတက် မပြောင်းလဲတဲ့ သူတွေကြားထဲမှာ ကျွန်မတို့ ရိုးရိုးသားသား ကြိုးကြိုးစားစား ရုန်းကန်လှုပ်ရှားခဲ့ကြတာတွေ တန်ဖိုးရှိတဲ့အချိန်တွေမှာ အကျိုး



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်နှင့်ကျောင်းမှ သူ့သူငယ်ချင်းများ

ရှိရှိ အသုံးချနိုင်ခဲ့တာတွေဟာ အတုယူစရာပဲလို့ သူတို့က ပြောခဲ့ပါတယ်။

ကျွန်မက နှစ်ယောက်အားနဲ့ ရပ်တည်ခဲ့တာမို့ သိပ်မပြောပလောက်ပေမယ့် မောင်မောင်ကတော့ သူ့အားသူကိုးပြီး ကြိုးစားရတာမို့ ကျွန်မမောင်အတွက် ကျွန်မ ချီးကျူးပါတယ်။ ကျွန်မတို့ မောင်နှမတွေ နိုင်ငံခြားမှာ ကောင်းကောင်းမွန်မွန် နေထိုင်နိုင်တော့လည်း မိဘများကြားရတာ စိတ်ချမ်းသာစရာကောင်းပါတယ်။ ဒါလည်း မိဘကို ကျေးဇူးဆပ်နည်းတစ်မျိုးပါ။ ကျွန်မ အလုပ်လုပ်နေတယ်လို့ အမေတို့ စပြီး သိခါစက ဘေးလူတွေ မပြောနဲ့။ ကိုယ့်မိဘကတောင် ကိုယ့်ကို နားမလည်ပေးနိုင်ခဲ့ဖူးမလား။

ဒီလောကမှာ မပင်ပန်းတဲ့အလုပ် တစ်ခုမှ မရှိပါဘူး။ ပင်ပန်းတဲ့အတွက်လည်း အဲဒီပင်ပန်းမှုက စီးဆင်းလာတဲ့အကျိုးအမြတ်ကိုလည်း သူ့အတိုင်းအတာနဲ့ သူ ရရှိကြမှာပါ။

ကျွန်မတို့ကို လူတွေ ဘယ်လောက်ပဲ ကဲ့ရဲ့ကဲ့ရဲ့၊ ဘယ်လောက်ပဲ ဝေဖန်ချင်သလောက် ဝေဖန်ခဲ့ကြပါစေ။ ကျွန်မတို့က ကိုယ့်ကိုယ်ကိုယ် ဘယ်တုန်းကမှ အထင်မသေးတဲ့အတွက် သူများ အထင်သေးမှာကိုလည်း မကြောက်ခဲ့ကြတာပါ။

အချိန်တန်လာတော့လည်း ကျွန်မတို့ကို ပြောခဲ့ဆိုခဲ့သူတွေဟာ ဒီအတိုင်း ဘာမှ တိုးတက်ပြောင်းလဲလာတာကို ကျွန်မဖြင့် မတွေ့ရပါဘူး။ တကယ်တော့ ခရီးတစ်ခုကို ရောက်ဖို့ဆိုတာ မြန်မြန်သွားစရာမလိုဘူး။ ရပ်မနေဖို့ပဲ လိုပါတယ်...နော်။

ကျွန်မ နိုင်ငံခြားမှာ နေထိုင်ခဲ့တဲ့ လေးနှစ်တာ ကာလအတွင်းမှာ တန်ဖိုးရှိတဲ့အချိန်တွေကို အကျိုးရှိအောင် သုံးစွဲနိုင်ခဲ့တာကြောင့် ဘဝမှာလည်း အထိုက်အလျောက် အဆင်ပြေမှုတွေ ရရှိခဲ့ရတာပါ။ အဲဒီအဆင်ပြေမှုတွေကလည်း ရှေ့မှာ ကျွန်မ ပြောပြခဲ့တဲ့အတိုင်း လွယ်လွယ်ကူကူ ရခဲ့တာမျိုး မဟုတ်ဘဲ ခက်ခက်ခဲခဲ ကြိုးစားရယူခဲ့ရတာမျိုးတွေချည်းပါ။ ကျွန်မတို့ အဆင်ပြေစွာ နေထိုင်နိုင်ခဲ့တဲ့အတွက် ကျွန်မကို ပြိုင်တဲ့သူ၊ မုဒိတာ မပွားနိုင်ဘဲ အကျိုးမရှိသော စကားများကို ပြောဆိုတတ်တဲ့သူတွေကိုလည်း ကျွန်မ ကြုံတွေ့ခဲ့ရပါတယ်။

ကျွန်မကို လာပြိုင်ရင်တော့ ပြိုင်တဲ့သူပဲ မောရမှာပါ။ ဘာလို့လဲဆိုတော့ ကျွန်မက ကိုယ့်လာပြိုင်လို့ ပြိုင်မှန်းမသိခဲ့တဲ့သူများ ပြေမှုပဲ



www.burmeseclassic.com

www.burmeseclassic.com



နှင်းတွေကျသော ညတစ်ညမှာ
မောင်မောင် လုပ်သော နှင်းရုပ်တုနှင့်
ကျွန်မတို့ မောင်နှမ

သတိထားမိတာကြီးကြောင့်ပါ။ တကယ့်တော့ လူ့ဘဝမှာ ကျွန်မတို့ ရထားတဲ့အချိန်က တကယ့်ကို နည်းနည်းလေးပါ။ ကျွန်မဘဝမှာတော့ သူများထက် သာဖို့ဆိုတာ အရေးကြီးဆုံးမဟုတ်ခဲ့သလို ပြိုင်ဆိုင်ရတာအတော့်ကို အချိန်ကုန်တဲ့ကိစ္စတစ်ခုလို့ ကျွန်မယူဆပါတယ်။ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ထိ ပြိုင်ဆိုင်နိုင်ကြမှာလဲ။ ကျွန်မက ပြိုင်တတ်လို့ (လက်ရှိမှာလည်း ပြည့်စုံနေလို့) ဒီနေ့ လူတစ်ယောက်နဲ့ ပြိုင်ပါပြီတဲ့။ ကဲ…နိုင်သွားပြီပဲ ထားပါဦး။ နောက်နေ့ ဒါမှမဟုတ် နောင်တချိန်မှာ ကျွန်မကို နိုင်တဲ့လူ ပေါ်လာဦးမှာပါ။ အဲဒီအခါကျရင် ဘယ်သူပဲ စိတ်ပင်ပန်းမလဲ။ ကိုယ်ကိုယ်တိုင်ပဲပေါ့။ ကျွန်မကတော့ ကျွန်မကို လာပြိုင်တဲ့သူများနဲ့ တွေ့ကြုံရတိုင်း သနားမိတာပါပဲ။

ကျွန်မဘဝမှာ သူများတကာရဲ့ မလိုမုန်းထား ပြောခဲ့တဲ့စကားတွေကို ကြုံကြုံခိုင်ရင်ဆိုင်ခဲ့ရတဲ့ အကြိမ်ပေါင်းကလည်း မရေတွက်နိုင်လောက်အောင်ပါပဲ။ ဘယ်လောက်ပဲ ကျွန်မ ကောင်းအောင်နေထိုင်လည်း အပြောအဆို မလွတ်ခဲ့တာကတော့ ကျွန်မရဲ့ ကံအကြောင်းတရားပဲ ထင်ပါရဲ့။ အတိတ်ဘဝက သူများကို ပြောဆိုခဲ့ဖူးလို့ ဒီဘဝမှာ ကျွန်မ ဒါတွေ ကြုံရတာလို့ ကိုယ့်ကိုယ်ကိုယ် အမြဲနှလုံးသွင်းပြီး အပြောခံရတိုင်း ပြန်လှန်မပြောမိအောင် ချုပ်တီးပြီးကြိုးစားပါတယ်။ ကျွန်မ ကြွေးဟောင်းဆပ်ခွင့် ကြုံတဲ့အချိန်မှာ ကြွေးသစ်တွေ ထပ်မယူချင်တော့ဘူးလေ။ ခုတောင် ဒီလောက်အပြောခံနေရတာ။ ဒါကိုသာ ပြန်ပြီး လက်တုံ့ပြန်နေဦးမယ်ဆိုရင်ဖြင့် ဒီသံသရာမှာ အကြွေးတွေကို အရင်းတင်မက အတိုးတွေပါ ရောစပ်လို့ ကုန်နိုင်မယ် မထင်ပါဘူး။

၂၀၀၄ ဟာ ကျွန်မအတွက် ကံမကောင်းဆုံး နှစ်တစ်နှစ်အဖြစ်သတ်မှတ်လို့ ရနိုင်သလို ကျွန်မအတွက်တင်မက ကျွန်မ မိသားစုအတွက်ပါ ရှိရှိသမျှ အဆိုးတွေ ပုံအောကျရောက်ခဲ့ပြီး အခက်အခဲပေါင်းစုံကို (ကျွန်မ ဘဝမှာ တစ်ခါမှ မဖြစ်ဘူးခဲ့ပါ) ပြိုလဲမတတ် ရင်ဆိုင်ခဲ့ရပါတယ်။ ဗေဒင်ဆရာများက ကျွန်မ အသက် ၃၃ ကနေ ၃၇ အတွင်း အညံ့ကာလတွေထဲမှာပဲ ရှိနေလိမ့်မယ် ပြောပြန်လေတော့ ကျွန်မမှာ မချိပြုံးပြုံးရပြန်ပါတယ်။ ကိုယ့်ရင်ထဲက ခံနိုင်ရည်ရှိမယ့်ခွန်အားကို ကိုယ်သာလျှင် နှိုင်းဆကြည့်လို့ ရတာနိုင်မဟုတ်လား!

ပထမဆုံး ရင်ဆိုင်ရတဲ့အခက်အခဲကတော့ ရန်ကုန်မှာ ကျန်ရစ်ခဲ့တဲ့ ကျွန်မ မိသားစုပြဿနာပါ။ ပြီးခဲ့တဲ့အကြောင်းကိစ္စတွေနဲ့


www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး ဘယ်သူ့ကိုမှလည်း အပြစ်မတင်ချင်ပါဘူး။ တစ်ခုခုကို ဆုံးရှုံးရတိုင်း၊ ငါနဲ့ မထိုက်လို့ပဲဆိုတဲ့အတွေးမျိုးကိုပဲ ကြိုးစားပြီး တွေးဖို့ ကျွန်မ လက်ခံလာမိတယ်။ တကယ်ပြောတာပါ။ နိုင်ငံခြားမှာ ကျွန်မ နေထိုင်တဲ့ကာလအတွင်း ကျွန်မ ကြိုးစားရှာဖွေလို့ ရလာတဲ့ ရုပ်ဝတ္ထု ပစ္စည်းတွေကို ကြည့်ပြီး (ငါမဆိုးဘူး)လို့ ကိုယ့်ကိုယ်ကိုယ် သဘောကျခဲ့ဖူးတာ ဝန်ခံပါတယ်။ ရုပ်ရှင်မရိုက်နိုင်ခဲ့ပေမယ့်လည်း ဝတ္ထုလေးတွေ ရေးနိုင်တယ်။ ကိုယ့်ခွန်အားနဲ့ ညီမျှတဲ့ ဝင်ငွေတစ်ခု ငါရှာနိုင်တယ်။ အချိန်တွေ အလဟဿ မဖြစ်ပါဘူးလို့ ကျေကျေနပ်နပ် တွေးတောဖြစ်ခဲ့တာလည်း အမှတ်ပါ။

ဒါပေမယ့် ရန်ကုန်မှာ ရှိတဲ့ ကျွန်မရဲ့ ၉ မိုင် အိမ်ကို အကြောင်းကြောင်းတွေကြောင့် ရောင်းချပစ်ရတော့မယ်ဆိုတဲ့အချိန်မှာ နိုင်ငံခြားမှာ ကျွန်မရှာဖွေထားတဲ့ ဥစ္စာပစ္စည်းအားလုံး အချိန်တွေအားလုံး (ကျွန်မ အနုမြောဆုံးကအချိန်ပါ) ဘာတစ်ခုမှ အဖတ်မတင်သလို ဖြစ်သွားပါလားဆိုတာကို ကျွန်မ အရင်ဆုံး သိလိုက်ရပါတယ်။ ဒီအိမ်ကို ရောင်းမှ အားလုံး အဆင်ပြေမှာလားဆိုတဲ့ အတွေးနဲ့ အခြေအနေကို လေ့လာဖို့ ၂၀၀၄ ဇန်နဝါရီမှာ ကျွန်မ ရန်ကုန်ကို ဒုတိယအကြိမ် ပြန်လာခဲ့တယ်။ ပြန်လာတာမှ ဘယ်သူ့ကိုမှ အသိမပေး၊ လေယာဉ်ကွင်းမှာလည်း လာမကြိုခိုင်းဘဲ တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ် ပြန်လာခဲ့တာပါ။ လေယာဉ်စီးရတဲ့ ၁၈ နာရီ အချိန်အတွင်း အဖော်မပါ တစ်ယောက်တည်း ကျွန်မရဲ့ အတွေးတွေ ဘယ်လောက်ထိ အတိုင်း

အဆ မရှိ လွင့်မျောနေကြမယ်ဆိုတာ
ကျွန်မလို ဖြစ်ဖူးတဲ့သူတွေကတော့
ခန့်မှန်းလို့ ရနိုင်ပါတယ်။
တကယ်တမ်း ကျွန်မကို
အများဆုံးနှိပ်စက်သွားခဲ့တဲ့သူကတော့
(ကျွန်မရဲ့ အတွေး)တွေပါပဲ။
ဘဝဆိုတာ ပုံသေရှိတဲ့အရာမဟုတ်။
အမြဲပြောင်းလဲနေတယ်ဆိုတာ အစက
သိသလိုလို ရှိခဲ့ပေမယ့် အဲဒီအချိန်ကျမှ
သေသေချာချာကြီးကို သိသွားခဲ့ရတယ်။
မမြဲတဲ့သဘောတရားကို ထင်ထင်ရှားရှား
မြင်ခဲ့ရသလို ပြင်ပရုပ်ဝတ္ထု
ပစ္စည်းဟူသမျှဟာ အချိန်မရွေး
သူများလက်ထဲ ရောက်သွားနိုင်ပါလားဆိုတဲ့
သဘောတရားကိုလည်း ယုံယုံကြည်ကြည်
နားလည်ခဲ့ပါတယ်။
အတိုချုံးရရင် နောက်ဆုံးတော့
အိမ်ရောင်းဖြစ်သွားတယ်ဆိုပါတော့။
၉ မိုင်အိမ်ကို ၁၉၉၃ မှာ မြေကွက်ဝယ်ပြီး
၁၉၉၄ အောက်တိုဘာလောက်မှာ
အိမ်စဆောက်ခဲ့တာ
၁၉၉၅ ဖေဖော်ဝါရီလမှာ
အိမ်ပေါ်တက်လို့ ရခဲ့ပါတယ်။
လေးလလောက်အတွင်း အိမ်ပြီးခဲ့လို့
အထင်မကြီးပါနဲ့။ ငှားနေတဲ့အိမ်က
လစေ့တော့မှာမို့ ဆောက်လက်စအိမ်ကို
ရေချိုးခန်း၊ အိမ်သာ အရင်ပြီးအောင်
လုပ်ပြီး မြန်မြန်တက်နေလို့ရအောင်
လုပ်ခဲ့ရတာပါ။ ခြံထဲမှာ အုတ်ပုံတွေ၊
မြက်ဖုတ်တွေနဲ့ အတူတူ
နေရင်း၊ ရှင်းရင်း၊ ပြုပြင်ရင်း၊
အိမ်တစ်လုံး ပြီးအောင် ဆောက်ခဲ့ရတာပါ။
ဒီအိမ်ကို ဆောက်ခဲ့ရတဲ့ ငွေဟာလည်း
ကျွန်မ လုပ်အားနဲ့ ရင်းပြီး ရှာလို့ရလာတဲ့
သမာအာဇီဝငွေတွေချည်းပါပဲ။
ဘယ်တစ်ဦးတစ်ယောက်ရဲ့
ထောက်ပံ့မှုတစ်ခုတစ်လေတောင် မပါခဲ့တာ
မှန်သောသစ္စာစကားပါ။
၂၀၀၄ ဖေဖော်ဝါရီလမှာ
ကျွန်မ အိမ်ကို ရောင်းခဲ့တာဆိုတော့
၉ မိုင်အိမ်မှာ ကျွန်မ
၉ နှစ်နေထိုင်ခဲ့ပါတယ်။ အင်း…
ကျွန်မကသာ ကိုးနှစ်လို့ ပြောတာပါ။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားမှာ နေနေခဲ့တဲ့အချိန်တွေရယ်၊ ရန်ကုန်မှာ ရှိစဉ်ကလည်း အလုပ်နဲ့လူနဲ့က အမြဲဒွန်တွဲနေခဲ့တာမို့ နယ်တွေကို အမြဲလိုလို သွားနေရရင်း အိမ်မှာ ၂၄ နာရီပြည့်အောင် နေစဉ်ရက်ဆက်နေခဲ့ဖူးတဲ့ အချိန်တွေကလည်း အလွန်ကို နည်းခဲ့တာပါ။ ဒါတွေကိုသာ စုပေါင်းလိုက်ရရင်တော့ ၉ မိုင်အိမ်မှာ ၂၄ နာရီပြည့်အောင် နေခဲ့ရတဲ့ရက်တွေက ရက်ပေါင်း တစ်ထောင်တော့ ပြည့်ခဲ့ရဲ့လား မသိပါဘူး။ အိမ်ဆောက်တုန်းက ကျွန်မ အသက်ကြီးရင် အေးအေးဆေးဆေး နေဖို့လို့ ရည်ရွယ်ခဲ့ဖူးပေမယ့် အသက် ၃၃ နှစ်မှာ ကျွန်မ အိမ်ကို စွန့်လွှတ်လိုက်ရတာ (ကျွန်မ ပယောဂ တစ်စုံတစ်ရာ မပါဘဲ) ကျွန်မနဲ့ မထိုက်တန်လို့လို့ လက်ခံနိုင်ရင်တော့ ကျွန်မအတွက် စိတ်သက်သာရာ ရစေမှာပါ။ ဒါပေမယ့်လည်း ကျွန်မသည် ပုထုဇဉ်ပီပီ ကိုယ့်ဆုံးရှုံးမှုကို လွယ်လွယ်ကူကူနဲ့ လက်ခံနိုင်ခဲ့တာမျိုးမဟုတ်ခဲ့တာတော့ သေချာပါတယ်။

အိမ်ရောင်းပြီး ရန်ကုန်မှာ နေကြတဲ့ မိသားစု လေးယောက်အတွက် လုပ်စရာရှိတာတွေကို ခပ်မြန်မြန်ပဲ လုပ်ပေးပြီး တစ်လမပြည့်ခင် ကျွန်မ US ပြန်ပါတယ်။ ၂၀၀၄ မတ်လလောက်မှာပါ။ အဲဒီအခေါက်က ကျွန်မ ရုပ်ရှင်တစ်ကားမှ မရိုက်ဖြစ်ခဲ့သလို ပြန်သာလာရတယ်၊ ကျွန်မ ရင်ထဲ လေးလံမှုက အတော့်ကို ထုနဲ့ထည်နဲ့ တည်ရှိနေခဲ့ပါတယ်။ ဒါဒါဟာ ကျွန်မထက် နှစ်ဆ ပိုက်ဆံပိုရတဲ့ ရုပ်ရှင်မင်းသမီး ဖြစ်နေရဲ့သားနဲ့ လေးနှစ်လောက်အတွင်းမှာ နေစရာအိမ်ရောင်းရလောက်အောင် ပိုက်ဆံတွေ ဘာလို့ကုန်ကုန်လဲ… ကျွန်မဖြင့် စဉ်းစားလို့ ဉာဏ်မမီနိုင်အောင် ဖြစ်ရပါတယ်။

အဆိုးတွေ ဝင်ရင် ဆက်တိုက်ပဲဆိုတဲ့ စကားက ကျွန်မအတွက်တော့ တကယ့်ကို မှန်ကန်တဲ့စကား ဖြစ်ခဲ့ပါတယ်။ ကောလာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ Sushi Bar ရှိသော Market မှ
မိတ်ဆွေတချို့နှင့် Vegas ရှိ
ကျွန်မအိမ်တွင် အမှတ်တရ

ဟာလ စကားလုံးများရဲ့ ဒဏ်ကို ကျွန်မ အလူးအလဲ ခံခဲ့ရတဲ့ကာလတွေပါပဲ။ ကျွန်မ အိမ်ထောင်ကွဲသွားပြီ၊ ယောကျ်ားက အိမ်ပေါ်က နှင်ချလိုက်လို့ ရန်ကုန် ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ တိုးတိုးတိတ်တိတ် လာပုန်းအောင်းနေတယ် အစရှိတဲ့ သတင်းများက ထောင့်ပေါင်းစုံကကို ထွက်လာခဲ့တော့တာ။ ရန်ကုန်က မိဘများတောင် ထင်ယောင်ထင်မှားတွေ ဖြစ်ကုန်ကြပါတယ်။ ကျွန်မကတော့ ကိုယ့်ကို ပြောတဲ့ စကားလုံးများကို ပြန်စမ်းစစ်ရင်း ဩော်…ငါ့နော် လင်မယားကွဲတာတောင် ကိုယ့်သဘောနဲ့ကိုယ်မဟုတ်၊ လင်က အိမ်ပေါ်ကနေကို နှင်ချတယ် ဆိုပါလား။ (ကိုယ့်ဟာကိုယ် ဆင်းသွားတယ်ဆို နည်းနည်း တော်သေးတယ်လေ) ပုန်းတာကလည်း ကြည့်ပါဦး။ ဝင်ဒါမီယာထဲက အိမ်တစ်အိမ်မှာလို့ ဘာလို့ မပြောကြတာလဲ (ခုတော့ ဆင်ခြေဖုံးတဲ့) ကောလာဟလစကားထဲမှာတောင် ကျွန်မကို နှိမ့်ချချင်တဲ့စကားတွေပါနေတာဆိုတော့ ဒီတော့ လူပီသစွာ၊ ဘုရားတရားကိုပဲ အားကိုးရတော့တာပေါ့။ ကျွန်မ ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်ခဲ့တဲ့အတွက် ကောလာဟလဒဏ်ကို အနည်းနဲ့ အများ ခံနိုင်ရည် ရှိပါတယ်ဆိုသော်ငြားလည်း သိပ်ရင်းနှီးတဲ့သူတွေကပါ မေးလာကြတဲ့အချိန်မှာတော့ ကျွန်မ စိတ်နှလုံး နောက်ကျစွာနဲ့ စိတ်ပျက်ခဲ့ရပါတယ်။ အကုန်လုံး အသေးစိတ် လိုက်ရှင်းပြရအောင်လည်း ကျွန်မ မအားပါဘူး။ ကျွန်မမှာ သေချာတာတစ်ခုကတော့(မဟုတ်ဘူး) ဆိုတဲ့ စကားတစ်ခွန်းပဲ ရှိပါတယ်။

အဲဒီအချိန်မှာပဲ Las Vegas ရောက်မှ ကျွန်မ ယူထားတဲ့ Sushi Bar က ပိတ်လိုက်ရပါတယ်။

ပိတ်ရခြင်းအကြောင်းကလည်း ကျွန်မနဲ့ လုံးဝ မသက်ဆိုင်ပါဘူး။ Marketနဲ့ ကုမ္ပဏီ ဖြစ်တဲ့ကိစ္စပါ။ ကျွန်မရဲ့ မူရင်းလုပ်နေတဲ့ ကုမ္ပဏီကနေ တခြားကုမ္ပဏီ ပြောင်းသွားတော့ ကျွန်မလည်း နောက်ကုမ္ပဏီနဲ့ ဆက်ပြီး မလုပ်ချင်တော့တာမို့ ထွက်လိုက်ရတာပါ။ ကျွန်မ Sushi Bar က ကျွန်မနာမည်နဲ့ပါ။ အဲဒီ Sushi Bar ရပ်လိုက်ရတဲ့အတွက် ကျွန်မမှာ ငွေရေး၊ ကြေးရေး ဆုံးရှုံးနစ်နာမှုတွေ အများကြီး ဖြစ်ခဲ့ပါတယ်။ ကျွန်မ အလုပ်လုပ်နိုင်သ၍ ကာလပတ်လုံး ငွေရှာရတာ ကျွန်မအတွက် မခက်ခဲဘူးလို့ ယူဆထားပေမယ့် ရုတ်တရက်ဆိုတော့ ကျွန်မ စိတ်ဓာတ်တော့ အနည်းငယ်ကျမိပါတယ်။ သို့ပေမယ့်လည်း ကျွန်မ ကိုယ့်စိတ်ကိုယ် ဖြေသိမ့်နိုင်အောင် ကြိုးစားနေထိုင်ခဲ့ပါတယ်။

ခေါင်းမကြည်ခင်မှာပဲ နောက်ထပ် ပြဿနာတစ်ခု ထပ်ကြုံရပြန်ပါတယ်။ ကျွန်မ 'မောင်' ကိစ္စပါ။

ပြဿနာ ထုထည်ကြီးလာတာနဲ့အမျှ ရှိရှိသမျှ အပြစ်တွေအားလုံး ကျွန်မခေါင်းပေါ်ပဲ ကျခဲ့ပြန်ပါတယ်။ မောင်မောင်က လိမ္မာတဲ့ကလေးပါ။ ဘယ်တုန်းကမှလည်း မိသားစုကိုသော်လည်းကောင်း၊ ကျွန်မကိုသော်လည်း ကောင်း၊ ဒုက္ခမပေးခဲ့ဖူးပါဘူး။ အခုဖြစ်တဲ့ကိစ္စမှာလည်း ဒုက္ခပေးတာတော့ မဟုတ်ဘူးလို့ ပြောလို့ရပေမယ့်လည်း ဖြေရှင်းလို့မရတဲ့ပြဿနာဟာ ဒုက္ခနဲ့အတူတူပါပဲ။

ကျွန်မ အတော်ကြီး သည်းသည်းခံခဲ့ရတာပါ။ လူတွေအားလုံး ကျွန်မကို လက်ညှိုးထိုးတဲ့အချိန်မှာ ဘာတစ်ခွန်းမှ မတုံ့ပြန်ချင်တော့လောက်အောင် ကျွန်မ ပါးစပ်ထဲမှာ စကားလုံးတွေ ဆွံ့အနေခဲ့တယ်။ တစ်ဖက်သတ်အမြင်နဲ့ တစ်ဖက်စောင်းနင်းစကားတွေဟာ ကျွန်မရဲ့ခံနိုင်ရည်ရှိမှုစွမ်းအားတွေကို အကြိမ်ပေါင်းများစွာ ရိုက်ချိုးကြပါတယ်။ ကျွန်မရဲ့ စိတ်တွေဟာလည်း ဟစ်မိနစ်၊ တစ်စက္ကန့်တောင် နားခွင့်မရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို နားလည်ကြသော
L.A. မှ သူငယ်ချင်းများနှင့် အမှတ်တရ

အချိန်ပြည့် အလုပ်တွေ လုပ်ခဲ့ရတယ်။ ဘဝရဲ့အခက်အခဲတွေကို ဖြေရှင်းပေးနိုင်တဲ့ (အသိဉာဏ်)ကလည်း ကျွန်မဆီမှာ ရှိတစ်လှည့် မရှိတစ်လှည့်နဲ့ လမ်းတွေ များနေခဲ့တယ်။

ကျွန်မစဉ်းစားလို့ မရတာတစ်ခု ရှိပါတယ်။ နှစ်ဦးနှစ်ဖက် ဖြစ်ကြတဲ့ကိစ္စမှာ ဘာအတွက်ကြောင့် ကျွန်မအပေါ်ပဲ အပြစ်တွေ ရှိနေခဲ့လဲဆိုတာပါ။ ကျွန်မ မိဘနဲ့ ညီမနှစ်ယောက်ကလည်း သူတို့ အပြောတွေခံရတိုင်း ကျွန်မသာလျှင် အပြစ်ရှိသူလို့ ယူဆချင်သလို ကျွန်မမောင်ကလည်း ကျွန်မသာလျှင် ပြဿနာရဲ့အစကို ရှာဖွေသူလို့ ဆိုလိုချင်ပါတယ်။ (နှုတ်ကလည်း နောက်တော့ တရားဝင်ဖွင့်ပြောကြပါတယ်။) ကျွန်မ မလုပ်တဲ့ကိစ္စမှာ အပြစ်ရှိတယ်လို့ သတ်မှတ်ကြရင်လည်း ဝဋ်ကြွေးတစ်ခု ဆပ်တယ်လို့ပဲ သဘောထားရဦးမှာပါ။ လူဆိုတာမျိုးကလည်း ပြောပြတတ်တဲ့သူကို ပိုသနားတာ ထုံးစံပဲ မဟုတ်လား! ကျွန်မက အဲဒီလိုမှ မပြောပြတတ်ခဲ့တာကိုး။

အဲဒီပြဿနာမှာပဲ ကျွန်မအတွေ့အကြုံတစ်ခု ရမိပါတယ်။ ပြောပြတတ်တဲ့သူက တပန်းသာပြီး ရှေ့ကိုလည်း ပိုရောက်တယ်ဆိုတာပါ။ ဒါကြောင့် 'ရှေ့နေ' ဆိုတဲ့ လူတန်းစားနဲ့ ပညာရပ်တစ်ခုဟာ လူ့အသိုင်းအဝိုင်းအလယ်မှာ အရေးပါအရာရောက်တဲ့ နေရာတစ်ခုမှာ ရပ်တည်နေနိုင်ခဲ့တာပေါ့။

အဆင်မပြေမှုတွေ၊ မမျှတမှုတွေ သိပ်များလာတဲ့ကာလမှာတော့ ကျွန်မ 'ဒေါသ' ဖြစ်မိပါတယ်။ အဲလို ဒေါသဖြစ်ရတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရင်ထဲ ပိုပြီး ပူလောင်ရတယ်။ ကျွန်မ ဒေါ်သမီးဟာ တစ်ဖက်သားကို လောင် မလောင်တော့ မသိဘူး။ ကျွန်မ ခန္ဓာကိုယ် တစ်ခုလုံးကတော့ ပြာကျတော့မတတ်ပါပဲ။ စိတ်တိုင်းမကျရတဲ့ ကိစ္စတွေကလည်း ပြေလည်လို့ မသွားပါဘူး။ ဒေါသကြောင့် ရရှိလာတဲ့ ခံစားမှုတွေ ကျွန်မရဲ့ ကိုယ့်ကျင့်တရားကို များစွာ ထိခိုက်စေပါတယ်။

အဲဒီကာလတွေတုန်းက ကျွန်မဟာ တကယ့်ကို ကျဉ်းထဲကျပ်ထဲမှာ ချောင်ပိတ်မိနေခဲ့ပါတယ်။ ဘာကိုမှလည်း မဖြေရှင်းချင်တော့ဘူး။ မိတ်ဆွေကောင်းများက ကျွန်မကို နားလည်စွာနဲ့ အားပေးနှစ်သိမ့်ခဲ့ကြပေမယ့် လက်ညှိုးထိုးခံထားရတဲ့ ကာယကံရှင် ကျွန်မကတော့ ဘယ်လိုလုပ်လွယ်လွယ်နဲ့ ဖြေရှင်းနိုင်ပါ့မလဲ။ ကိုမျိုးကတော့ အနေအေးသူပီပီ (ဘာသိဘာသာနေတတ်သူလို့ ပြောရင်လည်း ရပါတယ်) ဖြစ်နေတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ဘာကိုမှအကြံမပေးသလို၊ ဝေလည်း မဝေဖန်ပါဘူး။ တစ်ယောက်တည်း နေချင်နေတဲ့ ကျွန်မကိုလည်း အနှောင့်အယှက်မပေးပါဘူး။ ထူးထူးခြားခြား ဂရုစိုက်တာမျိုးလည်း မလုပ်ခဲ့ပါဘူး။ ဒါပေမယ့် သူ စကားတစ်ခွန်းတော့ ကျွန်မကို မကြားတကြား ပြောခဲ့ပါတယ်။ (ကိုယ့်ကိုယ်ကိုယ် စိတ်ဆင်းရဲအောင် လုပ်မနေနဲ့၊ အချိန်တန်ရင် ပြီးသွားမှာပေါ့...တဲ့) ကိုမျိုးမင်း အဲဒီစကားကို ပြောလိုက်တဲ့အချိန်မှာ ကျွန်မ ချက်ချင်းကြားပေမယ့် စကားလုံးရဲ့ အဓိပ္ပာယ်တွေကို လေးလေးနက်နက် မဆန်းစစ်ကြည့်မိဘူး။ ဒါပေမယ့်လည်း ကျွန်မရဲ့မိသားစုအရေးနဲ့ ပတ်သက်လာလျှင် ဆိုးဆိုးကောင်းကောင်း ဘယ်အခါမှ ဝင်မစွက်တတ်တဲ့သူရဲ့စကားမို့ သူ့စကားကို ကျွန်မနားထဲမှာ မှတ်မိနေခဲ့တယ်။ တစ်ရက်မှာတော့ စိတ်ရှုပ်ထွေးမှုများစွာနဲ့ ဘာရယ်မဟုတ် စာအုပ်တစ်အုပ်ကို ဖတ်မိပါတယ်။ အဲဒီမှာတင် မမျှော်လင့်ဘဲ စာပိုဒ်တစ်ခုကို ကျွန်မ ဖတ်လိုက်မိတယ်။ အဲဒီဖတ်ပြီးတဲ့ တစ်ဒင်္ဂမှာပဲ ရက်ရှည်လများ ကျွန်မကို နှိပ်စက်နေကြတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ သောက အပူတွေဟာ ချက်ချင်းပဲ ပျောက်ဆုံးသွားကြသလို ကျွန်မ ခံစားလိုက်ရပါတယ်။ (ကျွန်မကို ဘုရားက ကယ်တင်လိုက်တာပဲလို့ ခြွင်းချက်မရှိ ကျွန်မ ယုံပါတယ်။) အဲဒီစာပိုဒ်ကိုပဲ အကြိမ်ပေါင်း မရေတွက်နိုင်အောင် ထပ်တလဲလဲဖတ်ရင်း ကျွန်မစိတ်တွေ ငြိမ်သထက်ငြိမ်၊ အေးသထက် အေးပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေလည်း တိုးလာခဲ့သလို ဖြစ်ပျက်ခဲ့တဲ့ပြဿနာတွေက ကျွန်မစိတ်ကို အရင်ကထက် အဆပေါင်းများစွာ တည်ငြိမ်ရင့်ကျက်သွားစေခဲ့ပါတယ်။


ကိုမျိုးမင်း ပြောတဲ့စကားက တကယ်မှန်ပါတယ်။ ကျွန်မဟာ ကိုယ့်စိတ်ကို ဆင်းရဲအောင်၊ ဆောက်တည်ရာမရဖြစ်အောင်၊ ညှိုးငယ်အောင်၊ ခွန်အားမဲ့အောင်၊ ကိုယ်ကိုယ်တိုင်ပဲ လုပ်နေခဲ့တာပါ။ ကိုယ်ကိုယ်တိုင်ပဲ နှိပ်စက်နေခဲ့တာပါ။ အဲဒီစာပိုဒ်ကို ဖတ်ရတော့မှပဲ ကျွန်မရင်ထဲ တွေးတွေးဆဆနဲ့ ငြိမ်းအေးမှုတွေ ရခဲ့တာပါ။ ဖတ်ခဲ့ဖူးတဲ့ စာပိုဒ်ကလေးက တခြားတော့ မဟုတ်ပါဘူး။ ကျွန်မတို့ဂေါတမမြတ်စွာဘုရားရဲ့ အဖြစ်လေးတစ်ခုပါ။

*(တစ်ခါက မြတ်စွာဘုရားကို မလိုလားတဲ့ ပုဏ္ဏားတစ်ယောက်ဟာ ဘုရားကို အတွေ့မှာ ဆဲပါတယ်။ ဆဲတာမှ ရုန့်ရင်းကြမ်းတမ်းစွာ တကယ်ကို ဆဲတာပါ။ သူ ဘယ်လောက်ပဲ ဘုရားကိုဆဲဆဲ၊ မြတ်စွာဘုရားကတော့ သူ့အမူ သူပြုံရင်း တည်တည်ငြိမ်ငြိမ်နဲ့ ပုဏ္ဏားကို ဘာတစ်ခွန်းမှ ပြန်မပြောပါဘူးတဲ့။ ကြာလာတဲ့အခါမှာတော့ ဆဲနေတဲ့ ပုဏ္ဏားဟာ မောပန်းလာပြီး ဆက်မဆဲနိုင်တော့ဘဲ*



www.burmeseclassic.com

www.burmeseclassic.com




*မြတ်စွာဘုရားကို မေးခွန်းထုတ်ပါတယ်။ သူ ဒီလောက် ဆဲဆိုနေတာကို ဘာလို့ စိတ်မဆိုးဘဲ ပြန်မပြောဘဲ နေနေတာလဲပေါ့လေ။ ဒီအခါမှာ ဘုရားက ပြန်ဖြေပါတယ်။ အသင်ပုဏ္ဏား တစ်စုံတစ်ခု လက်ဆောင်ကို တစ်ဦးတစ်ယောက်ကို ပေးမယ်ဆိုပါတော့။ အသင်ပေးသော လက်ဆောင်ကို အဲဒီတစ်ဦးတစ်ယောက်က လက်မခံခဲ့လျှင် အဲဒီလက်ဆောင်ဟာ ဘယ်သူ့လက်ထဲမှာပဲ ရှိနေမှာလဲတဲ့။ ပုဏ္ဏားကလည်း သူ့လက်ထဲမှာပဲ ရှိနေမှာပေါ့လို့ ပြန်ပြောတဲ့အခါ မြတ်စွာဘုရားက အသင် ဘယ်လောက်ပဲ ဆဲဆဲ၊ အဲဒီဆဲနေတာကို ငါ ဘုရား လက်မခံတဲ့အတွက် အဲဒီဆဲခြင်းတွေဟာ အသင့်ဆီမှာပဲ ရှိနေမယ်။ ငါဘုရားဆီ ရောက်မလာဘူးတဲ့…)*

ကျွန်မတို့ မြတ်စွာဘုရားရဲ့ အဖြေဟာ တန်ဖိုးဖြတ်လို့ မရနိုင်လောက်အောင် အနှစ်သာရပြည့်ဝပြီး မှတ်သားနာယူ ထိုက်ပါပေတယ်နော်…ကျွန်မလေ…ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်ခဲ့မိပါတယ်။

ကျွန်မက တော်တော်ကို အသုံးမကျခဲ့တဲ့ မိန်းမပါ။ ကိုယ့်ကိုယ်ကိုယ် သိပ်သိ၊ သိပ်တတ်ထင်ပြီး သွေးနားထင်ရောက်နေမှတော့ ပြဿနာ မဟုတ်တာကို ပြဿနာတစ်ခုလို့ အကြီးအကျယ် ယူဆပြီး ဆောက်တည်ရာမရ ဖြစ်ခဲ့တော့တာပေါ့။

တကယ်ဆို ကျွန်မသည်လည်း ထို ပြဿနာမှာ မတရားလုပ်ခဲ့တာ၊ အနိုင်ကျင့်ခဲ့တာ တစ်ခုမှလည်း မရှိ။ ကျွန်မ စေတနာကို အကောင်းအမြင်နိုင်၊ နားမလည်နိုင်သော သူတစ်ဦးအတွက် ဘာလို့များ ကိုယ့်စိတ်ကိုယ် အပင်ပန်း၊ အဆင်းရဲခံစရာလိုပါသလဲ။ အမှန်တရားကို ကျွန်မ သိတယ်၊ ကာယကံရှင် သိတယ်၊ မြတ်စွာဘုရား သိတယ်ဆိုရင် နောက်…ကိုယ့်လိပ်ပြာကိုယ်သန့်တယ်ဆိုရင် လုံလောက်ပြီ မဟုတ်ဘူးလား။ ဒါကိုမှ ကျွန်မ ကြေကွဲနေတယ်ဆိုရင်တော့ ကျွန်မလောက် ရူးတဲ့သူ ဒီလောကမှာ ရှိမယ်မထင်။

အဲဒီနောက်ပိုင်းမှာ ကျွန်မဟာ ဘယ်သူတွေ ဘာပြောပြော ကျွန်မ နားထဲ ရောက်အောင် မဟုတ်တဲ့စကားတွေ ကြားရလည်း ကျွန်မ အပြုံးမပျက်တော့ပါဘူး။ ကျွန်မ လက်မခံတော့တဲ့အတွက် ဘယ်လိုစကားလုံးမျိုးကမှ ကျွန်မကို အနှောင့်အယှက် မပေးနိုင်တော့ပါဘူး။ ရန်ကုန်က မိသားစုကိုလည်း ဒီအကြောင်းလေး ပြောပြရင်း ခံနိုင်ရည်ရှိအောင် ကြိုးစားပြီးနေထိုင်ဖို့ လှမ်းပြောခဲ့ပါတယ်။ ကိုယ်လုပ်စရာရှိတာတွေကိုလည်း အားမငယ်ဘဲ ဆက်လုပ်ဖို့ လက်ရှိငွေရှာနေတဲ့ ဒါဒါ့ကို စိတ်ဓာတ်မကျသွားအောင် အားပေးရပါတယ်။

ကျွန်မတို့ကို မလိုလားစွာ ပုတ်ခတ်ပြောဆိုကြတဲ့သူတွေရှိသလို ကျွန်မတို့ဘက်က မှန်ကန်တယ်ဆိုတာကိုလည်း ထောက်ခံ နားလည်တဲ့သူတွေလည်း တစ်ဖက်မှာ အများကြီး ရှိပါတယ်။

အဲဒီပြဿနာဖြစ်လိုက်တဲ့အတွက် အဆိုးထဲက ရရှိလိုက်တဲ့အကောင်းတစ်ခုကတော့ ကျွန်မအတွက် မိတ်ဆွေစစ်၊ မိတ်ဆွေမှန်တွေဟာ ဘယ်သူတွေလဲဆိုတာကို ခွဲခြားပြီး သိရှိခွင့်ရလိုက်တာပါပဲ။ ကျွန်မရှေ့မှာ ပြုံးနေပေမယ့် ကွယ်ရာမှာ သာသာထိုးထိုး ပိုပြောကြတဲ့သူတွေ၊ ကျွန်မနဲ့ ပုံမှန်အနေအထား လောက်သာ ခင်မင်ကြသူတွေက (ဟုတ်ချင် ဟုတ်မှာပါ)လို့ တွေးတွေးဆဆ ဒဲ့ယိမ်ကြ



www.burmeseclassic.com

www.burmeseclassic.com

သူတွေ၊ ကိုယ်လည်း အကြောင်းအရင်းကိစ္စ သေသေချာချာ မသိပါဘဲ တစ်ဖက်နားနဲ့ အကျိုးမရှိတဲ့ အတင်းအဖျင်းစကားတွေကို မြိန်ရေယှက်ရေ ပြောကြတဲ့သူတွေ··· အစုံ အစုံပဲ ကျွန်မ မြင်ခဲ့၊ ကြားခဲ့ရပါတယ်။

ပြဿနာတွေ စဖြစ်ဖြစ်ချင်း ပြောကြတဲ့ စကားလုံးဒဏ်တွေအောက်မှာ ကျွန်မ ပိပြားရင်း အတော်အားငယ်ပြီး လူတွေကြားထဲ သွားရမှာတောင် ဝန်လေးသွားတဲ့အထိ ဖြစ်ရပါတယ်။ ရန်ကုန်မှာ ကျန်ခဲ့တဲ့မိသားစုလည်း ထိုနည်း၎င်းပဲ ခံစားရတာပါ။ ကျွန်မတို့ ဘယ်လောက်ပဲ မှန်မှန်၊ သူများတကာတွေရဲ့ အထင်မြင်လွဲပြီး ပြောကြတဲ့စကားလုံးတွေ နောက်မှာ ကျွန်မတို့ ဒီလိုခံစားခဲ့ရတယ်ဆိုတာ ကလည်း သေချာပြန်တွေးကြည့်ရင် ကျွန်မတို့ (အသိဉာဏ်)မရှိခဲ့ကြလို့ပါ။ (စိတ်မှာ ရင့်ကျက်မှု) မရှိကြလို့ပါ။

အမှတ်တကယ်ဆို ဒီလိုဖြစ်ခဲ့တဲ့ကိစ္စမှာ ကျွန်မတို့ မမှားခဲ့တဲ့အတွက် ဘာများ ရှက်စရာ ရှိလဲ၊ အားငယ်စရာကော လိုလို့လား! ကျွန်မတို့ကို ချိုးချိုးဖွဲ့ဖွဲ့၊ ဝေဖန်၊ ရှုတ်ချ၊ နာမည်ဖျက်တဲ့လူတွေပဲ ရှင်ဖို့ကောင်းတာပါ။ သူတို့ ပြောဆိုခဲ့တာတွေဟာ သူတို့လည်း တစ်ချိန်မှာ ပြန်ခံရဦးမယ်ဆိုတာကို မသိသေးတဲ့အတွက် သူတို့ဘဝကမှ အားငယ်စရာပါ။ ကျွန်မတို့ မောင်နှမတွေ သိက္ခာကျအောင် ပြုလုပ်တဲ့သူဟာလည်း သူကိုယ်တိုင်ရော၊ လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်းအလယ်မှာ သိက္ခာရှိရှိ နေထိုင်နိုင်ပါရဲ့လား။ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်စေချင်ပါတယ်။

တကယ်တော့ သူများအကြောင်း ပြည့်ပြည့်စုံစုံ မသိဘဲ (အဲဒီ···လူကတော့ ဘယ်လိုလူစား)လို့ ပြောတဲ့သူဟာ သူကိုယ်တိုင် ဘယ်လိုလူစားဖြစ်တယ်ဆိုတာကို ဖော်ပြလိုက်သလိုပါပဲ။ အင်္ဂလိပ်စကား တစ်ခွန်းလည်း ရှိပါတယ်။ (If I devalue you, I devalue myself) တဲ့။ (အကယ်၍ သင့်ကို တန်ဖိုးချရင် ငါ့ကိုယ်ငါလည်း တန်ဖိုး ချတာပဲ)တဲ့။ အရမ်း တန်ဖိုးရှိတဲ့စကားပါ။ တကယ်တော့ ချီးမွမ်းတယ်၊ ကဲ့ရဲ့တယ်ဆိုတာဟာ သူတစ်ပါးရဲ့စိတ်ထဲမှာ ခေတ္တခဏသာဖြစ်တဲ့ အတွေးတစ်ခုပါ။ ဒါကို သာယာစရာ၊ နာကျင်စရာ ခံစားနေဖို့ မလိုပါဘူး။

စိုးမြတ်သူဇာ    အနားသတ်သစ္စာ

အဖွင့်။

(အသံ)
အနီးမှာလား အဝေးမှာလား
စကားသံတွေ မှန်းတော့ သေချာတယ်··

(အရောင်)
အဖြူလား၊ အဝါလား
စူးရှတာတော့ သေချာတယ်··

(အတွေ့)
နာကျင်မှုလား၊ ကြင်နာမှုလား
နူးညံ့တာတော့ သေချာတယ်··


အသံ၊ အရောင်၊ အတွေ့··
ဒီသုံးခုအဆုံမှာတော့
မျက်ရည်စက်တွေ ဖြစ်လို့သွားပြန်တယ်··
ကဲ ဒါဟာ ဝမ်းနည်းလို့လား၊ ဝမ်းသာလို့လား
ဘာဖြစ်ပြန်တယ် ထင်သလဲ··
သေချာတာကတော့ (အချစ်)ဖြစ်ဖို့ပဲ များပါတယ်··။

သိတတ်တဲ့အရွယ်ကတည်းက ခုချိန်ထိ ကျွန်မဘဝမှာ
ဘယ်သူတစ်ဦးတစ်လေကိုမှ ထိခိုက်အောင်၊ နစ်နာစေအောင်၊
ယုတ်ယုတ်မာမာ စိတ်မျိုးနဲ့ တစ်ခါမှ မပြောဖူးခဲ့ပေမယ့်
ခုလို ကျွန်မတို့ ပြောဆိုခံရတာ ကျွန်မ ဝဋ်ကြွေးပါလာလို့ပါ။
ဆက်ခွင့်ကြုံတဲ့အချိန် ဆပ်လိုက်ရတာ အကျိုးရှိပါတယ်။
ကျွန်မတို့မြတ်စွာဘုရားတောင်မှ ကဲ့ရဲ့ခြင်း ခံခဲ့ရသေးတာ။
ကျွန်မတို့လို ပုထုဇဉ်ကတော့ ပြောဖွယ်ရာမရှိဘဲ ဖြစ်မှာပါ။ ဒါကို
သည်းသည်းခံနိုင်ဖို့ပဲ အရေးကြီးတာပါ။
ခံစားခဲ့ရတဲ့ သောကဝေဒနာတွေကို
မေ့မေ့ပျောက်ပျောက်လည်းဖြစ်အောင်၊ ကိုယ့်ကိုယ်ကိုယ်လည်း
စိတ်တည်ငြိမ်မှု ပြန်ရအောင်၊ လူများများနဲ့လည်း
စကားမပြောဖြစ်အောင် အဲဒီကာလထဲမှာပဲ ကျွန်မဟာ
(အနားသတ်သစ္စာ)ကို ဖန်တီးနိုင်ခဲ့ပါတယ်။ အဲဒီဝတ္ထုကို ရေးတာ
ရက်ပေါင်း ၄၀ ပဲ ကြာပါတယ်။ ဒါ့အပြင် ကျွန်မ
ရေးတဲ့ဝတ္ထုစာအုပ်တွေထဲမှာ စာမျက်နှာ အနည်းဆုံး
စာအုပ်တစ်အုပ်ပါ။
ဒီလောက် ရှုပ်ယှက်ခတ်နေတဲ့ကြားထဲကမှ
ဒီစာအုပ်ထွက်နိုင်ခဲ့တဲ့အတွက် ဦးဝင်းငြိမ်းကတော့



www.burmeseclassic.com

www.burmeseclassic.com



*Dinner တစ်ခုတွင် ကျွန်မ၏ အစ်မရင်း တစ်ယောက်လို ရင်းနှီးသော မမေဝင်းမောင်တို့ လင်မယားနှင့်အတူ ဝတ္ထုစာအုပ်ရေးပြီး (စိတ်လက် ပေါ့ပါးစွာနဲ့ပေါ့လေ)*

အံ့ဩပြီး ချီးကျူးခဲ့ပါတယ်။ ကျွန်မကလည်း လူတစ်မျိုးပါ။ လွယ်လွယ်ကူကူ မရတဲ့အရာမှန်သမျှကို လွယ်လွယ်ကူကူ အရှုံးမပေးချင်ပါဘူး။ ဘယ်လိုပဲ ခက်ခဲနေပါစေ၊ ဉာဏ်ရှိသ၍ အပင်ပန်းခံပြီး ရအောင် ယူချင်တာပါပဲ။ ကျွန်မဘဝမှာ ခုချိန်ထိတော့ ဘယ်အရာကိုမှ အရှုံးပေး၊ လဲကျခဲ့ရခြင်းမျိုး မရှိသေးပါဘူး။ (ပြိုလဲမတတ်တော့ ခဏခဏပေါ့လေ) အကယ်၍ ကျွန်မ ရှုံးသွားလို့ လဲကျခဲ့ရင်တောင် ရှေ့ကိုပဲ လဲကျပြီး ရှုံးချင်တဲ့သူပါ။ နောက်ပြန်ကျတာမျိုး မဖြစ်စေရပါဘူး။

ကျွန်မက ကိုယ့်ကိုယ်ကိုယ် ချစ်လွန်းတယ်၊ အတ္တရှိတယ်၊ မာနကြီးတယ်လို့ ပရိသတ်များ အမြင်မမှားစေချင်ပါ။ အဲဒီ အတ္တနဲ့ မာနကြောင့် ကျွန်မ ကိုယ့်ကိုယ်ကိုယ် ချစ်ခဲ့ရတာအမှန်ပါ။ ကိုယ့်ကိုယ်ကိုယ် ချစ်တာဟာ မှန်ကန်တဲ့အယူအဆတစ်ခုပါ။ ကိုယ့်ကိုယ်ကိုယ် ချစ်မှ၊ တော်အောင်၊ ကောင်းအောင် လုပ်နိုင်မှ ကျွန်မကလည်း သူများကို ချစ်နိုင်မယ်၊ တော်အောင်၊ ကောင်းအောင် လုပ်ပေးနိုင်တော့မှာပေါ့။ ကျွန်မမှာ ကိုမျိုးမင်း မိသားစု၊ ကျွန်မမိသားစု၊ ကျွန်မ အနုပညာ၊ ကျွန်မပရိသတ်၊ ဒါတွေနဲ့ ပတ်သက်လို့ လုပ်ပေးစရာ ရှိတာတွေ၊ လုပ်ချင်တာတွေ၊ လုပ်သင့်တာတွေ အများကြီး ကျန်သေးတယ်လေ။ ဖြတ်သန်းရဦးမယ့်ဘဝရဲ့ တစ်ဝက်ကျော်ကျော်ခရီးအတွက် ကျွန်မ ကိုယ့်ကိုယ်ကိုယ်မှ မချစ်ထားရင် ဘယ်လိုခွန်အားနဲ့ ဖြတ်သန်းနိုင်မှာတဲ့လဲ။

အဲဒီနောက်ပိုင်းမှာတော့ ကျွန်မဟာ ပုံမှန်အနေအထား သွားလာလှုပ်ရှားရင်း ကိုယ်လုပ်စရာ ရှိတာကို ပျော်ပျော်ရွှင်ရွှင် လုပ်နိုင်ခဲ့ပါတယ်။ ကျွန်မ မဟုတ်တာမလုပ်ခဲ့ဘူး။ မလိမ်ခဲ့ဘူး၊ မညာခဲ့ဘူး၊ သူများပစ္စည်းဥစ္စာကို အပိုင်စီးဖို့ မပြောနဲ့ စိတ်နဲ့တောင် မပြစ်မှားခဲ့တဲ့အတွက် လူတောသူတောထဲ မသွားရဲစရာ၊ လူတွေနဲ့ မျက်နှာချင်းမဆိုင်ရဲစရာအကြောင်း ဘာမှမရှိတော့ဘူးလေ။ အပြောခံရရခြင်းမှ တုန်လှုပ်ခဲ့ရတာဟာ ဒေါသစိတ်ကြောင့်ပါ။ ငါကျွေးတဲ့ ထမင်းကိုစားပြီး ပြောရက်လေခြင်းဆိုတဲ့ အတ္တနဲ့ မာနကြောင့်ပါ။ ခုချိန် ပြန်တွေးကြည့်ပြန်တော့လည်း ကျွန်မပြုံးရင်း ကိုယ့်ရဲ့ညံ့ဖျင်းမှုတွေကိုပဲ သင်ခန်းစာယူရင်း မမေ့လျော့ အောင် မှတ်သားရပါတယ်။

ပြောကြတဲ့ သူတွေလည်း အချိန်အကြာကြီးတော့ ဘယ်ပြောနိုင်ကြပါ့မလဲနော်။ နိစ္စဓူဝ ဒါချည်းပဲထိုင်ပြောနေဖို့ ဘယ်သူမှလည်း ဒီလောက်မအားကြပါဘူး။ အချိန်တန်တော့လည်း ဘယ်သူက ဘာဆိုတာ အားလုံးသိလာကြတာပါပဲ။ ကျွန်မကို ကိုယ်ချင်းစာနာပေးခဲ့တဲ့သူတွေရဲ့ ကျေးဇူးကိုတော့ ကျွန်မ ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်သလို၊ အခွင့်ကြုံတိုင်းလည်း အဲဒီကျေးဇူးကို ဆပ်နိုင်အောင် ကြိုးစားမှာပါ။ တကယ်တော့ ကိုယ်ချင်းစာတယ်ဆိုတာ လူတိုင်းလုပ်နိုင်တဲ့ အလုပ်တစ်ခုတော့ မဟုတ်ပါဘူး။ အသိဉာဏ်ရှိတဲ့သူတွေ၊



www.burmeseclassic.com

www.burmeseclassic.com

စိတ်နေသဘောထား မြင့်မြတ်တဲ့သူတွေမှ လုပ်နိုင်တဲ့ ကိစ္စပါ။ ပါးစပ်ကသာ ကိုယ်ချင်းစာတယ် ပြောတတ်ကြပြီး စိတ်က ကိုယ်ချင်းစာတတ်တဲ့သူ အင်မတန်ရှားပါတယ်။ ကျွန်မတောင် အဲဒီတော့မှ ကိုယ်ချင်းစာတယ်ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို လေးလေးနက်နက် တွေးမိရင်း၊ ဘာပြောပြော၊ ဘာလုပ်လုပ် ဒီစိတ်ကလေးနဲ့ ချင့်ချင့်ချိန်ချိန် လုပ်တတ်ခဲ့ရတာပါ။ သင်ခန်းစာတွေ၊ အတွေ့အကြုံတွေကတော့ အများကြီး ရလိုက်ပါတယ်။

သိပ်မကြာခင်မှာပဲ L.A. မှာ ကိုစိုးသူနဲ့ တင့်တင့်ထွန်း Stage Show သွားကြည့်ရင် မရည်ရွယ်ဘဲ PENANG ဆိုတဲ့ မလေးရှားစားသောက်ဆိုင်တစ်ခုကို ဝယ်ယူဖြစ်ဖို့ အကြောင်း ဖြစ်လာပါတယ်။ ကိုမျိုးမင်းက Accounting နဲ့ ကျောင်းပြီးခဲ့ပေမယ့် သူကရုံးမှာ တစ်နေကုန် ထိုင်ပြီး လုပ်ရတဲ့အလုပ်ကို ကြာလာတော့ ညည်းငွေ့လာပါတယ်။ စားသောက်ဆိုင်အလုပ်ကို သူစိတ်ဝင်စားတာ အစောကာလကတည်းက ကျွန်မ သိထားပေမယ့်၊ ကျွန်မတို့အတွက် လုံးဝ အသိအကျွမ်းမရှိ၊ အတွေ့အကြုံမရှိတဲ့ အလုပ်တစ်ခု ဖြစ်နေတဲ့အတွက် ကျွန်မ အားမပေးခဲ့ပါဘူး။ ဒါပေမယ့်လည်း အဲဒီ စားသောက်ဆိုင်ကို တွေ့တဲ့အချိန်မှာတော့ ကျွန်မကိုယ်၌ကိုက ဝယ်ချင်ခဲ့ပါတယ်။ ဆိုင်ကလည်း Regular Coustomer များ ရှိပြီးသားဖြစ်တဲ့အပြင် မြန်မာတော်တော်များများလည်း ကြိုက်ကြတဲ့ဆိုင်ပါ။

ဒီလိုရောင်းကောင်းတဲ့ဆိုင်ကို ပိုင်ရှင်မလေးရှားများ ဘာကြောင့်ပြန်ရောင်းသလဲဆိုတဲ့ မေးခွန်းကို ဖြေရရင် အဲဒီဆိုင်ပိုင်ရှင်တွေက East မှာနေကြတဲ့သူတွေပါ။ Main ကတော့ New York ပေါ့။ သူတို့မှာ Penang နာမည်နဲ့ ဆိုင်ပေါင်း ၂၀ လောက်ရှိပါတယ်။ ဒီဆိုင်က ပထမဆုံး L.A. မှာ ဈေးကွက်ချဲ့ခဲ့တာပါ။ ဒါပေမယ့် ၄ နှစ်လောက် ကြာလာတဲ့အခါမှာ New York နဲ့ L.A. ကို သူတို့ ကူးချီသန်းချီ မလုပ်နိုင်တော့ပါဘူး။ အဓိကကတော့ ဒီဆိုင်ကို ကြည့်ရှုပေးမယ့်သူမရှိတဲ့ ပြဿနာပါ။ သူတို့ရဲ့ သားသမီး၊ ဆွေမျိုးများကလည်း L.A. မှာ မနေချင်ကြပါဘူး။

ဒါကလည်း US ရဲ့ ထုံးစံတစ်ခုလိုပါပဲ။
NY က လူတွေက L.A. မှာ မနေနိုင်ကြသလို
L.A. က လူတွေကလည်း NY မှာ မနေချင်ကြပါဘူး။
သွားလာ နေထိုင်မှုစနစ်က လုံးဝမတူကြတဲ့အတွက်လည်း
ဖြစ်နိုင်ပါတယ်။
နောက်ဆုံးအတိုချုံးပြောရရင် နှစ်ဦးနှစ်ဘက် ဈေးစကားပြောပြီး
ဝယ်ဖို့အတွက် ဆုံးဖြတ်ချက်ချပြီး ပြင်ဆင်ရပါတယ်။
သူတို့က ဆိုင်ကို ဟင်းချက်တဲ့ Chef တွေကအစ၊
စားပွဲထိုးတွေအဆုံး ကျွန်မတို့ကို ပေးခဲ့တာပါ။ ပိုင်ရှင်ပဲ
အပြောင်းအလဲရှိပြီး ကျွန်မတို့က ပုံမှန်အတိုင်း ဆက်ပြီး
Run ရုံပါပဲ။ အဲဒီဆိုင်ဝယ်ဖို့ ကျွန်မ ပိုက်ဆံရှိလွန်းတာမဟုတ်ပါဘူး။
မကြာသေးခင်ကမှလည်း အိမ်ကလည်း ဝယ်ထားတာပါ။
အဲဒီအိမ်ကို ဝယ်လိုက်လို့လည်း ဒီဆိုင်ကို ကျွန်မ ဝယ်နိုင်တာပါ။
အကြောင်းအကျိုးတွေက တကယ်ကို ဆက်စပ်နေပါတယ်။
ကျွန်မအိမ်ဝယ်ပြီး တစ်နှစ်ကျော်ကျော်အတွင်းမှာ အိမ်ဈေးက
မူရင်းဈေးထက် ၂ ဆ တက်ခဲ့တာမို့ ကျွန်မက တက်လာတဲ့
ပိုက်ဆံကို အိမ်ထဲကနေ ပြန်ထုတ်ပြီး ဆိုင်ကို ဝယ်လိုက်နိုင်တာပါ။
အိမ်ဈေးတွေ တက်သွားခဲ့တာပဲ ကံကောင်းမှုတစ်ခုလို့ ပြောရင်
ရမလားပဲ။
ကိုမျိုးမင်းကတော့ သူတကယ်လုပ်ချင်တဲ့ အလုပ်ကို
လုပ်ခွင့်ရသွားလို့လားမသိဘူး၊ သူက သိပ်ကို တက်ကြွနေခဲ့တာပါ။
ဒါတောင် ဆိုင်အတွက် ပိုက်ဆံချတော့မယ့်အချိန်မှာ ပိုင်ရှင်များက
မရောင်းတော့ဘူး ပြောခဲ့တဲ့အတွက်၊ ကျွန်မတစ်ပတ်လောက်
ခေါင်းမူးသွားခဲ့ရပါတယ်။ ရောင်းမယ် ဝယ်မယ်ဆိုတာ
ပါးစပ်ကသာပြောထားခဲ့ကြတာမို့ သူတို့တကယ် မရောင်းရင်
ကျွန်မတို့ ဘာမှမတတ်နိုင်ပါဘူး။ ကျွန်မဘက်ကသာ ပိုက်ဆံတွေက
ထုတ်ထားပြီးသားဖြစ်နေတဲ့အတွက် နစ်နာစရာများ ရှိပါတယ်။
နောက်တော့လည်း ကျွန်မတို့ကို သနားသွားကြလားမသိဘူး။
ရောင်းပြီး သင်စရာရှိတာတွေကို သင်ပြပေးပြီး
ပိုင်ရှင်များ NY ကို ပြန်သွားကြပါတယ်။ ကဲ… ပရိသတ်များ
ယုံကြည်ကြပြီလား။ ကျွန်မဘဝမှာ ကိုယ်လိုချင်တာကို ဘယ်တော့မှ
လွယ်လွယ်ကူကူမရခဲ့ဘူးဆိုတဲ့စကားကိုလေ။
စားသောက်ဆိုင်အလုပ်နဲ့ ရုပ်ရှင်မင်းသမီးအလုပ်က
ဘယ်လိုမှဆက်စပ်မနေတာ ပရိသတ်များလည်း
စဉ်းစားကြည့်လို့ရပါတယ်။ သူများတွေက အလုပ်တစ်ခုကို
လုပ်တော့မယ်ဆိုရင် အရင်လေ့လာသင်ယူပြီးမှ လုပ်ကြတာပါ။
ကျွန်မနဲ့ ကိုမျိုးမင်းကတော့ အလုပ်ထဲကို ရောက်မှ အလုပ်က
ကျွန်မတို့ကို ပြန်သင်သွားခဲ့တာပါ။ ကျွန်မကတော့ ထုံးစံအတိုင်း
တတ်လွယ်သူဖြစ်ပြန်တာမို့ ၂ လအတွင်းမှာ ဆိုင်ရဲ့ ကိစ္စအဝဝကို
(စာရွက်စာတမ်းကိစ္စ၊ ဟင်းချက်တဲ့ကိစ္စကလွဲလို့) သိသွားခဲ့ပြီး
လုပ်နိုင်ခဲ့ပါတယ်။
သိတာနဲ့ အလုပ်လုပ်ရတဲ့အတူတူ (ကိုယ့်ဆိုင်ဆိုသော်ငြားလည်း)
ကျွန်မ အလကားတော့ အချိန်ကုန်မခံပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

တစ်ပတ်မှာ ၄ ရက်ကိုတော့ ကိုမျိုးမင်းကို အလကားကူညီပေးပြီး သောကြာ၊ စနေ၊ တနင်္ဂနွေ ၃ ရက်မှာတော့ (အဲဒီရက်တွေကလည်း busy တာမို့) ကျွန်မ ပိုက်ဆံယူပါတယ်။ ပိုက်ဆံယူတဲ့အတွက် ကျွန်မ စားပွဲထိုးအလုပ်ကို လုပ်ရပါတယ်။ အဲဒီ ၃ ရက်မှာ တစ်နေ့တစ်နေ့ ဆိုင်ရဲ့ ဟိုဘက်ထိပ်နဲ့ ဒီဘက်ထိပ် လမ်းလျှောက်ပြီး စားပွဲထိုးရတာ မိုင်နဲ့တွက်ရင် ၁၀ မိုင်လောက်များ ရှိမလား မသိတော့ပါဘူး။ (အဲဒါလည်း မပိန်ဘူးနော်) စားပွဲထိုးဆိုမှတော့ နှေးနေလို့လည်း မရပါဘူး။ သွက်နိုင်သလောက် သွက်မှ Customer က သဘောကျပြီး Tips များများပေးမှာပါ။ ကျွန်မတို့ စားပွဲထိုးတွေ အားလုံးက ပေးခဲ့ကြတဲ့ Tips အားလုံးကို ပုံးတစ်ခုထဲမှာ စုပြီး အားလုံးသွားထည့်ရပါတယ်။ (ခိုးတာ၊ ဖွက်တာမျိုး ဘယ်သူမှ မလုပ်ပါဘူး) ညဆိုင် သိမ်းတော့မှ အဲဒီပိုက်ဆံတွေကို တစ်ယောက်က သိမ်းပြီး စားပွဲထိုးအားလုံး ခွဲယူရတာပါ။ ကျွန်မ လုပ်စတုန်းကဆို Tips ရတဲ့ ပိုက်ဆံက ၆၀ ရာခိုင်နှုန်းပဲ ရပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မက စားပွဲထိုးလုပ်သက် ၆ လကျော်မှ သူတို့နဲ့ တန်းတူရမယ်ဆိုတဲ့ ဥပဒေရှိနေပါတယ်။ ကိုယ့်ဆိုင်မှာ ကိုယ်လုပ်တယ် ဆိုပေမယ့် စားပွဲထိုးများ ချမှတ်ထားတဲ့ စားပွဲထိုး ဥပဒေနဲ့ ပိုက်ဆံရခဲ့တာကလည်း စည်းစနစ်ရှိပြီး သမာသမတ်ကျတဲ့ ကိစ္စဝိစ္စ မှန်သမျှ အကုန်လုပ်ရတာမို့ ကျွန်မလည်း ဆိုင်မှာ အောက်ခြေသိမ်း အကုန်လုပ်တတ်ခဲ့ရတာပါ။

ကျွန်မကျေနပ်ပါတယ်။ ကိုယ်တစ်ခါမှ မလုပ်ဖူးတဲ့အလုပ်ကို ကျေကျေနပ်နပ်လုပ်ရင်း ကျွန်မ ပျော်ပျော်ရွှင်ရွှင်နေခဲ့ပါတယ်။ ကျွန်မသူငယ်ချင်းများနဲ့ မိသားစုကတော့ ကျွန်မကို ပြောပါတယ်။ အံ့သြတယ်တဲ့၊ ရောက်တဲ့အရပ်မှာ ပျော်အောင်နေပြီး အငြိမ်မနေဘဲ အလုပ်လုပ်နိုင်လို့တဲ့။ ဒါကို ကျွန်မက ဘယ်သွားနေနေ စိတ်တွေ ထိုင်ညစ်ပြီး အလုပ်လည်း မလုပ်ဘဲ ပျင်းနေရမယ့်ပုံစံနော်။ ကျွန်မကိုယ်ခွဲကိုယ်က ဦးနှောက်နဲ့ လူကို အနားမပေးချင်တာပါ။ တစ်ခုခုလုပ်နေရမှ အဓိပ္ပာယ်ရှိမယ်လို့ ထင်တယ်လေ။ အချိန်တွေက တဖြည်းဖြည်းကုန်နေတာ မဟုတ်လား။ ဘာမှ မလုပ်ဘဲ ဒီအတိုင်းပဲ ထိုင်နေဖို့အတွက်က ကျွန်မ စဉ်းစားထားပြီးသားပါ။ (တကယ်ပြောတာ၊ အဲဒီအချိန်ရောက်ရင် ဘာမှကို မလုပ်တော့ဘူး) ကျွန်မစားသောက်ဆိုင်အကြောင်း ပြောပြရရင် ဝတ္ထုနှစ်အုပ်စာလောက် ရနိုင်တာမို့ မပြောတော့ပါဘူး။ ဆိုင်မှာ ကျွန်မနဲ့ ကိုမျိုးမင်းရယ်၊ Chef တစ်ယောက်ရယ်သာ မြန်မာရှိတာပါ။ ကျန်တာတွေက မလေးရှား၊ တရုတ်၊ အင်ဒိုနီးရှား၊ ယိုးဒယား၊ ဗီယက်နမ် လူမျိုးကို စုံနေတာပါပဲ။ ကျွန်မနဲ့သူတို့ကတော့ အမြဲတမ်း အင်္ဂလိပ်စကားကို စောက်ထိုး ပြောတတ်ကြပါတယ်။ (စောက်ထိုးပြောတာ၊ ကျွန်မ ပြောတာပါ။ သူတို့တွေက အိုကေပါတယ်)

ဆိုင်ဝယ်ပြီး ၆ လအတွင်းမှာပဲ ကိုမျိုးမင်းက Las Vegas မှာ နောက်ထပ်ဆိုင်ဖွင့်ဖို့ ပြင်ဆင်ပါတော့တယ်။ ကျွန်မက အားမပေးခဲ့ပါဘူး။ သူက တစ်သက်လုံး L.A. မှာ နေလာခဲ့ပေမယ့် Vegas ရောက်တဲ့အချိန်မှာ သူက ကြိုက်သွားပါတယ်။ ဒါပေမယ့် ဆိုင်ကို L.A. မှာ ဝယ်ဖြစ်တော့ ကျွန်မတို့ နှစ်ယောက်လုံး Vegas အိမ်ကို ပိတ်ပြီး L.A. က ကိုမျိုးမင်းတို့အဖွားအိမ်မှာ သွားနေရပါတယ်။ ၂ ပတ်တစ်ခါလောက်ကို အိမ်ပြန်ပြန်ကြည့်ဖို့ Vegas ပြန်ရပါတယ်။ သူက L.A. မှာ မနေချင်ပါဘူး။ အဓိကကတော့ ကားကျပ်တဲ့ ဒဏ်ကို မခံနိုင်တာပါ။ နဂိုကတည်းက L.A. ဆိုင်အကြောင်း သိပြီးရင် သူက Vegas မှာ ထပ်ဖွင့်ဖို့ စဉ်းစားထားတာပါတဲ့။ သူ့မှာ Plan က ရှိပြီးသားဆိုတော့ ကျွန်မ မတားတော့ပါဘူး။ (ကျွန်မတော့ ကူညီနိုင်မယ် မထင်ပါဘူး။ ကိုမျိုးမင်း လုပ်နိုင်ရင် လုပ်ပါ) လို့ပဲ ပြောလိုက်ပါတယ်။ သူကလည်း လုပ်နိုင်တယ်လို့ ချက်ချင်းပြန်ပြောပါတယ်။

နောက်တစ်ဆိုင်ဖွင့်ဖို့ ပြင်ဆင်၊ လုပ်ကိုင်ရတာ အတော်ကို အလုပ်ရှုပ်တာပါ။ ရုံးကိစ္စတွေနဲ့ သူအလုပ်ရှုပ်နေတဲ့အချိန်မှာ ကျွန်မက ဆိုင်ကို ကြည့်ပေးပါတယ်။ သူကတော့ Vegas နဲ့ L.A. ကူးချီသန်းချီကို လုပ်နေရတော့တာပဲ။ ကိုမျိုးမင်းက ဘာမဆို စီးပွားရေးမျက်စိနဲ့ ကြည့်တတ်သူပါ။ သူအမြဲသုံးတဲ့ စကားတွေကတော့ (အချိန်ရှိတုန်း၊ အခွင့်အရေးရတုန်း) ဆိုတာတွေပါ။ သူ့ခမျာ အလုပ်တွေပဲ ဦးစားပေးနေရတယ်ဆိုပေမယ့် အဲဒီလောက် မအားတဲ့ကြားက သူ့ Basket ball နဲ့ Jay Lenno ရဲ့ အစီအစဉ်ကိုတော့ မပျက်မကွက် အချိန်ပေးပါတယ်။ သူလုပ်လို့ Basket Ball ကို ကျွန်မကြည့်တတ်သွားရင်း သူကြိုက်တဲ့ Lakers အသင်းကို အားပေးတတ်ခဲ့ကာ အဲဒီအသင်းက Kobe, Sheq, Malone တို့ကိုပါ ကျွန်မသဘောကျသွားခဲ့ရတာပါ။

အဲဒီလူတွေနဲ့ပတ်သက်လို့ ကိုမျိုးမင်းအကြောင်း ကြုံတုန်း ပြောပြချင်ပါတယ်။ တစ်ခါမှာ ကစားရင်း Molone ဆိုတဲ့လူက ဒူးနာသွားပြီး နောက်ပွဲတွေ ဆက်မကစားနိုင်တော့ပါဘူး။ အဲဒီမှာတင် ကိုမျိုးမင်း တစ်စခန်းထပါတော့တယ်။ နေ့နေ့ညည Malone ဒူးနာတဲ့အကြောင်း ပြောမဆုံးတော့ပါဘူး။

Malone ဒူးနာသွားပြီဆိုတော့ နောက်

www.burmeseclassic.com




*LA မှာရှိသော ကျွန်မတို့ ဝယ်ယူခဲ့သည့် မလေးရှားစားသောက်ဆိုင်*

ပွဲတွေတော့ ဒုက္ခပါပဲ။ ဒီနှစ် ချန်ပီယံလိုချင်လို့ Lakers သူဌေးက Malone ကို ခေါ်ထားတာ။ Malone ကလည်း ချန်ပီယံလိုချင်လို့ Lakers ကိုလာတာ။ ခုတော့ ပြဿနာပဲ၊ ဒူးနာက ဘယ်တော့ပျောက်မလဲ၊ ဘာညာနဲ့။ သူ့မှာ အားမလို အားမရ ဖြစ်နေတော့တာပါ။ Lakers အသင်းကကြည့်တဲ့ ပရိသတ်ကို စိတ်လှုပ်ရှားအောင် ဆွဲဆောင်နိုင်တဲ့အသင်းမို့ L.A. လူထုရဲ့ အသည်းစွဲဖြစ်တဲ့အပြင် ဟောလိဝုဒ်က စူပါစတားတွေတောင် တကူးတက အချိန်ပေးလာကြည့်ကြတဲ့ အသင်းပါ။ ကျွန်မကလည်း တော်တော် ကြိုက်ပါတယ်။ ဒါပေမယ့် သူ့လောက်တော့ မဆိုးပါဘူး။ ကိုမျိုးမင်း Lakers ကို ကြိုက်ပုံကတော့ ရှာမှရှားပါ။ (သူ့လိုလူမျိုး အတော်များများရှိပြန်တဲ့အတွက်လည်း အပြစ်ပြောရတာလည်း ခက်ပါတယ်) Malone ဒူးနာတာကို တဖွဖွပြောနေတော့ ကြာလာတဲ့အခါမှာ ကျွန်မမှာ မေးကို ယူရပါတယ်။ ကိုမျိုးမင်းများ ဒူးနာနေလားလို့ပါ။ သူကလည်း ပြန်ဖြေပါတယ်။ သူ ဒူးမနာပါဘူးတဲ့၊ Malone နာတာပါတဲ့။ အဲဒီနှစ်က Lakers အသင်းဟာ ကိုမျိုးမင်းပြောသလိုပါပဲ။ Final ရောက်ပြီးမှ ချန်ပီယံ မရလိုက်ပါဘူး။ Malone ဒူးနာသွားတာလည်း ပါပါတယ်။

ကျွန်မလည်း Basket ball ရာသီကုန်သွားပြီမို့ နားအေးသွားပြီလားတွေးလိုက်ပါတယ်။ ဒါပေမယ့် နောက်တစ်မျိုးပေါ်လာပြန်ပါတယ်။

အကြောင်းကတော့ အဲဒီ Lakers အသင်းက ကိုမျိုးမင်းအပါအဝင် L.A. လူထုအတော်ချစ်ကြတဲ့ Kobe Bryan ဆိုတဲ့ အသက် ၂၆ နှစ်လောက်ရှိသေးတဲ့လူကို အဓမ္မမှုနဲ့ တရားစွဲ ခံလိုက်ရတဲ့သတင်းပါပဲ။ Kobe တရားစွဲရတဲ့အချိန်မှာ သူ့ကိုချစ်တဲ့သူတွေအားလုံး ဆောက်တည်ရာမရ ဖြစ်ကုန်ကြတဲ့အထဲမှာ အိမ်က ကိုမျိုးမင်းလည်း အပါအဝင်ပါ။ တစ်နေ့တစ်နေ့ Kobe သတင်းကို ကြည့်ပြီး ကျွန်မကို ပြော ရတာလည်း အမောပါ။ နောက်ဆုံးတော့ ကျွန်မလည်း မျက်စိအတော်နောက်၊ နားတွေလည်း အတော့်ကို ညည်းရပါတယ်။ သည်းညည်းခံရတာ တော်တော်မလွယ်ပါဘူး။

ကိုမျိုးမင်းက အားကစားထဲမှာ Basket ball ကို အတော်ကြိုက်တဲ့သူပါ။ သူပွဲကြည့်တဲ့အချိန်မှာ ကျွန်မအနားမှာ ရှိရင်တောင် သူက အာရုံနောက်တတ်သူမို့ ဝေးဝေးနေရပါတယ်။ Basket ball ကြည့်ပြီး အစာတစ်ခုခု(အဆက်မပြတ်)စားနေရရင် သူက အတော် စိတ်ချမ်းသာပြီး ပြည့်စုံနေတာပါ။ သူ့ Life ကို သူ့ဟာသူ enjoy လုပ်နိုင်သူမို့ ကျွန်မလည်း ရန်ကုန်ပြန်ရင် အတော်ကြာကြာနေလို့ရတာပါ။ ကိုမျိုးမင်းနဲ့ ၆ နှစ်တာ နေထိုင်ခဲ့တဲ့ကာလတွေမှာ သူ့အကြောင်းဟာသတွေ တော်တော်များများ ရခဲ့တာမို့ ကျွန်မက ဝတ္ထုတိုလေးတစ်ပုဒ် ရေးမယ်ပြောတိုင်း သူက အတင်းတားတာနဲ့ ကျွန်မမှာ မရေးဖြစ်တာပါ။ တစ်ခါကလည်း သူငယ်ချင်းတစ်ယောက်က မိန်းမလုပ်စာ ထိုင်စားနေတဲ့ယောကျ်ားတစ်ယောက်အကြောင်းပြောရင်း အဲဒီလူက (မိန်းမ ထမီနားခိုစားတယ်)ဆိုတဲ့ စကားလုံးကို သုံးသွားပါတယ်။ ဒါကို သူကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးမင်း မျက်နှာကို ပေါင်းတင်ထားခြင်းပါ၊
ပရိသတ်များ လန့်မသွားပါနဲ့။

မှတ်ထားပြီး ကျွန်မကို ပြန်ပြောပါတယ်- 'ယောကျ်ားကတော့ မိန်းမလုံချည်နား ခိုမစီးပါဘူးနော်' တဲ့။

သူပြောတဲ့ စကားက ရုတ်တရက်နားထောင်လိုက်ရင် ခပ်ဆင်ဆင်ထင်ရပေမယ့် (ခိုစားတာနဲ့ ခိုစီးတာ)ကတော့ အတော်ကွာတဲ့ စကားလုံးပါ။ ကျွန်မလည်း သူ့ကို ပြောခဲ့ရပါတယ်။ ဩော်…ကိုမျိုးမင်းကျမှပဲ တစ်ခါတည်းကို ခိုစီးလိုက်တော့တာပဲလို့။ နောက်တစ်ခု ကျွန်မတို့ သူငယ်ချင်းတွေက ကိုမျိုးမင်းကို ချစ်စနိုးနဲ့ နောက်တာရှိပါသေးတယ်။ ကျွန်မတို့ ငယ်ငယ်တုန်းက ဂုံညင်းဒိုးကစားရင်း ခေါင်ကို ထိအောင်ပစ်နိုင်တဲ့အခါမှာ နောက်က ဒိုးတွေကိုပါ အကုန်ရပါတယ်။ ဒါကြောင့် ဂေါင်ထိအောင် ပစ်ဆိုပြီး ပြောကြပါတယ်။ ညီအစ်မတွေထဲမှာ ကျွန်မက အကြီးဆုံးဆိုတော့ သူငယ်ချင်းတွေက ကိုမျိုးမင်းကို ခေါင်ကို ထိအောင် ပစ်နိုင်တဲ့သူဆိုပြီး စကြပါတယ်။ ကျွန်မအောက်မှာ ညီအစ်မအရင်းတွေရော၊ ကာစင် ညီမသေးသေးလေးတွေရော အစီအရီ ရှိနေတာမို့ သူ့ကို စကြတာပါ။ သူက သူ့ကို ပြောရင် ဘာမှ ပြန်မပြောတတ်ဘဲ ပြုံးပြုံးကြီး လုပ်နေတာမို့ ကျွန်မက သူ့ကို ပြန်ပြောတတ်အောင် သင်ပေးထားပါတယ်။ နောက်ဆိုရင် ပြန်ပြော 'ဘဝဆိုတာ တိုက်ပွဲ၊ ခယ်မဆိုတာ လိုက်ပွဲ၊ ကိုယ့်ကုသိုလ်နဲ့ကိုယ် မနာလို မဖြစ်ကြနဲ့လို့' ပေါ့။ သူကလည်း 'အင်း' ဆိုပြီး မှတ်ပါတယ်။


နောက်တစ်ကြိမ် သူငယ်ချင်းတွေဆုံးတော့ အဲဒီစကား ရောက်လာပြန်ပါတယ်။ ဒါနဲ့ ကျွန်မက သင်ထားတာပြောလိုက်လေဆိုတော့ ကိုမျိုးမင်းက စဉ်းစားနေပါတယ်။ ကျွန်မလည်း ကြည့်နေရင်း အူယားလာတာနဲ့ ဘဝဆိုတာ ဘာလဲလို့ ရှေ့ကနေ လမ်းကြောင်းပေးလိုက်ပါတယ်။

အဲဒီတော့မှ သူက သတိရသွားတဲ့ပုံစံနဲ့ 'ဘဝဆိုတာ စစ်ပွဲ' တဲ့။ ကောင်းပါသေးရဲ့လား ရှင့်၊ သူက တိုက်ပွဲအစား စစ်ပွဲလို့ ပြောတော့ နောက်က လိုက်ပွဲဆိုတဲ့စကားနဲ့ ဘယ်လိုလုပ်ပြီး ကာရံ ညီတော့မှာတဲ့လဲ။ ကျွန်မက သူ့ကို မျက်စောင်းထိုးပြီး သူငယ်ချင်းတွေကို ရှင်းပြရပါတယ်။ ဒါတောင် ကိုမျိုးမင်းက ထပ်ပြီး ကွန့်ပါသေးတယ်။ စစ်ပွဲနဲ့ တိုက်ပွဲ တူပါတယ်တဲ့။ (ဘဝဆိုတာ စစ်ပွဲဆိုရင် နောက်က ခယ်မဆိုတာကို ဘာနဲ့ ကာရံညီအောင် လုပ်မလဲ။) ကိုမျိုးမင်းကတော့ အဲလိုလူပါ။ သူပြောတာတွေက နီးစပ်ပေမယ့် တော်တော်ကို လွဲပါတယ်။ ကျွန်မအချစ်စစ်စစ်များကို (ရည်းစားဘဝက) ပိုးကြေးပန်းကြေးနဲ့ ဖတ်ဖို့ဆိုပြီး တောင်းပါတယ်။ (တကယ်တော့ သူက လုံးဝ စာဖတ်ဝါသနာမပါပါဘူး) နောက်တစ်ပတ်လောက် ကြာတော့ ကျွန်မက ဖတ်ပြီးပြီလား မေးတော့ သူက ပြီးပြီ၊ ကောင်းတယ်လို့ ဖြေပါတယ်။ ဒါနဲ့ ကျွန်မက ပထမဆုံး မင်းသမီးနာမည်လေး ပြောပါဦးဆိုတော့ အတော်ကြာ စဉ်းစားပြီးမှ ပြောနိုင်ပါတယ်၊ 'ခင်တာရာ' တဲ့။ အမှန်တော့ မင်းသမီးနာမည်က 'ခင်သော်တာ' ပါ။ ကျွန်မ သူ့ကို မျက်စောင်းထိုးပြီး အမှန်ပြောပြတော့ အခေါ်က အတိုင်း တွန့်ခဲ့ဖူးပါတယ်၊ 'တာရာနဲ့သော်တာ



www.burmeseclassic.com

www.burmeseclassic.com




ကိုမျိုးမင်း ကြိုက်တဲ့ Lakers အသင်းက
Kobe Bryan နှင့် Shaq Oiveal

အတူတူပါပဲ'တဲ့။ သူလွဲတာတွေ ပြောရရင် ဆုံးမှာကို မဟုတ်ပါဘူး။

ကိုမျိုးမင်းဟာ စကားလုံးတွေကို လွဲအောင် သုံးနှုန်းတတ်ပေမယ့် သူ့စီးပွားရေးနဲ့ ပတ်သက်လာရင်တော့ အလုပ်လုပ်တာ အင်မတန်မှ ပိရိသေသပ်ပြီး စနစ်ကျသူပါ။ ငွေကြေးနဲ့ ပတ်သက်လာရင်လည်း သူ့အိတ်ထဲကနေ ငွေတစ်ဒေါ်လာထွက်ဖို့ တော်တော်စဉ်းစားရပါတယ်။ ဒါပေမယ့်လည်း အစားအသောက် ကောင်းကောင်းစားဖို့ဆိုရင်တော့ မစဉ်းစားဘဲ ချက်ချင်းထွက်လာပါတယ်။ နောက်တစ်ခုက သူက အင်မတန်မှလည်း အလှကြိုက်တဲ့ လူတစ်ယောက်ပါ။


မျက်နှာလိမ်းတဲ့ Lotion, ရေမွှေး၊ အင်္ကျီ၊ ဘောင်းဘီ၊ ခါးပတ်၊ ပိုက်ဆံအိတ်ကအစ အမျိုးအစားကောင်းမှ သုံးချင်တဲ့သူပါ။ အကောင်းကြိုက်သူဆိုသော်ငြားလည်း အထက်ဖော်ပြပါပစ္စည်းများကို ဈေးချတဲ့အချိန်မှသာ သူက စိတ်ရှည်ရှည်စောင့်ပြီး ဝယ်ယူတတ်တာပါ။ ဘယ်တုန်းကမှ ပုံမှန်ဈေးနှုန်းနဲ့ ဝယ်တာ မတွေ့ရပါဘူး။ သူ့သူငယ်ချင်းများအားလုံးကတော့ သူ့ကို လက်ဖျားခါကြပါတယ်။ သူ့ရဲ့ စိစစ်နိုင်မှုကိုပါ (သူ အဲလိုစည်းကမ်းရှိလို့လည်း အဲဒီစီးပွားရေးတွေကို ကျွန်မ လှည့်ကြည့်စရာ မလိုတော့တာပါ။) ကိုမျိုးမင်းနဲ့ အတူနေခဲ့ရတဲ့အတွက် သူ့ဆီက အကျင့်ကောင်း တော်တော်များများကို ကျွန်မ ရခဲ့ရသလို၊ ကပ်ကပ်သပ်သပ်ပြန်ပြောတတ်တဲ့ နေရာမှာ ကျွန်မ အရှုံးပေးခဲ့ရတာလည်း သူတစ်ယောက်ပဲ ရှိခဲ့ပါတယ်။ ကိုမျိုးမင်းက လူကိုကြည့်ရင်သာ ပြုံးပြုံးကြီးအမြဲရှိနေတာမို့ အားလုံးရဲ့အမြင်မှာ (ထုံးစံအတိုင်း) ကျွန်မကသာ အနိုင်ယူတတ်သူလို့ ထင်မြင်ကြပြီး ကျွန်မ ချယ်လှယ်သမျှ ခံမယ့်သူလို့ သတ်မှတ်ကြပါတယ်။

မှားပါတယ်ရှင်။ ကိုမျိုးမင်းက ဘယ်နေရာမဆို (အလုပ်ကိစ္စ အသာထား) အဝတ်အစား ဝယ်တာ၊ ဟင်းချက်တာကအစ သူ့စိတ်ကူးနဲ့သူ လုပ်ကိုင်ခဲ့တာပါ။ ကျွန်မစကား နားထောင် ဖို့ဝေး၊ ဘာမဆို သူ့ဟာသူ လုပ်ကိုင်ရမှ စိတ်တိုင်းကျသူပါ။ သူလုပ်တာမှန်သမျှက လည်း မှားခဲတာမို့ ကျွန်မကသာ အမြဲတမ်း သူ့စကားနားထောင်ခဲ့ရတာပါ။ ကိုမျိုးမင်းက ကျွန်မထက် စိတ်ကို အမြဲတမ်း ပေါ့ပါးသွက်လက်အောင် နေတတ်တဲ့သူပါ။ စိတ်ညစ်စရာကို မတွေးတာထက်၊ ဘယ်အရာကိုမှ ချဲ့ကားပြီး မတွေးဘဲ၊ အရှိကို အရှိအတိုင်းတွေးတော ဆင်ခြင်ဆုံးဖြတ်တတ်တဲ့အတွက် သူက ကျွန်မထက် ပိုပြီး သောကကင်းကင်းနဲ့ နေနိုင်ခဲ့ပါတယ်။

အထူးသဖြင့် ကျွန်မနဲ့ပတ်သက်လို့ တစ်ကြိမ်တစ်ခါမှ (ရုပ်ရှင်မင်းသမီးတစ်ယောက်အပေါ်) သံသယဝင်ခြင်း၊ မယုံမကြည် မေးမြန်းခြင်း၊ စပ်စုခြင်း၊ နားမလည်ဘဲ ဝေဖန်ခြင်း၊ သဝန်တိုခြင်း၊ မနာလိုခြင်း၊ ရှုတ်ချအထင်သေးခြင်း၊ ကဲ့ရဲ့အပြစ်တင်ခြင်း အစရှိသည့် အိမ်ထောင်တစ်ခု ပျက်စီးသွားနိုင်သည့် အကြောင်းတရားမှန်သမျှ ဘာတစ်ခုမှ ပြောလည်းမပြော၊ လုပ်လည်းမလုပ်ခဲ့ခြင်းသည် ကျွန်မ သူ့အပေါ် ထား ရှိရမည့် ကျေးဇူးတရားများပင် ဖြစ်ပါတယ်။ ထို့အတွက် ကျွန်မ


www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်ရမည့် အရာကတော့ သူ့အပေါ်တွင်လည်း သူ ကျွန်မအပေါ်ထားရှိတဲ့ သဘောတရားအတိုင်း ပြန်လည်ထားရှိကာ အရာရာကို နားလည်စွာ ခွင့်လွှတ်ပေးတတ်ရ မှာပဲ ဖြစ်ပါတယ်။

ကျွန်မတို့နှစ်ယောက် အချိန်အတော် ကြာကြာ ခွဲနေကြတဲ့အခါတိုင်း ကာယကံရှင်များက ဘာကိုမှ မတွေးဘဲ အေးအေးဆေးဆေး နေနိုင်ခဲ့ကြသော်လည်း ဘေးလူတွေကတော့ မနေနိုင်၊ မထိုင်နိုင် (အထူးသဖြင့် ကျွန်မအမေပါပဲ) ယောကျာ်းကို တစ်ယောက်တည်း မိန်းမတစ်ယောက်က ထားစရာလား၊ ဘာဘာညာညာနှင့် ကြံဖန်စိတ်ပူကြတိုင်း ကိုမျိုးမင်း ပြန်ပြောတဲ့ စကားကလည်း မှတ်သားစရာပါ။

(ကျွန်တော်တို့က ယုံကြည်မှုနဲ့ နေထိုင်ကြတာပါတဲ့။ သူများတွေ ယုံချင်ယုံ မယုံချင်နေ၊ ကာယကံရှင် နှစ်ယောက် အပြန်အလှန် ယုံကြည်ကြရင် ဘေးလူတွေ ဘာတွေပဲ ပြောပြော၊ အတွေးတွေပွားအောင် နားထောင်နေစရာ မလိုပါဘူး…တဲ့)

သူပြောတာ တကယ်မှန်ပါတယ်။ အနှစ်မရှိတဲ့ စကားတွေ မကြားရတာ တကယ့်ကို မင်္ဂလာရှိပြီး အကုသိုလ်ကင်းတာပါ။ ကျွန်မ ရန်ကုန်ကို တစ်ခေါက်၊ တစ်ခေါက် ပြန်လာတိုင်း ရောက်ရောက်ချင်း မိတ်ဆွေသူငယ်ချင်းများက သူများတကာအကြောင်း (အတင်းနဲ့ သတင်းနဲ့ရောနှောပြီးတော့ပေါ့လေ) ဟိုဟိုဒီဒီ လျှောက်ပြောကြရင် ကျွန်မမှာ ကြားနေမကျတာ ကြာပြီမို့ နားထဲမှာ မနှစ်သက်သလို နားမထောင်ချင်ဘဲ ကိုးလို့ကန့်လန့် ဖြစ်ခဲ့ပါတယ်။ (အမယ်… ဒါပေမယ့်လည်း လူများနော်၊ သိပ်တရားကျဖို့ ကောင်းတယ်၊ တစ်လလောက်ပဲ ကြာရော ဟယ်…ဟုတ်လား၊ ဘယ်တုန်းကလဲ… သေချာလား… ဘာညာနဲ့ နားမထောင်ချင်တဲ့သူက မွေးခွန်းတွေတောင် ပြန်မေးတတ်လာပါတယ်။ အဲဒါပေါ့။ မကောင်းတာဆို ကူးစက်တာ သိပ်မြန်တယ်ဆိုတာလေ)

ကျွန်မအတွက် L.A. မှာ ဆိုင်ဝယ်ပြီး Vegas မှာ နောက်တစ်ခုဖွင့်ဖို့ ပြင်ဆင်နေဆဲ ကာလကတော့ အတော်အတန် ငြိမ်းချမ်းမှု ရနေခဲ့တယ် ဆိုနိုင်ပါတယ်။

ကောလာဟလဒဏ်နဲ့ အကျိုးမရှိတဲ့ စကားများရဲ့ ဒဏ်ကို အလူးအလဲ ခံခဲ့ရတဲ့ ခံစားချက်များကိုလည်း မေ့မေ့ပျောက်ပျောက် ရှိနေခဲ့ကာ ဝတ္ထုအသစ်ထပ်ရေးဖို့အတွက် (ရုပ်ရှင်မင်းသမီး) ဆိုတဲ့ ခေါင်းစဉ်ကို စဉ်းစားတွေးတောမိခဲ့ပါတယ်။

အဲဒီခေါင်းစဉ်ရဲ့အောက်မှာ ထည့်သွင်းရမယ့် အကြောင်းအရာများကို အချိန်ရတိုင်း စဉ်းစားရင်း စာရွက်တစ်ခုမှာ ချမှတ်သားရင်း ကိုယ်ကိုယ်တိုင်လည်း ရုပ်ရှင်မင်းသမီး ဖြစ်ခဲ့တာမို့ မင်းသမီးအားလုံးရဲ့ကိုယ်စား အမှတ်တရလည်းဖြစ်အောင် (ရုပ်ရှင်မင်းသမီး)ရဲ့ Defination ကို စကားလုံးလှလှတွေနဲ့ သားသားနားနား စဉ်းစားပြီး ခမ်းခမ်းနားနား ရေးခဲ့ပါတယ်။ ကျွန်မ Defination လေးကို ပရိသတ်အတွက် နမူနာ ဖော်ပြလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ အပြန်ခရီးကို ညီမ နှစ်ယောက်နဲ့ မလှလှမိုးတို့က လာကြိုပေးခဲ့ကြပါတယ်

ထိုမိန်းမသည် ငေးကြည့်ရလောက်အောင်
လှပပြီး တစ်ဖက်သားကို
ရှုန်းမထွက်နိုင်အောင် ဆွဲဆောင်နိုင်စွမ်း
ရှိသလောက် (လိုအပ်လျှင်) အလွန်တစ်ရာမှ
ရုပ်ဆိုးကာ မြင်တာနှင့်
စက်ဆုပ်စေနိုင်သည်။
ထိုမိန်းမသည်...
ချိုသောစကားလုံးများကို နူးညံ့စွာ
နားဝင်အောင် ပြောတတ်သလောက်
(လိုအပ်လျှင်) ရိုင်းစိုင်းစွာ
မောက်မာတတ်ပြန်သည်။
ထိုမိန်းမသည်...
လျင်မြန်၊ သွက်လက်သော ဖြတ်ထိုးဉာဏ်
ရှိသလောက် (လိုအပ်လျှင်) စိတ်ပျက်စရာ
ကောင်းအောင် ထုံထိုင်းတတ်ပြန်သည်။
ထိုမိန်းမသည်...
ပေးဆပ်၊ အနစ်နာခံခြင်းကို
မြတ်နိုးသလောက် (လိုအပ်လျှင်) ရယူ၊
ပိုင်ဆိုင်ခြင်းကို မက်မောတတ်ပြန်သည်။
ထိုမိန်းမသည်...
ကံငါးပါးကို အစဉ်လုံခြုံစွာ
ထိန်းသိမ်းနိုင်သလောက် (လိုအပ်လျှင်)
မုသာဝါဒကံကိုတော့ ရင်းရင်းနှီးနှီး
သုံးစွဲတတ်ပြန်သည်။

ထိုမိန်းမသည်...
လျှို့ဝှက်ချက်တစ်ခုကို အမြဲလက်ကိုင်ထားတတ်သလောက်
(လိုအပ်လျှင်) ပွင့်လင်းစွာ ပြောဆိုနေထိုင်တတ်ပြီး
ပရိယာယ်များသော လောကကြီးအလယ်တွင်
လူအများတို့၏(စိတ်)ကို ဖမ်းစားရသော အလုပ်ဖြင့်
အသက်မွေးဝမ်းကျောင်းပြုကာ (မိန်းမသားတစ်ယောက်ပင်
ဖြစ်သော်ငြားလည်း) တစ်ယောက်တည်း၊ အဖော်မရှိလည်း
ဘယ်သူ့ကိုမှ အားမကိုးတတ်ဘဲ ဘဝ၏ အခက်အခဲတွေကို
သတ္တိရှိရှိ၊ သိက္ခာရှိရှိဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း ရှိလေသည်။
ထိုကဲ့သို့သော စိတ်ဝင်စားစရာ ကောင်းလှသည့် အရည်အချင်းများနှင့်
ပြည့်စုံနေသော မိန်းမကို **'ရုပ်ရှင်မင်းသမီး'** ဟု ခေါ်ပါသည်။

ကျွန်မရဲ့ Defination ကို ဖတ်ပြီးရင် ပရိသတ်များ၌လည်း 'ရုပ်ရှင်မင်းသမီး' တွေရဲ့ စိတ်ရေစီးအပြောင်းအလဲကို အနည်းအကျဉ်းတော့ အကဲခတ်နိုင်ကြမယ် ထင်ပါတယ်။ (ရုပ်ရှင်မင်းသမီး)တိုင်းရဲ့ကိုယ်ရေးကိုယ်တာကိစ္စများကတော့ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ မတူနိုင်ကြပေမယ့် ကျွန်မရဲ့ Experience အရတော့ အထက်ပါအရည်အချင်းတွေအားလုံး ရုပ်ရှင်မင်းသမီးတိုင်းမှာရှိကြတာတော့ အမှန်တကယ်ပါပဲ။

၂၀၀၅ နှစ်သည်လည်း ကျွန်မအတွက် အကောင်းထက် အဆိုးများကို ပိုပြီးရင်ဆိုင်ခဲ့ရ သော်လည်း ကိုယ့်စိတ်ကိုယ်ကိုယ် ငြိမ်းချမ်းအောင် အပူတွေ လက်မခံဘဲ အနည်းငယ် နေထိုင်တတ်လာပြီဖြစ်တဲ့အတွက် ကျွန်မ အခက်အခဲအားလုံးကို သည်းညည်းခံနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်လည်း ၂၀၀၅ စက်တင်ဘာလမှာတော့ ကျွန်မ Vegas ဆိုင်ဖွင့်ဖို့ အလုပ်ရှုပ်နေတဲ့ကြားထဲကမှ ရန်ကုန်ကို ပြန်လာဖို့ အကြောင်းတရားတစ်ခု ဖြစ်လာခဲ့ပါတယ်။

ကျွန်မရဲ့မွေးနေ့က August 31st ပါ။ မှတ်မှတ်ရရ ၃၄ နှစ်ပြည့်တဲ့ ကျွန်မရဲ့မွေးနေ့မှာ ကျွန်မ ညီအငယ်ဆုံးလေးက ကျွန်မဘဝအတွက် မေ့ချင်စရာ မကောင်းတဲ့ မွေးနေ့လက်ဆောင်တစ်ခုကို သူပေးခဲ့ပါတယ်။ စက်တင်ဘာ ၅ ရက်နေ့မှာ ကျွန်မ ရန်ကုန်မြို့ကို တစ်ယောက်တည်းပဲ ဖြည့်ဆည်းဖို့အတွက် အရေးကြီးတဲ့ ကျွန်မအလုပ်တွေကို လျစ်လျူရှုပြီး (၅ နှစ်တာကာလအတွင်း) တတိယအကြိမ် ရန်ကုန်မြေကို ခြေချခဲ့ပါတယ်။

ကျွန်မရဲ့အပြန်ခရီးကို ညီမနှစ်ယောက်နဲ့ မလှလှမိုးတို့က လာကြိုပေးခဲ့ကြပါတယ်။

ကျွန်မရဲ့မောင်၊ ညီမတွေဟာ ကျွန်မ သားသမီးတွေလိုပဲလို့ အရှေ့ပိုင်းမှာ ကျွန်မ ပြောပြခဲ့ဖူးပါတယ်။ သူတို့တွေအတွက် ကျွန်မ ဘယ်လောက်ထိ ပေးဆပ်ခဲ့ရတယ်ဆိုတာ ကိုယ်ကိုယ်တိုင်ပဲ သိပါတယ်။ သူတို့ သိအောင်၊ နောက်တခြားသူတွေသိအောင် ဘယ်တော့မှ ကျွန်မ ပြောပြဖြစ်မှာ မဟုတ်ပါဘူး။ မောင်ညီမတွေအပေါ်ထားတဲ့ သံယောဇဉ်နဲ့ မျှော်လင့်ချက်တွေက လိုအပ်တာထက်၊ ရှိသင့်တာထက် ကျွန်မ ပိုခဲ့မိလို့သာ ကျွန်မ စိတ်တွေ ပင်ပန်းခဲ့ရတာပါ။

ဒါဒါ ရုတ်တရက် အိမ်ထောင်ပြုတော့မယ်ဆိုတာကို သိလိုက်ရတဲ့အချိန်မှာ ကျွန်မ ရင်ထဲ ဝင်ရောက်လာတဲ့ (အပူ)ဟာ အရင်တုန်းက ပူခဲ့ဖူးတဲ့ အပူတွေနဲ့ မတူဘဲ ကျွန်မကို ခံစားမှုအသစ် ပေးခဲ့ပြန်ပါတယ်။ စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်ဆိုတဲ့ စကားလုံးတွေ ပရိသတ်များလည်း အတော်ကို ရင်းရင်းနှီးနှီး သိပြီးနားလည်ပါလိမ့်မယ်။ အဲဒီခံစားမှုတွေကို ကျွန်မရည်းစား ၆ ယောက် ထားခဲ့ဖူးတုန်းကတောင် မခံစားခဲ့ဖူးပါဘူး။ ညီမ လုပ်သူနဲ့ ကျမှပဲ အတိအကျကို ခံစားခဲ့ရတာပါ။ နောက်ဆုံး (မရှိမသေပါ) အိမ်သာတက်ဖို့ ထိုင်နေတာတောင် ငါ ဘာလုပ်ဖို့ ထိုင်နေတာပါလိမ့်လို့ ပြန်စဉ်းစားရတော့တဲ့အထိပါပဲ။ တကယ်တော့လေ··· အသက် ၂၅ နှစ်ဆိုတာ မိန်းကလေးတစ်ယောက်အတွက် ငယ်တော့တဲ့အရွယ် မဟုတ်တော့တဲ့အပြင် အိမ်ထောင်ပြုသင့်တဲ့ အရွယ်ကောင်းတစ်ခုလို့ သတ်မှတ်လို့ ရပါတယ်။ ကျွန်မက ကိုယ့်ညီမ ကိုကလေးပိစိတစ်ယောက်လို မြင်နေခြင်းဟာ ကျွန်မရဲ့အမှားပါ။ ပြောင်းလဲမှုတစ်ခုကို အမှန်အတိုင်း မမြင်နိုင်တာ ကျွန်မရဲ့ သနားစရာမကောင်းတဲ့ ချွတ်ယွင်းချက်တစ်ခုပါပဲ။ ဒီလောက် ကိုယ့်ကိုယ်ကိုယ် သတိထားနေတဲ့ကြားထဲကမှ (အပူ)ဆိုတဲ့အရာကို ရှာဖွေပြီး လက်ခံလိုက်ကတည်းကိုက ကျွန်မဟာ (အသိဉာဏ်) မရှိတဲ့သူ ချက်ချင်းပြန်ဖြစ်သွားပါတယ်။

အဲဒီတုန်းက ကျွန်မဟာ (အသိဉာဏ်) မရှိသူ အဖြစ် ၁၀ ရက်တိတိဖြစ်ခဲ့ပါတယ်။ ၁၁ ရက် မြောက်မှ အလည်လွန်နေတဲ့ (အသိဉာဏ်)က ကျွန်မ (စိတ်)နဲ့ ပြန်ပြီးလာပူးပေါင်းပါတယ်။ ဒီတော့မှ ကျွန်မ မှန်မှန်ကန်ကန် ပြုံးနိုင်ပါတော့တယ်။ ရယ်

www.burmeseclassic.com

www.burmeseclassic.com

## မင်္ဂလာညည့်ခံပွဲဖိတ်ကြားလွှာ

ရန်ကုန်မြို့နေ ဦးမြင့်ငွေ (ဂီတစာဆို ဟသ်ာတမြင့်ငွေ) – ဒေါ်ချိုလတ်
တို့၏ တစ်ဦးတည်းသောသား

**မောင်ဖြိုးမြင့်ငွေ (ခ) ဖြိုးကြီး** Second Year (History)

နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးစိုးမြင့် (အငြိမ်းစား) – ဒေါ်ကြည်ကြည်ခင်
တို့၏သမီးထွေး

**မစိုးမြတ်နန္ဒာ** B.Sc (Zoology)

တို့သည်
နှစ်ဖက်သော မိဘတို့၏သဘောတူခွင့်ပြုချက်အရ လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပြီ
ဖြစ်ပါသဖြင့် " မင်္ဂလာညည့်ခံပွဲ " သို့ ကြွရောက်ချီးမြှင့်ပေးပါရန်
လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**မင်္ဂလာနေ့ရက်** .... ၂၂. ၁၀. ၂၀၀၅ ၊ စနေနေ့
**မင်္ဂလာအချိန်** .... ညနေ (၄း၀၀) နာရီ မှ (၆း၀၀) နာရီထိ
**မင်္ဂလာနေရာ** .... Sedona Hotel (Grand Ballroom)

*ဖြိုးနဲ့ ဒါဒါတို့ရဲ့ မင်္ဂလာဖိတ်စာ*

မောနိုင်ပါတော့တယ်။ ဟန်ဆောင်ရတာ သိပ်ကို ပင်ပန်းတာပါ။ မင်းသမီးဘဝ တစ်လျှောက်လုံး (ဟန်ဆောင်ခြင်း)ဆိုတဲ့ အပြုအမူကို ကံသုံးပါးလုံးနဲ့ ရေလည်း လုပ်ခဲ့ရတဲ့အတွက် နိုင်ငံခြားမှာ နေထိုင်ခဲ့ရတဲ့ ကာလတစ်လျှောက် လွတ်လွတ် လပ်လပ်နဲ့ ဟန်ဆောင်မှုမရှိဘဲ ပေါ့ပါးစွာ နေခဲ့ရခြင်းဟာ ကျွန်မအတွက်တော့ စွဲလမ်းရလောက်တဲ့ ခံစားမှုတစ်ခုပါပဲ။ ဟန်ဆောင်ရတာ ပင်ပန်း လွန်းတဲ့အတွက် မခံနိုင်တော့တဲ့ အဆုံး ကိုယ့်ကိုယ်ကိုယ် ခက်ခက်ခဲခဲ ပြန်ဆန်း စစ်ရပါတော့တယ်။ အဲဒီမှာပဲ ကျွန်မရဲ့ ညံ့ ဖျင်းမှုကို ထင်ထင်ရှားရှားပဲ တွေ့ခဲ့ရပါတယ်။ **ကျွန်မက အပူကို ရှာဖွေခဲ့တယ်။ ဒါ့အပြင် လက်ခံခဲ့တယ်။ လက်ခံပြီးပြီလားဆိုတော့ မပြီးသေးပါဘူး။ ကျွန်မက ဆက်လက်သိမ်းဆည်းထားခဲ့ပြန်တာကိုး။ အဲဒီသိမ်းဆည်းထားတဲ့ အချက်ဟာ ကျွန်မ ညံ့ဖျင်းမှုတွေထဲမှာ အဆိုးဆုံးအချက်တစ်ခု ဖြစ်ခဲ့တယ်လေ။**

ကျွန်မ မောင်၊ ညီမတွေ ချစ်တဲ့သူဟာ ကျွန်မ ချစ်ရမယ့်သူတွေ ပါပဲ။ သူတို့ရွေးချယ်ထားတဲ့သူတွေသည် ဘယ်လိုသော ချို့ယွင်းချက် တွေ ရှိနေကြပါစေ၊ သူတို့ချစ်တဲ့အတွက် ကျွန်မကလည်း ချစ်ပေးနိုင် ပါတယ်။ ဒီစကားကို ကျွန်မအပေါ် နားမလည်နိုင်တဲ့သူတွေကတော့ ယုံကြည်မှာ မဟုတ်ပါဘူး။ မောင်ညီမများနဲ့ ပတ်သက်သူများရဲ့ မျက်လုံးထဲမှာ ကျွန်မကို အနှောင့်အယှက်တစ်ခုလို အမြဲ မြင်ချင်မြင် ကြပါလိမ့်မယ်။ ကျွန်မ စေတနာနဲ့ ကျွန်မရဲ့ မေတ္တာတရားကို မှန်မှန် ကန်ကန် မမြင်နိုင်သရွေ့ ကာလပတ်လုံး သူတို့တွေ လွဲမှားမှုတွေနဲ့ပဲ တွေ့ကြရမှာပါ။ သူတို့တွေရဲ့ အားနည်းချက်တွေကို ထောက်ပြခဲ့ခြင်း ဟာ သူတို့အတွက် အချိန်မီပြင်ဆင်ဖို့ကို လက်မခံနိုင်ခဲ့ကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com


ဒါဒါတို့ လက်မှတ်ထိုးသည့်နေ့က


ကျမ်းသစ္စာဆိုကြစဉ်

www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




ကိုမျိုးမင်း၊ ကျွန်မနှင့် ကိုမျိုးမင်း၏မိခင်



နှစ်ဖက်မိဘများနှင့် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်အား မင်္ဂလာဦး ဆွမ်းကပ်စဉ်



အသိသက်သေများနှင့် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်မိဘ ညီအစ်မများနှင့် အမှတ်တရ



လက်ခံနိုင်တဲ့ အချိန်၊ ဒါမှမဟုတ် ကျွန်မ စေတနာကို နားလည်သဘောပေါက်လာရမယ့်အချိန်တစ်ခု ရောက်လာဦးမယ်လို့ ကျွန်မကတော့ အသေအချာကို ယုံကြည်ပါတယ်။ အဲဒီအခါကျရင်သာ ကိုယ့်ရဲ့ ဆုံးရှုံးမှုများအတွက် အလွန်အကျွံ ဝမ်းမနည်းမိဖို့နဲ့ နောင်တ မရမိဖို့ကပဲ အရေးကြီးပါတယ်လေ။

ဒါဒါရဲ့ မင်္ဂလာပွဲကို အောက်တိုဘာလ ၂၂ ရက်နေ့မှာပဲ အောင်အောင်မြင်မြင်နဲ့ ပြုလုပ်ကျင်းပနိုင်ခဲ့ပါတယ်။ ဒါဒါ လုပ်ချင်တာ မှန်သမျှကို အနားကနေ အတတ်နိုင်ဆုံး ကူညီလုပ်ကိုင်ပေးခဲ့ပါတယ်။ ဖြည့်ဆည်းပေးခဲ့ပါတယ်။ သူ့ခင်ပွန်းသည် ဖြစ်လာတဲ့ ဖြိုးကြီးကိုလည်း မောင်မောင်နဲ့ တစ်တန်းတည်း တန်ဖိုးထားပြီး ကျွန်မ အလေးအနက်ထားခဲ့ပါတယ်။ ကျွန်မတို့နဲ့ ကွဲပြားတဲ့ အနုပညာလုပ်ငန်းတစ်ခုကို အောင်မြင်အောင် လုပ်ဆောင်နိုင်တဲ့သူတစ်ဦး ကျွန်မတို့မိသားစုထဲ ဝင်ရောက်လာတာဟာ မင်္ဂလာရှိတဲ့အကြောင်းတရားလေးပါပဲ။ ကျွန်မ မောင်တွေ၊ ညီမတွေကို အနုပညာလောကထဲက လူတွေနဲ့ပဲ အကြောင်းပါစေချင်ခဲ့တာ ကျွန်မစိတ်ထဲက (တိတ်တခိုး) ဆန္ဒတစ်ခုပါ။ ကျွန်မရဲ့ Family ကို Big Family တစ်ခု ဖြစ်စေချင်တာပါ။ အဲဒီ Big Family ဟာ အနုပညာသမားတွေနဲ့သာ စုစည်းထားခဲ့တာဆိုရင်တော့ ဘယ်လောက်ကြည်နူးဖို့ ကောင်းလိုက်မလဲ··· မြင်ယောင်ကြည့်ပါနော်။



www.burmeseclassic.com

www.burmeseclassic.com





မင်္ဂလာခန်းမသို့ ဝင်လာစဉ်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






ကျွန်မကိုယ်တိုင် Celibrity ကို ဘာလို့ မရွေးခဲ့လဲမေးရင်တော့ ကျွန်မကတော့ ဖူးစာရေးနတ်ကိုပဲ လွှဲချရတော့မှာပဲနော်။ တကယ်တော့ ဖူးစာဆိုတာ ဦးရာပဲ ထင်ပါရဲ့နော် (နောက်တာပါ)။ ဒါဒါ့ရဲ့ အိမ်ထောင်ဖက်ဟာ Celibrity တစ်ယောက် ဖြစ်လာခဲ့တာဟာလည်း သူ့ဖူးစာကြောင့်ပါပဲ။ ကျွန်မကတော့ သီချင်းလေးတွေကို အသံကောင်းကောင်းလေးနဲ့ ဆိုတတ်ရှာတဲ့ ကျွန်မ မတ်ကလေးကို ညီမနဲ့တန်းတူ အခွင့်အရေးပေးပြီး ချစ်နိုင်ခဲ့ပါတယ်။ သူတို့နှစ်ယောက်ကို ဘေးလူတွေ ဘယ်လောက်ပဲ ဝေဖန်ကြပါစေ။ အဓိကထား ပေါင်းရမှာက သူတို့နှစ်ယောက်ပါ။ သူတို့နှစ်ယောက် တစ်ယောက်အပေါ်တစ်ယောက် နားလည်တယ်၊ ချစ်တယ်၊ အဆိုးအကောင်း မှန်သမျှ ဝေမျှခံစားတတ်ကြမယ် ဆိုရင်တော့ ပြီးပြီပေါ့။ တခြား ဘာလိုသေးလို့လဲ။ သူတစ်ပါး ကဲ့ရဲ့တာကို ဂရုစိုက်စရာ မလိုသလို ကြိုတုန်းလေး ချီးမွမ်းကြတာကိုလည်း နစ်မျောသာယာ နေစရာ မလိုဘူးဆိုတာကို ဒါ့ဒါ့ကို ကျွန်မ ပြောပြခဲ့ပါတယ်။ တကယ်တော့ အနုပညာသမားတွေအတွက် ချီးမွမ်းခံရ၊ ကဲ့ရဲ့ခံရတာတွေဟာ ဆန်းတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ သူများရဲ့ စိတ်ထဲမှာ ခဏတဖြုတ် ပေါ်လာတဲ့ အတွေးတစ်ခုကို အဟုတ်ထင်ပြီး စီးဝင်မျောပါသွားခဲ့ရင်တော့ ကြာလာတဲ့အခါ ကိုယ်ပဲ စိတ်မချမ်းမသာ ဖြစ်ရမှာပါ။

အငယ်ဆုံး ညီမကို မင်္ဂလာလက်ဖွဲ့အဖြစ် ငွေကြေးထက် တန်ဖိုးရှိတဲ့ စကားတစ်ခွန်း ကျွန်မ လက်ဆောင်ပေးခဲ့ပါတယ်။ *(ပျော်ပျော်နေပါ၊ ပေါ့ပေါ့မနေပါနဲ့)* ဆိုတဲ့ စကားပါပဲ။

အငယ်ဆုံးညီမလေးက သူ့ရှေ့က အကြီးနှစ်ယောက်ကို ကျော်လွှားပြီး ဖြတ်တက်သွားခဲ့တာကို ကျွန်မမှာ ငေးပြီး ကြည့်နေခဲ့ရတာပါ။ သူ့ရွေးချယ်မှုအတွက် သူ့စိတ်ကျေနပ်မှု မျက်နှာလေးက ဟိုးကလေးဘဝက ရေထဲမှာ ပုံ့ပုံ့ကလေး

www.burmeseclassic.com

www.burmeseclassic.com







ဒါ့ါအတွက် ကျွန်မ၏ ကြည်နူးပီတိ။

ထိုင်နေခဲ့တဲ့ မာတ်ပုံထဲကလိုပဲ အပြစ် ကင်းကင်းနဲ့ ချစ်စရာကောင်းနေဆဲပါ။ သူ့ကို အားတက်သရော ပိုင်းဝန်းကူညီပံ့ပိုးခဲ့တဲ့သူတွေနဲ့ မင်္ဂလာပွဲကြီး အရှိန်းစည်ကားနေခဲ့တာ မြင်ရတဲ့ ကျွန်မအဖို့ ပင်ပန်းမှုများကြားထဲက ကြည်နူးပီတိ ဖြစ်နေရပါတယ်။ ဘဝတစ်ခုကို ဖြတ်သန်းဖို့အတွက် ကျွန်မညီမမှာ ခွန်အား အပြည့်ရှိနေပုံ ရပါတယ်။ လူတိုင်းဟာ ကိုယ့်ဘဝအတွက် နေ့တိုင်း ရွေးချယ်မှုတွေ လုပ်နေရပါတယ်။ အဲဒီလိုရွေးချယ်တဲ့နေရာမှာ ဆုံးဖြတ်ချက် မှန်ကန်ဖို့က အရေးကြီးဆုံးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကျွန်မညီမလေးရဲ့ဘဝ အနှစ်သာရ အပြည့်နဲ့ ငြိမ်းချမ်းစွာ နေထိုင်ခွင့်ရရင်း ကြုံ မမြင်ရတဲ့ ဒုက္ခ၊ ပြဿနာနဲ့ အခက်အခဲတွေကို အရိုးသားဆုံးနည်းနဲ့ ဖြေရှင်းနိုင်ပါစေလို့ တိတ်တဆိတ် ဆုတောင်းပေးမိပါတယ်။ ဒီဆုတောင်းဟာ ဒါဒါနဲ့ ပတ်သက်လို့ ကျွန်မရဲ့ နောက်ဆုံး အတ္တတစ်ခုပါပဲ။

၂၀၀၅ ဟာ ဒါဒါ့အတွက် ပျော်စရာတွေ တစ်ပွေ့တစ်ပိုက်ကြီး ရခဲ့တဲ့နှစ်တစ်ခုလို့ သတ်မှတ်လို့ ရနိုင်ပါတယ်။ ကျွန်မ စက်တင်ဘာလမှာ ရန်ကုန်ရောက်ပြီး အောက်တိုဘာလမှာ သူ့မင်္ဂလာပွဲ ပြုလုပ်ခဲ့ပါတယ်။ ဒီဇင်ဘာလမှာတော့ အကယ်ဒမီပေးပွဲနဲ့ ကြုံတွေ့ရပြန်တာမို့ ဒါဒါနဲ့အတူ အကယ်ဒမီပေးပွဲကို အတူတက်ခွင့်ရခဲ့ပါတယ်။

ဒါရိုက်တာ ဦးကြည်စိုးထွန်း ရိုက်ကူးခဲ့တဲ့ (ချစ်ခြင်းငယ်ပြိုင်) ရုပ်ရှင်ကားအတွက် အကောင်းဆုံး ဇာတ်ပို့ဆုကို ဒုတိယအကြိမ် ရရှိခဲ့ပြန်ပါတယ်။ အဲဒီကားကလည်း ဂျပန်အထိ သွားပြီးရိုက်ခဲ့ရတာမို့ ဒါဒါလည်း တော်တော်ပင်ပန်းခဲ့ပါတယ်။ သူ့အသက်အရွယ်လေးနဲ့ အကယ်ဒမီနှစ်ခု ရခဲ့တဲ့အတွက် ကျွန်မ ရင်က ကြည်နူးပီတိတွေနဲ့ ကျေနပ်ခဲ့ရပါတယ်။ ထူးခြားတာကတော့ ဒီတစ်ကြိမ် ကျေနပ်မှုတွေ ဖြစ်ရတာဟာ ပထမအကြိမ်တုန်းကနဲ့ ကွဲပြားခြားနားနေတာကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုယ်ကိုယ် သတိထားမိခြင်းပါပဲ။ အရင်တုန်းက (ငါ့ညီမလေးရဲ့ အောင်မြင်မှု) ဆိုပြီး အရမ်းကို ပျော်ရွှင်ခဲ့၊ ဂုဏ်ယူခဲ့ပြီး ကျေနပ်ခဲ့ရတာမျိုးဆိုတော့ ညီမနဲ့ပတ်သက်တဲ့ 'ကျေနပ်မှု' က တည်ငြိမ်အေးချမ်းမှု မရှိသလိုပါပဲ။ ဒုတိယအကြိမ်မှာတော့ ဒါဒါကို (စိုးမြတ်နန္ဒာရဲ့ အောင်မြင်မှု) ဆိုပြီး မြင်နိုင်သလို ဖြစ်ခဲ့တဲ့အတွက် ကျွန်မ ခံစားရတဲ့ ကြည်နူးပီတိဖြစ်မှုတွေက ငြိမ်းချမ်းမှုတွေ ရှိနေခဲ့သလို စိတ်ထဲမှာ ခံစားရပါတယ်။ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူ၊ အလေးအနက် ထားရတဲ့သူ၊ သံယောဇဉ်ရှိရတဲ့သူကို ပျော်ပျော်ရွှင်ရွှင် တွေ့ရရင် စိတ်ချမ်းသာတတ်ကြပါတယ်။ ကျွန်မက ရှေ့လျှောက် ငြိမ်းချမ်းချင်တဲ့ သူပဲ ဖြစ်ချင်တော့တာပါ။ ဒါပေမယ့် ပျော်ရွှင်မှု၊ စိတ်ချမ်းမြေ့မှုတွေကို ပုထုဇဉ်ပီပီ ရယူချင်စိတ်တွေ ရှိနေသေးသော်လည်း (ချစ်တဲ့၊ အလေးထားရမယ့်၊ သံယောဇဉ် ရှိရတဲ့) အစ ရှိတဲ့ ရှေ့က စကားလုံးတွေ မပါဘဲ ခံစားခွင့် ရချင်တော့တာပါပဲ။ ဒါဒါ ဆုရခဲ့စဉ်၊ ပထမအကြိမ်တုန်းက ပုံနဲ့ ဒုတိယအကြိမ်ပုံကို ကျွန်မ ယှဉ်တွဲပြတာပါ။ ကျွန်မရဲ့ Body Weight ကွာခြားမှုကတော့ ပေါင် ၄၀ ရှိပါတယ်။ ပိန်အောင် ဘယ်လိုများ လုပ်သလဲ မေးကြသူပေါင်းများစွာကို ကျွန်မကလည်း စိတ်ရှည်ရှည်နဲ့ကို အဖြေပေါင်းများစွာကို ဖြေနေခဲ့ရတာ ခုထိကို မပြီးသေးပါဘူး။ တိုတိုရှင်းရှင်းနဲ့ အဓိက အဖြေကို ပြောပါဆိုရင်တော့ (စိတ်)ပါပဲ…။ ကျွန်မမှာ (ပိန်ချင်တဲ့စိတ်) ရှိသွားတဲ့ အချိန်မှာ ကျွန်မ ပိန်သွားခဲ့တာပါပဲ။ ဒါပေမယ့်လည်း အရင်တုန်းက Weight 135 လောက်ရှိဖို့ ကျွန်မ နောက်ထပ် ၁၀ ပေါင်လောက် Weight ထပ်ချဖို့ လိုနေပါသေးတယ်။ အသက်ကြီးမှ Weight ချရပြန်တဲ့အတွက် ရှိရင်းစွဲ အသက်ထက် ကျွန်မ ပိုအိုသွားတာကို ကျွန်မ သတိထားမိပါတယ်။


ကိုမိုး၊ ဒါဒါနှင့် အူဝဲတို့၏ အကယ်ဒမီအပြုံးများ


ဒါဒါ ပထမအကြိမ် အကယ်ဒမီဆု ရခဲ့စဉ်က

www.burmeseclassic.com

www.burmeseclassic.com





ဒါဒါ ဒုတိယအကြိမ် အကယ်ဒမီဆု ရခဲ့စဉ်က

www.burmeseclassic.com

## PART TEN
## 2006
## JANUARY

တကယ်တော့လည်းလေ…
(ဘဝ)တစ်ခု ဖြစ်တည်ခွင့်ရလာတဲ့
အနေအထားတစ်ခုမှာ
ကိုယ့်ရဲ့ဘဝကြီး
ရှေ့ဆက်ဘာတွေ
ဖြစ်လာဦးမလဲဆိုတာကို
ကြိုတင်ပြီး မသိနိုင်တာ၊
သိခွင့် မရှိတာလဲ၊ တစ်မျိုးတော့
ကောင်းပါတယ်။ ဒို့မို့ဆိုရင်
ယုံကြည်ချက်နဲ့ မျှော်လင့်ချက်ဆိုတဲ့
စကားလုံးနှစ်ခုကို သုံးလို့ရတော့မှာ
မဟုတ်ဘူး။ ပြီးတော့
ရင်ခုန်စိတ်လှုပ်ရှားဖို့လည်း
ကောင်းမှာမဟုတ်တော့ဘူး။
လူတိုင်း၊ လူတိုင်းမှာ
အခက်အခဲနဲ့ ပြဿနာ
ရှိကြတာချည်းပါပဲ။
ခေါင်းအေးအေးနဲ့ ရင်ဆိုင်ဖြေရှင်းနိုင်တဲ့
အသိဉာဏ် ရှိဖို့ပဲလိုတာပါ။
၂၀၀၆ ဟာ ကျွန်မဘဝကို
အသစ်တဖန်ပြန်ရှင်သန်စေတဲ့
နှစ်တစ်ခု ဖြစ်လာခဲ့ပါတယ်။
ကျွန်မရဲ့ယုံကြည်ချက်နဲ့
ဆက်လျှောက်ဖို့ ကျန်နေသေးတဲ့
ခရီးလမ်းကို စူးစိုက်ပြီး ကြည့်မိတယ်။
ခရီးဆုံးကို ဘယ်သူမှတော့
မမြင်ရပေမယ့် ခန့်မှန်းကြည့်လို့တော့
ရနိုင်ပါတယ်။
(ခန့်မှန်းတယ်ဆိုကတည်းက
မှန်ချင်လည်း မှန်မယ်၊ မှားချင်လည်း
မှားမယ်ပေါ့လေ) အဲဒီလို
ကျွန်မခန့်မှန်းကြည့်တဲ့ခရီးကို ဘယ်လို
ပုံသဏ္ဍာန်၊ ဘယ်လို အနေအထား၊
နောက် အရေးကြီးဆုံးကတော့
(စိတ်)ပေါ့လေ။ ဒီတော့ ကျွန်မဘဝကို
ဘယ်လိုစိတ်နဲ့ ဖြတ်သန်းမှာလဲ၊
ကိုယ့်ကိုယ်ကိုယ်
ပြန်မေးရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


ရိုက်ကွင်းတစ်ခုတွင် မင်းမင်းနှင့်အတူ

ကိုယ့်စိတ်၊ ကိုယ်ပြန်မေးရတာ လွယ်သယောင်ယောင်နဲ့
ကျွန်မအတွက်တော့ အတော်ခက်ခဲသလို၊ ပင်လည်း ပင်ပန်းပါတယ်။
အမှန်အတိုင်းသိဖို့ ဘာတွေနဲ့ ဖုံးလွှမ်းနေလဲ။ ကျွန်မလည်း
သေချာကြည့်ပေမယ့်လည်း မမြင်တမြင်အဆင့်လောက်မှာပဲ
အဆုံးသတ်နေပါတယ်။
(ထင်ထင်ရှားရှားနဲ့ သေသေချာချာမြင်အောင်
ကျွန်မ ကြိုးစားနေဆဲပါ။)
ဒီတော့ ကိုယ်မြင်သလောက်လေးနဲ့ပဲ လုပ်စရာရှိတာတွေ လုပ်ဖြစ်ဖို့
ပြင်ဆင်ရပါတယ်။ ဒါဒါက အိမ်ထောင်သည် ဖြစ်သွားပြီဆိုတော့
အိမ်သက်သက်ခွဲချိန်မှာ အဖေ၊ အမေနဲ့ ကလျာနဲ့
အိမ်မှာအလုပ်လုပ်ကြတဲ့ လူ ၄ ယောက် ကျန်ပါတယ်။
စုစုပေါင်း ၇ ယောက်၊ ကျွန်မနဲ့ဆို ၈ ယောက်ပေါ့လေ။
ကျွန်မ အိမ်မှာ အလုပ်လုပ်တယ်ဆိုတဲ့ လူ ၄ ယောက်လုံးကို
ကျွန်မစိတ်ထဲ အမြင်ထဲမှာ (ငါတို့ခိုင်းဖို့ ခေါ်ထားတဲ့သူတွေ)လို့
ကျွန်မ မမြင်ပါဘူး။ ကျွန်မတို့ကို ကူညီပေးနေသောသူတွေလို့
ကျွန်မသတ်မှတ်ထားပါတယ်။ ကျွန်မတို့ မလုပ်ချင်တဲ့
မလုပ်နိုင်တဲ့ကိစ္စမှန်သမျှကို သူတို့က ဆွေမတော် မျိုးမစပ်
လာရောက် လုပ်ကိုင်ပေးနေတာ၊ သေချာတွေးကြည့်ရင်
ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ မတင်ချင်ဘူးဆိုရင်လည်း
ကောင်းကောင်းမွန်မွန် ဆက်ဆံသင့်ပါတယ်။ ကျွန်မ ငယ်ငယ်ကဆို
နောက်ကလိုက်တဲ့ ကောင်မလေးတွေကို စိတ်တိုင်းမကျတာတွေ
များလာရင်သော်လည်းကောင်း၊ ပင်ပန်းတာတွေ
ဆက်တိုက်ဖြစ်နေရင်သော်လည်းကောင်း
(မနိုင်နိုင်ရာသဘောလည်း ပါပါမယ်) ကျွန်မ ဆူခဲ့၊ ဆဲခဲ့ဖူးပါတယ်။

အချိန်တစ်ခု ရောက်လာတဲ့အခါမှာ ဒါဟာ မကောင်းတဲ့ အပြုအမူ၊ မလုပ်သင့်တဲ့ အလုပ်ဆိုတာကို ကျွန်မ် သိရှိခွင့်ရခဲ့ပါတယ်။ ကျွန်မ ချက်ချင်းပြင်ဆင်ခဲ့ပါတယ်။ သူတို့တွေကို နားလည်နိုင်အောင်၊ သည်းခံနိုင်အောင်၊ ခွင့်လွှတ်နိုင်အောင်၊ စိတ်ရှည်နိုင်အောင် ကျွန်မ ကြိုးစားခဲ့ပါတယ်။ လက်ရှိ ကျွန်မအိမ်မှာနေတဲ့ လူ ၄ ယောက်လုံးဟာ ကျွန်မတို့မိသားစုအပေါ် ကောင်းတယ်ဆိုတာထက် စေတနာရှိကြတဲ့ သူတွေလို့ ပြောရင် ပိုမှန်ပါမယ်။

ကျွန်မ ရန်ကုန်မှာရေရှည်မနေနိုင်သေးတဲ့ အချိန်မှာ အဖေ၊ အမေနဲ့ ကလျာကို ကွန်ဒိုတစ်ခုပေါ်မှာ တင်ထားခဲ့ချင်ပေမယ့် ကျွန်မတို့ကို စေတနာရှိစွာနဲ့ အချိန်ကြာကြာ ကူညီခဲ့တဲ့သူတွေအတွက် ကျွန်မမှာ ထည့်စဉ်းစားရပါတယ်။ ဒီလူ ၇ ယောက်လုံး ကွန်ဒိုပေါ်တင်ရင်လည်း အားလုံး အနေရအထိုင်ရကျပ်ကုန်မှာ သေချာပါတယ်။ အခုလက်ရှိ မိဘတွေ နေထိုင်နေတဲ့အိမ်ကလည်း ကိုယ်ပိုင်မဟုတ်ပြန်လေတော့ တစ်လ တစ်လ ပုံမှန်စားစရိတ်က ရှိနေပါသေးတယ်။ ဒီလူအုပ်ရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် တခြားသော အထွေထွေစရိတ်တွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေမိုးသည်းရုပ်ရှင်မှာ ကိုရန်အောင်နှင့်

ဗလာစာအုပ်တစ်အုပ်စာ မကပါဘူး။ ကျွန်မမှာ ဘက်ပေါင်းစုံက အမျိုးမျိုး စဉ်းစားရပါတယ်။ ကိုယ်အဆင်ပြေပြေ၊ မပြေပြေ သူတို့ အဆင်ပြေဖို့အရေးကိုပဲ ဦးစားပေးပြီး စဉ်းစားရတာပါ။ ကျွန်မမှာ စဉ်းစားလို့ကို မပြီးနိုင်တော့သလိုပါဘဲ။ ပုံမှန်ဝင်ငွေတစ်ခု မရှိဘဲနဲ့ ဒီမိသားစု ရပ်တည်ဖို့က အခုခေတ်မှာ လုံးဝမလွယ်ပါဘူး။ အလိုလို ကိုယ့်တာဝန်ဖြစ်လာတဲ့ အကြောင်းတရားတွေကို ခံစားရင်း ကောင်းတဲ့ဘက်ကနေ လှည့်ပတ်ပြီး စဉ်းစားဆုံးဖြတ်ခဲ့ရပါတယ်။

ဒါဒ့ါမင်္ဂလာပွဲပြီးကတည်းက ကိုမျိုးမင်းက ပြန်သွားခဲ့တာပါ။ အစတုန်းကတော့ ကိုမျိုးမင်း မလာခင်ကတည်းက ရန်ကုန်ကို ကျွန်မက ကြိုရောက်နေခဲ့တာမို့ သူပြန်ရင် တစ်ခါတည်း ပြန်လိုက်သွားဖို့ စဉ်းစားထားခဲ့ပေမယ့်လည်း အိမ်ကိစ္စတွေ မပြတ်သေးတာမို့၊ ပြန်မလိုက်သွားနိုင်ပါဘူး။ သူ့မင်္ဂလာပွဲ မပြီးမချင်း ဘာတွေ လုပ်ရမယ်ဆိုတာကို ကျွန်မမှာ ဆုံးဖြတ်လို့ကို မရတာလေ။

အိမ်ကိစ္စလေးတွေစောင့်ရင်း ကျွန်မအားနေမယ့်အတူတူ၊ ကျွန်မကို လာငှားကြတဲ့ ဗီဒီယိုလေးတွေကို ကျွန်မ လက်ခံ ရိုက်ကူးဖြစ်ခဲ့ပါတယ်။ ပထမဆုံး လာငှားတာကတော့ ဒါရိုက်တာ အဏ်ထော်ဏီပါပဲ။ (ပွဲကိုင်ရှင်) ဆိုတဲ့ ဒီဗီဒီကားပါ။ ကိုကျော်သူ၊ သူထူးစံနဲ့ နန္ဒာလှိုင်တို့ ပါပါတယ်။ (အဲဒီကားကနေ စလိုက်တာ အခုထက်ထိပါပဲ။) နိုင်ငံခြားမှာနေခဲ့တဲ့ ငါးနှစ် ကျော်ကာလမှာ ကျွန်မ ရုပ်ရှင် ၂ ကားနဲ့ ဝတ္ထု ၃ အုပ်ပဲ ဖန်တီးနိုင်ခဲ့ပါတယ်။ ရုပ်ရှင်လောကနဲ့ တော်တော်အဆက်ပြတ်သွားတယ်လို့ သတ်မှတ်လို့ရပါတယ်။ ဒါပေမယ့်လည်း ကျွန်မအနုပညာမောင်နှမများက ကျွန်မကို နွေးနွေးထွေးထွေးပဲ ကြိုဆိုခဲ့ကြပါတယ်။ ကျွန်မအသက် ၁၈ နှစ်အရွယ်ကတည်းက ပိုက်ဆံရတဲ့အလုပ်ကို လုပ်ဖြစ်ခဲ့တာပါ။ ငွေနဲ့ အရာရာကို ဖန်တီးလို့မရဘူးဆိုပေမယ့် ငွေဟာ လူတိုင်းလူတိုင်းအတွက် 'မရှိမဖြစ်' စာရင်းထဲမှာတော့ ပါနေနိုင်ပါတယ်။ ကျွန်မက ပိုက်ဆံရှာချင်တဲ့စိတ်နဲ့ ဒီလောကထဲ ရောက်လာပြီးမှ ဒီအနုပညာကို တန်ဖိုးထားတတ်ပြီး သံယောဇဉ်ဖြစ်ခဲ့ရတာပါ။ အသက်ကြီးရင်တော့ ကျရာကဏ္ဍကနေ လာငှားသလောက်၊ ပိုက်ဆံစကား မပြောဘဲ ပေးချင်သလောက်ပေးပါ ဆိုပြီး ကားတွေ ရိုက်ဖို့ စိတ်ကူးခဲ့ဖူးပါတယ်။ စိတ်ကို နုပျိုစေပြီး လူကိုအရွယ်တင်စေတဲ့အရာက (အနုပညာ)ပါ။ ငွေကို အဓိကမထားဘဲ ဒီအလုပ်ကို အေးအေးချမ်းချမ်း လုပ်ခွင့်ရမယ်ဆိုရင်တော့ ဒီအနုပညာအလုပ်က တကယ်ကို ပျော်ဖို့ကောင်းတာပါ။ (ဝါသနာစိတ်လေးတော့ ရှိဖို့လိုပါတယ်။) ရိုက်ကွင်းပေါ်ရောက်သွားတာနဲ့ကို ဘယ်သရုပ်ဆောင်ပဲ ဖြစ်ပါစေ၊ ကိုယ့်ပြဿနာ၊ အခက်အခဲ၊ ဒုက္ခတွေကို အလိုလိုမေ့သွားကြ၊ မေ့နိုင်တဲ့သူတွေချည်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com


မောရိယမန်းဆေးကြော်ငြာကို ဒါရိုက်တာ ဦးငြိမ်းမင်းက ရိုက်ကူးခဲ့ပါတယ်
ဒီအဝတ်အစားတွေနဲ့ နေပူပူမှာ ပုပ္ပါးတောင် အနားထိ သွားရောက်ရိုက်ကူးခဲ့တာပါ

ကျွန်မက အလုပ်ကို ခပ်ငယ်ငယ်ကတည်းက လုပ်ဖြစ်ခဲ့လို့လား မသိပါဘူး။ အလုပ်မရှိရင်ကို မနေတတ်၊ မထိုင်တတ်နဲ့ လူက တစ်နေ့တစ်နေ့ အချိန်တွေ ကုန်နေတာ အဓိပ္ပာယ်မရှိသလိုပါဘဲ။ ရုပ်ရှင်တွေ ပြန်ရိုက်ခွင့်ရခဲ့တာ ကျွန်မအတွက် စိတ်ရဲ့ချမ်းသာရာတစ်ခု ရခဲ့သလိုပါပဲ။ လုပ်ဖော်ကိုင်ဖက်တွေနဲ့ အရင်တုန်းက အကြောင်းတွေ ပြောကြ၊ ဆိုကြ၊ ရယ်မောကြနဲ့။ ဘာပဲဖြစ်ဖြစ် အနည်းဆုံးတစ်နေ့တာအတွက်ကတော့ စိတ်ရဲ့အလိုမကျမှုတွေက အနည်းအကျဉ်းတော့ သက်သာရာရစေခဲ့တာပါပဲ။

ကျွန်မအပေါ် အရင်တုန်းကလိုပဲ မပြောင်းလဲတဲ့ သဘောထားတွေနဲ့ လှိုက်လှဲစွာ ဆက်ဆံကြတဲ့သူတိုင်းကို ကျွန်မစိတ်ထဲကနေ အမြဲကျေးဇူးတင်နေမိပါတယ်။ ဒီအလုပ်ကို ဆက်လုပ်နေရင်းမှ ကျွန်မစိတ်တွေ နဂိုပုံမှန်အတိုင်း ခိုင်ခိုင်မာမာ ပြန်ဖြစ်လာခဲ့ပြီး ရှေ့ဘာဆက်လုပ်ရမယ်ဆိုတာ တည့်တည့်မတ်မတ် စဉ်းစားတတ်လာတာပါ။ (အနုပညာ)ရဲ့ ကျေးဇူးတရားတွေက ကျွန်မအပေါ် ဆပ်လို့မကုန်နိုင်ကို ဖြစ်နေတော့တာပါပဲ။ ရုပ်ရှင်မင်းသမီးတစ်ယောက်သာ ဖြစ်မလာခဲ့ရင် ဆင်းရဲခြင်း (ကိုယ်၊ စိတ်)ဒဏ်ကို ခံနိုင်ပါ့မလား မသေချာပါဘူး။ ရုပ်ရှင်မင်းသမီးတွေဟာ တခြားသော အမျိုးသမီးတွေထက် လောကဓံအကြောင်း ပိုသိနိုင်ပါတယ်။

အဲလိုပြောရင် အပြင်အမျိုးသမီးတွေက ကျွန်မကိုများ အမြင်ကတ်ကြမလားဘဲ။ ကျွန်မ ဆိုလိုတာက ရုပ်ရှင်မင်းသမီးတိုင်းလိုလို လူ့ဘဝမှာ ကျင်လည်လှုပ်ရှားနေကြတဲ့ ကာရိုက်တာပေါင်းစုံကို သရုပ်ဆောင်ဖူးကြတယ်လေ။ ဥပမာ- ဈေးသည်၊ ရှေ့နေ၊ ဆရာဝန်၊ ကုန်သည် အစုံပေါ့လေ။ အဲဒီထဲမှာမှ ဆင်းရဲတဲ့ဈေးသည်၊ ချမ်းသာတဲ့ဈေးသည်၊ အဆင့်ရှိတဲ့ဈေးသည်၊ အဆင့်မရှိတဲ့ဈေးသည် စသည်ဖြင့် ပုံသဏ္ဌာန်တွေက ထပ်ကွဲပြန်တယ်။ မိသားစုရှိတဲ့ ဈေးသည်နဲ့ မရှိတဲ့ ဈေးသည် အနေအထားချင်းက တစ်ခါ မတူပြန်ပါဘူး။ (တကယ်မှ မဟုတ်ဘဲ)လို့ ပြောစရာရှိပေမယ့် ဇာတ်ကား အစအဆုံး Story တစ်ခုက သရုပ်ဆောင်ရပြန်လေတော့ တကယ်မဟုတ်သော်ငြားလည်း တကယ်နီးပါး စိတ်ခံစားမှုက သိရှိနေခဲ့ကြပါတယ်။ တစ်ခါတစ်ရံ သဏ္ဌာန်လုပ် သရုပ်တူအောင်တောင် ကွင်းဆင်းလေ့လာ ကြရသေးတာပဲ မို့လား။

ဒီတော့ ရုပ်ရှင်မင်းသမီးတစ်ယောက်ဟာ အပြင်လောကက လူတွေရဲ့ ပုံသဏ္ဌာန်၊ စိတ်နေသဘောထား၊ အပြုအမူ၊ အပြောအဆိုတွေကိုတော့ သာမန်လူတွေထက်တော့ ပိုပိုသာသာ သိတတ်ကြပါတယ်။ ရုပ်ရှင်ထဲမှာ ပုံသဏ္ဌာန်မျိုးစုံ သရုပ်ဆောင်ခဲ့ရတာကိုက ဘဝရဲ့ သင်ခန်းစာ တော်တော်များများကို

www.burmeseclassic.com

www.burmeseclassic.com



ကိုလွှင်မိုး အချိန်ပေးပြီး
ရိုက်ကူးပေးခဲ့သော ကိုသားကြီးနှင့်
'ရွှေအမြုတေ မျက်နှာဖုံး'



www.burmeseclassic.com

www.burmeseclassic.com



သစ္စာရှုံးစေ ဇာတ်ကားမှာ ဝေဠုကျော်၊ မေသဥ္ဇာဦးတို့နှင့်

နမူနာရခဲ့သလိုပါပဲ။ ကျွန်မဆို အပြင်မှာ တစ်စုံတစ်ခု၊ လက်တွေ့ ကြုံကြိုက်ခံစားရတဲ့အခါတိုင်း (အံမယ်… ရုပ်ရှင်ထဲကလို ကျနေတာပဲ)လို့ အမြဲသတိတရ ဆင်ခြင်မိပါတယ်။

ကုန်လွန်ခဲ့တဲ့အချိန်တွေတုန်းက ကျွန်မ ခံစားခဲ့ရတဲ့ စိတ်ဒုက္ခတွေ၊ သောကတွေ၊ ဝေဒနာတွေ၊ နာကြည်းမုန်းတီးမှုတွေဟာ ကျွန်မစိတ်ထဲ ဘာတစ်စွန်းတစ်စလေးတောင်မှ မကျန်ရစ်ဘဲ လွင့်ပျယ်ပျောက်ဆုံးသွားနိုင်ခဲ့တာဟာ အနုပညာရဲ့တန်ခိုးကြောင့်ပါပဲ။ အရင်တုန်းက ကျွန်မစိတ်ကို ဒုက္ခပေးတဲ့သူ အားလုံးကို အဆုံးအစမဲ့ ဒေါသထွက်ခဲ့ဖူးပါတယ်။ အဲဒီကနေ တဖြည်းဖြည်းကြာလာတော့ ဒေါသတွေနည်းနည်းပျောက်ပြီး တော်ပြီ၊ ဥပေက္ခာပြုတာပဲကောင်းတယ်လို့ (တစ်ဆင့် လျော့သွားသယောင်) တွေးမိပြန်ပါတယ်။ အခုချိန်ရောက်တဲ့အခါမှာတော့ သူတို့တစ်တွေအားလုံးကို ကျွန်မခွင့်လွှတ်နိုင်လာခဲ့ပြီး ကျွန်မကို မုန်းတဲ့သူတွေအားလုံးကို ကျွန်မ မေတ္တာပို့ပေးနိုင်တဲ့အနေအထားမျိုး ရောက်လာခဲ့ပါတယ်။ သေချာစဉ်းစား သုံးသပ်ကြည့်ရင် ကျွန်မစိတ်ကို ဒုက္ခပေးတယ်ဆိုကတည်းကိုက သူတို့ ကျွန်မကို မုန်းလို့သော်လည်းကောင်း၊ မကျေနပ်လို့သော်လည်းကောင်း၊ တစ်ခုခုကြောင့် ဆိုတာကတော့ သေချာပါတယ်။ သူတို့စိတ်ထဲ ကျွန်မအပေါ် တစ်ခုခုဖြစ်လို့သာ ကျွန်မကို ဒုက္ခပေးသည့်စိတ်မျိုး ပေါ်ပေါက်ခဲ့ရခြင်းပါ။ အရင်တုန်းကတော့ အဲလိုအတွေးမျိုး မတွေးခဲ့ဖူးပေမယ့် အခုနောက်ပိုင်းမှာတော့ ပြဿနာတစ်စုံတစ်ခုနဲ့ကြုံရတိုင်း အရင်ကလို ဒေါသနဲ့ မတွေးဘဲ၊ မေးခွန်းတွေ ဆင့်ကာဆင့်ကာနဲ့ ပြဿနာကို သေချာလေ့လာ စိစစ်ပြီး ဘာကြောင့်ဆိုတာကို နှိုက်နှိုက်ချွတ်ချွတ် လိုက်တွေးဖြစ်ပါတယ်။ အဲဒီမှာ သူ မကျေမနပ် ဖြစ်လောက်တဲ့အကြောင်းတစ်ခု၊ ကျွန်မ ဘာလုပ်မိသလဲဆိုတဲ့အချက်ကို သတိထားမိသွားပါတယ်။ အဲဒီမှာတင် ကျွန်မအပြုအမူ၊ အပြောအဆိုတစ်ခုခုသည် သူ့အပေါ် (မရည်ရွယ်သော်ငြားလည်း) ထိခိုက်နစ်နာသည် ထင်သွား၍သာ ကျွန်မကို ဒုက္ခပေးချင်သည့် စိတ်ကူးများ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည် ဆိုတာကို ကျွန်မ နားလည်သဘောပေါက် သွားခဲ့ပါတယ်။

အဲလိုသဘောပေါက်တတ်လာတဲ့ အချိန်မှာ ကျွန်မစိတ်ထဲ လက်မခံနိုင်တဲ့သူတွေကို ကျွန်မ ခွင့်လွှတ်နိုင်ခဲ့တယ်။ ဘုရားရှိခိုးတိုင်း သူတို့တွေရဲ့ မျက်နှာတွေ မှန်းပြီး မေတ္တာပို့ပေးခဲ့တယ်။ တကယ်တော့ ခွင့်လွှတ်နိုင်တယ်ဆိုတာ စိတ်ကို အင်မတန်မှ အေးချမ်းစေတဲ့အရာတစ်ခုပါ။ မေတ္တာထားနိုင်ရင် ပိုပြီးငြိမ်းချမ်းမှုတွေ ရနိုင်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီးထဲတွင် ရိုက်ကူးသော ဇာတ်ဝင်ခန်းတစ်ခု။

ဒါပေမယ့်လည်း လူဆိုတော့ ဒေါသထွက်စရာရှိရင်၊ ကြုံရင် ချက်ချင်းထိန်းနိုင်ဖို့ဆိုတာ ခဲယဉ်းရပြန်တယ်။ ခဲယဉ်းလို့ မလုပ်ဘူး၊ မလေ့လာဘူးဆိုရင်လည်း ပိုဆိုးသွားမှာပါ။ ကျွန်မဆိုလည်း သတိထားတဲ့ ကြားကမှ စိတ်တိုပြီး စက္ကန့် ၃၀ လောက်ကြာမှ ကိုယ့်ရဲ့ အလိုမကျမှုကို ပြန်မြင်ရပါတယ်။ အဲဒီအခါကျရင်တော့ ကိုယ့်ဟာကိုယ်ပဲ သတိလေးနဲ့ ကျွန်မ ပြန်စဉ်းစားဆင်ခြင်ရပြန်ပါတယ်။

လူတွေအများကြီးထဲမှာ ကောင်းတဲ့သူနဲ့ မကောင်းတဲ့သူကတော့ ရောနှောနေမှာပဲလေ။ ကိုယ် ဒုက္ခမရောက်ချင်ရင်၊ အကုသိုလ်မဖြစ်ချင်ရင် ကောင်းသောသူကို ရွေးချယ်ပြီး ပေါင်းသင်းရုံပါပဲ။ ဒီလို ရွေးချယ်နိုင်ဖို့၊ ရွေးချယ်တတ်ဖို့ ဆိုတာကတော့ ကိုယ့်ရဲ့ အရည်အသွေးနဲ့ အသိဉာဏ်ပေါ်မှာပဲ မူတည်ပါတယ်။ လူတိုင်းမှာ လောဘ၊ ဒေါသ ရှိကြတာပါပဲ။ ဒါတွေရဲ့ တွန်းအားကြောင့် သူတစ်ပါးကို ပြောဆိုလိုက်ရလို့ ကျေနပ်မှု ရလိုက်တယ်ဆိုရင်လည်း ခဏတစ်ဖြုတ်ပဲ ဖြစ်မှာပါ။ ရေရှည်ကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကျွန်မ ကိုယ့်ကိုယ်ကိုယ် စောင့်ထိန်းနိုင်အောင် ကြိုးစားပါတယ်။ ကိုယ့်ကိုယ်ကိုယ် စောင့်ထိန်းနိုင်လေ သူများမကောင်းပြောတာ၊ ပုတ်ခတ်တာတွေကို ကျွန်မ သည်းညည်းခံလာနိုင်တာပါတယ်။ ဒီသည်းခံမှုက ခွင့်လွှတ်တတ်တဲ့ စိတ်ကို အများကြီး ကူညီပံ့ပိုးပေးနိုင်ခဲ့ပါတယ်။

ကျွန်မရှေ့မှာပြောခဲ့ပါတယ်။ ဒါဒါ အိမ်ထောင်ပြုပြီးသွားတဲ့အချိန်မှ ရှေ့ကို ဘယ်လိုခရီးဆက်ရမယ်ဆိုတာကို စူးစိုက်ကြည့်မိတယ်ဆိုတာပါ။ ကြည့်တော့ သေချာမြင်ရတာမျိုးတော့ မဟုတ်ပါဘူး။ မမြင့်တမြင်ပါပဲ။ စဉ်းစားရင်း၊ မှန်းဆရင်း လက်ရှိပစ္စုပ္ပန်အခြေအနေကို ပြန်ပြီး သေချာမြင်လာပါတယ်။ အခုဆို ဒါဒါအိမ်ခွဲသွားတဲ့အတွက် အဖေ၊ အမေ၊ ကလျာနဲ့ အလုပ်သမား ၄ ယောက်၊ စုစုပေါင်း ၇ ယောက်၊ ကျွန်မနဲ့ဆို ၈ ယောက်ပေါ့နော်။ မောင်မောင်နဲ့ ဒါဒါကို လက်လွှတ်လို့ရပြီဆို အဖေ၊ အမေနဲ့ ကလျာကို ကျွန်မဆက်ပြီး ထောက်ပံ့နိုင်ပါတယ်။ ကလျာအိမ်ထောင်ပြုသွားရင်တော့ သူ့ကို ကြည့်ဖို့မလိုတော့ဘူးပေါ့။ အဖေနဲ့ အမေကတော့ အေးဆေးပါ။ ကလျာကတော့ (ယခုထိ)မအေးတအေးပါ။ အဖေက သူ့ဟာသူ အားကစားဆောင်းပါးတွေကို လက်မလည်အောင် ရေးနေရတာဆိုတော့ သူ့ဟာသူ အိုကေနေပါတယ်။ တစ်ပတ်တစ်ခါ ဂေါက်သီးရိုက်၊ အင်တာနက်လေးကြည့်၊ ထားဝယ်အသင်းကိစ္စလေးရှိရင်သွားနဲ့ သူ့အသက်အရွယ်နဲ့ တက်တက်ကြွကြွ ကျန်းကျန်းမာမာရှိနေတာမို့ အဖေ့အတွက် ကျွန်မ စိတ်ချမ်းသာရပါတယ်။ လူဆိုတာ အသက်ကြီးလာရင် အဖော်ကို ပိုခံ့မင်လာကြပြီး တစ်ယောက်တည်းနေတတ်ဖို့ မလွယ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဦးဒေါနု ရိုက်ကူးသော ဓာတ်ကားတစ်ကားမှ စက်အဖွဲ့သားများ၊ ကိုနေထက်လင်း၊ ဦးဒေါနု တို့နှင့် အမှတ်တရ။

ကျွန်မအဖေကတော့ ငယ်ငယ်ကတည်းက ကိုယ့်အားကိုယ်ကိုးခဲ့ရတဲ့အတွက်ကြောင့်လား မပြောတတ်ပါဘူး။ ယခုချိန်ထိ ဘယ်သူ့ကိုမှ အားကိုးချင်တဲ့စိတ် မရှိသလို၊ သူ့ဘဝကိုသူ ရိုးရိုးရှင်းရှင်း ဖြတ်သန်းနေတာဟာ အဖေ့ဘဝရဲ့(အောင်မြင်မှု)ပါပဲ။ မိသားစုအပေါ် တစ်သက်လုံး တာဝန်ကျေခဲ့ပြီး အဖေနဲ့ပတ်သက်လို့ တစ်ကြိမ်တစ်ခါမှ မျက်နှာမငယ်ခဲ့၊ ဒုက္ခတွေ မပေးတတ်ခဲ့တာမို့ အဖေ့ကျေးဇူး ကြီးလှသလို၊ အဖေ့အတွက် ကျွန်မ အမြဲဂုဏ်ယူနေမိမှာပါ။

အမေ့အတွက်ကရေးဆိုရင်တော့ (အမှန်အတိုင်း)ပွင့်ပွင့်လင်းလင်း ပြောရရင် အမေကတော့ ခုချိန်ထိ (ကျွန်မအမြင်မှာ) အသက်မကြီးသေးသလိုပါပဲ။ ဘယ်အရာမဆို သိချင်တာ၊ နည်းနည်းလေးဖြစ်ဖြစ် ဝင်ပါရမှကျေနပ်နိုင်တာ။ ခံစားမှုမှန်သမျှကို မထိန်းချုပ်နိုင်သေးတာ။ ထပ်ပြောရရင် (ထပ်ရေးရင်လည်း အမေက ကျွန်မကို စိတ်ကောက်တော့မယ်လေ) ကိုယ့်အမေကိုယ် အပြစ်တင်သလို ဖြစ်တော့မယ်။ အမေ့အားနည်းချက်လို့ပဲ ခေါ်မလား။ လိုအပ်နေသေးတဲ့အရာတွေလို့ပဲ ပြောမလား၊ အများကြီးပါပဲ။

ကျွန်မအတွေ့အကြုံအရပြောရရင်တော့ တကယ်ဆို နေရာတကာသိချင်တဲ့စိတ်က သိပ်မကောင်းလှပါဘူး။ အဲဒီသိချင်တဲ့စိတ်ဆိုတာကလည်း ပညာ၊ ဗဟုသုတ ရှာဖွေလိုက်စားတဲ့နေရာတွေမှာ မဆိုလိုပါဘူး။ သူများတကာရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ၊ ကိုယ်နဲ့ပတ်သက်သော မိသားစုရဲ့ကာယကံရှင် မပြောပြချင်တဲ့ အကြောင်းကိစ္စတွေကို ပြောချင်တာပါ။ သူများမပြောပြချင်တဲ့ အကြောင်းကိစ္စတွေကို တကယ်ဆို ကိုယ်သိရတော့လည်း ဘာမှ အကျိုးထူးမသွားပါဘူး။ တစ်ခါတလေ ကိုယ်နဲ့ ဆက်နွယ်သလိုဖြစ်ခဲ့ရင်တောင် အချောင်ဝင်ပြီး စိတ်ဆင်းရဲသွားရတတ်ပါတယ်။

ကလျာကိုဆို ကျွန်မမှာ အမြဲပြောရပါတယ်။ တစ်ခါတစ်ရံ သူ့ရည်းစားဆီ ဖုန်းဆက်ရင် ဖုန်းက တစ်ဘက်မှာ ပြောနေတဲ့အတွက် အင်ကေ့ချ် ဖြစ်ပါတယ်။ အဲဒီအခါဆိုရင် မကလျာရဲ့ မျက်နှာက အလိုမကျတဲ့ မျက်နှာ ဖြစ်လာပါတယ်။ မကိုင်မချင်း ဒီဘက်ကနေ ဆက်တိုက်ဆိုသလို ဖုန်းကို နှိပ်ပါတယ်။ ဟိုဘက်ကလည်း ပြောလို့ မပြီးသေးတဲ့အတွက် ဒီဘက်က ဘယ်လောက်ပဲခေါ်ခေါ်၊ ခေါ်လို့ မရပါဘူး။ အဲဒီအခါမှာ ကလျာစိတ်ထဲ ဒေါသတွေ ဖြစ်ထွန်းလာပြီး ပါးစပ်ကလည်း ပွစိပွစိနဲ့ ဘေးနားက မဆိုင်တဲ့သူ နိုင်လို့ရတဲ့သူတွေကို ဟိုလျှောက်မဲ၊ ဒီလျှောက်မဲနဲ့ သူ့ကို ကြည့်ရတာ ပင်ပန်းလှပါတယ်။

ဖုန်းခေါ်လို့ရပြန်တော့လည်း သူ့လူနဲ့ ထပ်ပြီး ပြဿနာက အရစ်ရှည်ပြန်တယ်။ ဘယ်သူနဲ့ ပြောလဲ၊ ဘာညာနဲ့ စုံနေတာပေါ့လေ။ ဟိုကလည်း မပြောဘူး၊ ဖုန်းလိုင်း မမိတာနေမှာဆိုပြီး တစ်ခါ ဘူးခံပြီး ငြင်း

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဟိန်းရိုက်ကူးသော 'မျှ... သောရီး' ဇာတ်ကားမှ

ပြန်တော့ ဒေါသအရှိန်က တက်ရပြန်ပါတယ်။ စကားတွေများ၊ ရန်တွေဖြစ်ပြီး ဖုန်းကိုယ်စီချပြီးတော့ ကိစ္စက ပြီးပြီလားမထင်ပါနဲ့။ သူ့အသိတွေဆီ ဆက်ပြီး သူ့လူရဲ့ ဖုန်းနံပါတ်ကိုပေး၊ ဘယ်သူနဲ့ပြောလဲ ph: List ကို ထုတ်ခိုင်းနဲ့။ ကျွန်မမှာတော့ ကိုယ်တစ်ခါမှ မလုပ်ဖူးတဲ့ အလုပ်တွေကို လုပ်နေတဲ့ ညီမဖြစ်သူကို ပါးစပ်အဟောင်းသားနဲ့ကို ထိုင်ကြည့်ရပါတယ်။ တကယ့်ကို အစွမ်းရှိတဲ့သူပါ။ နောက်ဆုံးတော့ ဘယ်သူနဲ့ ဖုန်းပြောလဲဆိုတာကို သိရတဲ့အချိန်မှာ ငိုပွဲတွေဆင်ပြီး အကျယ်အကျယ်နဲ့ မငြိမ်းနိုင်တဲ့ ပြဿနာ မီးတောက်ကြီးကို ကျွန်မမှာ ရင်မောစွာ ဘေးကနေကြည့်ရင်း (ဘာလို့ သိချင်ရတာလဲ) ဆိုတဲ့ မေးခွန်းကိုပဲ မေးမိပါတယ်။ သူများ မသိစေချင်တာကို အတင်းကာရော လိုက်သိချင်ပြီး သိခွင့်ရတော့လည်း ကိုယ်တိုင်လည်း စိတ်ချမ်းသာမှု မရနိုင်တဲ့ အတွက် အကျိုးမရှိသော ကိစ္စကို အချိန်ကုန်ခံပြီး စိတ်ပင်ပန်းခံ၊ လူပင်ပန်းခံပြီး လုပ်နေတာနဲ့ အတူတူပါပဲ။

ကျွန်မမိသားစုအတွက် ကျွန်မ စိတ်တိုင်းမကျရတာတွေ တော်တော်များပါတယ်။ ရန်ကုန်မှာ ဒါဒါ မင်္ဂလာဆောင်ပြီးကတည်းက

ဒီဗီဒီနဲ့ ဗီဒီယိုတွေကို ဆက်တိုက်ရိုက်ဖြစ်ခဲ့ပြီး
၁၀ ကားမြောက်မှာတော့
ရန်ကုန်ကို ရောက်တာ ၆ လနီးပါး ကြာလာခဲ့ပါတယ်။
ကိုမျိုးမင်းက US ကို ၆ လ မပြည့်ခင် အနည်းဆုံး ၂
ပတ်လောက် ခွာပြီးပြန်ဖို့ သတိပေးခဲ့ပေမယ့် ကျွန်မကတော့ ၆
လမပြည့်ခင် ၂ ရက်အလိုမှာ US ကို ပြန်လာခဲ့ပါတယ်။ ဒါရိုက်တာ
ညီမြင်းလွင် ရိုက်ကူးပြီး ကိုသားကြီး၊ မကေတို့ပါ ပါဝင်ခဲ့တဲ့
(ကမ္ဘာဦးဂီတ)နဲ့
(က)ကကြီးဆိုတဲ့ ဇာတ်ကားများကတော့ မပြန်ခင်
နောက်ဆုံးရိုက်ခဲ့တဲ့ ၂ ကားဖြစ်ပါတယ်။
တစ်သက်မှာ တစ်ဘဝဆိုတဲ့စကားအတိုင်း လူတစ်ယောက်မှာ
ဘဝတစ်ခုစီပဲ ရှိကြတာပါ။ ကျွန်မအတွက်ကတော့
ကွဲပြားခြားနားတဲ့ ဘဝ ၂ ခုကို တစ်သက်တည်းမှာ ရခဲ့သလိုပါပဲ။
ပစိဖိတ်သမုဒ္ဒရာကြီးကို ဖြတ်ကျော်နေတဲ့ အချိန်မှာပဲ ကျွန်မရဲ့ဘဝ
နောက်ထပ်ပုံသဏ္ဌာန်အသစ်တစ်ခုအဖြစ် ပြောင်းလဲသွားပြန်ပါတယ်။
လေယာဉ်ပေါ်က ဆင်းတာနဲ့ ကျွန်မဟာ
လွန်ခဲ့တဲ့ နာရီ ၂၀ လောက်က ဖြစ်တည်နေသေးတဲ့
ရုပ်ရှင်မင်းသမီးတစ်ယောက်ရဲ့ဘဝဟာ ချက်ချင်းဆိုသလို
ပျောက်ကွယ်သွားပါတယ်။ လူရော စိတ်ပါ ပြောင်းပစ်ရတာ၊
သုံးလေးကြိမ် ဖြစ်လာပြီဆိုတော့ ကျွန်မအတွက် သိပ်အခက်အခဲ
ဖြစ်တော့ပါဘူး။ ကျွန်မက အမေရိကားကို
စထွက်ပြီဆိုကတည်းက လေယာဉ်ပေါ်တက်တာနဲ့
US က အိပ်တဲ့ အချိန်တိုင်း နာရီကို ပြောင်းပြီး အိပ်ပြီး
လိုက်လာခဲ့ပါတယ်။ အဲဒါမှလည်း


www.burmeseclassic.com

www.burmeseclassic.com



ကိုရန်အောင်နှင့် ကျွန်မတို့ ညီအစ်မ သားအမိ အဖြစ် သရုပ်ဆောင်ခဲ့သော 'ရွှေမိုးသည်း' ရုပ်ရှင်

US ရောက်ရင် အိပ်တဲ့အချိန်က အဆင်ပြေပါတယ်။ အရှေ့အနောက်မို့ နေ့တွေ ညတွေကလည်း မတူပါဘူး။ နေရာဒေသရဲ့ အပြောင်းအလဲအတိုင်း ခန္ဓာကိုယ်ကို လိုက်ပြောင်းနေရရင် ကျွန်မဟာ ဘဝမှာ ဘယ်တုန်းကမှ စိတ်ကူးမယဉ်ခဲ့ဖူးတဲ့အကြောင်းတရားတွေကို ရင်ဆိုင်နေရခြင်းအပေါ် ကျေနပ်ခြင်း၊ မကျေနပ်ခြင်း နှစ်ခုကြားမှာပဲ နေထိုင်နိုင်အောင် ကြိုးစားမိပါတယ်။

ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်ခွင့်ရခဲ့တာဟာ ကျွန်မအတွက် ထူးခြားတဲ့ ပြောင်းလဲမှုတစ်ခုဖြစ်ခဲ့သလို၊ နိုင်ငံရပ်ခြားမှာ ယောက်ျားရဲ့ စီးပွားရေးကို ကူညီလုပ်ကိုင်ရင်း ဒေါင်ကျကျ ပြားကျကျ ရပ်တည်နေထိုင်နိုင်တာဟာလည်း ကျွန်မအတွက် ထူးခြားတဲ့ ပြောင်းလဲမှုတစ်ခုပါပဲနော်။

၂၀၀၆ ခုနှစ် မတ်လ ၂ ရက်နေ့က ကျွန်မ US ပြန်သွားပါတယ်။ ဟိုရောက်တော့ ကိုယ့်စီးပွားရေးလုပ်ငန်းထဲကို ချက်ချင်း မသွားဖြစ်ပါဘူး။ (ကျွန်မ မသွားလည်း သူ့ဟာသူ ကိုမျိုးမင်းရဲ့ management အောက်မှာ အားလုံး အိုကေနေတာပါပဲ) လူကြုံပါးလိုက်တဲ့ အလုပ်တွေနဲ့ တစ်ပတ်ကျော်လောက် ရှုပ်ယှက်ခတ်နေပြီးမှ ကိုမျိုးမင်းက ဆိုင်မလာတော့ဘူးလားမေးမှ ကျွန်မလည်း ဆိုင်ဘက် ခြေဦးလှည့်ရပါတယ်။ ဆိုင်ကို ရောက်တဲ့နေ့က Sunday ပါ။ ထုံးစံအတိုင်း Busy ဖြစ်နေတာမို့ ဆိုင်ထဲ ဝင်လိုက်တာနဲ့ လူတွေအားလုံးရဲ့ ကိုယ့်တာဝန်နဲ့ကိုယ် အသီးသီး သွက်သွက်လက်လက် လှုပ်ရှားနေကြတာကို တွေ့ရပါတယ်။ ကျွန်မလည်း မနေနိုင်ပါဘူး။ ပါလာတဲ့ လွယ်အိတ်ကလေးကို ဘီဒိုလေးထဲ ထည့်ပြီး အင်္ကျီလက်မောင်း ဆွဲတင်ရင်း အလိုက်သင့် လုပ်ငန်းခွင်ထဲကို အလိုလို ရောက်ပြီးသား ဖြစ်သွားပါတယ်။ Customer နားသွား၊ ဟင်းပွဲအော်ဒါ လက်ခံ၊ အအေး(သို့) အချိုပွဲတစ်ခုခု မှာခဲ့ရင် ပြင်ဆင်ပေး။ ကိုယ်လက်ခံထားတဲ့ ဟင်းပွဲ စာရင်းကို ကွန်ပျူတာထဲထည့်၊ Chef တွေနားမှာ Clip တွေနဲ့ စာရင်းပေး၊ ထွက်လာတဲ့ ဟင်းပွဲတွေကို သူ့စားပွဲသူ နေရာချ၊ (အင်း) အဲဒီနေရာလည်းရောက်ရော စိုးမြတ်သူဇာတို့ စလွဲပါတော့တယ်။ မျက်လုံးတွေလည်ပြီး ABCD နဲ့ ၁၂၃၄ တွေကို မှားတော့တာပဲ။ A စားပွဲက ဟင်းတွေကို နံပါတ် ၁ မှာ ချမိလို့ ဆိုင်က စားပွဲထိုးတွေ ဟင်းပွဲတွေ ပျောက်ပြီး ယောက်ယက်တွေ ခတ်ကုန်ကြပါတယ်။ ကျွန်မလက်ထဲက ဟင်းပွဲတွေကို စားပွဲထိုးများက အတင်းလိုက်လုရင်း(စိုးရယ်- ထိုင်နေပါ)လို့ ပြောကြပါတယ်။ ကျွန်မကလည်း ငြိမ်မနေပါဘူး။ ချက်ချင်းကို ပြန်ပြောပါတယ်။ (ငါ ဒီနေ့မှ စလုပ်တာမို့လို့ပါ)ပေါ့။ လေးငါးဝိုင်းလောက် မှားပြီးတာနဲ့ ကျွန်မလည်း မှန်သွားပါတယ်။ ရန်ကုန်ရောက် မင်းသမီးဆိုတာတွေရော ခေါင်းထဲမှာ မရှိတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ချစ်သော ဇာတ်ကားမှာ ကျော်ရဲအောင်နှင့်အတူ

အဲဒီနေ့ကဆို ကျွန်မ အလုပ်လုပ်ဖြစ်တာ ည ၁၁ နာရီလောက်ထိပါပဲ။ (ဆိုင်က လူတွေက ကျွန်မကို ပိန်သွားတယ်နော်လို့ ပြောကြပါတယ်။ ပိုလည်း လှလာတယ်ဆိုပဲ။ ကျွန်မလည်း စိတ်ထဲအနည်းငယ် ကျေနပ်ရတာနဲ့ အဲဒီနေ့က သူတို့ tips ကို ခွဲမယူဘဲ လှူလိုက်ပါတယ်) ဒီတစ်ခေါက် US ပြန်တာ ၂ ပတ်တည်းဆိုတော့ ဆိုင်ကို အဲဒီတစ်ရက်တည်း ရောက်ပြီး နောက်နေ့မှာတော့ ဝယ်စရာ ရှိတာတွေ ဝယ်၊ သွားစရာရှိတာတွေ သွားနဲ့ တစ်ချက်ကလေးမှကို မနားရတော့ပါဘူး။ ကျွန်မ မလာခင်က မမေဝင်းမောင်က မွေးခါနီး၊ ဖွားခါနီး အခြေအနေပါ။ ဒီတစ်ခေါက် ကျွန်မပြန်တော့ မမေအိမ်ရောက်ပါတယ်။ သမီးလေးက ငါးလကျော်ရှိနေပြီဖြစ်ပြီး အရမ်းကို ချစ်ဖို့ ကောင်းပါတယ်။ မမေအမျိုးသား ဦးသက်ဝင်းကတော့ CHICAGO ခဏသွားနေတာမို့ မမေ အိမ်မှာ ၂ ယောက်သား ကလေးတစ်ယောက် တစ်လှည့် ထိန်းလိုက်၊ အိမ်အလုပ်ကလေး ပြေးလုပ်လိုက်၊ စကားလေးပြောလိုက်နဲ့ အချိန်ကုန်ခဲ့ပါတယ်။ မမေနဲ့ ကျွန်မက မြန်မာပြည်မှာ သိကြတာမဟုတ်ဘဲ US ရောက်မှ ရင်းနှီးခဲ့ကြတာ။ တစ်ယောက်နဲ့ တစ်ယောက်



ကိုသားကြီးနှင့် 'ကမ္ဘာဦးဂီတ' ဇာတ်ဝင်ခန်း။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှ စားပွဲထိုးများနှင့် အမှတ်တရ

ညီအစ်မအရင်းတွေလိုပါပဲ။ မမေအိမ်ရောက်တိုင်းလည်း မမေအလုပ်မှန်သမျှ ကြုံရင် ကြုံသလို ကျွန်မ ဝင်လုပ်ပေးဖြစ်တာပါပဲ။ ပန်းကန်ဆေးစရာရှိ ဆေး၊ အမှိုက်သွန်စရာရှိ သွန်၊ ကျွန်မကတော့ ဘယ်လိုအနေအထားမျိုးပဲဖြစ်ဖြစ် မျက်စိရှေ့ ရှိတာ အကုန်လုပ်တာပါပဲ။ တစ်ခါတစ်ရံ မလှလှမိုး ရောက်လာရင်တော့ ၃ ယောက်သား ပိုပြီး ဆူဆူညံညံဖြစ်ကာ ဦးသက်ဝင်းလည်း အိမ်မှာ မနေတော့သလို၊ ကိုမျိုးမင်းကလည်း ကျွန်မကို မမေအိမ်ပို့ပြီးတာနဲ့ လစ်တော့တာ၊ ပြန်ခါနီးမှပဲ ဖုန်းဆက်ခေါ်ရပါတယ်။ ဒီတစ်ခေါက် US ကို ပြန်တဲ့ရက်ဟာ အတိုဆုံး ဖြစ်ခဲ့တဲ့အတွက် ကျွန်မမှာ ၁၀ ၂ ခုရှိနေတယ်ဆိုတာကို ထင်ထင်ရှားရှားသိလာခဲ့ရသလို ကျွန်မသည်လည်း ထို၁၀ ၂ ခုလုံးတွင် အဆင်ပြေအောင် နေနိုင်နေပါလားဆိုတာကိုပါ။ ကိုယ့်ကိုယ်ကိုယ် သတိထားခဲ့မိပါတယ်။ နောက်တစ်ခု ကျွန်မသိလာခဲ့တဲ့ အကြောင်းတစ်ခုကတော့ (သံယောဇဉ်)ဆိုတဲ့ စိတ်ခံစားမှုနဲ့ ပတ်သက်ပါတယ်။ အချိန်တွေ ကုန်ခဲ့လေ၊ အတွေ့အကြုံများစွာနဲ့ ကြုံခဲ့ရလေ၊ အဲဒီ(သံယောဇဉ်)ဆိုတာကြီးကို ကျွန်မ ကြောက်လာခဲ့သလို၊ သံယောဇဉ်ဖြစ်ရမယ့်အရာမှန်သမျှကို ကျွန်မ ဘာတစ်ခုမှ မလုပ်ချင်တော့ပါဘူး။ မမေဝင်းမောင်သမီးလေးနဲ့ ကျွန်မဆိုင်က Chef ရဲ့ ကလေးလေးတွေကိုတောင် ကျွန်မမှာ ခဏလေးတွေ့တာတောင် ချစ်နေခဲ့ရတာ။ ကျွန်မကလေးဆိုရင်တော့ ကျွန်မ ဘယ်လောက် သည်းသည်းလှုပ်နေမလဲ၊ စဉ်းစားကြည့်ရပါတယ်။ ကျွန်မအမေ၊ ကျွန်မ ယောက္ခမ၊ မမေနဲ့ တခြားသော သူငယ်ချင်းမိတ်ဆွေများက ကလေးယူဖို့တိုက်တွန်းကြတိုင်း ကျွန်မမှာ တုံ့ဏှိဘာဝေပဲ နေနေလိုက်ပါတယ်။ သံယောဇဉ်ကို ကြောက်တတ်လာလို့ပါလို့ ရှင်းပြရင်လည်း ဘယ်သူမှ ယုံကြမှာမှ မဟုတ်တာလေ။

ကိုမျိုးမင်းကတော့ ကလေးရှိခြင်း၊ မရှိခြင်းဟာ သူ့အတွက် ပြဿနာတစ်ခု မဟုတ်ပါဘူး။ ရရင်လည်း ယူမယ်၊ မရရင်လည်း မယူဘူး၊ ဒီသဘောလောက်ပါပဲ။ သူ့ဘက်က အဲဒီလိုအနေအထားမျိုး ရှိတဲ့အတွက် ကျွန်မမှာ ကိုမျိုးမင်းကို ကျေးဇူးတင်ရပြန်ပါတယ်။ ကိုမျိုးမင်းကတော့ သူ့အတွက် ကျွန်မ ဘယ်တော့မှ နောက်ဆံမတင်းရအောင် နေထိုင်နိုင်တဲ့သူပါ။ ကျွန်မ သူ့အနားရှိရှိ၊ မရှိရှိ သူ့ကိုယ်သူ အမြဲပျော်ပျော်ရွှင်ရွှင်နဲ့ သူ့ လုပ်စရာရှိတာတွေ လုပ်ပြီး စိတ်ကို ချမ်းသာအောင်နေတတ်ခဲ့တဲ့သူမို့ ကျွန်မ သူ့ကို လေးစားရပါတယ်။

ဘ၀ဆိုတာ အချိန်တစ်ခုပါတဲ့ အချိန်တွေ တဖြည်းဖြည်း ကုန်လာလေလေ၊ ကျွန်မတို့ အသက်တွေကလည်း တဖြည်းဖြည်းကြီးလာလေပါပဲ။ ကျွန်မနဲ့ လေးလေးနက်နက်ခင်မင်ရင်းနှီးရတဲ့ မိတ်ဆွေတွေ မျက်စိတစ်မှိတ်၊



www.burmeseclassic.com

www.burmeseclassic.com


မမေ၊ သမီးလေးနှင့် ကျွန်မတို့ မမေအိမ်တွင် အမှတ်တရ။

လျှပ်တစ်ပြက်အတွင်း တဖြုတ်ဖြုတ်နဲ့ ကွယ်ပျောက်ကုန်ကြတဲ့အခါမှာ စိတ်ထဲမှာ မကောင်းဖြစ်ရသလို ပြောင်းလဲမှုတွေ၊ ကွယ်ပျောက်မှုတွေကိုလည်း ပိုပြီး စိတ်ဝင်စားလာမိပါတယ်။ တစ်နေ့တစ်နေ့ လူတွေအများကြီး သေနေကြတယ် ဆိုပေမယ့် ကိုယ်နဲ့ မပတ်သက်တဲ့သူမို့သာ အမှတ်တမဲ့နေနေမိတာပါ။ သေချာစဉ်းစားကြည့်လိုက်တဲ့အခါမှာ အဲဒီသေခြင်းဆိုတဲ့အရာဟာ တော်တော်စိတ်ဝင်စားစရာ ကောင်းနေခဲ့တာပါ။

ကျွန်မနဲ့ အင်မတန်ရင်းနှီးခဲ့ကြတဲ့ ဦးနီလွင်(သပြု)၊ ဦးနန္ဒနဲ့ ဦးမျိုးမြင့်အောင်နဲ့ ဇနီး ဒေါ်ချိုချိုတို့ ကွယ်လွန်ကြတာကို ကြုံကြိုက်ရတဲ့အခါမှာ ဒီသေခြင်းတရားနဲ့ ပတ်သက်လို့ ကျွန်မ လေ့လာမိပါတယ်။ အဲဒီမှာ အရှင်ဆန္ဒာဓိကရဲ့ (တကယ်မသေခင် အစမ်းသေကြည့်ရအောင်)ဆိုတဲ့ စာအုပ်ကလေးတစ်အုပ်ကို တိုက်ဆိုင်စွာ ကျွန်မ ဖတ်ခွင့်ရခဲ့ပါတယ်။ အဲဒီစာအုပ်လေးဟာ တကယ့်ကို တန်ဖိုးရှိတဲ့ စာအုပ်တစ်အုပ်ဖြစ်သလို၊ လူတိုင်းလည်း ဖတ်သင့်တဲ့ စာအုပ်တစ်အုပ်ပါ။ ဆရာတော်က ကျွန်မတို့လို ကိလေသာထူလွန်းတဲ့သူတွေ နားလည်အောင် ရှင်းရှင်းလင်းလင်းရေးထားတာပါ။ ဆရာတော် ကျေးဇူးကြီးလွန်းလှပါတယ်။ (မသေခင် ဘာလုပ်ကြမလဲ)ဆိုတဲ့ မေးခွန်းကို ကိုယ့်စိတ်ကူးထဲမှာ အမျိုးမျိုးဖြေကြည့်ရင်း၊ ကျွန်မလုပ်သမျှ အလုပ်မှန်သမျှကို ကျေနပ်နိုင်အောင် ကြိုးစားလာမိတယ်။ ကြိုးစားရင်း ကြိုးစားရင်း ကျေနပ်တတ်လာတဲ့အခါမှာ လုပ်ခဲ့တဲ့အလုပ်၊ လုပ်နေဆဲအလုပ်တွေ အားလုံးဟာ အဓိပ္ပာယ်တွေရှိသထက် ရှိလာတယ်ဆိုတာကို ကျွန်မခံစားတတ်လာခဲ့ပါတယ်။ မတ်လ ၁၈ ရက်နေ့မှာ ကျွန်မ ရန်ကုန်မြို့ကို ပြန်ရောက်လာခဲ့ပြီး မတ်လ ၁၉ ရက်နေ့မှာပဲ လုပ်ငန်းခွင်ထဲကို တစ်ရက်ကလေးတောင် အနားမယူဘဲ မသွားခင် ကျန်ခဲ့တဲ့ ရိုက်လက်စ ကားများကို ပြီးအောင် အပြတ်ဖြတ်ပေးပါတယ်။ US ကို ၁၄ ရက် ပြန်သွားခဲ့တာ ကျွန်မ ပြန်ရောက်လာတဲ့အချိန်မှာ ကိုယ် အလေးချိန် ၈ ပေါင် တက်လာခဲ့တာမို့ ရိုက်ကွင်းမှာရှိတဲ့ လူတိုင်းက ကျွန်မကို ဝလာတယ်ဆိုတဲ့အကြောင်း ဝိုင်းပြောကြပါတယ်။ လက်ကျန် ရိုက်ကွင်းက (သန်လျင်)မှာပါ။ စုစုပေါင်း လေးရက်၊ နေ့ည ရိုက်ကူးရပါတယ်။ ဇာတ်ပွဲခင်းတစ်ခုကို ဆက်တင်လုပ်ပြီး ရိုက်ရတာမို့ ညတိုင်း ၁ နာရီ၊ ၂ နာရီလောက်မှ အိမ်ပြန်ရောက်ပါတယ်။ US မှာ ၁၄ ရက်နေ စဉ် ၈ ပေါင်တက်လာတဲ့ ကျွန်မဟာ (သန်လျင်)မှာ လေးရက် ကားရိုက်လိုက်ရတဲ့အခါမှာ ၁၀ ပေါင် ချက်ချင်း ပြန်ကျသွားပါတယ်။ ချွေးတပြိုက်ပြိုက် ကျစေတဲ့ ရာသီဥတုကြောင့် ဘာမှ မယ်မယ်ရရ မစားနိုင်တော့တာရယ်၊ အိပ်ရေးပျက်တာတွေရယ်ကြောင့် ချက်ချင်းကို ကိုယ်ရေစစ်သွားခဲ့ရတာပါ။ ကားရိုက်ပြီးတော့ အဖွဲ့သားတွေက ကျွန်မကို ထပ်ပြောကြပါတယ်။ တလေသံတည်းပါ။ မကြီးစိုး



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှ Chef ၏ သားကလေး J.Bo နှင့်ခေတ္တ။


ပြန်ပိန်သွားပြန်ပြီတဲ့။ အဲဒီလို လူတွေ ကျွန်မကို ပိန်တယ်၊ ဝတယ် ပြောကြတဲ့အပေါ်မှာ လေးရက်တာကာလအတွင်း ပြောင်းလဲသွားစေတဲ့ ခန္ဓာကိုယ်ကို ကြည့်ရင်း ဖြစ်တာ၊ ပျက်တာတွေဟာ သိပ်မြန်လွန်းပါလားဆိုတာကို သတိထားမိရပြန်ပါတယ်။ ကျွန်မ ရန်ကုန်မှာ နေတဲ့ ၅ လအတွင်းမှာတောင် ဗီဒီယို ၁၀ ကား ရိုက်ကူးခဲ့ပြီးပြီလေ။ အလုပ်တွေ နောက်မှာ နစ်မျောနေတာနဲ့ အချိန်တွေ တဖျတ်ဖျတ် ကုန်နေခဲ့တာကို သတိမထားမိခဲ့တာ အတော်ဆိုးတာပါပဲ။ ဒါပေမယ့်လည်းလေ- အလုပ်မလုပ်ဘဲ အချိန်ကုန်နေတာထက်စာရင်တော့ အနည်းငယ်တော့ တော်ပါသေးရဲ့လို့ ကိုယ့်ဘက်ကိုယ် ဖြေတွေးလေး တွေးလို့ ရပါတယ်လေ။ ယခုအချိန်ထိ မိဘကို ကိုယ်တတ်ထားတဲ့ အသက်မွေးဝမ်းကျောင်း ပညာလေးနဲ့ ဘယ်သူ့အထောက်အကူမှ ယူစရာမလိုဘဲ လုပ်ကိုင်ကျွေးမွေးခွင့်ရတာလေးကိုလည်း ကုသိုလ်တစ်မျိုးလို့ ယူဆဖြစ်ပါတယ်။ တစ်နေ့တစ်နေ့ ကုသိုလ်ရဖို့ထက် အကုသိုလ်မဖြစ်အောင် ကိုယ့်ကိုယ်ကိုယ်လည်း ထိန်းသိမ်းစောင့်ရှောက်ရပါတယ်။ တရားသဘောတွေကို အတွေးတွေ၊ သတိတွေနဲ့ ဆင်ခြင်နေတဲ့ကာလမှာပဲ ညီမအလတ် ကလျာနဲ့ ပတ်သက်လို့ ထပ်ပြီး တရားရစရာ အခြေအနေတစ်ခုနဲ့ ကြုံတွေ့ခဲ့ရပြန်ပါတယ်။ ကျွန်မ အရှေ့မှာ ပြောခဲ့ဖူးပါတယ်။ ကလျာရဲ့ဘဝမှာ ကြုံတွေ့ရတဲ့ အချိုးအကွေ့တွေက ကြမ်းတမ်းပြီး ပြင်ဆင်ချိန် မရနိုင်လောက်အောင် မြန်ဆန်တယ်ဆိုတာပါ။ ကျွန်မတို့ မောင်နှမ လေးယောက်မှာ ကျွန်မကလွဲလို့ ကျန်သုံးယောက်လုံးက စိတ်ရဲ့ လတ်တလော ခံစားမှုကို သိပ်ဦးစားပေးတတ်လွန်းပါတယ်။ တစ်ခုခုဆို အကျိုးအကြောင်းလည်း မဆင်ခြင်နိုင်၊ ရှေ့နောက်လည်း မတွေးတောနိုင်ဘဲ ကိုယ့်စိတ်ကိုယ် လွှတ်ပြီး အလိုလိုက်ပစ် လိုက်ကြပါတယ်။

စိတ်ခံစားမှုကို ဦးစားသိပ်ပေးလွန်းတဲ့ သူတွေတိုင်း စိတ်ဝေဒနာကတော့ အမြဲရှိနေမှာ ထုံးစံပါပဲ။ ကိုယ်နဲ့ အခုမှ သိကျွမ်းကြတဲ့ တစ်ဖက်လူတွေအပေါ် ချစ်လွယ်၊ ယုံလွယ်ကြတာလည်း သူတို့အမြင် နှစ်ယောက် မရှိကြပါဘူး။ သူတို့လိုသာ ကျွန်မလည်း ငယ်စဉ်က စိတ်ရဲ့ လတ်တလော ခံစားမှုကို ဦးစားပေးတတ်မယ်ဆိုရင် ခက်ခက်ရချည်သေးရဲ့ပါပဲ။ ကျွန်မ ညီမ အလတ်မဟာ သူ့ဘဝအတွက် နောက်တစ်ကြိမ် သီလရှင်ဝတ်ဖို့ အကြောင်းဖန်လာခဲ့ပါတယ်။ သူ အလေး အနက်ရှိသူတစ်ယောက် ဆုံးပါးသွားခြင်းကြောင့်ပါ။

ကျွန်မဘဝမှာ သူငယ်ချင်းများအတွက် သော်လည်းကောင်း၊ ချစ်သူအတွက်သော်လည်းကောင်း၊ ဆွေမျိုးအတွက်သော်လည်းကောင်း၊ ယောကျ်ားအတွက်သော်လည်းကောင်း၊ ယောကျ်ားနှင့် ပတ်သက်သော အမျိုးအဆွေများနှင့် သော်လည်းကောင်း တစ်ကြိမ်တစ်ခါမှ စိုးရိမ်ပူပန်ရခြင်းမျိုး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ မောင်မောင်မြင့်လွင် ရိုက်ကူးသော ကားတစ်ကားတွင် ကိုရဲအောင်နှင့်အတူ

သောကဝေဒနာ ခံစားရခြင်းမျိုး တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ရပါ၊ မရှိဘူးဆိုလို့ ကျွန်မကို တယ်ဟုတ်ပါလား မတွေးပါနဲ့။ (မိသားစု) အတွက်ကတော့ အကြိမ်ပေါင်း မရေတွက်နိုင်အောင်ပါပဲ။ မိဘနှစ်ပါးနဲ့ မောင်နှမ သုံးယောက်အတွက်ပဲ ကျွန်မ စိတ်ပူခဲ့ရတာပါ။ သူတို့ကလည်း ကျွန်မ စိတ်ပူအောင်၊ သောကဖြစ်အောင် တမင်တကာ လုပ်တာ မဟုတ်ပေမယ့်လည်း နောက်ဆုံးမှာတော့ ကိစ္စမှန်သမျှ ကျွန်မပဲ ရင်ဆိုင်ပြီး ဖြေရှင်းခဲ့ရတာပါပဲ။ အဆိုးဆုံးကတော့ လုပ်တုန်းက လုပ်ခဲ့ကြပြီး အဲဒီလုပ်ခဲ့တဲ့ ကိစ္စမှန်သမျှကို အဆုံးမသတ်ကြတာပါပဲ။ ကျွန်မမှာ အဆုံးသတ်ရတာနဲ့ အနားတွေ သတ်ရတာနဲ့ တော်တော်ကို ပါးနေခဲ့ပါပြီ။ ဒီတစ်ခါ ကလျာကိစ္စဖြစ်တော့ သူ့ကို ကြည့်ရင်း ကျွန်မ ရင်ထဲကိုပါ အပူတွေ ကူးစက်ရတာမို့ ကျွန်မ တော်တော် စိတ်ဒုက္ခရောက်ရပြန်ပါတယ်။ ကလျာ့ဘဝကို အေးချမ်းစေချင်တာ ကျွန်မဆန္ဒ။ ဒါပေမယ့် အေးချမ်းဖို့ ဆိုတာ သူကိုယ်တိုင်ပဲ လုပ်မှရမှာပါ။ လုပ်ဖို့ ဆိုတာကလည်း ပထမဆုံး ယုံကြည်ဖို့၊ နောက်သိဖို့ ပြီးတော့ လုပ်ဖို့ပါပဲ။ ကလျာရယ်၊ ဒါဒါရယ် ဟာ ကျွန်မကို တရား အများဆုံး ရအောင် ပြခဲ့တဲ့သူတွေပါ။

အရင်က ကျွန်မ မောင်ညီမတွေကို အရမ်း ချစ်ခဲ့၊ သံယောဇဉ်တွေ ရှိခဲ့တာတွေဟာ တကယ်တမ်းတော့ မချစ်တတ်ခဲ့လို့ပါ။ ကျွန်မ ခဏခဏ ပြောခဲ့ပါတယ်။ မောင်ညီမတွေကို ချစ်တဲ့အကြောင်းပေါ့။ ချစ်တယ်လို့ ထင်ခဲ့တဲ့ အချိန်တွေဟာ မချစ်တတ်ခဲ့တဲ့အချိန်တွေ ဖြစ်ပြီး မချစ်နိုင်တော့ဘူးလို့ ထင်ခဲ့မိတဲ့ ယခု လက်ရှိအချိန်ကမှ သူတို့အပေါ် တကယ်ချစ်တတ်ခဲ့တာပါ။ သူတို့ရဲ့ အပူတွေကို ဝေမျှပြီး ခံစား၊ ဖြေရှင်းပေးရတာထက်စာရင် သူတို့တွေ ဘယ်သူ့ရဲ့အကူအညီကို မယူရတော့ဘဲ သူတို့ ကိုယ်သူတို့ ရပ်တည်နိုင်အောင်သာ ကျွန်မ ကူညီချင်မိတော့တယ်။ မကလျာ မယ်သီလရှင် ဝတ်တော့ သူ့ရုပ်သွင်ကို ကြည့်ရင်း အေးချမ်းအောင်နေပါလို့သာ ပြောမိပါတော့တယ်။ မကလျာအသက်က ဒီနိုဝင်ဘာဆိုရင် ၃၃ ပြည့်တော့မှာမို့ ငယ်တော့တဲ့အရွယ် မဟုတ်တော့ပါဘူး။ သူ့ဘဝကို ရှင့်ကျက်စေချင်ပါပြီ။ ဒါဒါကိုလည်း ဘာမဆို လေးလေးနက်နက် ရှိစေချင်ပါပြီ။ ဒါတွေအားလုံးကလည်း ဘေးက ကျွန်မ လုပ်ပေးလို့ မရပါဘူး။ သူတို့ပဲ လုပ်မှဖြစ်မှာပါ။ သူတို့သုံးယောက်မှာ ကလျာကို (အပူရှာသူ)၊ ဒါဒါကို (အပူလက်ခံသူ)၊ အမေကို (အပူသိမ်းဆည်းသူ)လို့ ကျွန်မ ခံစားခဲ့ဖူးတာတွေကို အမွှေပေးလိုက်တော့ ကျွန်မကို သုံးယောက်သား ဒေါသတွေ ထွက်ကုန်ကြပါတယ်။ ကျွန်မက မဟုတ်ဘူးလား မေးတော့ ပွစိပွစိပေါ့။

အခုဆို ကျွန်မအသက် ၃၅ နှစ်ပြည့်ဖို့ လပိုင်းပဲ လိုတော့တာပါ။ လွန်ခဲ့တဲ့ ၁၇ နှစ်လောက်က ဒီအချိန်လောက်ဆို ကျွန်မဘဝဟာ


www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာညီမြင်းလွင် ရိုက်ကူးသော 'အမိုက်စား' ဗီဒီယို ကားတွင် ကိုကျော်ရဲအောင်နှင့် အတူ။



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်မြို့၊ နောင်လှိုင်ရွာတွင် ရိုက်ကူးခဲ့သော 'ကကြီး' ဇာတ်ကား ရိုက်ကူးစဉ် အဖွဲ့သား များနှင့်အမှတ်တရ။




ပြင်ဦးလွင်မြို့၊ ဆင်ခေါင်းလေးရွာတွင် ရိုက်ကူး သော 'ဩကာသ' ဗီဒီယို ဇာတ်ကားတွင် ကိုရဲအောင်၊ ကိုကျော်ရဲအောင်၊ မြတ်ကေ သီအောင်တို့နှင့် အတူ။



www.burmeseclassic.com

www.burmeseclassic.com





အရာရာ ပြည့်စုံနေလောက်ပြီလို့ စိတ်ကူးကြည့်ခဲ့ဖူးတယ်။ လက်ရှိမှာ ကျွန်မ တစ်ယောက်တည်းအတွက်တော့ ကိုမျိုးမင်းရဲ့ အရိပ်အောက်မှာ နေခွင့်ရခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာတင်မက ရုပ်ပိုင်းဆိုင်ရာလည်း ချမ်းသာခဲ့ပါတယ်။ ကျွန်မ ပြည့်စုံခဲ့တယ်လို့ ယူဆလို့ ရနိုင်ပေမယ့် ကျွန်မ မိသားစု မပြည့်စုံသေးတာဟာ ကျွန်မ ဘဝ မပြည့်စုံတာနဲ့ အတူတူပါပဲ။ ဒါဒါက အိမ်ထောင်သည် ဖြစ်သွားတဲ့အတွက် သူ့တာဝန် ကျွန်မမှာ မရှိတော့ပေမယ့် အဖေ၊ အမေနဲ့ ကလျာတာဝန်က ရှိပါသေးတယ်။ အဖေက အသက် ၆၀ ကျော်ပါပြီ။ သူ့ဟာသူ စာရေးတဲ့ အလုပ်ကလေးနဲ့ အေးချမ်းစွာ နေနိုင်တယ်ဆိုသော်ငြားလည်း အိမ်မှာ လစဉ် ပုံမှန် ကုန်နေတဲ့ ကုန်ကျစရိတ်ကိုတော့ ဘယ်လိုလုပ် ကာမိနိုင်မှာတဲ့လဲ။ အဖေ့ကိုလည်း အသက်ကြီးပြီဖြစ်တဲ့အတွက် ငွေရှာရတဲ့ အလုပ်ထက် ဝါသနာပါတဲ့ အလုပ်လေးကိုပဲ ပျော်ပျော်ရွှင်ရွှင် လုပ်စေချင်ပါတော့တယ်။

ကျွန်မ အခုဆို ရန်ကုန်မှာနေတာ ၈ လကျော် နေပါပြီ။ ၈ လအတွင်း ကျွန်မ ဗီဒီယို ၂၆ ကား ရိုက်ကူးပြီးခဲ့ပါပြီ။ ဒီစာရေးနေတဲ့အချိန်ဟာ ဇွန်လလယ်လောင်



www.burmeseclassic.com

www.burmeseclassic.com



မေကဗျာနှင့်အတူ သရုပ်ဆောင်ကြစဉ်

ရောက်နေပါပြီ။ ဒီစာအုပ် ရေးပြီးတာနဲ့ US ကို တစ်ခေါက် ပြန်ရဦးမှာပါ။ စာအုပ်ထွက်မှ ကျွန်မ တစ်ခေါက် ပြန်လာရပါဦးမယ်။

အဆုံးအစ မတွေ့ရတဲ့ ပစိဖိတ်သမုဒ္ဒရာကြီးကို လေယာဉ်ကြီးနဲ့ ဖြတ်ကျော်ရတိုင်း အရှေ့နဲ့အနောက် ဝေးလွန်းလှတဲ့ ခရီးတစ်ခုကို တစ်ယောက်တည်း အခေါက်ခေါက် အခါခါ သွားနေရတဲ့ ကိုယ့်ကိုယ်ကိုယ် အံ့သြမိပါတယ်။ ရန်ကုန်ကနေ L.A. ကို လေယာဉ်စီးရတဲ့အချိန်က ၁၈ နာရီလောက် ရှိပါတယ်။ Transit မှာ စောင့်ရတဲ့အချိန် ၄ နာရီ မပါသေးပါဘူး။ လေယာဉ်ပေါ်မှာ အိပ်ချိန်တွေကို ကိုယ့်ဟာကိုယ် ပြန်ထည့်ရတာမို့ သူများတွေ အိပ်နေပေမယ့် ကျွန်မမှာ မအိပ်နိုင်ဘဲ လမ်းလျှောက်လိုက်၊ လေ့ကျင့်ခန်းလုပ်လိုက်၊ ရုပ်ရှင်ကြည့်လိုက်၊ စာဖတ်လိုက်၊ ဘုရားရှိခိုးလိုက်နဲ့ အချိန်တွေ မကုန်ကုန်အောင် ဖြုန်းရင်း ကျွန်မဘဝမှာ ဒီလိုခရီးစဉ်တွေကို နောက်ထပ် ဘယ်နှကြိမ်လောက်များ သွားရဦးမလဲ တွေးမိပြန်တော့ ရင်မောရပြန်ပါတယ်။ ရင်မောတော့ သက်ပြင်းက တစ်ခါချမိပြန်ပါတယ်။ သက်ပြင်းတစ်ခါချရင် တစ်ရက် အသက်တိုတတ်တယ် ဆိုတဲ့စကားကိုသာ အတည်ယူရရင်ဖြင့် ကျွန်မ

တော့ ခက်ရချည်ရဲ့လို့ ဆက်စဉ်းစားဖြစ်ပြန်တော့ တစ်ယောက်တည်း ပြုံးစိစိ ဖြစ်ရပြန်ပါတယ်။

ကျွန်မဟာ ကိုယ့်ကိုယ်ကိုယ် မေးခွန်းတစ်ခုကို ထပ်တလဲလဲ မေးနေဖြစ်တာ ကြာပါပြီ။ အဲဒီမေးခွန်းကတော့ ကိုယ့်ဘဝကိုယ် ကျေနပ်မှု ရှိရဲ့လား ဆိုတာပါ။ အသက် ၃၅ နှစ်ဆိုတာ လူ့သက်တမ်းရဲ့ တစ်ဝက်လို့ သတ်မှတ်ရင်လည်း ရပါတယ်။ ဒီတော့ သက်တမ်း တစ်ဝက်လုံး ကိုယ့်ဘဝကိုယ် ကျေနပ်၊ မကျေနပ် သိမှ ကျန်တဲ့တစ်ဝက်ကို ဘယ်လိုအနေအထားနဲ့ ဆက်ပြီး ဖြတ်သန်းရမယ်ဆိုတာကို စဉ်းစားလို့ ရပါလိမ့်မယ်။ အသက် ၇၀ ထိ နေရမှာလား။ ဒီထက် စောမလား။ နောက်ကျမလားဆိုတာကို တိတိကျကျ မသိနိုင်သော်ငြားလည်း ကိုယ့်ဘက်က လုပ်စရာရှိတာတွေကိုတော့ လုပ်ရဦးမှာပါ။ အချိန်ကုန်တာတွေက မသိလိုက်အောင်ကို မြန်လွန်းတာမို့ သိတာနဲ့ လန့်လန့်ဖျတ်ဖျတ် ဖြစ်ရပါတယ်။ အချိန်နဲ့အမျှ ရုပ်ရည်တွေ ကွဲပြားခြားနားကုန်တာကိုလည်း ပရိသတ်များကို ဦးကျော်ဟိန်းနဲ့ ကျွန်မ ယခင်နဲ့ ယခု ရိုက်ကူးခဲ့သော ဇာတ်ဝင်ခန်းမှ ပုံနှစ်ပုံကို ယှဉ်တွဲ တင်ပြထားပါတယ်။ တကယ်ဆို ကျွန်မမှာ အချိန်တွေ အများကြီး မကျန်တော့ပါဘူး။ ခုချိန်ထိ လူ့ဘဝကို အကျိုးရှိအောင် ဘာတွေများ လုပ်ခဲ့ဖူးသလဲ။ အနုပညာသမားတစ်ယောက် ဖြစ်ခွင့်ရခြင်းအပေါ် မှတ်တိုင်တွေ ဘယ်နှခုများ စိုက်ထူပြီးခဲ့ပြီလဲ။ ကျွန်မ ကိုယ့်ကိုယ်ကိုယ် ပြန်မေးရတော့မှာပါ။

မေလ ၇ ရက်နေ့က ကျွန်မတို့ရဲ့ မင်္ဂလာသက် ၆ နှစ် ပြည့်ခဲ့ပါတယ်။ ကိုမျိုးမင်းက ကျွန်မအတွက် အမှတ်တရအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ပန်းစည်းတစ်စည်း ပေးပို့ခဲ့ပါတယ်။ ရိုက်ကွင်းပေါ် ရောက်လာတဲ့ ပန်းစည်းကို ကြည့်ရင်း ကျွန်မကို သူ လက်ထပ်ခွင့် တောင်းတုန်းက ဒီလိုပဲ ပန်းစည်း တစ်စည်း ပို့ပေးခဲ့ဖူးတာကို ပြန်သတိရရင်း ၆ နှစ်ဆိုတဲ့အချိန် ကုန်ဆုံးသွားမှုဟာ ကျွန်မအတွက် အိပ်မက်တစ်ခု မက်ခဲ့သလို ခံစားရပါတယ်။ ကျွန်မ မိဘတွေနဲ့အတူနေပြီး အနုပညာအလုပ်တွေ လုပ်ကိုင်နေတာကို ယုံကြည်စိတ်ချစွာနဲ့ ကျွန်မအပေါ် သူများတကာတွေနဲ့ မတူတဲ့ နားလည်မှုမျိုးနဲ့ ကြည်ကြည်ဖြူဖြူ ရှိနေဆဲဖြစ်တဲ့ ကိုမျိုးမင်းကို ကျွန်မ ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ နှစ်ယောက်ကြားမှာ (ချုပ်ချယ်မှု) ဆိုတဲ့ စကားလုံးကို တစ်ခါမှလည်း မစဉ်းစား၊ တစ်ကြိမ်မှလည်း မသုံးစွဲခဲ့ကြတဲ့အတွက် အခုလို ကျွန်မတို့ အချိန်ကြာကြာ ပေါင်းသင်းကွာပြီး နေနိုင်ကြတာပါ။ ကျွန်မတို့ နှစ်ယောက်ကြားမှာ အပြန်အလှန် အထောက်အကူပြုနိုင်တဲ့ ဆက်ဆံရေး ရှိနေသမျှ ကာလပတ်လုံး ပြဿနာဆိုတာလည်း ဘယ်တော့မှ ရှိလာမှာ မဟုတ်ဘူးလို့ ကျွန်မ ယုံကြည်ထားပါတယ်။ ဘေးလူတွေ ဘာပြောပြော ကျွန်မတို့ နှစ်ယောက်လုံးက အပြုံးမပျက် နားထောင်တတ်ကြပြီး တစ်ယောက် မသိစေချင်တာကို တစ်ယောက်ကလည်း မသိချင်တဲ့အတွက် သံသယမရှိ အဆင်ပြေပြေ နေနိုင်ခွင့်ရခဲ့တာပါ။

အခု ဒီစာမျက်နှာကို ရေးပြီးချိန်မှာ ကိုယ့်ဘဝကိုယ် ကျေနပ်မှုရှိမရှိ စစ်ဆေးဖို့တစ်ခုပဲ ကျန်ပါတော့တယ်။ ကျွန်မအကြောင်းကို ကျွန်မ သိဖို့အတွက် အချိန်အနည်းငယ် ယူရဦးမှာပါ။ စစ်ဆေးပြီးရင်လည်း ဘာလုပ်ရမလဲ ဆိုတဲ့ မေးခွန်းထက် ဘာလုပ်ချင်လဲဆိုတဲ့ မေးခွန်းကို ဖြေပြီး အဆုံးသတ်ရမှာပါ။ အပိုင်း ၁၁ ဟာ ဒီစာအုပ်ရဲ့ နောက်ဆုံးကဏ္ဍ တစ်ခုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

PART
ELEVEN
2006
PRESENT
TIME




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မလေးက ဇွန် ၂၁ မှာ သီလရှင်ဘဝက ပြန်ထွက်လာခဲ့ပါတယ်။ သူ လူဝတ်လဲတဲ့အချိန် ကျွန်မကလည်း ပုပ္ပားကို ၄ ကားတွဲနဲ့ ကားရိုက် ထွက်ခဲ့တာမို့ သူနဲ့ မဆုံခဲ့ပါဘူး။ မလေးက (နှစ်လတိတိ သီလရှင်ဘဝနဲ့ နေလာခဲ့တာမို့) သူ့စိတ်တွေ အေးချမ်းနေပါပြီ။ ပူဆွေးသောကတွေလည်း ကင်းစင်သွားပါပြီလို့ အကြောင်းကြားလာတဲ့အတွက် ကျွန်မမှာ စိတ်ထဲကနေ (တော်ပါသေးရဲ့) လို့ တိုးတိုးတိတ်တိတ် ရေရွတ်ရင်း သူ့အတွက် စိတ်ချမ်းသာရာ ရသွားပါတယ်။ ကျွန်မ ဘဝတစ်လျှောက်လုံး ဒီမိဘနဲ့ မောင်ညီမတွေအတွက်နဲ့ပဲ ရှင်သန်လှုပ်ရှားခဲ့ရတာပါ။ ကျွန်မဘဝနဲ့ ပတ်သက်လို့ ကျေနပ်မှု၊ မကျေနပ်မှုတွေဟာ သူတို့တွေနဲ့ တော်တော်များများ သက်ဆိုင်နေတယ်ဆိုတာ သူတို့ကို သိစေချင်ပါတယ်။

ဒီစာအုပ်ရဲ့ နောက်ဆုံးအပိုင်းကို ကျွန်မ ရေးနေတဲ့အချိန်မှာ အငယ်ဆုံးညီမ ဒါဒါက ကိုယ်ဝန်ရှိနေပါပြီ။ အမေကတော့ ထုံးစံအတိုင်း ကလေးယူတာ စောတယ် ဘာညာနဲ့ သူ့ထုံးစံအတိုင်း နှုတ်ခမ်းတဆူဆူ လုပ်လိုက်သေးတာမို့ (ဒီအချိန်ဟာ မိန်းမတစ်ယောက်အတွက် ကလေးမွေးဖို့ အသင့်တော်ဆုံးအချိန်လေ)လို့ သတိပေးရပြန်ပါတယ်။ ကျွန်မကတော့ ဒါဒါ့ဘဝကို ကြည့်ရင်း အမှန်တကယ် ကျေနပ်မိပါတယ်။


အပျိုဖော် မဝင်တဝင်အချိန်ကတည်းက သူ့ဘဝ ပြည့်စုံစွာ ကြီးပြင်းခဲ့ရတာ သူ့ကံပါပဲ။ ရုပ်ရှင်မင်းသမီး ဖြစ်လာတော့လည်း ကျွန်မလို ရှုတင်ကား နောက်ခန်းမှာ သူ မစီးဖူးခဲ့ပါဘူး။ ကိုယ်ပိုင်ကားနဲ့ ဆယ်လူလာဖုန်းနဲ့ တင့်တင့်တယ်တယ် မင်းသမီး လုပ်ခဲ့တာပါ။ မင်းသမီးလုပ်တော့လည်း သူ့ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ၊ စန်းတို့ကြောင့် အချိန်တိုတိုအတွင်းမှာပဲ နာမည်ကျော်ကြားခဲ့ပြီး အောင်မြင်ခဲ့ပါတယ်။ သူ့အနုပညာ တော်တယ်၊ ကောင်းတယ်ဆိုတာကိုလည်း သူ ရခဲ့တဲ့ အကယ်ဒမီနှစ်ဆုက သက်သေပြထားပါတယ်။ သူ အိမ်ထောင်ပြုတော့လည်း အစောပိုင်းက (ကျွန်မကိုယ်တိုင်) ငယ်သေးတယ်လို့ တွေးခဲ့ကြပေမယ့် အသက် ၂၆ နှစ်ဆိုတဲ့အရွယ်ဟာ မိန်းကလေး တစ်ယောက်အတွက် အိမ်ထောင်ပြုသင့်တဲ့ အမှန်ကန်ဆုံး အရွယ်တစ်ခုပါ။ အဓိကက တော့ တစ်ယောက်နဲ့ တစ်ယောက် မြတ်မြတ်နိုးနိုး ချစ်ကြတဲ့အတွက် တခြား ဘာကိုမှ ထပ်ပြီး စဉ်းစားစရာ မလိုတော့လောက်အောင် ပြည့်စုံနေပါပြီ။ ကိုယ်ပိုင်ဝင်ငွေလည်း အသီးသီး ရှိကြတာမို့ ဘာမှလည်း ပူစရာ မလိုတော့ပါဘူး။ အခုဆိုရင်လည်း ရင်သွေးလေး ပိုင်ဆိုင်ရတော့မှာပါ။ ကဲ··· ဒါဒါ့ဘဝ ဘယ်လောက်တောင် ကျေနပ်စရာကောင်းပါသလဲ။

ကျွန်မကတော့ ဒါဒါ့ကို တစ်ခုပဲ သတိပေးရပါတယ်။ အိမ်ထောင်တစ်ခုကို ကိုယ့်စိတ်တိုင်းကျ ထူထောင်ခဲ့ပြီးပြီမို့ ကိုယ့်အကြောင်း နားမလည်ဘဲ သေသေချာချာလည်း ဝင်ဝင်ပြောတတ်ကြတဲ့ ဘေးလူတွေရဲ့ စကားတွေကို လွယ်လွယ်ကူကူ မယုံကြည်ဖို့နဲ့ နားမထောင်ဖို့ပဲ ဖြစ်ပါတယ်။ (အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဘေးလူတွေထဲမှာ ကျွန်မ အပါအဝင် ကျွန်မ မိသားစုလည်း ပါပါတယ်။ အဓိကကတော့ နေရာတကာ ပါတတ်တဲ့ အမေပေါ့လေ)

တစ်ဦးတည်းသော မောင်လေးအတွက်လည်း ခုလောလောဆယ်အချိန်မှာ သူ အိမ်ထောင် မပြုသေးတာကလွဲရင် ကျန်တဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဟာ တစ်စုံတစ်ခုမှ စိတ်ပူစရာအကြောင်း မရှိတော့တာမို့ သူ့အတွက် ကျွန်မ ကျေနပ်နိုင်ပါပြီ။ အနာဂတ်အတွက်ဆိုရင်ကတော့ သူက ယောကျ်ားလေးတစ်ယောက်ပါ။ အသက်လည်း ၃၀ ပြည့်တော့မှာပါ။ သူ့အနာဂတ် တင်မကပါဘူး။ မည်သူမဆို ကိုယ့်အနာဂတ် အောင်မြင်ဖို့အတွက် ကိုယ့်ဟာကိုယ်ပဲ ဖန်တီးရမှာပါ။ ကျွန်မကသာ မောင်နဲ့ပတ်သက်လို့ ကြံဖန် လျှောက်စဉ်းစားနေတာထက် သူ့ လုပ်ရပ် မှန်သမျှကို ကျေနပ်ပေးတတ်ဖို့ပဲ လိုပါတယ်။ ဒါကြောင့် မောင်မောင့်အတွက်လည်း ထူးထူးထွေထွေ ပြောစရာ မရှိတော့ပါဘူး။

နောက်ဆုံး တစ်ယောက်ကတော့ မကလျာပါပဲ။ အခုလက်ရှိအချိန်မှာတော့ အရာရာကို သူဖြေသိမ့်တတ်နေပါပြီလို့ ကျွန်မကို အဖြေပေးထားပါတယ်။ သူ အိမ်ထောင် မပြုမချင်းထိတော့ မိဘနှစ်ပါးနဲ့အတူ တန်းတူ အခွင့်အရေးမျိုးကိုတော့ ကျွန်မ ပေးနိုင်ပါတယ်။ ကလျာနဲ့ပတ်သက်လို့တော့ ကျေနပ်ခြင်း၊ မကျေနပ်ခြင်း ကျွန်မမှာ ရွေးချယ်စရာ မရှိပါဘူး။ သူ့အနေအထားအရ ပြောရတာပါ။

ခုလက်ရှိအချိန်မှာတော့ သူ့ချစ်သူ ဆုံးပါးသွားတဲ့ ကလျာကို (နံနက်ခင်းဂျာနယ်ထဲမှာ ပါလာတဲ့ သူမရဲ့ဆောင်းပါးကို ဖတ်ရပြီး) သနားကရုဏာဖြစ်ရင်း တကယ့်မေတ္တာစစ်၊ မေတ္တာမှန်နဲ့ ရိုးမြေကျ တစ်သက်လုံးပေါင်းသင်းလက်ထပ်ဖို့အတွက် ကျွန်မမိဘများဆီမှာ လာရောက်တောင်းရမ်းတဲ့သူ တစ်ဦးတော့ ရှိနေပါတယ်။ ကလျာအနေနဲ့ သူ့ Life ကို တည်ငြိမ်အောင် ဆောက်တည်နေတဲ့အချိန်မှာ ဒီကိစ္စကို စိတ်မဝင်စားချင်ပေမယ့် မိဘများနဲ့ ကျွန်မတို့ညီအစ်မတွေအပေါ်မှာ အဖေလို၊ ဦးလေးလို၊ အစ်ကိုလို၊ သူငယ်ချင်းမိတ်ဆွေကောင်း တစ်ယောက်လို တစ်သက်လုံး စောင့်ရှောက်လာခဲ့တဲ့လူတစ်ယောက်ရဲ့ တိုက်တွန်း၊ အာမခံချက်တွေကြောင့် သူ့မှာလည်း ဝေဝေဝါးဝါး စဉ်းစားပေးနေရတဲ့အခြေအနေပါ။ ကျွန်မရဲ့သဘောထားကို ဝိုင်းဝန်းကောက်ခံကြတဲ့အချိန်မှာတော့ ကျွန်မမှာလည်း အတော့်ကို ဦးနှောက်စားရပြန်ပါတယ်။ ကျွန်မစိတ်ထဲမှာတော့ ကလျာကို အိမ်ထောင်ချပေးချင်တဲ့စိတ်နဲ့ မချပေးချင်တဲ့စိတ်က ဒွန်တွဲနေရပြန်ပါတယ်။ ချပေးချင်တယ်ဆိုတာက သူ့ကို လက်ထပ်ခွင့်တောင်းထားတဲ့သူက တည်ငြိမ်ရင့်ကျက်နေပြီဖြစ်တဲ့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်တဲ့အပြင် ကျွန်မတို့မိသားစုကိုလည်း သူ့ရဲ့မိသားစုလို သဘောထားနိုင်တဲ့သူ ဖြစ်နေလို့ပါ။

ကလျာရဲ့ခင်ပွန်းဖြစ်လာမယ့်သူဟာ ကလျာကို တစ်သက်လုံး ကြင်ကြင်နာနာ မြတ်မြတ်နိုးနိုးနဲ့ နားလည်မှုရှိစွာ စောင့်ရှောက်သွားမယ်ဆိုရင် ကျွန်မ စိတ်ချမ်းသာပါပြီ။ အဲဒီကမှ ကျွန်မတို့အတွက် အားကိုးအားထားပြုရမယ့်သူတစ်ယောက်ဖြစ်လာမယ်ဆိုရင်တော့ ပိုပြီး ကျေနပ်စရာ ဖြစ်လာမှာပေါ့ရှင်…ဒါဒါတို့ နှစ်ယောက်လုံးက အနုပညာသမား

www.burmeseclassic.com

www.burmeseclassic.com



တွေဆိုတော့ သူတို့ဟာသူတို့တောင် အချိန်ပိုရှိကြတာမဟုတ်ပါဘူး။ မောင်လုပ်တဲ့သူနဲ့ ကိုမျိုးမင်းကလည်း နိုင်ငံရပ်ခြားနေလေပြန်တော့ ကလျာန်ဘေး မားမားမတ်မတ် ရပ်တည်နိုင်တဲ့သူရှိခဲ့ရင်တော့ ကျွန်မအဖို့ မိဘတွေအတွက်လည်း စိတ်အေးရရင် ဟိုမှာ သုံးလ၊ ဒီမှာ သုံးလ နေခွင့်ရမှာပါ။ နို့မို့ဆို လူတစ်ချို့က (ယောကျ်ားနားမနေဘဲ ဒီမှာ ဘာလို့ အကြာကြီးနေနေတာလဲ)လို့ မေးရင် ကျွန်မစိတ်ထဲ အတော့်ကို ကသိ ကအောင့် ဖြစ်ရပါတယ်။ ကျွန်မအိမ်ထောင်ကျကတည်းက ယောကျ်ားနဲ့ လိုက်သွားခဲ့တာပါ။ အခု ယောကျ်ားကိုယ်တိုင်က ကြည်ကြည်ဖြူဖြူနဲ့ ကျွန်မကို ရန်ကုန်မှာ နေထိုင်ခွင့်ပေးရင်း အလုပ်ကိုလည်း ဆက်လုပ်ခိုင်းတာပါ။ ကာယကံရှင်တွေ ပြေလည်ကြပေမယ့် ဘေးစကားတွေက ကျွန်မတို့ရဲ့ ကိုယ်ကျင့်တရားကို အနှောင့်အယှက် ဖြစ်စေပါတယ်။ ဒါပေမယ့်လည်း ကျွန်မ သည်းသည်းခံရတာပါပဲ။

ကျွန်မ ရန်ကုန်ပြန်လာခါစ လွန်ခဲ့တဲ့ ၈ လလောက်က ဇမ္ဗူမိုင်ထဲမှာပဲ မြေကွက်တစ်ကွက် ဝယ်ခဲ့ပါတယ်။ အိမ်လေးတစ်လုံးလောက် ပြန်ဆောက်မယ်ဆိုတဲ့ စိတ်ကူးနဲ့ပါ။ ဒါပေမယ့်လည်း ကျွန်မရှာလို့ ရတဲ့ငွေက အိမ်စရိတ်နဲ့ တခြားလူမှုရေး၊ ကျန်းမာရေးစရိတ်နဲ့ US ကို တစ်ခေါက်တစ်ခေါက် ပြန်ရင် သုံးရတဲ့ငွေနဲ့ တွက်ကြည့်ရင် အများကြီး ငွေပိုငွေလျှံ မစုမိပါဘူး။ US နဲ့ ရန်ကုန် အသွားအပြန် လေယာဉ်လက်မှတ်က US 2000နီးပါး ပေးရပါတယ်။ ဒါကြောင့် ရင်းနှီးတဲ့ သူငယ်ချင်းများက (နင် လေယာဉ်လက်မှတ်ဖိုးတောင် ကာမိရဲ့လား) အမြဲမေးကြပါတယ်။ ကာမိမိ၊ မမိမိ လက်ရှိအခြေအနေအရတော့ ဒီလိုပဲ ကျွန်မ သွားနေရဦးမှာပါပဲ။ ဒီတော့ အိမ်ဆောက်ဖို့အတွက် ငွေများများလိုတာမို့ ကျွန်မ အလုပ်ပိုလုပ်မိပါတယ်။ အလုပ်များလာတော့ လူက ပိုပင်ပန်းသလို စိတ်ကလည်း ဆတူ ပင်ပန်းရတာပါပဲ။

တစ်ခါတရံ ကိုမျိုးမင်း ဖုန်းဆက်တဲ့အခါ ပင်ပန်းနေလား သူက မေးရင် ဒီကလည်း ယောင်ယမ်းပြီး ပင်ပန်းတယ်လို့ ဖြေမိပါတယ်။ အဲဒီအခါကျရင် ကိုမျိုးမင်းက (ပင်ပန်းရင် ဘာလို့နေနေလဲ၊ ပျော်တယ်ဆိုလို့ ထားထားတာ၊ ပြန်လာခဲ့)လို့ ပြောတတ်ပါတယ်။ အဲတော့မှ ကျွန်မလည်း (မပင်ပန်းပါဘူး)လို့ ကမန်းကတန်း ပြန်ဖြေရပါတယ်။ ကိုမျိုးမင်းကလည်း ကျွန်မ ညာမှန်းသိပါတယ်။


(အိမ်ဆောက်ဖို့ဆိုတဲ့ စိတ်နဲ့ အလုပ်တွေဖိပြီး လုပ်နေဦးမယ် ဆိုရင် မိန်းမဘဝက ဘယ်တော့မှ နားရမှာလဲ၊ လောဘကို လျှော့ပါ)တဲ့။ သူက အဲလို သတိပေးပါတယ်။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ ခုလက်ရှိ အခြေအနေမှာလည်း ကျွန်မ နေလို့ ဖြစ်နေတာပါပဲ။

မြန်မာပြည်မှာနေတုန်းကလည်း တစ်ချိန်လုံး ငွေရှာခဲ့၊ US မှာ နေတဲ့ ခြောက်နှစ်တာ ကာလမှာလည်း ယောကျ်ားကို ငွေကူရှာပေးခဲ့တာတွေကို ကိုမျိုးမင်းက သတိထားခဲ့မိပါတယ်။ အခု ရန်ကုန်မှာ ကျွန်မနေတာကို ကို



www.burmeseclassic.com

www.burmeseclassic.com



မျိုးမင်းဘက်က တစ်ချက်ကလေး မပြုစုခဲ့တာ အဲဒီအကြောင်းတွေလည်း ပါပါတယ်။ ကျွန်မ အောင်မြင်နေတဲ့အချိန်မှာ သူနောက်လိုက်ခဲ့ပြီး ဘဝကို ဒေါင်ကျကျ ပြားကျကျ နေထိုင်နိုင်ခဲ့တာအချိန်နဲ့အမျှ ဘဝကို တိုးတက်အောင် စဉ်းစားပြီး သူ့ကို ကူညီလုပ်ကိုင်ပေးခဲ့တာတွေကို သူ အမြဲကျေးဇူးတင်ပါတယ်တဲ့။ ဒါကြောင့် ရန်ကုန်မှာ ရုပ်ရှင်ပြန်ရိုက်တယ်၊ ကျွန်မ ပျော်ပျော်ရွှင်ရွှင် နေနိုင်တယ်ဆိုရင် သူလည်း ကျေနပ်ပြီး ကျွန်မလည်း ပင်ပင်ပန်းပန်းနဲ့ ငွေနောက်ပဲ လိုက်နေဦးမယ်ဆိုရင် (လက်ရှိအချိန်တွေ US မှာ ကျွန်မ အလုပ်လုပ်စရာမလိုဘဲ လိုလေသေးမရှိ နေနိုင်ခဲ့ပြီမို့) ငွေထပ်ရှာဦးမယ်ဆိုရင်တော့ ရန်ကုန်မှာ နေမနေနဲ့၊ ပြန်လာတော့လို့ သူက ပြောချင်တာပါ။

ကိုမျိုးမင်းက ကျွန်မ ရုပ်ရှင်ရိုက်လို့ ရလာတဲ့ ပိုက်ဆံ ဘယ်လောက် ရှိလဲ၊ ဘယ်လောက် စုမိလဲ၊ ပိုက်ဆံတွေ ဘယ်ရောက်ကုန်ပြီလဲ တစ်ခါမှ မမေးပါဘူး။ ကျွန်မ ရှာလို့ရတာ၊ ကျွန်မအတွက် သုံးချင်တာသုံး၊ ဝယ်ချင်တာ ဝယ်၊ သူက သဘောကျပါတယ်။ အဲ…ကျွန်မကများ မသုံးရက်ဘဲ တစ်ခုခုအတွက် စုထားတာတို့၊ သူများကို ထောက်ပံ့ပေးကမ်းနေရတာတို့ဆိုရင် သူက သဘောမကျတော့ပါဘူး။ မကြည်မလင်တွေဖြစ်လာပါတယ်။

ကျွန်မ US ပြန်ရင်လည်း ဒီက ပိုက်ဆံ ယူသွားစရာ မလိုပါဘူး။ သူ့ဆီက လိုအပ်သလောက် ယူသုံးခွင့်ပေးပါတယ်။ (တကယ်တော့လည်း ကျွန်မ တစ်ယောက်တည်းအတွက်ကတော့ ဘာမှပူစရာ မရှိတာတော့ အမှန်ပါ)

အိမ်တစ်လုံး ဆောက်တာ အခုခေတ်ကြီးမှာ လွယ်တဲ့ကိစ္စ မဟုတ်ဘူးဆိုတာ ကျွန်မလည်း သိထားပါတယ်။ ခြံထဲမှာ အုတ်လေးသောင်းလောက် ချပြီးမှ ကိုမျိုးမင်း ပြောတာတွေကို ပြန်သတိထားမိရင်း အိမ်ဆောက်မယ့်အစီအစဉ်ကို ခဏဆိုင်းငံ့ထားလိုက်ပါတယ်။ ပြီးတော့ ကိုမျိုးမင်း မေးတဲ့ မေးခွန်း နှစ်ခုကို သေချာ ပြန်စဉ်းစားရပါတယ်။ မေးခွန်းနှစ်ခုမှာ တစ်ခုက စိတ်ရောလူရော အပင်ပန်းခံနိုင်တာ သေချာလား ဆိုတာရယ်၊ နောက်တစ်ခုကတော့ အဲဒီအိမ်မှာ တကယ်နေမှာလားဆိုတာရယ်ပါ။ သူ့မေးခွန်းတွေက ကြည့်လိုက်ရင် ဘာမှ မဟုတ်ပေမယ့် သေချာတွေးကြည့်ရင်တော့ အဓိပ္ပာယ်ရှိပါတယ်။ အခုချိန်မှာ အမှန်အတိုင်းပြောရရင် ကျွန်မအနေနဲ့ လူရော စိတ်ပါ အပင်ပန်းခံနိုင်သေးတဲ့အရွယ်တစ်ခု ရှိသေးတယ် ဆိုပေမယ့် ကျွန်မ အပင်ပန်းမခံချင်တော့ပါဘူး။ အဲလိုပြောလို့ ကျွန်မ မတက်ကြွတော့ဘူးလို့ ထင်ချင်ထင်ကြပါမယ်။ တက်ကြွမှုထက် တည်ငြိမ်မှုကိုပဲ ကျွန်မ လိုလားပါတယ်။

ကိုမျိုးမင်းပြောသလို ကျွန်မမှာ လောဘရှိနေသ၍ ကာလပတ်လုံး ကျွန်မ ပင်ပန်းနေရမှာပါ။ ဒီတော့ အစမ်းသဘောအနေနဲ့ ကျွန်မ လောဘနည်းနည်း လျှော့ကြည့်တဲ့အခါ သက်သာမှုတစ်ခုကို ခံစားရရှိပါတယ်။ အဲဒီသက်သာမှုကို ကျွန်မ နှစ်သက်မိတဲ့အတွက် လောဘမှန်သမျှ လျှော့နိုင်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

နံပါတ်နှစ် မေးခွန်းကို စဉ်းစားကြည့်တဲ့အခါမှာ ဒီအိမ်ကို ဆောက်မယ်လို့ ကျွန်မ ရည်ရွယ်တာ ကျွန်မ အသက်ကြီးရင် နေဖို့ပါ။ (ပြောပြန်ပြီနော်) ဒါပေမယ့်လည်း ကျွန်မ တကယ်နေချင်တဲ့နေရာဟာ ရန်ကုန်မြို့ကြီးမှာ မဟုတ်ဘူးဆိုတာ အဖြေထွက်လာပါတယ်။

အမြဲအေးတဲ့ရာသီဥတုရယ်၊ လတ်ဆတ်တဲ့ အသီးအနှံတွေ ပေါတဲ့နေရာ၊ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းရမယ်၊ တယ်လီဖုန်းလိုင်းလေးလည်း မိရမယ်၊ ပြီးတော့ ဆေးရုံ ဆေးခန်း ကောင်းကောင်းလည်း ရှိရမယ်။ ဒါတွေ အားလုံး ပြည့်စုံတဲ့နေရာကို စဉ်းစားကြည့်မိတော့ (ပြင်ဦးလွင်) ဟာ ကျွန်မ လိုအပ်ချက်များနဲ့ အသင့်တော်ဆုံးနေရာတစ်ခု ဖြစ်လာပါတယ်။

ဒါနဲ့ပဲ ကျွန်မ မြေကွက်ကို ပြန်ရောင်းပစ်လိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒါဒါနဲ့ ဖြိုးကြီးက အရင် ကျွန်မနေခဲ့တဲ့ ၉ မိုင် လမ်းထဲမှာပဲ တိုက်အသစ်ကလေးတစ်လုံး ဝယ်လိုက်နိုင်ပါတယ်။ ဒါဒါ အိမ်ဝယ်လိုက်တဲ့အတွက် အဖေနဲ့အမေအတွက် တွေးပူစရာ မလိုတော့ပါဘူး။ တစ်ခါတလေ ကျွန်မက US မှာ ၆ လလောက်နေချင်နေဦးမှာဆိုတော့ အဖေနဲ့ အမေကို ဒါဒါ ကြည့်ပေး လို့ရတာပေါ့။ (မကလျာကိုတော့ ကျွန် မောင်နှမ သုံးယောက် ဝိုင်းကြည့်ပေးဖို့ ဆုံးဖြတ်ထားပါတယ်။ ဘုံစနစ်ပေါ့ရှင်။ အခုတော့ မလိုတော့ပါဘူး) အလုပ်အကိုင်ရှိတဲ့ ကျွန်မ၊ မောင်မောင်နဲ့ ဒါဒါတို့က အဖေ၊ အမေနဲ့ ကလျာတို့ သုံးဖို့ ကိုယ်နိုင်သလောက် ထောက်ပံ့ပေးဖို့လည်း စီစဉ်ပြီးပြီမို့၊ နောက်ပိုင်းကာလတွေဟာ အသက်ရှုချောင်စေမယ့် ကာလများလို့ ကျွန်မ အမှန်တကယ် ယုံကြည်ထားပါတယ်။

ကျွန်မ လက်ရှိ စိတ်ကူးထားတာကတော့ ပြင်ဦးလွင်မှာ (လူတွေနဲ့ မနီးမဝေး နေရာတစ်ခုပေါ့လေ) မြေကျယ်ကျယ်လေးတစ်ခု (တစ်ဧကလောက်ပေါ့) ဝယ်နိုင်ဖို့ အရေးပါပဲ။ ပြီးရင် တစ်ထပ်အိမ် ကျယ်ကျယ်လေးတစ်ခု ဆောက်ပါမယ်။ နှစ်ထပ်ဆိုရင် အသက်ကြီးတဲ့အခါ လှေကားတွေ မတက်ချင်ဖြစ်မှာစိုးလို့ပါ။ အိမ်ထဲမှာ အိပ်ခန်းကျယ် နှစ်ခု၊ ဘုရားခန်း တစ်ခု၊ စာဖတ်ခန်း တစ်ခု၊ Family room တစ်ခု၊ ဧည့်ခန်းကျယ်တစ်ခု၊ Dinning room တစ်ခု၊ ဒီလောက်ဆိုရင် အတော်ပြည့်စုံပါပြီ။ ကျွန်မ ဧည့်ခန်းထဲမှာ စန္ဒရားတစ်လုံးကတော့ မရှိမဖြစ်ကို ရှိရပါမယ်။ ဘာလို့လဲဆိုတော့ အသက်ကြီးရင် ကျွန်မ စန္ဒရားလေးကလည်း တီးချင်သေးလို့ပါ။ (လောလောဆယ်မှာကို မိတ်ဆွေတစ်ယောက်က စန္ဒရားတစ်လုံး လက်ဆောင်ပေးထားပေမယ့် ကျွန်မမှာ ထားစရာမရှိတဲ့အတွက် အဲဒီမိတ်ဆွေကိုပဲ ပြန်သိမ်းထားခိုင်းရပါတယ်။ ဆိုးတယ်နော်) ပြီးတော့ နှစ်ဖက်မိဘတွေက ကျွန်မကို သားသမီး ယူဖို့ ဝိုင်းပြီး တိုက်တွန်းနေကြပေမယ့်လည်း (ခုချိန်ထိတော့) ကျွန်မကတော့ ခေါင်းခါနေခဲ့ပါတယ်။

လက်ရှိ အဟောင်းတွေနဲ့တောင် အချစ်တွေ၊ သံယောဇဉ်တွေ ဖြတ်တောက်နိုင်အောင် ကြိုးစားနေတဲ့အချိန်မှာ နောက်ထပ် (တစ်ခါမှလည်း မမြင်ဖူးသေးတဲ့) အသစ်တစ်ခုအတွက် အချစ်တွေ၊ သံယောဇဉ်တွေ၊ ပေးဆပ်မှုတွေ ထပ်ရှိရဦးမယ်ဆိုရင်တော့ ကျွန်မအတွက် ရင်လေးစရာတွေကိုပဲ ထပ်ကြုံရဦးမှာဆိုတာကို ကျွန်မ ကြိုသိနေသလိုပါပဲ။ အချိန်တန်ရင် ကျွန်မကို ထားခဲ့ဦးမယ့်သူတွေအတွက် ကျွန်မ အချိန်ကုန် မခံချင်တော့ပါဘူး။ လက်ရှိ ဘေးနားမှာ ရှိနေတဲ့သူတွေကိုပဲ ပြည့်စုံစွာ လုပ်ကိုင်ပေးနိုင်ဖို့ ကြိုးစားပါဦးလို့ပဲ ကိုယ့်ကိုယ်ကိုယ် ပြောချင်ပါတယ်။

ဒီအတွက် ကိုမျိုးမင်းဘက်ကိုကော ထည့်တွက်ရဲ့လားလို့ အမေးစကား ရှိနိုင်ပါတယ်။ သူ့ကို တစ်ရာရာခိုင်နှုန်း အခွင့်အရေးတွေ ကျွန်မ အပြည့်ပေးထားပါတယ်။ သူ ဘာလုပ်လုပ် ကျွန်မ ကျေနပ်နိုင်တယ်ဆိုရင် တခြားဘာစကားပိုတွေကို ပြောစရာလည်း မလို၊ နားထောင်စရာလည်း မလိုတော့ဘူး ပေါ့နော်။ ကဲ...ရှင်းသွားရောပေါ့။

ကျွန်မကတော့ ကိုယ်လည်း ဝါသနာပါ၊ ပါရမီလည်း ကိုက်ညီ၊ တကယ်လည်း လုပ်ချင်တဲ့ ဒီသရုပ်ဆောင်ဘဝကို၊ ကျွန်မကို လက်ခံနေသ၍ ကာလပတ်လုံး၊ ကျွန်မ လုပ်နိုင်သေးသ၍ ကာလပတ်လုံး ပျော်ပျော်ရွှင်ရွှင် လုပ်သွားဦးမှာပါ။ ကျွန်မရဲ့စိတ်ချမ်းသာမှုဟာ သူများ သဘောကျတာ၊ မကျတာပေါ်မှာ မူမတည်ဘဲ ကိုယ့်သဘောကျမှု၊ မကျမှုပေါ်မှာပဲ မူတည်ပြီး ရှာဖွေသွားချင်ပါတယ်။

ဘေးပတ်ဝန်းကျင်က လူတွေ မသိနားမလည်လို့၊ ကိုယ်ချင်းစာနာတတ်တဲ့စိတ် မမွေးနိုင်သေးလို့၊ ကိုယ့်နှုတ်ကို မစောင့်ထိန်းနိုင်သေးလို့၊ ကိုယ်ထင်ရာကို ရမ်းသမ်း စွပ်စွဲ ပြောဆိုလာကြမယ့် တန်ဖိုးမရှိတဲ့ စကားလုံးများနဲ့ပတ်သက်လို့ကတော့ တစ်သက်လုံး ကြုံကြုံခံနိုင်အောင် ကျွန်မ ကြိုးစားရဦးမှာပါ။ တကယ်တော့လည်း ဒီကောလာဟလစကားတွေနဲ့ ကျွန်မဟာ ဘဝတစ်လျှောက်လုံး နပမ်းသတ်လာခဲ့ရတာပါ။ နောက်ဆုံးတော့လည်း အချိန်ဆိုတဲ့ ဒိုင်လူကြီးတစ်ဦးရဲ့ ဆုံးဖြတ်မှုအောက်မှာ ကျွန်မသာလျှင် အောင်မြင်ခဲ့ရတာ

www.burmeseclassic.com



ပါပဲလေ။

ယခုလက်ရှိ ပရိသတ်များ ဒီစာအုပ်ကို ဖတ်ရှုနေချိန်မှာလည်း ကျွန်မဟာ ကောလာဟလသတင်းအမျိုးစုံအောက်မှာ လူးလူးလွန့်လွန့် ရှိနေဆဲပါ။ ကျွန်မ နိုင်ငံခြားမှာ နေနေတဲ့ အချိန်တုန်းကလည်း နေလို့ (အဆင်မပြေလို့ အလုပ်တွေ လုပ်နေရလို့ ပြန်မလာနိုင်တာလေ)၊ ကျွန်မ မိသားစု အိမ်တွင်းရေး အခြေအနေအရ ကျွန်မ ရန်ကုန်မှာ အလုပ်လေးလုပ်ရင်း နေတော့လည်း နေလို့ (ယောကျ်ားနဲ့ ကွဲနေလို့ နေမှာပေါ့)၊ ကျွန်မ မဆင်ချင်လို့ ဝတုန်းကလည်း ဝလို့ (SMTZ တော့ သွားရှာပြီ)၊ ကျွန်မ ဆင်ချင်လို့ ပိန်သွားပြန်တော့လည်း ပိန်လို့ (လူပေါင်းတွေ မှားပြီး မဟုတ်တာတွေ လုပ်နေတာလေ)။ ဩော်··· တကယ့်ကို မရိုးနိုင်အောင် အပြောဆိုခံနေရတဲ့ ကျွန်မဘဝပါ။ အဲလို ပြောကြတဲ့သူတွေကလည်း ကျွန်မတို့ အသိုင်းအဝိုင်းက လောကသား အချင်းချင်းပါပဲ။ ပရိသတ်ဆိုတာက ဒီလူတွေ ပြောလို့ဝလို့ လျှံလာမှ နားစွန်နားဖျား ကြားရ၊ သိရတာပါ။

ဘယ်လိုပဲဖြစ်ဖြစ် ယခုလက်ရှိအခြေအနေမှာတော့ ကျွန်မနဲ့ ပတ်သက်တဲ့ ဒီလိုစကားမျိုးတွေကို ကြားရတဲ့အချိန်မှာ ကျွန်မ(စိတ်)ကို ဒေါသနောက်ပါမသွားစေဘဲ သတိလေးနဲ့ အားလုံးကို လျစ်လျူရှုနိုင်အောင် ဆင်ခြင်တွေးတောဖို့ကိုပဲ ကျွန်မ ကြိုးစားနေပါတယ်။ သူတစ်ပါးကို (ပြောရမလားဆိုပြီး) လိုက်လံတားဆီးလို့မှ မရနိုင်တာလေ။

ပြီးတော့ ကျွန်မဘဝကို ကျေနပ်မှု ရှိမရှိ ကဏ္ဍကို အဆုံးသတ်ပြောရမယ်ဆိုရင်တော့ လက်ရှိအခြေအနေမှာ···

နံပါတ် (၁) မှန်ကန်ပြီး အဓိပ္ပာယ်ရှိတဲ့ အလုပ်တစ်ခုကို ကျွန်မ လုပ်ခွင့်ရနေတုန်းဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

နံပါတ် (၂) ကျွန်မနဲ့ ရင်းနှီးပွင့်လင်းစွာ ပြောဆို တိုင်ပင်လို့ရတဲ့ သူငယ်ချင်းကောင်းလည်း ရှိတယ်။

နံပါတ် (၃) ကျွန်မမေတ္တာကို ပြည့်ပြည့်ဝဝ ပေးခွင့်၊ ဖော်ပြခွင့်ရတဲ့ မိသားစုလည်း ရှိနေသေးတယ်။

နံပါတ် (၄) တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်မှုတွေနဲ့ နားလည်လက်ခံပြီးတော့ လိုက်လိုက်လှဲလှဲ လေးစားရတဲ့ ဆက်ဆံရေးမျိုးလည်း ရှိနေသေးတဲ့အတွက် လက်ရှိ အချိန်မှာ ကျွန်မ ကိုယ့်ကိုယ်ကိုယ်၊ ကိုယ့်ဘဝကိုယ်ကို၊ သေသေချာချာပဲ ကျေနပ်မိပါတယ်လို့ ပြောပြချင်ပါတယ်။

BURMESE CLASSIC .com

ကျွန်မ Life ကို စာမျက်နှာပေါင်း မြောက်မြားစွာနဲ့ ဖော်ပြထားတဲ့နေရာမှာ ဒီနောက်ဆုံး စာမျက်နှာထိ စိတ်ဝင်စား၍သော်လည်းကောင်း၊ အပျင်းပြေသဘောမျိုးနဲ့သော်လည်းကောင်း၊ မည်သည့်သဘောမျိုးနဲ့သော်လည်းကောင်း၊ အချိန်ပေးဖတ်ရှုခဲ့ကြတဲ့ ပရိသတ်များကိုလည်း ကျွန်မ အလေးအနက် ကျေးဇူးတင်မိပါတယ်။ ဒီစာအုပ်ထဲမှာ တချို့ ပရိသတ်များ သိချင်သော၊ အကြောင်းအရာ တချို့တလေ ကျန်ကောင်းကျန်နိုင်ပါတယ်။ ကျွန်မအတွက် တစ်ဖက်သား ထိခိုက်နစ်နာစရာ မဖြစ်ပေါ်စေချင်တဲ့ စေတနာကြောင့် ချန်လှပ်ထားခဲ့ရခြင်းပါဆိုတာကို ပရိသတ်များ နားလည်ပေးစေချင်ပါတယ်။

အခု Feeling 35 ကပြီး နောက်ထပ် အနှစ် ၂၀ ကြာတဲ့အချိန် ကျွန်မ အသက် ၅၅ နှစ် ပြည့်တဲ့အချိန်တစ်ခုမှာ (ကျွန်မ သက်ရှိထင်ရှား နေသေးရင်ပေ့ါ) Feeling Fifty Five ဆိုပြီး စာအုပ်တစ်အုပ် ထပ်ရေးနိုင်အောင် ကျွန်မ ကြိုးစားပါဦးမယ်။ 35 နဲ့ 55 ကွာခြားမှု ကာလတွေမှာ ယခုထက် ပိုပြီးစိတ်ဝင်စားစရာကောင်းတဲ့ ဘဝ အတွေ့အကြုံတွေကို တွေ့ရှိရဦးမယ်လို့ ကျွန်မ ယုံကြည်ထားပါတယ်။ အသက် ၅၅ နှစ် အရွယ်မှာ ကျွန်မဟာ ဒီစာအုပ်ထဲမှာ ရေးခဲ့သလို ပြင်ဦးလွင်မှာ အိမ်လှလှလေးတစ်လုံးနဲ့ စာဖတ်လိုက်၊ ပန်းချီဆွဲလိုက်၊ စန္ဒရား တီးလိုက်နဲ့ တကယ်ပဲ အေးအေးလူလူ နေဖြစ်မှာလား!

ဒါမှမဟုတ် US နဲ့ ရန်ကုန် ကူးချည်သန်းချည်နဲ့ မပင်မပမ်း သွားနေဦးမှာလား! သံယောဇဉ်တွေ ကြောက်လို့ ကလေးမယူဘူးလို့ ပြတ်ပြတ်သားသား ကြွေးကြော်ပြီးမှ မောင်ညီမတွေက မွေးတဲ့ တူတွေ၊ တူမတွေ လက်ထဲကနေ ရုန်းမထွက်နိုင်ဘဲ တစ်ယောက်တည်း ဗျာများနေဦးမှာလား! ဝိပဿနာကို အသေအချာ နားလည်အောင်၊ သိအောင်၊ လုပ်နိုင်အောင် မကြိုးစားဖြစ်ဘဲ ၅၅ နှစ်မှာ ဒီဇိုင်းအသစ်တွေနဲ့ ဟော့ရှော့လုပ်နေဦးမလားဆိုတာ… ဆိုတာတွေကို အခုလည်း ကျွန်မ ကြိုမသိနိုင်သေးပါဘူး။ ပြောတိုင်းလည်း မဖြစ်သလို၊ မလုပ်လို့ မဖြစ်တဲ့လူတွေလည်း အများကြီးပါ။ ကျွန်မသည်လည်း လူတွေထဲက လူတစ်ယောက်မို့ ကျွန်မစိတ်တွေ အသက် ၅၅ နှစ်မှာ ဘယ်လိုဘယ်ပုံ ဖြစ်တည်နေမယ်ဆိုတာကို မခန့်မှန်းနိုင်သေးပါဘူး။ ပြောထားတဲ့အတိုင်း ဖြစ်မဖြစ်၊ လုပ်မလုပ်ဆိုတာကိုလည်း အာမမခံနိုင်ပြန်ပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် မှန်ကန်တဲ့ ယုံကြည်ချက်နဲ့ ဘဝလမ်းကြောင်းကို ဦးတည်ထားတဲ့သူတွေအတွက်တော့ အမှားနည်းမယ်လို့ ကျွန်မ ထင်ပါတယ်။ အမှားနည်းလာတာနဲ့အမျှ ကိုယ့်ကိုယ်ကိုယ် လေးစားမှုကလည်း များလာမှာပါ။ ကိုယ့်ကိုယ်ကိုယ် လေးစားတဲ့သူဟာ သူတစ်ပါးအပေါ်မှာလည်း ခွင့်လွှတ်တတ်တဲ့စိတ်၊ ကိုယ်ချင်းစာနာတတ်တဲ့ စိတ်မျိုး သာမန်လူတွေထက် ပိုပြီးရှိနိုင်လိမ့်မယ်ဆိုတာ ကျွန်မ ခြွင်းချက်မရှိ လက်ခံထားပြီးသားပါ။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် အမြဲလေးစားနိုင်အောင် ကျွန်မ ကြိုးစားနေ ထိုင်ရင်း Feeling 35 ပရိသတ်များနဲ့ နောက် အနှစ် ၂၀ ကျရင် ရင်းရင်းနှီးနှီး၊ နွေးနွေးထွေးထွေး ပြန်တွေ့ချင်ပါသေးတယ်။ အချိန်တွေ ကြာသွားလို့၊ အသက်တွေကြီးလာလို့ ဆိုပြီးတော့ ကျွန်မကို စိမ်းမသွားကြနဲ့ဦးနော်။ ကျွန်မကို စိမ်းမသွားကြပါနဲ့ဦးနော်။

■

*ပရိသတ်များအား*
*အစဉ် လေးစားလျက်*

စိုးမြတ်သူဇာ

***Soe Myat Thuzar***
29th June 2006
2:00 pm
Popa Resort



www.burmeseclassic.com